

www.burmeseclassic.com
ကြယ်ပွင့်စာပေ
ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်
တစ်ကောင်ကျားလှိုင်သွား
နှင့်
BURMESE CLASSIC .com
ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ဝတ္ထုရှည်ဆန်းကြယ် စာရေးဆရာ ပီက္ကမ ၏ ကလောင်ခွဲ




www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သည့်အခန်းများ


အခန်း (၁) စာရေးဆရာနှင့် သူ၏ဇာတ်ကောင်

အခန်း (၂) မေခလာလား . . . မေကညာလား . . .

အခန်း (၃) ဝိဘတ်ကြမ္မာမရှန်းသာ

အခန်း (၄) ကံကြမ္မာနိဒါန်း

အခန်း (၅) ဒီယုန်မြင်လို့ ဒီခြုံထွင်

အခန်း (၆) ရွှေစင်မလေးအတွက် ပန်းတော်ဆက်သူ

အခန်း (၇) လူမိုက်ကံကောင်း

အခန်း (၈) ပျောက်သောသူ ရှာလျှင်တွေ့

အခန်း (၉) မီးခိုးကြွက်လျှောက်

အခန်း (၁၀) တစ်ကောင်ကျားလှိုင်ဘွား

အခန်း (၁၁) ပူးသတ်တိုက်ပွဲ

အခန်း (၁၂) ရတနာကျောက်စီဓါး

အခန်း (၁၃) မိစ္ဆာရိယနိဂုံး

အခန်း (၁၄) ထူးဆန်းသော ဟိန္ဒူကြီး

အခန်း (၁၅) အတ္တဝက်ခွ


BURMESE CLASSIC .com

"အဲဒီပတ္တမြားသုံးလုံးကို အစ်မပဲ ယူသွားပြီး သိမ်းထားပေးပါ ...။ ကျွန်တော် ကြောင်နက်ရှင်ဂိုဏ်းကို ကောင်းကောင်းပညာပေးပြီးရင် မြစ်ကြီးနားကို လိုက်လာမှာပါ။ အဲဒီတော့မှ ပတ္တမြားတွေကိစ္စကို ကြည့်စီစဉ်ကြတာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com

‘‘အောက် ...ငါတို့အပေါ် ထတုံးပေါ်ထိပ်ကွက် လုပ်သွားတာ ဘယ်သူတွေလဲ။ ဒီနယ်မှာ ငါတို့ကို အံတု ဖက်ပြိုင်နိုင်သူရှိလို့လား။ ခုတော့ ...ငါတို့ဝိုင်းထဲသားရှစ်ဦး ခလုံး သေတုန်ပြီ။ ဝတ္တမြားကြီးတွေလည်း ဆုံးရှုံးသွားပြီ။ ဒါဟာ ဘယ်သူ့လက်ချက်လဲ။ ဝိုင်းသားအချင်းချင်းသစ္စာမရှိ တာလား။ တဲ ...ပြောကြစမ်း ...ပြောကြစမ်း’’

ယော့ ...မင်းသုည ...။ ဘယ်အမျိုးဖြစ်ဖြစ် ခုနစ်ရက်အတွင်း ပိုးပန်းလို့ မရဘူးဆိုတဲ့စကားဟာ မင်းရဲ့ကြွားလုံးသက်သက် ဖြစ်သွားပါလား။ မြသင်းကြူကို မင်းပိုးပန်းနေတာ တစ်လပဲ ပြည့်တော့မယ်။ အခုထိ ...မြသင်းကြူဆီက ပြန်စာလေး တစ်စောင်တောင် မရသေးဘူး မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ် ...ဟုတ်တယ် ...ဒီကောင့်အမေက
သိပ်ဆိုးတာ ...။ သူ့အမေဆိုးလို့ သူလည်း ဆိုး
တာတဲ့။ ငါတို့အဖွားက ပြောတယ်။ ဘမျိုးဘိုးတူ
ဆိုလား ...ဒီပုတ်ထဲက ဒီပဲဆိုလားပဲ။ ဒါကြောင့်
ဒီကောင်နဲ့ မပေါင်းရဘူးလို့ ပြောတယ်ကွ ...။

## အခန်း (၁)

## စာရေးဆရာနှင့် သူ၏ဇာတ်ကောင်

တစ်နေ့သ၌ ...

ရန်ကုန်မြို့ကျောက်မြောင်းအရပ်ရှိ ဘိုးလိန်းလမ်းမှ နိုင်ငံကျော်လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဆရာကြီး အောင်မင်းမောင်အိမ်ရှေ့သို့ အနက်ရောင်ဖို့ဒ်ကားကြီးတစ်စီးသည် ငြိမ့်ကနဲ ထိုးဆိုက်လာပြီး ကားနောက်ခန်းတံခါးကို ဒရိုင်ဘာက ရိုသေစွာ ဖွင့်ပေးလိုက်ရာ ကားထဲမှ လွန်စွာခန့်ငြားသော အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦးဆင်းလာ၏။

ထိုလူကြီးသည် ပန်းနုရောင်ပိုးပုဝါစကို ဦးခေါင်း၌ အကျ



www.burmeseclassic.com

www.burmeseclassic.com



အနပေါင်းထားလျက် ရိုးကုမ္ပဏီတိုက်ထုတ် နံ့သာရောင်ပိုးတိုက်ပုံကိုဝတ်ကာ နီဖြူကွက်တူရက်ထားသော ပိုးတောင်ရှည်ပုဆိုးကို ခါး၌ဆင်လျက် ခြေထောက်ဝယ် ပန်း(ပ်)ရှူးနှင့် လက်တစ်ဖက်က ရှားနှစ်သားတုတ်ကောက်ကို ဟန်ပါပါကိုင်ထားရာ လွန်စွာခန့်ငြားစတိုင်ကျပြီး လူကုံထံအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားပေါ်လွင်လျက် ရှိလေ၏။

သို့သော် ကြွားကြွားရွရွ ဝတ်စားထားသလောက် သူ၏မျက်နှာသွင်ပြင်ဥပမိရုပ်က တည်ငြိမ်အေးချမ်းကာ သဘောထားပြည့်ဝပုံရပြီး ဂိုက်ဆိုက်အပြည့်နှင့် ထိုပုဂ္ဂိုလ်ကြီးသည် စာရေးဆရာကြီး၏ နေအိမ်ခြံဝင်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာလေ၏။

ရေနံ့ဝနေသည့် ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး၏ အိမ်ရှေ့ဝရံတာ ဖိနပ်ချွတ်၌ တံမြက်စည်းလှည်းနေသော ဆရာကြီးအောင်မင်းမောင်၏ လက်သုံးတောင်ဝှေး အခိုင်းအစေလုလင်ကလေး မောင်အောင်တိုးသည် ဧည့်သည်ပုဂ္ဂိုလ်ကြီးအား လေးစားစွာဦးညွှတ်ဂါရဝပြုနှုတ်ဆက်လိုက်ပြီး . . .

"ဘာကိုအလိုရှိလို့ ကြွလာပါသလဲ လူကြီးမင်းခင်ဗျာ"

ဟု ရိုသေစွာ မေးလိုက်လေ၏။ လူကြီးသည် ငွေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော မျက်မှန်ဝိုင်းလေး၏ကိုင်းကို လက်တစ်ဖက်ဖြင့် အသာမလျက် . . .

"ဆရာကြီးအောင်မင်းမောင်နဲ့ တွေ့ချင်လို့ပါ မောင်ရင်၊





အလုပ်ကိစ္စအတွက်ပဲ ဆိုပါတော့၊ ကျုပ်ရဲ့နာမည်က ဦးတိမ်ညွန့်ပါ၊ 'စိန်မိုးယံ' ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ပါပဲကွယ်"

ဟု ဩဇာသံအပြည့်ဖြင့် တည်ငြိမ်စွာ ပြောလိုက်ရာ မောင်အောင်တိုးလည်း ကိုယ်ကိုနောက်သို့ယို့လျက် အိမ်တံခါးဝမှ ဖယ်ပေးလိုက်ပြီး . . .

"ဩော် . . . ဟုတ်ကဲ့၊ ဒါဆို အိမ်ထဲကြွပါခင်ဗျာ၊ ဆရာကြီးဧည့်ခန်းထဲမှာ ရှိပါတယ်"

ဟု လေးစားစွာ ပြောလိုက်လေ၏။

ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးကြီးဦးတိမ်ညွှန့်သည် ဖိနပ်ချွတ်၌ ပန်း(ပ်)ရှူးကို ချွတ်လိုက်ပြီးလျှင် ဖယောင်းတိုက်ထားသော လျှာထိုးကြမ်းခင်းပေါ် နင်းလျက် ဧည့်ခန်းကြီးထဲသို့ ဝင်လာလေ၏။

မဟော်ဂနီရောင် ပြောင်လက်နေသော ရှေးဟောင်းပရိဘောဂများဖြင့် ခမ်းနားသိုက်မြိုက်စွာ ဖွဲ့စည်းပြင်ဆင်ထားသည့် စာရေးဆရာကြီးအောင်မင်းမောင်၏ အိမ်ဧည့်ခန်းမကြီးအလယ်၌ ကျွန်းစားပွဲပုလေးနှင့် ကျွန်းဆက်တီခုံများချလျက် တစ်ခုသော ဆက်တီခုံထက်ဝယ် စာရေးဆရာကြီးသည် စာအိတ်သုံးအိတ်ကို တစ်အိတ်စီကိုင်ကြည့်ရင်း ထိုင်နေလေ၏။

အသက်ငါးဆယ်ကျော်ခန့်ရှိ စာရေးဆရာကြီးအောင်မင်းမောင်၏ မျက်နှာပြည့်ပြည့်ကြီးဝယ် နှုတ်ခမ်းမွှေးမုတ်ဆိတ်မွှေးမွှေးထူလပျစ်ပေါက်လျက် ဦးခေါင်းကြီးက ကြီးမားလှကာ နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှန်ဖြုံးထားသော ဆံပင်တို့မှာလည်း ရှည်လျားလှသဖြင့် ကေသ ရာဇာခြင်္သေ့ကြီးနှင့်ပင် တူနေတော့၏။

စွပ်ကျယ်လက်စကနှင့် ချည်လုံချည်ဝတ်ဆင်ထားသော စာရေးဆရာသည် ကွမ်းကိုမြုံ့ဝါးလျက်မှ ဧည့်သည်သူဌေးကြီးအား မော့ကြည့်လိုက်ပြီး . . .

"ထိုင်ပါ . . . မိတ်ဆွေ၊ ကျုပ်အိမ်ကို အတော်လေးစုံစမ်းခဲ့ရမယ် ထင်တယ်"

ဟု ပဋိသန္ဓေရစကား ဆိုလိုက်လေ၏။

ဦးတိမ်ညွန့်သည် ကျွန်းဆက်တီခုံပေါ်သို့ ဖြည်းလေးစွာ ထိုင်လိုက်ရင်း နှစ်လိုဖွယ်ပြုံးလျက် . . .

"ခင်ဗျားလို နိုင်ငံကျော်စာရေးဆရာကြီးရဲ့အိမ်ကို သိပ်အပင်ပန်းခံရှာဖွေစရာ မလိုပါဘူးဗျာ၊ ကျုပ်ရဲ့ဒရိုင်ဘာက ဒီလမ်းထိပ်က ကုလားလေးကွမ်းယာဆိုင်ကို တစ်ချက်မေးပြီးတာနဲ့ အိမ်ရှေ့ကို အရောက်လာနိုင်ခဲ့တာပဲဗျ"

ဟုပြောလေရာ ဆရာကြီးအောင်မင်းမောင်က တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . . .

"လာရင်းကိစ္စကို အမိန့်ရှိပါဦး . . . ဦးတိမ်ညွန့်"

မိမိအိမ်ထဲဝင်လာချိန်တွင် အခိုင်းစေကောင်လေးပြောကတည်းက ဧည့်ခန်းထဲမှ စာရေးဆရာကြီးအောင်မင်းမောင် ကြားပြီးဖြစ်မည်ဟု မှန်းဆမိသော သူဌေးကြီးဦးတိမ်ညွန့်က စကားကို





ဝေ့ဝိုက်မနေတော့ဘဲ . . .

"ဆရာကြီးရဲ့နောက်ဆုံးထုတ် 'အတ္တဝက်န္တ' ဆိုတဲ့ ဝတ္ထုကြီးကို ဘိုင်စကုတ်ဇာတ်ကားရိုက်ချင်လို့ ဆိုပါတော့ဗျာ"

ဟုပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေရာမှ . . .

"အင်း . . . ထင်တော့ထင်သားပဲ၊ ဒါပေမယ့် အဲဒါဟာ မဖြစ်နိုင်ဘူးဗျ"

ဟု တုံးတိတိကြီးပြောလိုက်ရာ သူဌေးကြီးဦးတိမ်ညွန့်မှာ သူအပိုင်တွက်ထားသလို ဖြစ်မလာသည့်အတွက် တအံ့တဩ ဖြစ်သွားပြီး . . .

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲဗျ၊ ခင်ဗျားရဲ့ အဲဒီနောက်ဆုံးထုတ်ဝတ္ထုဟာ လူကြိုက်အတော်များတာပဲဗျ၊ ဖြန့်ချိသမျှ စာအုပ်အားလုံး ရောင်းမလောက်အောင် ကုန်သွားတယ်လို့လည်း သိရတယ်၊ ကျုပ်ရဲ့ကုမ္ပဏီက မန်နေဂျာက ညွှန်းတာနဲ့ ကျုပ်ကိုယ်တိုင်ဖတ်ကြည့်ပြီး ဇာတ်လမ်းကိုကြိုက်လွန်းလို့ ရုပ်ရှင်ရိုက်ချင်စိတ်ပေါက်ပြီး ကျုပ်ခုလို စိတ်မြန်လက်မြန်နဲ့ မန်နေဂျာတောင်မခေါ်ဘဲ ထွက်လာတာဗျ၊ ဝတ္ထုဝယ်ယူခကိုလည်း ထိုက်တန်အောင် ပေးမှာပါဗျ"

ဟုဆက်တိုက်ကြီး ပြောလိုက်ရာ စာရေးဆရာကြီးအောင်မင်းမောင်မှာ သူ၏မုတ်ဆိတ်မွေးများကို လက်ချောင်းများ



www.burmeseclassic.com

www.burmeseclassic.com



လေးများဖြင့် သပ်နေရာမှ စားပွဲပုလေးပေါ်ရှိ စာအိတ်သုံးအိတ်ကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ခဏအကြာတွင် သူဌေးကြီးဦးတိမ်ညွန့်အား ခပ်ဖြည်းဖြည်း မော့ကြည့်ကာ သက်ပြင်းကြီးချလိုက်လေ၏။

"အင်း . . . ခက်တယ် ဦးတိမ်ညွန့်၊ ဒီ 'အတ္တဝက်န္တ' ဆိုတဲ့ ဝတ္ထုဟာ ထွက်ထွက်ချင်းပဲ ပရိသတ်အကြားမှာ ဟိုးလေးတကျော် အောင်မြင်သွားသလို မြန်မာပြည်မှာရှိတဲ့ ဒုစရိုက်ဂိုဏ်းကြီးတွေရဲ့ ကြားမှာလည်း အတော်ပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့တယ်ဗျ"

ထိုစကားကြောင့် သူဌေးကြီးဦးတိမ်ညွန့်မှာ လွန်စွာအံ့သြသွားပြီး . . .

"ဘာ . . . ဘာဖြစ်လို့များလဲဗျ၊ ဝတ္ထုစာအုပ်နဲ့ ဒုစရိုက်ဂိုဏ်းတွေ ဘာပတ်သက်စရာရှိလို့လဲ"

စာရေးဆရာကြီးအောင်မင်းမောင်သည် သူ၏ထိုင်ခုံနံဘေး ကြမ်းပြင်ပေါ်ချထားသော ထွေးခံကို လက်တစ်ဖက်ဖြင့် ကောက်ယူကာ ဖျစ်ခနဲ ကွမ်းတံတွေးထွေးလိုက်ပြီးမှ ကွမ်းကို တစ်ချက်နှစ်ချက်ဝါးလိုက်ပြီး လေးလေးနက်နက် ရှင်းပြလေ၏။

"ဒီလိုဗျ၊ ကျုပ်က 'အတ္တဝက်န္တ' ဆိုတဲ့ ဝတ္ထုကြီးကိုရေးရာမှာ 'တစ်ကောင်ကျားလှိုင်ဘွား' ဆိုတဲ့ တကယ့်လူဆိုးလူမိုက်ရဲ့ ဖြစ်ရပ်မှန်ကို အခြေခံပြီး ရေးခဲ့တာဗျ"

ဟု စာရေးဆရာကြီးအောင်မင်းမောင်က ရှင်းပြလိုက်ရာ





ဦးတိမ်ညွန့်လည်း တအံ့တသြ အမူအရာဖြင့် . . .

"ဩော် . . . ခင်ဗျားရဲ့ဝတ္ထုထဲက တစ်ကောင်ကျားလှိုင်ဘွားဆိုတာ အပြင်မှာ တကယ်ရှိတယ်ပေါ့"

"ရှိပါသော်ကောဗျာ၊ အဲဒီလှိုင်ဘွားဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဆိုးတဲ့မိုက်တဲ့နေရာမှာ တာတေလန်သလောက် ဖျံကျလိုက်တာကလည်း လွန်ရောပဲဗျို့၊ လူကလည်း ထက်မြက်ပြီး ဉာဏ်သွားတော့ တကယ့်ဒင်ဆိုတဲ့ ဒုစရိုက်ဂိုဏ်းရာဇာကြီးတွေကိုတောင် ပတ်ချာလည်အောင် ဝင်မွှေခဲ့တာဗျ၊ သူ့ရဲ့ဒဏ်ကို မရှုမဲလှခံခဲ့ရတဲ့ လူဆိုးဂိုဏ်းကြီးတွေက သူ့ကိုအသေရရ၊ အရှင်ရရ အမှန့်ချေချင်နေတာဗျ၊ ရန်ကုန်ဒုစရိုက်လောကမှာ အခြေချတဲ့ 'ကျောက်နဂါး' ဂိုဏ်းရယ်၊ မန္တလေးမှာ အခြေချပြီး အထက်မြန်မာပြည်ရဲ့ ဒုစရိုက်လောကကို စိုးမိုးထားတဲ့ 'တြိဗွေ' ဂိုဏ်းကြီးရယ်၊ ကချင်ပြည်နယ်နဲ့ တရုတ်နိုင်ငံနယ်စပ်မှာ သောင်းကျန်းနေတဲ့ 'ကြောင်နက်ရှင်' လူဆိုးဂိုဏ်းရယ်၊ အဲဒီမြေအောက်ဂိုဏ်းကြီးသုံးဂိုဏ်းက တစ်ကောင်ကျားလှိုင်ဘွားကို အသေရရ၊ အရှင်ရရ လိုချင်နေကြတယ်လေ . . .။

ကျုပ်က တစ်ကောင်ကျားလှိုင်ဘွားနဲ့ မမျှော်လင့်ဘဲ ဆုံဆည်းခဲ့ရတယ်၊ သူက ကျုပ်ကို စာရေးဆရာမှန်းသိသွားပြီး သူ့ဘဝအတွေ့အကြုံတွေကို စီကာပတ်ကုံးပြောပြရာက သူ့ရဲ့အဖြစ်အပျက်ဟာ စိတ်ဝင်စားဖို့ ကောင်းလွန်းလို့ ကျုပ်က ဝတ္ထုအဖြစ် ပြန်ရေးခဲ့တာပဲ၊ အဲဒီလိုနဲ့ 'အတ္တဝက်န္တ' ဆိုတဲ့ ဝတ္ထုကြီးထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာတော့တာပါပဲဗျာ၊ ဝတ္ထုလည်း ထွက်လာရော စာစောက လူဆိုးဂိုဏ်းကြီးတွေကြားထဲမှာ ပွက်လောရိုက်ကုန်ကြတော့တာပါပဲ၊ အဲဒီဂယက်ဟာ ဟောဒီစားပွဲပေါ်အထိ ရောက်လာခဲ့တယ်ဆိုပါတော့ . . ."

ဟု စာရေးဆရာကြီးအောင်မင်းမောင်က စိတ်ပျက်သံကြီးဖြင့်ပြောရင်း သူစောစောက အပြန်ပြန်၊ အထပ်ထပ် ကြည့်ရှုပြီး စားပွဲပုလေးပေါ်တွင် ချထားသည့် စာအိတ်ရှည်ကြီးသုံးအိတ်ကို လက်ညှိုးဖြင့် ညွှန်ပြလိုက်လေ၏။

"စိန်မိုးယံ' ရုပ်ရှင်ကုမ္ပဏီသူဌေးကြီး ဦးတိမ်ညွှန့်မှာ စာအိတ်များကို နားမလည်သလို ဇဝေဇဝါဖြင့်ကြည့်ရင်း . . .

"ဒီစာအိတ်တွေလားဗျ၊ အင်း . . . စာအိတ်ပေါ်မှာတော့ ခင်ဗျားရဲ့နာမည်နဲ့ လိပ်စာတပ်ထားတာပဲ၊ အမယ် . . . ရေစစ္စရိတောင်လုပ်ပြီး ပို့ထားတာဗျ၊ ဘာစာတွေမို့လို့တုန်း"

ဟုမေးလိုက်ရာ စာရေးဆရာကြီး အောင်မင်းမောင်က ဆေးတံကို ခပ်ပြင်းပြင်း တစ်ချက်ရှိုက်ဖွာလိုက်ပြီး . . .

"ကျုပ်ရဲ့အသက်ကို ခြိမ်းခြောက်တဲ့ စာတွေပေါ့ဗျာ"

ဟုဆိုလိုက်ရာ သူဌေးကြီးဦးတိမ်ညွှန့်မှာ မျက်လုံးပြူးသွားပြီး . . .

"ဘယ် . . . ဘယ်လို . . . ခင်ဗျားရဲ့အသက်ကို ခြိမ်းခြောက်တဲ့စာတွေ . . . ဟုတ်လား၊ ဘာလဲ . . . စောစောကပြောတဲ့ လူဆိုးဂိုဏ်းကြီးတွေက ခြိမ်းခြောက်တာလား၊ သူတို့က ဘာဖြစ်လို့ ခုလိုခြိမ်းခြောက်ရတာလဲဗျ"





ဟု လွန်စွာစိတ်ဝင်စားသည့် လေသံဖြင့် အလောတကြီးမေးလေတော့၏။

စာရေးဆရာကြီးအောင်မင်းမောင်က တစ်ဖုံတစ်ရာမျှ တုန်လှုပ်ဟန်မပြဘဲ ခပ်အေးအေးလေသံဖြင့် ဦးတိမ်ညွှန့်ကို ပြန်လည်ရှင်းပြလိုက်၏။

"သူတို့က ကျုပ်ဝတ္ထုရဲ့ဇာတ်သိမ်းခန်းကို ပြဿနာရှာနေတာဗျ၊ ဝတ္ထုဇာတ်သိမ်းမှာ တစ်ကောင်ကျားလှိုင်ဘွားဟာ သူကျူးလွန်ခဲ့တဲ့ လူသတ်မှုတစ်ခုအတွက် သေဒဏ်စီရင်ခံရတယ်၊ နောက်တော့ ထောင်ထဲကနေ အယူခံဝင် အသနားခံလို့ သူ့ကို အယူခံတရားရုံးကနေ တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ကို ပြောင်းလဲချမှတ်လိုက်တယ်ဆိုပြီး ကျုပ်က ဝတ္ထုကို ဇာတ်သိမ်းထားခဲ့တယ်လေ"

ထိုအခါ ဦးတိမ်ညွှန့်က . . .

"ဟုတ်တယ် . . . ကျုပ်လည်း ဖတ်လိုက်ရပါတယ်၊ လှိုင်ဘွားက တကယ်ပဲ တစ်သက်တစ်ကျွန်းကျသွားတာ မဟုတ်ဘူးလား"

ဟုမေးလိုက်ရာ စာရေးဆရာကြီး အောင်မင်းမောင်မှာ လွန်စွာသဘောကျသွားပြီး . . .

"ဟား . . . ဟား . . . ဟား . . . လှိုင်ဘွားဟာ တစ်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျချင်လည်း ကျမယ်၊ ဒါမှမဟုတ် မကျချင်လည်း မကျဘူးပေါ့ဗျာ၊ ဒါက ဝတ္ထုလေဗျာ၊ ဝတ္ထုတို့မည်သည် ဖြစ်ရပ်မှန်အတိုင်း ဟုတ်ချင်မှဟုတ်မှာပေါ့၊ စာရေးဆရာဆိုတာ ဖတ်ကောင်းကောင်းနဲ့ ဆီလျော်အောင် တွေးတောဇာတ်လမ်းဆင်ပြီး ရေးရတာကိုးဗျ၊ ခက်တာက အဲဒီလူဆိုးဂိုဏ်းကြီးသုံးဂိုဏ်းဟာ ကျုပ်ဝတ္ထုရဲ့ဇာတ်သိမ်းအတိုင်း တစ်ကျွန်းကျမကျဆိုတာ သူတို့နည်း သူတို့ဟန်နဲ့ စုံစမ်းထောက်လှမ်းကြည့်တဲ့အခါ တစ်ကောင်ကျားလှိုင်ဘွားဟာ တစ်ကျွန်းကို လုံးဝရောက်မလာဘူးလို့ သိရတယ်တဲ့၊ အဲဒီမှာတင် ဒီစာတွေပို့ပြီး ကျုပ်ကို ပြဿနာရှာတော့တာပဲဗျို့”

“ဘယ်လို . . . ပြဿနာရှာတာတုန်းဗျ”

“သူတို့က ဝတ္ထုကိုဖတ်ပြီးတော့ လှိုင်ဘွားကို နောက်ဆုံးတွေ့ခဲ့ရသူဟာ ကျုပ်ပဲလို့ ယူဆကြတယ်၊ အဲဒီလူဆိုးတွေက ကျုပ်ဟာ လှိုင်ဘွားကို ဖျောက်ချင်တာနဲ့ တစ်ကျွန်းကျသွားလေသတည်းဆိုပြီး လုပ်ပစ်လိုက်တယ်လို့ စွပ်စွဲကြတာပဲ၊ ဒီတော့ သူတို့က လှိုင်ဘွားဘယ်မှာရှိသလဲ၊ လှိုင်ဘွားယူသွားတဲ့ ရတနာကျောက်စီဓါးဟာ ဘယ်မှာအမှန်တကယ် ရှိနေသလဲဆိုတာ ကျုပ်သိရမယ်လို့ ဆိုတယ်”

“လှိုင်ဘွားနဲ့ ပတ်သက်လို့ရော ရတနာကျောက်စီဓါးနဲ့ ပတ်သက်လို့ရော သူတို့က ဖြစ်ရပ်အမှန်ကို သိချင်ကြတယ်၊ အဲဒီလိုဖြစ်ရပ်မှန်ကို ခုနှစ်ရက်အတွင်း သတင်းစာတစ်စောင်စောင်





မှာ ဝတ္ထုအဖြစ်ထည့်ထားပေးပါလို့ ဆိုထားတယ်၊ ကျုပ်ကို စာရေးဆရာတစ်ယောက်ဖြစ်တဲ့အတွက် အဲဒီလိုအခွင့်အရေးပေးတာလို့ ဆိုတယ်၊ အဲဒီလူဆိုးတွေလည်း ကျုပ်ရေးတဲ့ ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်ဝတ္ထုတွေ ဖတ်ဖူးတယ်၊ အဲဒါကြောင့် ကျုပ်ကို လေးစားတာကြောင့်လည်း ဒီလိုအခွင့်အရေးမျိုး ပေးတာတဲ့၊ ဒါပေမယ့် သူတို့ပြောသလို သတင်းစာမှာ ဝတ္ထုအဖြစ်နဲ့ ဖြစ်ရပ်မှန်ကို မဖော်ပြဘူးဆိုရင် သူတို့က ကျုပ်ရဲ့အသက်ကို ရန်ရှာရလိမ့်မယ်လို့ ဆိုထားတယ်ဗျ”

ဟု စာရေးဆရာကြီးက ရှည်လျားစွာ ရှင်းပြပြောဆိုလိုက်ရာ ဦးတိမ်ညွှန့်က . . .

“သြော် . . . ဖြစ်ရလေဗျာ”

ဟု စိတ်မကောင်းသံဖြင့် ညည်းညူသလို ပြောလိုက်ရင်း-

“ဒါဆို ဆရာကြီးက ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲဗျ၊ သူတို့ဟာ ထိပ်သီးလူဆိုးဂိုဏ်းကြီးတွေနော်၊ ဒါကြောင့် သူတို့ရန်ကို လျှော့တော့ မတွက်စေချင်ဘူး၊ တကယ်လို့ ဆရာကြီးအနေနဲ့ သူတို့ဖြစ်စေချင်တဲ့အတိုင်း လှိုင်ဘွားရဲ့ တကယ့်ဇာတ်သိမ်းဖြစ်ရပ်မှန်ကို ဝတ္ထုအသွင်နဲ့ ထည့်ချင်တယ်ဆိုရင်တော့ ကျုပ်ကူညီနိုင်တယ်ဗျ၊ ကျုပ်ပိုင်တဲ့ ‘ကြယ်ပွင့်’ သတင်းစာမှာ ဝတ္ထုတိုအနေနဲ့ဖြစ်ဖြစ် အခန်းဆက်ဝတ္ထုရှည်အနေနဲ့ပဲဖြစ်ဖြစ် ချက်ချင်းထည့်သွင်းဖော်ပြပေးမယ်ဗျာ၊ ကျုပ်ရဲ့သတင်းစာက သူရိယ၊ ဗန္ဓုလ၊ မြန်မာ့အလင်း၊



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဂေဇက်သတင်းစာတွေလောက် စောင်ရေမရှိပေမယ့် စောင်ရေအတော်အသင့်တော့ ရှိနေပါပြီဗျာ၊ ဆရာကြီးလို နိုင်ငံကျော်စာရေးဆရာကြီးရဲ့ အခန်းဆက် ဝတ္ထုကြီးကို နေ့စဉ်ဖော်ပြလိုက်ရရင် ကျုပ်ရဲ့သတင်းစာ စောင်ရေတက်သွားမှာ သေချာတယ်ဗျ”

ဟု စိတ်အားထက်သန်စွာ ပြောလေရာ စာရေးဆရာကြီးက ပြုံးလိုက်ပြီး . . .

“အေးဗျာ . . . အခုလို ကမ်းလှမ်းတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်ဆိုတဲ့ကောင်က မိဘဆရာသမားများကလွဲရင် ဘယ်သူခိုင်းတာမှ တစ်သက်လုံးလုပ်တဲ့ကောင် မဟုတ်ဘူးဗျ၊ သူတို့လို ဂျပိုး၊ သူခိုး၊ လူဆိုးတွေ ခြိမ်းခြောက်ခိုင်းစေတိုင်း လုပ်ရရင် အောင်မင်းမောင်ရဲ့ရာဇဝင် ရိုင်းသွားမှာပေါ့ဗျာ . . . ဟား . . . ဟား . . . ဟား”

ဟု ထီမထင်ဟန်ဖြင့် ရယ်သွမ်းသွေးကာ ပြောလိုက်လေတော့သတည်း။

* * * *



## အခန်း (၂)

### ဓမ္မခလာလား ... ဓမ္မကညာလား ...

ဖော်ပြပါအဖြစ်အပျက်များ ဖြစ်ပျက်ပြီး ငါးရက်တိတိအကြာဝယ် အိန္ဒိယလေကြောင်းလိုင်း လေယာဉ်ပျံကြီးပေါ်၌ စာရေးဆရာကြီးအောင်မင်းမောင်နှင့် တပည့်ရင်းမောင်ရဲကျော်တို့ ခရီးထွက်ခွာရန် ရောက်ရှိနေကြပြီဖြစ်၏။

ရဲကျော်သည် မြစ်ဝကျွန်းပေါ်ဒေသက လူငယ်လေးဖြစ်သည်။ မိဘမဲ့တစ်ဦးဖြစ်ပြီး လယ်ပိုင်ရှင်သူဌေးဘကြီးတစ်ဦး၏ ထောက်ပံ့မှုဖြင့် ရန်ကုန်ယူနီဗာစီတီတွင် တက်ရောက်ပညာ သင်ကြားနေသော လူငယ်တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု အိုင်အေတန်းစာမေးပွဲ ဖြေဆိုပြီး၍ ကျောင်းရက်ရှည်နားနေရချိန်၌ ဆရာကြီးအောင်မင်းမောင်ထံ နေ့ခင်းဖက်များတွင် လာရောက်ပြီး စာရေးခြင်းအတတ်ပညာ၊ နက္ခတ်ဗေဒင်ပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာများကို လေ့လာဆည်းပူးပညာယူနေသူဖြစ်၏။

ရဲကျော်မှာ ရိုးသား၍ ကြိုးစားသည်ကြောင့် စာရေးဆရာကြီးအောင်မင်းမောင်က တူသားတစ်ဦးသဖွယ် သံယောဇဉ်ရှိသည်ဖြစ်ရကား ယခုကဲ့သို့ အိန္ဒိယပြည်မဇ္ဈိမဒေသရှိ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ ဘုရားဖူးထွက်ရာ၌ အဖော်သဟဲအဖြစ်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

အမှန်တကယ်တော့ စာရေးဆရာကြီးအောင်မင်းမောင်သည် နေရင်းထိုင်ရင်းဖြင့် မိမိအပေါ်၌ ဗျာပါဒကံ ကျူးလွန်လာသော လူဆိုးဂိုဏ်းကြီးသုံးဂိုဏ်းအား ထိပ်တိုက်ရင်ဆိုင်ကာ အကုသိုလ်ပွားရခြင်းအလုပ်ကို ရှောင်ရှားလိုသည်ဖြစ်၍ ယင်းလူဆိုးဂိုဏ်းတို့ရန်မှ ခေတ္တမျှ ဝေးစေရန် ရည်သန်၍ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူပင် နဂိုကတည်းက ကိုးကွယ်အပ်သော မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ သွားရောက်ရန် ကြံစည်ထားသည့်အတိုင်း ယခုကဲ့သို့ ရေခြားမြေခြားတိုင်းတစ်ပါးသို့ ဘုရားဖူးထွက်ခဲ့ခြင်း ဖြစ်၏။





နောက်ထပ်ရည်ရွယ်ချက်တစ်ခုမှာလည်း စာရေးဆရာကြီးတစ်ဦးပီပီ မဟာဂန္တဝင်နယ်မြေဖြစ်ကာ အနောက်မဇ္ဈိမတိုင်း၏ ဒေသန္တရဗဟုသုတများအား လေ့လာပြီး ယင်းဒေသနောက်ခံပြုလျက် လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဝတ္ထုကြီးတစ်ပုဒ်အား ရေးသားရန် အကြံရှိသည်ဖြစ်ရကား ထိုဝတ္ထုအတွက် ကုန်ကြမ်းရလိုသည်ကြောင့် ဤခရီးကို ထွက်ခဲ့ခြင်းဖြစ်၏။

သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးပီသစွာ မဟာဗုဒ္ဓဝင်၌ စဉ်လာရှိသော ဗုဒ္ဓမြတ်စွာဘုရားနှင့် တိုက်ရိုက်နှီးနွယ်ပတ်သက်ခဲ့သည့် သတ္တဌာနခုနှစ်ပါးအား ရှာဖွေဖူးမြော်ရန်လည်း ဆန္ဒပြင်းပြလျက်ရှိ၏။ ဗုဒ္ဓနှင့်ပတ်သက်၍ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် စူးစမ်းလေ့လာကြည်ညိုလိုသော တက္ကသိုလ်ယူနီဗာစီတီကျောင်းသား ရဲကျော်နှင့်လည်း ဆန္ဒကိုက်ညီလျက်ရှိသည်ဖြစ်၍ ယခုကဲ့သို့ ဆရာတပည့်နှစ်ဦး စိတ်တူကိုယ်တူဖြင့် ခရီးထွက်ခဲ့ခြင်းလည်း ဖြစ်ပေ၏။

ယခုခရီးမထွက်မီညက ရဲကျော်သည် ခရီးဆောင်အိတ်များကို ပြင်ဆင်လျက်ရှိရာမှ . . .

“ဆရာကြီး . . . ကျွန်တော်ဟာ ဆရာကြီးရဲ့ကောင်းမှုကြောင့် အသက်နှစ်ဆယ်စွန်းစ ယခုအခါမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွဋ်အမြတ် ဗုဒ္ဓဂါယာကို ရောက်ဖူးတော့မယ်နော်၊ ကျွန်တော်တို့ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်အများစု



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးတဲ့နေရာ၊ ရောက်ဖို့မလွယ်တဲ့နေရာကို သွားခွင့်ကြုံရတာဆိုတော့ ကျွန်တော်လွှတ်ကို ကံကောင်းတာပါပဲဗျာ"

ဟုပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်ကလည်း စိတ်အားထက်သန်သည့် အမူအရာဖြင့် . . .

"အေး . . . ဟုတ်တယ် . . . ငါ့တပည့်ရ၊ တကယ်တော့ အခုလို အင်္ဂလိပ်နယ်ချဲ့ဘာသာခြားလူမျိုးတို့ရဲ့ လက်အောက်မှာ နေရတဲ့ ဘဝမျိုးနဲ့ ဗုဒ္ဓဂါယာကို ဘုရားဖူးခွင့်ကြုံဖို့ဆိုတာ မလွယ်ပေဘူးကွယ်၊ ဒါတောင် ခရစ်နှစ် (၁၈၇၄) ခုနှစ်မှာ မင်းတုန်းမင်းကြီးက အိန္ဒိယဘုရင်ခံချုပ်ဆီကို အဖိုးတန်လက်ဆောင်ပဏ္ဏာတွေနဲ့အတူ သံတမန်အဖွဲ့ကို စေလွှတ်ပြီး မဟာဗောဓိတံတိုင်း ပြင်ဆင်ပြုပြင်ခွင့်နဲ့ မြန်မာနိုင်ငံကနေ နှစ်စဉ်ဘုရားဖူးတွေ ဗုဒ္ဓဂါယာကို လာရောက်ခွင့်ပြုဖို့ တောင်းဆိုခဲ့တယ် . . .။

အိန္ဒိယဘုရင်ခံကလည်း ခွင့်ပြုခဲ့တယ်၊ အဲဒီအချိန်ကစပြီး ခုကိုလိုနီခေတ်တစ်လျှောက်လုံး အခွင့်သင့်သူတွေက ဗုဒ္ဓဂါယာကို ဘုရားဖူးသွားရောက်ခဲ့ကြတယ်၊ ဒါပေမယ့် သွားနိုင်သူ သွားခွင့်ရသူ အလွန်နည်းတာပေါ့ကွာ၊ ဒါကြောင့် ငါတို့နှစ်ယောက်ဟာ မင်းပြောသလို ကံကောင်းသူ၊ ကံထူးသူတွေပေါ့ကွာ"

"ဆရာကြီးရေ . . . ကျွန်တော်တော့ ဗုဒ္ဓဂါယာကိုရောက်ရင် ဗုဒ္ဓမြတ်စွာဘုရားနဲ့ တိုက်ရိုက်ပတ်သက်ခဲ့တဲ့ သတ္တသတ္တ ခုနှစ်ဌာနကို ဖူးဖြစ်အောင်ကို ဖူးမယ်လို့ ရည်ရွယ်ထားတယ်"





ဟု ရဲကျော်က ပြောလိုက်ရာ စာရေးဆရာကြီး အောင်မင်းမောင်က တပည့်ကျော်ရဲကျော်အား သဘောပေါက်နားလည်အောင် ဗုဒ္ဓဂါယာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းပြလေ၏။

"မှန်တာပေါ့ မောင်ရဲကျော်၊ အဲဒီသတ္တခုနှစ်ဌာနဆိုတာက . . .

(၁) ဗောဓိပလ္လင်နဲ့ ရွှေပလ္လင်

(၂) အနိမိသံစေတီတော်

(၃) ရတနာစင်္ကြံတော်

(၄) ရတနာဃရ (ရွှေအိမ်)

(၅) အဇပါလနိဂြောဓ (ဆိတ်ကျောင်းညောင်ပင်)

(၆) မုစလိန္ဒာအိုင် (ကျည်းပင်အိုင်)

(၇) ရာဇာယတန (လင်ကွန်းပင်)

"အဲဒီအပြင် ဗုဒ္ဓသာသနာနဲ့ ပတ်သက်ပြီး မြင့်မြတ်တဲ့ သံဝေဇနီယဌာနကြီး (၄) ရပ်လည်း ရှိသေးတယ်ကွယ့်၊ အဲဒီသံဝေဇနီယ (၄) ရပ်ကတော့ . . .

(၁) မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော

(၂) မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကို ရတော် မူရာဌာနဖြစ်တဲ့ ဗောဓိပင်



www.burmeseclassic.com

www.burmeseclassic.com



(၃) မြတ်စွာဘုရားရှင် ဘုရားစင်စစ် ဧကန်ဖြစ်ပြီးနောက် ဓမ္မစကြာတရားဦးဟောတော်မူရာ ဗာရာဏသီပြည်က မိဂဒါဝုန်တော

(၄) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံအင်ကြင်းတော . . . တို့ပဲ ဖြစ်တယ်ကွယ့်။

"ဟာ . . . ဒါဆို ဆရာကြီးရယ်၊ ကျွန်တော်တို့ ဗုဒ္ဓဂါယာအနှံ့လျှောက်သွားပြီး သတ္တာခုနှစ်ဌာနရော၊ သံဝေဇနီယဌာနကြီး (၄) ရပ်ရော ဖူးမြော်ကြည်ညိုကြတာပေါ့"

ထိုသို့ဖြင့် သူတို့၏ဆန္ဒပြင်းပြလှသော ဗုဒ္ဓဂါယာခရီးစဉ်သည်ကား ကြည်နူးပီတိဖြစ်ဖွယ် မျှော်လင့်ချက်များဖြင့် ဖြောင့်ဖြူးလျက် ရှိလေတော့၏။

စာရေးဆရာကြီးအောင်မင်းမောင်တို့ ဆရာတပည့် လိုက်ပါလာသော လေယာဉ်ကြီးသည် အိန္ဒိယပြည် ကိုလ်ကတ္တားမြို့ရှိ ဒမ်ဒမ် (Dum Dum) လေဆိပ်သို့ ချောမောစွာပင် ဆင်းသက်ရောက်ရှိသွားတော့၏။

လေယာဉ်ပေါ်မှ ဆင်းပြီးနောက် စာရေးဆရာကြီးအောင်မင်းမောင်တို့ ဆရာတပည့်နှစ်ဦးမှာ အခြားခရီးသည်များနှင့်အတူ လူဝင်မှုကြီးကြပ်ရေးဌာနတွင် အစစ်ဆေးခံကြရလေ၏။ ထိုသို့စစ်ဆေးမှုခံယူပြီးနောက် လေဆိပ်အဆောက်အဦးအတွင်းမှ ထွက်လာရာ သူတို့နှစ်ဦးအနီးသို့ အငှားတက္ကစီဒရိုင်ဘာများ ဝိုင်းလာ





ကြလေ၏။

"ဘရားဆပ် . . . ဘယ်သွားမလို့လဲ၊ လိုက်ပို့မယ်"

ဟု အိန္ဒိယဘာသာစကားတစ်ဝက် အင်္ဂလိပ်ဘာသာစကားတစ်ဝက်ပြောကာ သူ့ကားလိုက်စီးပါ၊ ငါ့ကားလိုက်စီးပါဟူ၍ အတင်းဝိုင်းကာ ဆွဲလွဲကြတော့၏။

"ဟ . . . ဟ . . . နေပါဦး၊ ဘယ့်နှယ်ဝိုင်းဆွဲနေကြတာလဲ"

ဟု ဆရာကြီးက အိန္ဒိယဘာသာစကားဖြင့် ပြန်ပြောရင်း ကုလားနှစ်ယောက် ဘယ်ညာတစ်ဖက်စီမှ ဝိုင်းဆွဲသဖြင့် ချာလပတ်လည်နေသော ရဲကျော်၏အဖြစ်ကို မြင်တွေ့ပြီး ကမန်းကတန်း သတိပေးရတော့၏။

"ဟေ့ . . . မောင်ရဲကျော် အဆွဲမခံနဲ့၊ တော်ကြာ . . . မင်းရဲ့ဘက်အိတ်ကြီး ပါသွားမယ်နော်"

သို့သော် ဒရိုင်ဘာများသည် သူတို့နှစ်ဦးကို လူမျိုးခြားခရီးသည်ဖြစ်မှန်းသိသဖြင့် ယောင်လည်လည် လူမျိုးခြားခရီးသည်တို့အား သူတို့ကားဖြင့် အငှားလိုက်ရပါက နားလှည့်ပါးရိုက်ပြီး စိတ်ကြိုက်အချဉ်ဖမ်းနိုင်မည်ဖြစ်၏။ ထို့ကြောင့် နာမည်ကျော် ကိုလ်ကတ္တားမြို့ကြီး၏ ကားဆရာတို့ထုံးစံအတိုင်း လူမျိုးခြားခရီးသည်ဆိုလျှင် အမဲဖျက်သည့်နှယ် သူတို့ကားပေါ်သို့ ခြေကန်ဆွဲလွဲကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအောင်မင်းမောင်မှာ ဟိန္ဒူဘာသာစကားဖြင့်-

"ကျောင်း . . . ကျောင်း . . ."

ဟု တကျောင်းကျောင်းအော်ဟစ်ရင်း ဝတ်ထားသော စူရတီလုံချည်ပင်ကျွတ်ကာ ထိုလုံချည်ကို ဆွဲရတာတစ်ဖက် စလွယ်သိုင်းထားသော ခရီးဆောင်သားရေအိတ်ကြီးကို ကုလားများလက်သို့ ပါမသွားအောင် ကာကွယ်ရတာကတစ်ဖက်ဖြင့် ကို့ရို့ကားယားဖြစ်နေလေ၏။

ထို့အတူ ရဲကျော်သည်လည်း သူ့အား ဖမ်းချုပ်သလို အတင်းဆွဲခေါ်သွားသည့် ကုလားနှစ်ဦး၏လက်ဝယ် ယက်ကန်ယက်ကန်ဖြင့် ပါသွားရာ မိမိတို့မရောက်ဘူး မကျွမ်းကျင်သော ဒေသတွင် ဆရာတပည့်နှစ်ဦးမှာ လူချင်းကွဲရတော့မလို ဖြစ်နေတော့၏။

ထိုစဉ်မှာပဲ . . .

"ဟော့ . . . ရပ်လိုက်ကြစမ်း၊ ဧည့်သည်တွေကို အခုလွှတ်လိုက်၊ နင်တို့ကျောမှာ ကြာပွတ်ရာ ထင်သွားချင်သလား"

ဟူ၍ ဟိန္ဒူဘာသာစကားဖြင့် စူးစူးရှရှ ခပ်ကျယ်ကျယ် အော်ဟစ်လိုက်သံထွက်ပေါ်လာရာ တက္ကစီဒရိုင်ဘာများမှာ ထိတ်လန့်တကြားဖြင့် သူတို့လက်ထဲရောက်နေပြီဖြစ်သည့် အမဲကောင်နှစ်ဦးကို လွှတ်လိုက်ကာ လေဆိပ်အဆောက်အဦထဲသို့ အလျှိုလျှိုထွက်ခွာသွားတော့၏။





သို့သော် ၄င်းကားဒရိုင်ဘာတို့သည် လေဆိပ်အဆောက်အဦ၏ တိုင်လုံးကြီးများကိုကွယ်ပြီး သူတို့ပါးစပ်နားရောက်မှ လွှတ်ချလိုက်ရသော အမဲကောင်နှစ်ဦးအား လွှတ်သွားသည့်ငါး ကြီးလေခြင်းဟူ၍ မချင့်မရဲဖြစ်ကာ ခေါင်းပြူကြည့်လျက် ကျားချောင်းချောင်းနေလေ၏။

ဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့သည် တက္ကစီဒရိုင်ဘာကုလားများ၏ ဆွဲလွဲမှုကြောင့် ရှုံးပွဲသွားသည်ဖြစ်ရာ သူတို့ကိုယ်ကို သပ်ရပ်စတိုင်ကျအောင် ကပျာကသီ ပြန်ပြင်ရင်း သက်ပြင်းကိုယ်စီချလျက် သူတို့၏ကယ်တင်ရှင်ကို ကျေးဇူးတင်စွာဖြင့် လှမ်းကြည့်လိုက်လေ၏။

ထိုအခါ သူတို့အနီးသို့ အသက်သုံးဆယ်ခန့်ရှိပြီး ချောမောပြေပြစ်ကာ ထက်ထက်မြက်မြက် ရှိပုံရသော ဆာရီနီနီနှင့် အမျိုးသမီးတစ်ဦးက အပြုံးတစ်ပွင့်နှင့်အတူ လျှောက်လှမ်းလာနေသည်ကို တွေ့ရလေ၏။

ထိုအမျိုးသမီးက အင်္ဂလိပ်ဘာသာစကားဖြင့် . . .

"သူတို့ကို ခွင့်လွှတ်ပါ၊ သူတို့ဟာ မျောက်တွေလိုပဲ၊ မျောက်အုန်းသီးရသလို ဆိုတဲ့စကားကို ရှင်တို့ကြားဖူးကြမှာပေါ့၊ မျောက်လက်ထဲကိုများ အုန်းသီးရောက်သွားလို့ကတော့ အုန်းခွံကို သွားနဲ့ကုန်းကိုက်လိုက်၊ အုန်းသီးကို ဟိုဖက်လှိမ့် ဒီဖက်လှိမ့်နဲ့ အုန်းသီးထဲက သကျူ့သွေးကို ဘယ်လိုဖောက်စားရမှန်းမသိ[illegible]ပျာများ



www.burmeseclassic.com

www.burmeseclassic.com



ဖျာလောင်ခတ်နေရတတ်တယ်ရှင့်၊ သူတို့ဟာလည်း အဲဒီမျောက်တွေလိုပဲ ဦးနှောက်မဲ့သူတွေပါပဲရှင်၊ ရှင်တို့ဟာ တိုင်းတစ်ပါးက ဧည့်သည်တွေ ထင်တယ်၊ ဘယ်ကိုများ သွားချင်လို့ပါလဲ၊ ပြောပါ . . . ကျွန်မကူညီပြီး လိုက်ပို့ပေးပါ့မယ်၊ ဟောဟိုမှာ မြင်းရထားအသင့်ပါပါတယ်ရှင်"

ဟူ၍ ရွှန်းရွှန်းဝေအောင်ပြောပြီး လေဆိပ်အဆောက်အဦနံဘေးမှ ကတ္တရာလမ်းပေါ် ရပ်ထားသည့် ရထားလုံးအား ညွှန်ပြလေ၏။

"ဟုတ်ပါတယ် . . . မိန်းကလေး၊ ကျုပ်တို့ဟာ မြန်မာပြည်က လာတာပါ၊ ဗုဒ္ဓဂါယာကို သွားချင်လို့ပါ"

ဟု ဆရာကြီးအောင်မင်းမောင်က ပြောပြလိုက်ရာ ထိုဆာရီနီနီနှင့် အမျိုးသမီးက ရွှန်းလဲ့စွာပြုံးလိုက်ပြီး . . .

"ဩော် . . . ရှင်တို့က ဗုဒ္ဓဂါယာကို သွားချင်လို့လား၊ ဒါဆို ဟောင်ရာရပ်ကွက်မှာရှိတဲ့ ဟောင်ရာဘူတာကနေ ရထားစီးပြီး သွားရမှာပါ၊ ကျွန်မ ဟောင်ရာဘူတာအထိ လိုက်ပို့ပေးပါ့မယ်"

ဟု ယင်းအမျိုးသမီးက ထပ်မံ၍ ဖိတ်မန္တကပြုနေသဖြင့် ဆရာကြီးအောင်မင်းမောင်လည်း ရဲကျော်ကို ခပ်ပြုံးပြုံး လှည့်ကြည့်လိုက်ပြီး . . .

"ကဲ . . ဂတပည့်ရေ၊ ဇနက္ကသဘော်နစ်တော့ မေခလာပေါ် လာပြီး ကယ်သလို ငါတို့ ဒီလေဆိပ်မှာ ယောင်ချာချာဖြစ်နေ





တုန်း မေကညာပေါ် လာပြီး ကယ်တော့ လိုက်သွားကြစို့၊ တော်ကြာစောစောကတွေ့တဲ့ မျောက်တွေထက်ဆိုးတဲ့ မျောက်ဆိုးသွမ်းတွေနဲ့ ထပ်တိုးနေပါဦးမယ်ကွယ်"

ဟုပြောရင်း ရထားလုံးရှိရာသို့ ဦးတည်လှမ်းသွားရာ ရဲကျော်လည်း တက်ကြွသည့် ခြေလှမ်းများဖြင့် သူ့ဆရာအနီး လျှောက်လှမ်းသွားပြီး . . .

"တော်ပါသေးရဲ့ . . ဆရာကြီးရယ်၊ ဒီအမျိုးသမီးရောက်လာပြီး အချိန်မီကယ်ပေလို့၊ နို့မို့ဆို ကျွန်တော့်မှာ ဟိုမျောက်နှစ်ကောင်ရဲ့ ကားပေါ်ပါသွားပြီး ဆရာကြီးနဲ့ လူချင်းကွဲသွားမလား မဆိုနိုင်ဘူး"

ဟု စိုးရိမ်စိတ်မပျောက်သေးဟန်ဖြင့် ပြောပြီး သူတို့၏ ကယ်တင်ရှင်အမျိုးသမီးကို အင်္ဂလိပ်လို 'သင့်(စ်)ယူ . . .' ဟု ပြောလိုက်လေ၏။

အမျိုးသမီးက ပြုံးနေလျက်က သူတို့ရှေ့မှ ဦးဆောင်သွားပြီး ရထားလုံးအနီးရောက်လျှင် ရထားမောင်းသူအား ဟိန္ဒူစတန်ဘာသာစကားဖြင့် . . .

"ဟောင်ရာလမ်းခွမှာ ဆင်းမယ်ဟေ့"

ဟု လှမ်းပြောလိုက်၏။

သူတို့ဆရာတပည့်နှစ်ဦးလည်း ရထားလုံးပေါ် တက်ကာ စိတ်အေးလက်အေးဖြင့် ထိုင်လိုက်ကြတော့၏။ ပြီးနောက် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးအောင်မင်းမောင်က ဆိုဖာနောက်မှီပေါ်သို့ မှီထားရင်းမှ သူတို့ကို ခေါ်ဆောင်လာသည့် အမျိုးသမီးကို ကျေးဇူးတင်မိတ်ဆက်စကားဆိုလေ၏။

"တူမကြီးရဲ့ကျေးဇူးကို မမေ့ပါဘူးကွယ်၊ ကျုပ်တို့ရဲ့အမည်တွေကို မှတ်ထားပါ၊ ကျုပ်ရဲ့အမည်က အောင်မင်းမောင်လို့ ခေါ်ပါတယ်၊ ကျုပ်ဟာ ကျုပ်တို့ရဲ့နိုင်ငံမှာတော့ နာမည်အထိုက်အလျောက်ရှိတဲ့ စာရေးဆရာတစ်ဦးဆိုပါတော့၊ သူကတော့ ကျုပ်ရဲ့တပည့်ရင်း မောင်ရဲကျော်ပဲကွယ့်၊ တူမကြီးရဲ့အမည်ကိုလည်း ပြောပါဦး"

"ကျွန်မရဲ့အမည်က နှင်းဆီလို့ပဲ မှတ်လိုက်ပါရှင်၊ ကျွန်မက ရှင်တို့နိုင်ငံကို နှစ်ကြိမ်ရောက်ဖူးပါတယ်"

ဟု ချိုသာစွာပြုံး၍ ပြန်ပြောလေ၏။

"ဩော် . . . ဟုတ်လား၊ ဒီတစ်ခါလာရင်တော့ ကျုပ်ရဲ့အိမ်ကို ဝင်ခဲ့ပါ၊ ကျုပ်ရဲ့လိပ်စာကဒ်လေးကို ပေးခဲ့ပါရစေ"

ဟုပြောကာ ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ကဒ်ဖြူဖြူလေးကိုထုတ်ယူပြီး မနှင်းဆီအား ပေးလိုက်လေ၏။

မနှင်းဆီက လိပ်စာကဒ်ကို လေးစားစွာ လက်ခံယူပြီးသည်နှင့် . . .

"ကျွန်မမြန်မာပြည်ကို ဒီတစ်ခါထပ်ရောက်လာရင် ဦးရဲ့အိမ်ကို ဝင်ဖြစ်အောင် ဝင်လာပါ့မယ်"





ဟု သိမ်မွေ့စွာပြောပြီး တစ်ဆက်တည်းဆိုသလို . . .

"ဩော် . . . ဒါထက် ဦးတို့က ဦးတို့ရဲ့ ဘုရားပွင့်ခဲ့တဲ့ ဗုဒ္ဓဂါယာကို ရေခြားမြေခြား တိုင်းတစ်ပါးကတောင် လာရတာဆိုတော့ ငွေကြေးကြွယ်ဝချမ်းသာသူတွေ ထင်ပါရဲ့၊ ခရီးစရိတ်နဲ့ သုံးဖို့စွဲဖို့ရော ငွေကြေးအလုံအလောက် ပါကြပါရဲ့လားရှင်၊ မလုံလောက်ခဲ့ရင် ကျွန်မက ပါရမီဖြည့် ကူညီပေးချင်လို့ မေးရတာပါရှင်၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်"

ဟု ချိုသာစွာ ပြောလိုက်ရာ ဆရာတပည့်နှစ်ဦးလည်း မနှင်းဆီဟူသော ပျိုဖြူချောကလေး၏ စိတ်ရင်းစေတနာကောင်းပုံကို အံ့ဩသဘောကျသွားပြီး ၎င်းခရီးအတွက် သူတို့မည်သို့စီစဉ်ခဲ့ပုံများကို ရင်းနှီးပွင့်လင်းစွာ ပြောပြမိလေ၏။

"အခုလို ငွေကြေးလိုအပ်ရင် ကူညီမယ်လို့ပြောတာ ကျေးဇူးတင်လှပါတယ်ကွယ်၊ ဒါပေမယ့် ဦးတို့မှာ ငွေကြေးအလုံအလောက်ပါပါတယ်"

"ကောင်းပါတယ်ရှင်၊ ခရီးသွားတယ်ဆိုတာ ငွေကြေးအလုံအလောက် ဆောင်ထားသင့်တာပေါ့၊ တစ်ခုရှိတာက ခရီးသွားရင်း ခါးပိုက်နှိုက်ခံရတာတို့၊ လုယက်ခံရတာတို့ မဖြစ်ဖို့က အရေးကြီးတယ်ရှင့်၊ ကိုယ့်မှာပါတဲ့ငွေကို ပေါ့ပေါ့ဆဆတော့ မထားလေနဲ့နော်၊ ဒီအရပ်ဒေသအကြောင်းကို သိနေလို့ စေတနာနဲ့ သတိပေးရတာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးအောင်မင်းမောင်က စိုးရိမ်ရန်ကော ဟူသည့် အပြုံးမျိုးပြုံးလိုက်ပြီး . . .

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့လေ၊ ဦးတို့ကလည်း ရှစ်စပ်က ဂျင်ဂျင်လည်လာသူတွေပါကွယ်၊ တုံးနေအနေမှုဖြင့် ဒီလို ကိုယ်တစ်ခါမှ မရောက်ဖူးတဲ့ဒေသကို ဆရာတပည့်နှစ်ယောက်တည်း ဘယ်လာပါ့မလဲကွယ်၊ ဦးက ကိုယ့်မှာပါလာတဲ့ ငွေတွေကို သားရေအိတ်ကြားလေးနဲ့ထည့်ပြီး ဟောဒီပေါင်မှာ သားရေကြိုးနဲ့ စည်းထားတာကွယ့်၊ ဟောဒီဖရေဇာကုတ်အင်္ကျီထဲမှာတော့ ခရီးသွားရင်း လက်တိုလက်တောင်းသုံးဖို့လောက်ပဲ ထည့်ထားတာပေါ့ကွယ်"

ဟုပြောလိုက်ရာ မနှင်းဆီက သဘောကျသည့်နှယ် ပြုံးလိုက်ပြီး . . .

"အင်း . . . ဦးက စာရေးဆရာပီပီ ကွက်ကျော်မြင်ပြီး စနစ်တကျ စီမံတတ်ပါပေရဲ့ရှင်၊ ဒီလိုအကွက်မြင်လို့လဲ နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်နေတာပေါ့"

ဟုပြောရင်း ရထားလုံး၏ ပြတင်းတံခါးဝမှ ခေါင်းပြူကြည့်လိုက်ပြီးနောက် . . .

"ဟော . . . ဟောင်ရာရပ်ကွက်ထိပ်က လမ်းခွဆုံကို ရောက်ပြီ၊ ကျွန်မတို့ ဒီနေရာမှာ ဆင်းရလိမ့်မယ်"

ဟု ခပ်ပြုံးပြုံးလေးပြောပြီး အရှိန်သပ်ရပ်သွားပြီဖြစ်သော ရထားလုံး၏ တံခါးကိုဖွင့်လျက် သူမက သွက်လက်စွာ ဆင်းသွား





လေ၏။

သူတို့ဆရာတပည့်နှစ်ဦးလည်း ရထားလုံးပေါ်မှ ဆင်းလိုက်ကြ၏။ ထိုအချိန်တွင် အပြင်လောကဝယ် မှောင်စပျိုးနေပြီဖြစ်ကြောင်း တွေ့ရလေ၏။

"ဟာ . . . အတော်တောင် မှောင်နေပြီပဲ"

"ဟုတ်တယ် . . . ဆရာကြီး၊ ကျွန်တော်တို့တော့ ဟောင်ရာဘူတာမှာပဲ ညအိပ်ရလိမ့်မယ် ထင်ပါရဲ့"

"ညရထားရှိရင် ရှိမှာပေါ့ကွာ၊ မနှင်းဆီက ညရထားရှိလို့ ငါတို့ကို ဘူတာဆီ ခေါ်လာတာ ဖြစ်မှာပေါ့"

ဆရာတပည့်နှစ်ဦးမှာ မိမိတို့ထင်ရာမြင်ရာကို မြန်မာလို ပြောရင်းမှ ဘူတာရုံကို မျက်လုံးဝေ့ကာ ရှာဖွေကြည့်သော်လည်း ဘူတာနှင့်တူတာဆိုလို့ ဘာအဆောက်အဦမှ မတွေ့ရပေ။

ရထားစက်မောင်းသံ၊ ဥသြဆွဲသံလည်း စိုးစဉ်းမျှမကြားရသဖြင့် ဆရာကြီးအောင်မင်းမောင်က မနှင်းဆီအား ဟိန္ဒူဘာသာစကားဖြင့် . . .

"ငါ့တူမရဲ့ . . . ဟောင်ရာဘူတာက အတော်ဝေးသေးလား"

ဟုမေးလိုက်ရာ မနှင်းဆီက ဆည်းဆာညိုချိန် အလင်းဖျော့ဖျော့အောက်ဝယ် မသိမသာ ပြုံးလိုက်ရင်း . . .

"ဟိုဘက်ရပ်ကွက်အစပ်ထိသွားရင် ဘူတာရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်အေးအေးပြောပြီး တိုက်အိုတိုက်ဟောင်းများရှိရာ မှောင်မည်းနေသော လမ်းထဲသို့ဝင်သွားရာ သူတို့နှစ်ဦးလည်း သူမ၏နောက်မှ ခပ်သုတ်သုတ် လိုက်သွားရလေ၏။

ထိုသို့လိုက်ပါသွားရင်းက ဆရာကြီးအောင်မင်းမောင်မှာ တစ်စုံတစ်ခုကို တွေးမိလိုက်သဖြင့် . . .

"နေပါဦး . . . တူမကြီးရဲ့၊ ဘူတာဆီကို ဘာကြောင့် တစ်ခါတည်း မသွားရတာလဲကွယ့်၊ အခုသွားတဲ့လမ်းက မမှောင်လွန်းဘူးလား"

ဟုမေးလိုက်ရာ မနှင်းဆီက ခပ်ပြုံးပြုံးဖြင့် ခေါင်းငဲ့ကြည့်ရင်း . . .

"ဘူတာမှာ ညအိပ်ရင် အလစ်သုတ်သမားတွေ၊ လူဆိုးတွေရှိတယ် ဦးရဲ့၊ သူတို့က ဦးတို့ကိုဝိုင်းပြီး အမဲဖျက်ကြလိမ့်မယ်၊ ညရထားကလည်း မရှိဘူးလေ၊ ရထားက မနက်စောစောမှ ရှိတာ၊ ဒါကြောင့် ဦးတို့ကို ကျွန်မရဲ့အိမ်ကို ခေါ်လာတာပါ၊ ရှေ့ကလမ်းတစ်ချိုးဆိုရင် ကျွန်မအိမ်ကို ရောက်တော့မှာပါဦးရဲ့၊ အိမ်မှာပဲ ဒီတစ်ညတော့ တည်းခိုအိပ်စက်လိုက်ကြပေါ့၊ ဒါမှ ဦးတို့အတွက် အဆင်ပြေမှာလေ၊ ကဲ . . . ဦးတို့ ဒီလမ်းအတိုင်းလိုက်ခဲ့ကြပါ၊ ရှေ့ကလမ်းအဆုံးရောက်ရင် ညာဖက်ကိုသာ ချိုးကွေ့လာခဲ့၊ အဲဒီမှာ ကွက်လပ်ကြီးတွေ့လိမ့်မယ်၊ အဲဒီကွက်လပ်ကြီးလွန်ရင် မီးထွန်းထားတဲ့ ကျွန်မရဲ့အိမ်ကို တွေ့ပါလိမ့်မယ်၊ အိမ်က တိုက်ပုလေးပါ၊





ကျွန်မကတော့ ဦးတို့ရောက်လာရင် ချက်တစ်ရီနဲ့ချာပါတီ ပူပူနွေးနွေးလေး စားရအောင် မာမားကို ကြိုပြောဖို့ ခပ်သုတ်သုတ်ပဲ သွားနှင့်တော့မယ်နော်"

ဟုပြောကာ မှောင်ရိပ်အတော်သန်းနေပြီဖြစ်သော လမ်းကျဉ်းလေးအတိုင်း ခပ်သွက်သွက် လျှောက်သွားရာ ဆရာကြီးအောင်မင်းမောင်တို့မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ရာမှ ကမန်းကတန်းပင် သူမနောက်မှ လိုက်ကြရတော့၏။

သို့သော် တိုက်အိုတိုက်ဟောင်းကြီးများကြားမှ လမ်းဖြစ်၍ ချိုင့်ခွက်များ၊ ကမူများ၊ အုတ်ခဲကျိုးများဖြင့် မညီမညာ ဆိုးရွားလှ၏။ အတော်ကြီးလည်း မှောင်လာသဖြင့် လမ်း၏အထာကို မသိသော သူတို့နှစ်ဦးလည်း ခပ်သွက်သွက် မလှမ်းနိုင်ဘဲ ဟိုရှောင်ရ၊ ဒီရှောင်ရဖြင့် တောင်စမ်းစမ်း၊ မြောက်စမ်းစမ်း လျှောက်နေရ၏။

ဆရာကြီးအောင်မင်းမောင်တို့မှာ ရှေ့မှတစ်လှစ်လှစ်ဖြင့် လျှောက်လှမ်းသွားသော မနှင်းဆီကို လိုက်မမီနိုင်ဘဲ လမ်းအဆုံးလောက်အရောက်တွင် ညာဖက်သို့ ချိုးကွေ့သွားသော ဆာရီနီနီလေးကိုသာ မှောင်ရိပ်အောက်ဝယ် ဝိုးတဝါး မြင်လိုက်ရ၏။

"ကျေးဇူးရှင်မလေးကလည်း သွက်ပါ့ကွာ၊ ငါတို့မှာဖြင့် လမ်းက ဆိုးလွန်းတော့ ခြေတစ်လှမ်းကုဋေတစ်သန်းနှုန်းနဲ့ မနည်းလှမ်းနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာကြီးအောင်မင်းမောင်က ညည်းညူလိုက်သလို ရဲကျော်မှာလည်း သူ့ပခုံး၌ ချိတ်လွယ်လာသော သားရေအိတ်ကြီးကို ပြင်၍လွယ်လိုက်ရင်း လမ်းဘေးဝဲယာရှိ တိုက်ဟောင်းကြီးများကို မျက်လုံးဝေ့ကြည့်လိုက်ပြီး . . .

"ဆရာကြီး . . . ဒီလမ်းဘေးဝဲယာက တိုက်ကြီးတွေမှာ လူမှနေရဲ့လား မသိဘူးနော်၊ မည်းမှောင်တိတ်ဆိတ်နေတာပဲ"

"ဟုတ်ပါရဲ့ကွာ၊ မနှင်းဆီကလည်း ဘယ်လိုလမ်းမျိုးမှာ လာနေသလဲ မသိဘူး၊ ဒီအခြေအနေရောက်မှတော့ သူ့ကိုပဲ အားကိုးရတော့မယ်"

ဟု ဆရာကြီးအောင်မင်းမောင်က ပြန်လည်ပြောဆိုရင်း လျှောက်လာရာ တဖြည်းဖြည်းနှင့် ၄င်းလမ်းအဆုံးသို့ ရောက်ရှိလာကြ၏။

ထိုလမ်းအဆုံးရောက်သည်တွင် သူတို့သည် မနှင်းဆီပြောသည့်အတိုင်း ညာဖက်သို့ကွေ့လိုက်ရာ ချုံနွယ်ပိတ်ပေါင်းများစွာထူပြောလှသည့် မြေကွက်လပ်ကြီးကို တွေ့ကြလေ၏။

သူတို့နှစ်ဦးသည် မြေကွက်လပ်ကြီးကို ကျော်လိုက်ပြီး မီးလင်းနေသော မနှင်းဆီတို့အိမ် တိုက်ပုလေးကို တွေ့ရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် လရောင်လဲ့လဲ့သာ ဖြာဆင်းကျနေသော မြေလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြလေ၏။

သို့သော် ထိုကွက်လပ်ကြီး၏အလွန်ဝယ် မနှင်းဆီပြော





သကဲ့သို့ မည်သည့်အလင်းရောင်ကိုမှလည်း မတွေ့ရသလို မည်သည့်တိုက်ပုလေးကိုမှလည်း မတွေ့ရဘဲ မီးသင့်လောင်ကျွမ်းထားပုံရသော ဇရာမတိုက်ဟောင်းကြီးကိုသာ တွေ့လိုက်ကြသဖြင့် သူတို့နှစ်ဦးမှာ အလွန်အမင်း အံ့အားသင့်သွားကြပြီး ဇဝေဇဝါဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။

"ဟာ . . . ဆရာကြီး၊ မနှင်းဆီတို့အိမ်ဆိုတာလည်း မတွေ့ပါလား"

ဟု ရဲကျော်က ထိတ်လန့်တကြားပြောရင်း မီးလောင်ထားသည့် တိုက်ဟောင်းကြီး၏တစ်ဘက်သို့ ကျော်ကြည့်လိုက်သော်လည်း လယ်ကွင်းပြင်ကြီးကိုသာ တွေ့မြင်ရသဖြင့် ဆရာတပည့်နှစ်ဦးမှာ လရောင်အောက်ဝယ် အတော့်ကို ခြောက်ခြားသွားတော့၏။

သို့ဖြစ်ရာ ဆရာကြီးအောင်မင်းမောင်မှာ ရှေ့ဆက်မလှမ်းတော့ဘဲ တွေတွေကြီးရပ်လျက် ဝန်းကျင်ကို မသင်္ကာသလို စူးစမ်းဝေ့ဝိုက်ကာ အကဲခတ်ကြည့်နေစဉ်တွင် မီးလောင်ခံထားရသည့် တိုက်ဟောင်းကြီးထဲမှ လူရိပ်မည်းမည်းများက တရွေ့ရွေ့ လှမ်းလာကြသည်ကို သတိပြုမိလိုက်၏။

မှောင်ရိပ်ထဲမှ ထွက်လာသော လူလေးဦးသည် အိန္ဒိယရိုးရာတိုင်းရင်းသားဝတ်စုံကို ဝတ်ထားကြပြီး အသားမှာလည်း မည်းနက်လျက်ရှိရာ သူတို့၏မျက်နှာသွင်ပြင်များကို သဲကွဲစွာ မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့လက်ထဲ၌ ကိုင်ဆွဲလာကြသော ဓါးကောက်များကိုတော့ လရောင်အောက်ဝယ် ထိတ်လန့်တုန်လှုပ်ဖွယ် တဖွေးဖွေး၊ တလက်လက် မြင်ရလေ၏။

"ဟာ . . . ဆရာကြီး . . . လူဆိုးတွေနဲ့တူတယ်"

ဟု ရဲကျော်က စိုးရိမ်စွာပြောရင်း ထိုလူဆိုးများ အနားသို့ ရောက်မလာမီ သူ၏ဆရာအတွက် စိုးရိမ်တကြီးဖြင့် လူဆိုးများကို ဟန့်တားရန် အသင့်ပြင်လိုက်၏။

သို့သော် ဆရာကြီးအောင်မင်းမောင်က ရဲကျော်၏လက်မောင်းကို ပြုတ်တူကဲ့သို့ သန်မာသော သူ၏လက်တစ်ဖက်ဖြင့် လှမ်းကိုင်လိုက်ပြီး ဟန့်တားလိုက်လေ၏။

"သိပ်ပြီး ဆန္ဒမစောနဲ့ မောင်ရဲကျော်၊ ဒီကောင်တွေကို ငါအရင် ရင်ဆိုင်မယ်၊ မင်း ငါ့နောက်ဘက် ခပ်လှမ်းလှမ်းကိုဆုတ်နေ၊ အခြေအနေကြည့်ပြီး မင်းဝင်သင့်မှဝင် . . ."

ဟုပြောလိုက်ပြီး စလွယ်သိုင်းထားသော သားရေဘက်အိတ်ကြီးကို နံဘေးသို့ ဘုတ်ခနဲ ပစ်ချလိုက်၏။

အသက်ခြောက်ဆယ်နားနီးနေပြီဖြစ်သော်လည်း ဆရာကြီးအောင်မင်းမောင်သည် လူအိုတစ်ဦး၏ လေးကန်ဖင့်နွဲ့သော အသွင်မျိုး လုံးဝမရှိဘဲ တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသည့် ကေသရာဇာခြင်္သေ့ကြီး၏အသွင်မျိုး ရှိနေလေရာ ဝိုင်းရံထားသည့် ဒုစရိုက်သမားများမှာ ထိုအမူအရာကြောင့် တွန့်ဆုတ်ဆုတ် ဖြစ်





သွားကြ၏။ ကိုယ်လုံသိုင်းပညာကို အတော်အသင့် ဆည်းပူးဖူးသော ရဲကျော်မှာလည်း ဝါရင့်သမ္ဘာရင့် သိုင်းပညာရှင်ကြီးတစ်ဦး၏ မှင်မောင်းမျိုးရှိနေသည့် ဆရာကြီးကို တွေ့ရသဖြင့် အားရကျေနပ်မိပြီး ချီးကျူးမိလေ၏။

ထိုစဉ် သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသော အရပ်အမြင့်ဆုံး ဓါးသမားက ဂေါ်ရခါးဓါးကောက်ကြီးကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီး . . .

"အသက်မသေချင်ရင် ခင်ဗျားရဲ့ပေါင်မှာ သားရေကြိုးနဲ့ ချည်ထားတဲ့ ပိုက်ဆံအိတ်ကို ထုတ်ပေးပေတော့ အဘိုးကြီး"

ဟု ဟိန္ဒူဘာသာစကားဖြင့် ဟိန်းဟောက်တောင်းလေ၏။

ထိုအခါ ဆရာကြီးအောင်မင်းမောင်က ထွီခနဲ တံတွေးတစ်ချက်ထွေးလိုက်ပြီး အင်္ကျီလက်မောင်းများကို ပင့်တင်ကာ ခြေနှစ်ချောင်းကို ခပ်ကားကား ရပ်လိုက်ပြီး . . .

"ဟေ့ . . မိစ္ဆာကောင်တွေ၊ ငါ့ဆီက ပိုက်ဆံကို သူတောင်းစားတောင်းသလို တောင်းမနေနဲ့၊ သတ္တိရှိရင် ငါ့ဆီက ရအောင်လုယူလှည့်စမ်း၊ မြန်မာ့သွေးကို တစ်ခါတည်း သိသွားစေရမယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်ရာ ထိုကုလားလူဆိုးလည်း လက်ထဲမှဓါးကောက်ဖြင့် ဆရာကြီးအား တဟုန်ထိုးပြေးပိုင်းလိုက်လေ၏။

ယင်းကုလား၏ဓါးချက်ကို ဆရာကြီးက ခေါင်းငုံ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အသာငွဲ့ကာ ရှောင်လိုက်ပြီး ထိုသူ၏ချိုင်းအောက်သို့ ပခုံးထမ်းဝင်လျက် ကိုင်ပေါက်ထည့်လိုက်ရာ ၄င်းမှာ ဓါးတစ်ခြား၊ လူတစ်ခြား လွင့်ထွက်သွားတော့၏။

ကျန်ဓါးကိုင်ထားသည့် ကုလားများမှာ ခေတ္တငေးကြောင်သွားရာမှ ချက်ချင်းပင် သတိပြန်ဝင်လာပြီးနောက် ဒေါသတကြီးဖြင့် မာန်ဟုန်သွင်းအော်ဟစ်လျက် ဓါးကောက်ကြီးများဖြင့် ဆရာကြီးဆီသို့ ပြေးဝင်ထိုးခုတ်ကြလေ၏။ ဆရာကြီး၏ လှုပ်ရှားတုန့်ပြန်မှုမှာ ကြောင်တစ်ကောင်ပမာ ပေါ့ပါးလျင်မြန်လှပေ၏။ ဓါးချက်များအောက်မှ လှစ်ခနဲ လှစ်ခနဲဝင်လျက် ကုလားတစ်ဦး၏ ရင်ဝအား တံတောင်ဖြင့်တွတ်ကာ နောက်တစ်ဦး၏မေးဖျားအား ပင့်လက်သီးကျွေးလိုက်ပြီး နောက်တစ်ဦးကိုမူ ဆီးခုံကို ဒူးဖြင့် ခပ်ပြင်းပြင်းတိုက်လိုက်လေရာ ထိုလူဆိုးသုံးဦးစလုံးမှာ တအီးအီးတအားအား အော်ဟစ်ညည်းတွားရင်း မြေပြင်ပေါ်ဝယ် လူးလှိမ့်သွားကြလေ၏။

ခေါင်းဆောင်လာသူ ကုလားမှာလည်း ဆရာကြီးအောင်မင်းမောင်၏ ကိုင်ပေါက်ခြင်းကိုခံရရာမှ ခေါင်းနှင့် တိုက်ပျက်ကြီး၏လှေကားခုံ ဆောင့်မိကာ သတိလစ်လျက် ရှိလေ၏။

ဆရာကြီးအောင်မင်းမောင်သည် တွန့်ကြေသွားသော သူ၏ဂရိတ်ကုတ်အကျီလက်များကို ဆွဲဆန့်လိုက်ပြီးနောက် မြေပြင်ပေါ်သို့ ပစ်ချထားသော သူ၏ခရီးဆောင်သားရေအိတ်ကြီးကို





ကောက်လွယ်လိုက်ကာ ခပ်လှမ်းလှမ်းတွင် အခြေအနေစောင့်ကြည့်နေသည့် ရဲကျော်ထံသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းလာခဲ့၏။

"ကဲ . . . မောင်ရဲကျော်၊ ငါတို့မလဲ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဒီဒေသက လူဆိုးလူမိုက်တွေရဲ့ ထောင်ချောက်ဆင်ကြိုဆိုမှုကို ခံခဲ့ရပြီကွ၊ နယ်မြေကျွမ်းတဲ့ သူတို့ရဲ့ဘက်တော်သားတွေ ထပ်ရောက်မလာခင် ငါတို့ ဒီနေရာက အမြန်ဆုံး လစ်ကြစို့ တပည့်ရေ"

ဟုပြောလိုက်ကာ လာရာလမ်းအတိုင်း ခပ်သွက်သွက်ပင် ထွက်လာခဲ့ကြတော့၏။

ရဲကျော်မှာ ဆရာကြီးအောင်မင်းမောင်၏နောက်မှ ကမန်းကတန်းလိုက်ရင်း နောက်ဘက်တွင် ကျန်ရစ်သော လရောင်ပျပျအောက်မှ မီးသင့်လောင်ခံထားရသည့် တိုက်ပျက်ကြီးကို နောက်ကျောမလုံသလို တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် . . .

"ဆရာကြီးရေ . . . မနှင်းဆီဆိုတဲ့ ကုလားမဟာ မေခလာမဟုတ်ဘဲ ကျွန်တော်တို့အပေါ် မေကညာလုပ်သွားတာ ခံရခက်လိုက်တာဗျာ"

ဟူ၍ အောင့်သက်သက်လေသံဖြင့် ပြောလိုက်ရာ ဆရာကြီးကလည်း . . .

"တော်စမ်းပါကွာ၊ အဲဒီမိန်းမက ငါတို့ကို ကာ[illegible]ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သေမင်းထောင်ချောက်ထဲကို လှည့်ဖြားခေါ်ဆောင်လာခဲ့တာ ကံကောင်းလို့ပေါ့ကွာ၊ ဘုရားမဖူးရဘဲ မရဏခရီးသည် ဖြစ်တော့မလို့ . . ."

* * * *



## အခန်း (၃)

## ဝိဘတ်ကြမ္မာမရှုန်းသာ

သူတို့ဆရာတပည့်နှစ်ဦးသည် လူသူကင်းမဲ့ကာ မှောင်မည်းတိတ်ဆိတ်နေသော လမ်းကျဉ်းအချို့ကို စမ်းတဝါးဝါးဖြင့် ဖြတ်ကျော်ခဲ့ကြပြီးနောက် မီးများ အတန်ငယ်လင်းလျက်ရှိသည့် လမ်းကျယ်တစ်ခုသို့ ရောက်ရှိလာလေ၏။

လူသွားလူလာ အတန်ငယ်ရှိသော လမ်းကျယ်ကြီးဖြစ်၍ သူတို့လည်း စိတ်သက်သာမှုရရှိသွားကြ၏။ သို့နှင့် ဟိုကြည့်ဒီကြည့်ဖြင့် လျှောက်လာကြရာမှ လမ်းဘေးကွမ်းယာဆိုင်တစ်ဆိုင်ကို တွေ့ရသဖြင့် ဟောင်ရာဘူတာရုံရှိရာအရပ်ကို စုံစမ်းရန် ၎င်းကွမ်းယာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ ဝင်လိုက်လေ၏။

မှန်အိမ်လေးထွန်းထားသော ကွမ်းယာဆိုင်ထဲဝယ် ကုလားအဘိုးကြီးတစ်ဦး ထိုင်လျက်ရှိပြီး အခြားကုလားတစ်ယောက်ကလည်း ဆိုင်ရှေ့မှ ခုံတန်းလျားတွင် ထိုင်နေရာ ဆရာကြီးအောင်မင်းမောင်က ဆေးပြင်းလိပ်တစ်လိပ်ကို ဝယ်ယူလိုက်၏။

ထို့နောက် ရိုးသားပုံရသော ဆိုင်ရှင်ကုလားအဘိုးကြီးနှင့် ဆိုင်ရှေ့မှ ကုလားတစ်ဦးအား အကဲခတ်ကြည့်ရှုလိုက်ပြီး . . .

"ဟောင်ရာဘူတာကို ဘယ်လိုသွားရလဲဗျ၊ တစ်ဆိတ်လမ်းညွှန်ပြပေးပါလားဗျာ"

ဟု ချိုသာစွာ ပြောလိုက်ရာ ဆိုင်ရှင်ကုလားကြီးက မျက်မှောင်ကျုံ့ရင်း စူးစမ်းသလိုကြည့်၏။ ပြီးမှ . . .

"ခင်ဗျားတို့ ခရီးသွားတွေ ထင်တယ်၊ ဟောင်ရာဘူတာကို သွားရမယ့်ခရီးက နည်းနည်းဝေးတယ်၊ လန်ချားနဲ့သွားပါလား၊ ကာစင် လိုက်ပို့ပေးလိမ့်မယ်"

ဟု ဆိုင်ရှေ့ခုံတန်းလျားတွင် ထိုင်နေသော ကုလားအား လက်ညှိုးညွှန်၍ ပြောလိုက်လေ၏။

ဆရာကြီးအောင်မင်းမောင်လည်း ရိုးသားပုံရသော လန်ချားမောင်းသူအား အကဲခတ်လိုက်ပြီး . . .

"ကောင်းသားပဲ၊ လန်ချားနဲ့လိုက်ပို့ပါ၊ ဘယ်လောက်ပေးရမလဲ၊ ဘူတာမှာရော ဒီညတည်းခိုလို့ ရမလားဗျ"





ဟု တစ်ဆက်တည်းမေးလိုက်ရာ ဆိုင်ရှင်ကုလားအဘိုးကြီးက လက်ကိုအသာခါပြလိုက်ပြီး . . .

"ဘူတာမှာ တည်းခိုခန်းတွေဘာတွေ မရှိဘူးဗျ၊ ဘူတာပလက်ဖောင်းမှာ သူတောင်းစားတွေနဲ့ လူဆိုးသူခိုးတွေပဲ အိပ်ကြတယ်၊ ပုလိပ်လာရင် ထွက်ပြေးကြရတယ်၊ ခင်ဗျားတို့ အဲဒီမှာတည်းရင် ဒုက္ခရောက်လိမ့်မယ်၊ ဒါထက် ခင်ဗျားတို့က ဘယ်ကိုသွားမှာလဲ"

"ဗုဒ္ဓဂါယာကို သွားချင်လို့ပါ"

ထိုအခါ ကုလားအဘိုးကြီးသည် သူ၏နောက်ဘက် ဆိုင်နံရံ၌ ချိတ်ဆွဲထားသော တိုင်ကပ်နာရီအဟောင်းကြီးကို လှည့်ကြည့်ပြီးနောက် . . .

"ဒါဆို . . . အခုမြန်မြန်သာ သွားပေတော့၊ ဗုဒ္ဓဂါယာကို သွားမယ့် ည (၈) နာရီရထားတစ်စီးတော့ ရှိတယ်"

ဟု ခပ်သွက်သွက်ပြောကာ ဆိုင်ရှေ့တွင် ထိုင်နေသော ကာစင်ဟူသည့် လန်ချားသမားကို လှမ်းအော်ပြောလိုက်၏။

"ဟေ့ . . . ကာစင်၊ ဒီဧည့်သည်တွေကို ဘူတာဆီ လိုက်ပို့ပေးလိုက်ပါကွာ၊ မြန်နိုင်သမျှမြန်မြန် ပို့ပေးလိုက်နော်၊ ရထားချိန်က အရမ်းကပ်နေပြီ"

ကာစင်ဆိုသော လန်ချားသမားလူငယ်လေးကလည်း ထိုင်ရာမှထကာ အနီးရှိ ကုက္ကိုလ်ပင်၏ပင်စည်ကို မှီထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော လန်ချားအား သွား၍ဆွဲယူလာခဲ့၏။

လန်ချားရောက်လာသည်နှင့် ဆရာတပည့်နှစ်ဦးလည်း လန်ချားပေါ်သို့ အလျင်အမြန် တက်ထိုင်လိုက်ရာ ကုလားလေးသည် ကွမ်းတစ်ယာကို ပါးစောင်၌ ငုံလိုက်ပြီး လန်ချားကို ဝီခေါ်အောင်ပြေးတော့၏။

ဆရာကြီးအောင်မင်းမောင်မှာ ရန်ကုန်မြို့တွင် လန်ချားစီးဖူးသော်လည်း ဤသို့ ဆွဲသလောက်မြန်သော လန်ချားမျိုး မစီးဖူးသဖြင့် လန်ချား၏ဘေးမှ နံရံအစွန်းကို လက်တစ်ဖက်ဖြင့် ကိုင်ထားကာ လမ်းဘေးဝဲယာရှိ ရှုခင်းများကို ငေးမောကြည့်ရှုနေသလို ရဲကျော်သည်လည်း မီးလင်းလက်နေသော အိမ်အချို့နှင့် လမ်းသွားလမ်းလာတို့အား ငေးကြည့်ရင်း လိုက်ပါခဲ့ကြ၏။

လန်ချားက လူနေရပ်ကွက်ကိုကျော်ကာ ကွင်းတစ်ခုကို ဖြတ်သန်းပြီးနောက် မီးများ အတန်ငယ်လင်းထိန်လျက် လူသူစည်ကားလျက်ရှိသော ဘူတာရုံသို့ ရောက်ရှိလာတော့၏။

လန်ချားသည် ဘူတာနံဘေးတစ်နေရာ၌ ရပ်လိုက်သည်နှင့် ဆရာတပည့်နှစ်ဦးလည်း လန်ချားပေါ်မှဆင်းပြီး ဘူတာရုံဝန်းကျင်ကို အကဲခတ်ကြည့်ရှုကြ၏။

ဘူတာရုံရှေ့မှ သံလမ်းပေါ်ဝယ် ရထားတစ်စီးရပ်ထားသည်ကို တွေ့ရပြီး ရထားပေါ်သို့ ခရီးသည်များ တက်လိုက်ဆင်းလိုက်ရှိနေသဖြင့် ဘူတာရုံဝန်းကျင်မှာ ခရီးသွားများဖြင့် စည်ကား





နေသည်ကို တွေ့ရ၏။

“ရှစ်နာရီထွက်မယ့် ရထားဆိုတာ ဒီရထားများလား၊ တစ်ဆိတ်စုံစမ်းပေးပါလားကွယ်”

ဟု ဆရာကြီးအောင်မင်းမောင်က လန်ချားသမားကာစင်ကို မေးလိုက်၏။ ကာစင်က ရိုကျိုးစွာ ဦးခေါင်းငြိမ့်လိုက်ပြီး . . .

“ဟုတ်တယ်ခင်ဗျ၊ သူက ဗာရာဏသီပြည်အထိသွားမှာ၊ ဂါယာတွဲတစ်တွဲ သပ်သပ်ပါတယ်၊ ဦးကြီးတို့က အဲဒီဂါယာတွဲနဲ့ လိုက်သွားရမှာ၊ ဂါယာဘူတာရောက်ရင် အဲဒီရထားကြီးက ဂါယာတွဲကို ဖြုတ်ထားခဲ့ပြီး ဗာရာဏသီအထိ ဆက်သွားလိမ့်မယ်”

ဟု ရေလည်စွာ ရှင်းပြလေ၏။

“အေး . . . အေး . . . ငါတို့ကို ဂါယာတွဲဆီ လိုက်ပို့ပါကွာ၊ ပြီးတော့ ရထားလက်မှတ်ဖြတ်ဖို့လည်း ကူညီပေးပါဦး”

ကာစင်ဟူသော လန်ချားသမားသည် ထင်ထားသည်ထက်ပင် စိတ်သဘောထားကောင်းမွန်သူ ဖြစ်၏။ သူက . . .

“ဂါယာကို ၂၅ ရူပီးကျတယ်”

ဟု ပြန်ပြောပြီးနောက် လက်မှတ်ရုံသို့သွားကာ လက်မှတ်ဖြတ်ပေးလေ၏။ ထိုစဉ် ဆရာတပည့်နှစ်ဦးလည်း ပလက်ဖောင်းပေါ်၌ ရပ်စောင့်ရင်း ရှုပ်ထွေးစည်ကားသည့် မြင်ကွင်းကို ငေးကြည့်နေကြ၏။

ထိုစဉ် ရထားတစ်စင်းဆိုက်လာပြီး ရထားတွဲများပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များ ဝေါခနဲ ထွက်လာကာ အထမ်းသမားများ၏ ဆူညံစွာ အော်ဟစ်ပြောဆိုသံများ ညံစီစွာ ထွက်ပေါ်လာပြီး ပစ္စည်းလုထမ်းသူက ထမ်း၊ အချို့ခရီးသည်များက ကိုယ့်ပစ္စည်းကိုယ်ဆွဲကာ အတင်းတိုးထွက်သူက ထွက်နှင့် ပလက်ဖောင်းပေါ်ဝယ် ပုရွတ်ဆိတ်အုံကို တုတ်နှင့်ထိုးသည့်ပမာ ရှုပ်ထွေးစည်ကားသွားတော့၏။

ထိုအခါ သူတို့နှစ်ဦးလည်း ခရီးသည်တို့၏ တိုးဝှေ့ခြင်းကို ခံနေရပြီး အထမ်းသမားတို့ ဝင်တိုက်မည့်ဘေးမှ သတိထားရှောင်တိမ်းနေရ၏။

ဟောင်ရာဘူတာသည်ကား စကြံပေါင်းများစွာရှိ၍ အိန္ဒိယနိုင်ငံ၏ အရှေ့ဖျားရထားလမ်းဆုံရာ အကြီးဆုံးဘူတာကြီးဖြစ်ပြီး ၎င်းဘူတာမှ အိန္ဒိယနိုင်ငံအနှံ့အပြားသို့ တစ်နေကုန် ရထားများထွက်လျက် ရှိသကဲ့သို့ ညပိုင်းတွင်လည်း အဝင်ရထားများရှိလေရာ ရထားအဝင်အထွက် များပြားသည့် ဘူတာဖြစ်သည်။

ရှုပ်ထွေးများပြားလှသော လူသူများကြားမှ လက်မှတ်များဖြတ်နေသည့် လန်ချားဆရာအား စောင့်မျှော်ကြည့်ရှုနေရင်းက ဆရာကြီးအောင်မင်းမောင်သည် ခပ်လှမ်းလှမ်းရှိ ခရီးသည်များကြားဝယ် တစ်စုံတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် . . .

"ဟင် . . . သူ . . . သူ . . . ဟား . . . ဟုတ်ပါပြီ၊ သူပဲ . . . သူပဲ . . ."





ဟု ပါးစပ်မှ လွှတ်ခနဲ ထွက်သွားပြီး မှုန်ဝေသီစမျက်လုံးကို တအားဖြဲလျက် ခန္ဓာကိုယ်ကို ဟိုသည်ယိမ်းနွဲ့ရင်း ပြူးတူးပြဲတဲလိုက်ကြည့်လေ၏။

"ဆရာကြီး . . . ဘယ်သူလဲဟင် . . . ဘယ်သူလဲ"

ဆရာကြီးအောင်မင်းမောင်မှာ ရဲကျော်အား လှည့်မဖြေအားပဲ သူအမှတ်မထင် တွေ့လိုက်ရသူကိုသာ လူအများကြားဝယ် မျက်ခြေပြတ်သွားမည်စိုးသဖြင့် ခြေဖျားများပင်ထောက်ကာ ပြူးတူးပျာတာ ကြည့်လျက်ရှိလေ၏။ ထို့နောက်မှ . . .

"တောက် . . . လူတွေကြားထဲမှာ ပျောက်သွားပြီကွာ"

ဟု မကျေမချမ်းဖြင့် တောက်ခတ်ညည်းတွားလိုက်ပြီး . .

"ဟုတ်ပါတယ် . . . သူမှ သူပါပဲ၊ ငါ့မျက်လုံးကလည်း အဝေးဆို ဝါးချင်သေးတယ်၊ ဒါပေမယ့် ဒီသူငယ်ကိုတော့ ငါဘယ်လိုမှ လွဲမှားနိုင်စရာ မရှိဘူး၊ ဘယ့်နှယ် . . . ဒီသူငယ်က ဒီကို ဘယ်လိုလုပ်ရောက်နေပါလိမ့်"

ဟု တစ်ယောက်တည်း တဖွဖွညည်းညူသလိုပြောနေရာ ရဲကျော်လည်း မချင့်မရဲဖြစ်လာပြီး . . .

"ဆရာကြီး . . . ဘယ်သူ့ကိုပြောတာလဲ၊ ဘယ်သူ့ကို တွေ့လိုက်လို့လဲ၊ ကျွန်တော်နားလည်အောင် ရှင်းပြစမ်းပါဦး"

ဟု အတင်းအကြပ်မေးလေ၏။

ဤတွင် ဆရာကြီးအောင်မင်းမောင်က တစ်စုံတစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



လေးနက်စွာ တွေးနေရင်းက တစ်လုံးချင်း ပြောလိုက်လေ၏။

"လှိုင်ဘွားလေကွာ၊ တစ်ကောင်ကျားလှိုင်ဘွားပေါ့၊ ဒီသူငယ်ကို ငါလူတွေကြားထဲမှာ တွေ့လိုက်သလိုပဲကွ၊ ငါ့မျက်စိ မမှားနိုင်ပါဘူး၊ လှိုင်ဘွားမှ လှိုင်ဘွားအစစ်ပဲ"

ဟုပြောလိုက်ရာ ရဲကျော်မှာ လွန်စွာအံ့အားသင့်သွားပြီး ဆရာကြီးအောင်မင်းမောင် ကြည့်ရာအရပ်ဆီသို့ အငမ်းမရ လိုက်ကြည့်လေ၏။

အမှန်တော့ ရဲကျော်သည် မြန်မာပြည်ဒုစရိုက်လောကဌ် နာမည်ကြီးလှသော တစ်ကောင်ကျားလှိုင်ဘွားကို လုံးဝမြင်ဖူးသူ မဟုတ်ပေ။ ယုတ်စွအဆုံး ထိုလှိုင်ဘွား၏ ဓါတ်ပုံကိုသော်မျှ မမြင်ဖူးပေ။ ထို့ကြောင့်လည်း သူသည် ယောင်ဝါးဝါးဖြင့် လိုက်ကြည့်ခြင်းဖြစ်၏။

ဆရာကြီးအောင်မင်းမောင်ကမူ ကောက်ရိုးပုံထဲကျသွားသော အပ်ကိုရှာသလို လူအုပ်ရှုပ်ထွေးထွေးကြီးထဲ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေစဉ် လန်ချားသမားကာစင်သည် လက်မှတ်နှစ်စောင်နှင့် သော့ခလောက်တစ်ခု၊ သံကြိုးမတိုမရှည်တစ်ချောင်းကို လက်ဝယ်ကိုင်လျက် သူတို့အနီးသို့ ရောက်ရှိလာလေ၏။

"ရထားထွက်တော့မယ် ဦးကြီး၊ မီးထိုးသမားက မီးတောင်ထိုးနေပြီ၊ စက်ဗိုလ်လည်း ခေါင်းတွဲပေါ်တက်သွားပြီ၊ ဦးကြီးတို့လည်း ရထားပေါ်တက်ပြီး နေရာအမြန်ယူကြတော့၊ လာ . . .





လာ . . . ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါ့မယ်"

ဟု ခပ်လောလောပြောပြီး ရှေ့မှဦးဆောင်လျှောက်သွားရာ သူတို့လည်း လူအုပ်ကြီးအား တိုးဝှေ့ပြီး အလျင်အမြန် လိုက်သွားရ၏။

သူတို့သည် ဂါယာသီးသန့်တွဲပေါ်သို့ တက်လိုက်ကြပြီး ထိုင်ခုံကို ဦးစွာရှာရာ မိမိတို့ထိုင်ခုံကို တွဲအနောက်ဘက်ခပ်ကျကျ နေရာတွင် တွေ့ရလေ၏။

"အဲဒီခုံတွေပဲ၊ ဦးကြီးနဲ့ အစ်ကိုလေးတို့ ထိုင်ကြ၊ ကျွန်တော့်ကို အိတ်တွေပေး . . ."

ဟု ကာစင်က ပြောလိုက်ပြီး ခရီးဆောင်အိတ်များကို နေရာတကျ ချပေးလေ၏။ ထိုစဉ် ဆရာကြီးအောင်မင်းမောင်က တစ်စုံတစ်ခုကို သတိရသွားပြီး . . .

"ဒါနဲ့ နေပါဦးကွ၊ မင်းစောစောက ထိုင်နေတဲ့ ကွမ်းယာဆိုင်မရောက်ခင် ညာဖက်က လူတွေနေပုံမရတဲ့ တိုက်အိုတိုက်ပျက်ကြီးတွေနဲ့ လမ်းကျဉ်းကျဉ်းလေးတွေရှိတဲ့ ရပ်ကွက်မှာ လူဆိုးလူမိုက်တွေ ရှိသလားကွ"

ဟုမေးလိုက်ရာ ကာစင်သည် ရုတ်ချည်းပင် ပခုံးနှစ်ဖက် အသာတွန့်ပြလိုက်ပြီး . . .

"အားကြီးပေါ့ပေါ့ ဦးကြီးရာ၊ ဒီရပ်ကွက်ဟာ အရင်ကဆို လူနေပြွတ်သိပ်ပြီး ညစ်ပတ်နံစော်လွန်းလို့ လွန်ခဲ့တဲ့နှစ်က ဆလိပ်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါဖြစ်ခဲ့တယ်၊ လူတွေဆိုတာ သေလိုက်တာမှ သောက်သောက် လဲပဲ၊ ဒါကြောင့် ရပ်ကွက်ကိုစွန့်ပြီး လူတွေပြောင်းပြေးကုန်ကြတာ နဲ့ ဒီမှာနေထိုင်မယ့်သူ သိပ်မရှိတော့ဘူး ဦးကြီးရဲ့၊ အဲဒီထဲမှာ မကောင်းမှုပြုသူတွေသာ နေ့နေ့ညည ခိုအောင်းနေပြီး ဖဲရိုက်၊ ဂန်ဂျာရှူ၊ အရက်ချက်၊ မကောင်းတဲ့မိန်းမတွေ ခေါ်လာပြီး ပျော်ပါး နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာ၊ အဲဒီရပ်ကွက်ကို လူစိမ်း၊ သူစိမ်းတွေ ဝင်မသွားနဲ့၊ သွားတာနဲ့ ပစ္စည်းလု၊ လူသတ်ပြီး လက်စဖျောက်ပစ် လိုက်ကြလိမ့်မယ်၊ ဟိုတစ်လောကပဲ နိုင်ငံခြားသား ခရီးသည်သုံးဦး ကို ပစ္စည်းလုပြီး လူကိုလည်း သတ်ပစ်လိုက်တယ်၊ ဒါကြောင့် ဟောင်ရာမြို့သူမြို့သားတွေတောင် အဲဒီအထဲ မသွားရဲကြဘူးဗျ"

ဟုပြောပြလိုက်ရာ သူတို့အား ထိုရပ်ကွက်ထဲသို့ခေါ်သွား ကာ လူဆိုးများအား လက်ထောက်ချခဲ့သော မနှင်းဆီဟူသော ကုလားမချောချောကို မြင်ယောင်မိပြီး ကိုယ့်ကိုယ်ကို ခံပြင်းဒေါသ ဖြစ်သွားလေ၏။ ထို့အတူ ရယ်လည်း ရယ်ချင်သွား၏။

"ဒါထက် . . . အဲဒီရပ်ကွက်အပျက်ထဲမှာ မနှင်းဆီလို့ သူ့ကိုယ်သူ နာမည်ပေးထားတဲ့ မိန်းမလည်မိန်းမလူဆိုးကိုရော မင်းသိလားကွ၊ ဒမ်ဒမ်လေဆိပ်မှာတုန်းက အင်္ဂလိပ်ကားသမားတွေ ကို မနှင်းဆီက ဟောက်လိုက်တော့ အဲဒီကားသမားတွေ ပြားပြား ဝပ်ကုန်တာ ငါတို့တွေ့ခဲ့ရတယ်၊ အဲဒီမနှင်းဆီကို မင်းသိလား"

ဟု ဆရာကြီးအောင်မင်းမောင်က မေးလိုက်ရာ ကာစင်





သည် သူ၏မျက်တောင်ကော့ကြီးများကို ပုတ်ခတ်ပုတ်ခတ်လုပ် လျက် အတန်ငယ် စဉ်းစားပြီးနောက် . . .

"မိန်းမလူဆိုးတွေလည်း အဲဒီရပ်ကွက်ဘက်မှာ အများကြီး ရှိတယ်၊ မနှင်းဆီလို့တော့ ကျွန်တော်မကြားဖူးဘူး"

ဟုပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်လည်း ခေါင်း တဆတ်ဆတ် ညိတ်လိုက်ပြီး . . .

"အေးပါကွာ၊ မနှင်းဆီဆိုတာ သူ့ရဲ့နာမည်ဟုတ်ချင်မှ ဟုတ်မှာပါ၊ လူလိမ်မပဲကွ၊ ပါးစပ်ထဲတွေ့ရာ နာမည်ပေးသွားမှာ ပေါ့၊ ကဲ . . . ကဲ . . . မင်းရဲ့လန်ချားဖိုးရော ငါတို့ဘယ်လောက် ပေးရမလဲ . . . ပြောပါဦး"

ဟုမေးလိုက်ရာ ကာစင်က လက်ငါးချောင်းထောင်ပြ လိုက်ပြီး . . .

"ငါးရူပီးပဲပေးပါ . . ."

ဟုပြောလိုက်လျှင် ဆရာကြီးအောင်မင်းမောင်က ကာစင် ကို ဆယ်ရူပီးပေးလိုက်ပြီး နှုတ်မှလည်း . . .

"ကဲ . . . ကလေး . . . ကျေးဇူးပဲ၊ ရထားဉဩတောင် ဆွဲနေပြီ၊ မင်းလည်း လန်ချားဆီ ပြန်လိုက်တော့ . . ."

ဟုပြောလိုက်ရာ လန်ချားသမားကာစင်က သူတို့နှစ်ဦးကို အလွန်တရာ ကျေးဇူးတင်သည့် အမူအရာဖြင့် သုံးကြိမ်ခန့်ဆလံ ပေးကာ ရထားပေါ်မှ ဆင်းသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအောင်မင်းမောင်သည် သူခိုးသူဝှက်ရန်ကြောင့် သံတိုင်များ အသေကာရံထားသည့် ပြတင်းပေါက်မှနေ၍ လူကြား ထဲသို့ လှမ်းမျှော်ကြည့်ရင်း တစ်ကောင်ကျားလှိုင်ဘွားကို ထပ်မံ တွေ့ရလိုတွေ့ရငြား ရှာဖွေကြည့်ရှုနေလေ၏။

သူတို့နှင့် ရှေ့မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံသို့ ခရီးသည် ကုလားအဘိုးအိုနှစ်ဦး ရောက်ရှိလာပြီး ခဏအကြာမှာတော့ ဘရာ ဏသီရထားကြီးသည် အဆုံးသတ်ဥသြသံရှည်ဆွဲလိုက်ပြီး ဘူတာ မှ စတင်ထွက်ခွာလေတော့၏။

ဆရာကြီးအောင်မင်းမောင်တို့ လိုက်ပါလာသည့် ညရထား ကြီးသည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသ၏ လွင်ပြင်များကို ဖြတ် သန်းကာ တလှုပ်လှုပ်၊ တဂျိမ်းဂျိမ်းဖြင့် စည်းချက်မှန်မှန်ခုတ်မောင်း လျက် ရှိလေ၏။

ပြတင်းပေါက်ဖက်၌ ထိုင်နေသော ရဲကျော်သည် သံတိုင် များကြားမှ ညရှုခင်းကို ငေးကြည့်လိုက်ပါလာရာမှ ရထားတွဲအတွင်း သို့ လှည့်ကြည့်အကဲခတ်လိုက်ရာ တွဲတစ်ခုလုံးရှိ ခရီးသည်များမှာ ဆူညံစွာ စကားပြောဆိုလျက်ရှိကြပြီး အိန္ဒိယလူမျိုးများချည်း ဖြစ်၏။ လူမျိုးခြားမြန်မာဟူ၍ သူတို့နှစ်ဦးသာ ပါလာကြောင်း သတိပြုမိလေ၏။

သူတို့ရှေ့ခုံမှ တိတ်ဆိတ်စွာ ငိုက်မြည်းရင်း လိုက်ပါလာ သော အိန္ဒိယလူမျိုး အဘိုးအိုနှစ်ဦးအနက်တစ်ဦးမှာ အသားလွန်





စွာမည်းနက်သလောက် ခန္ဓာကိုယ်ကလည်း ပိန်လှီကာ ဝတ်ထား သည့် ဒိုတီဝတ်စုံမှာလည်း နွမ်းလျလှ၏။

ထိုအဘိုးအို၏မျက်နှာကလည်း မုတ်ဆိတ်ကျင်စွယ်များ ဖြင့် ညှင်းသိုးသိုးအသွင်ရှိကာ ခေါင်းတွင် အရောင်ညစ်ထေးထေး အုပ်ပေါင်းကို ခပ်ကျော့ကျော့ ပေါင်းထားလေ၏။

ယင်းအဘိုးအိုဘေးဘက် ရဲကျော်နှင့် မျက်နှာချင်းဆိုင် တွင်ရှိသည့် အိန္ဒိယအဘိုးအိုတစ်ဦးကမူ ခန္ဓာကိုယ် အတန်ငယ် တုတ်ခိုင်သယောင်ရှိပြီး အသားခပ်လတ်လတ်နှင့် သန့်ပြန့်သော ဒိုတီဝတ်စုံကို ဝတ်ဆင်ထား၏။ ဦးခေါင်းတွင် ဖြူဆွတ်နေသော အုပ်ပေါင်းကိုလည်း အကျအနပင် ပေါင်းထားလေ၏။

ထိုအဘိုးကြီး၏မျက်နှာဝယ် မုတ်ဆိတ်ကျင်စွယ်များ အဖွေး သားဖြင့် ရှိသော်လည်း သူ၏ရုပ်သွင်မှာ သန့်ပြန့်ခန့်ညားကာ မျက်နှာကလည်း ခပ်ပြုံးပြုံးဖြင့်ရှိလေရာ ထိုအသွင်အပြင်က စိတ် သဘောကောင်းပြီး ငြိမ်းအေးသည့်သဘောကို လှစ်ဟပြသလို ရှိနေ၏။

၎င်းအဘိုးအိုသည် ရဲကျော်အား ခပ်ပြုံးပြုံး တစ်ချက်ပြန် ကြည့်ပြီးနောက် မျက်လုံးအစုံကိုမှိတ်ကာ ထိုင်ခုံနောက်မှီကို မှီလျက် မျက်ဝန်းတွေကို မှေးမှိတ်ငြိမ်သက်နေလေ၏။

အဘိုးကြီးနှစ်ဦးစလုံး၏ လက်ထဲဝယ် သက်ကြီးရွယ်အိုတို့ ၏ ထုံးစံအတိုင်း တုတ်ကောက်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲကျော်သည် ဝန်းကျင်ကို အကဲခတ်ပြီးနောက် ဆရာကြီး အောင်မင်းမောင်ဘက်သို့ မျက်နှာကို စောင်းငဲ့ကြည့်လိုက်ကာ တစ်ချိန်လုံး မြိုသိပ်ထိန်းချုပ်ခဲ့ရသော အကြောင်းအရာကို ထိုအချိန်မှာတော့ ဆက်လက်အောင့်အီးမနေတော့ဘဲ ဖွင့်ဟမေးလေတော့၏။

"ဆရာကြီး . . တစ်ကောင်ကျားလှိုင်ဘွားဟာ တစ်သက်တစ်ကျွန်းပြစ်ဒဏ် တကယ်ကျသွားသလား . . မကျသွားဘူးလား၊ စောစောတုန်းက ဘူတာမှာ ဆရာကြီး သူ့ကိုတွေ့လိုက်ရတယ်ဆိုတော့ သူဟာ တစ်သက်တစ်ကျွန်းမကျခဲ့လို့ပေါ့၊ တစ်ကောင်ကျားလှိုင်ဘွားဆိုတဲ့ နာမည်ကျော်လူဆိုး၊ လူမိုက်ကြီးဟာ ဆရာကြီးနဲ့ အတော်လေး အကျွမ်းတဝင်ရှိခဲ့တယ်လို့ ကျွန်တော်ယူဆတယ်၊ ဖြစ်နိုင်ရင် . . . အခုလို နာရီအတော်ကြာ သွားရမယ့်ခရီးမှာ ကျွန်တော်အလွန်စိတ်ဝင်စားတဲ့ အဲဒီပုဂ္ဂိုလ်အကြောင်းကို ပြောပြပါလား"

ဟု တောင်းဆိုလိုက်ရာ ဆရာကြီးအောင်မင်းမောင်က မိန့်မိန့်ကြီး ပြုံးလိုက်ပြီး . . .

"တစ်ကောင်ကျားလှိုင်ဘွားဆိုတဲ့ ပုဂ္ဂိုလ်လေးက အားကြီးလည်တာကွ၊ ငါ့ရဲ့ 'အတ္တဝက်န္တ' ဆိုတဲ့ ဝတ္ထုဇာတ်သိမ်းအတိုင်း သူဟာ ပြစ်ဒဏ်ကျမသွားသေးဘူး၊ သူ့ကို ဗြိတိသျှအာဏာပိုင်တွေက အင်မတန် လက်ရဖမ်းဆီးချင်ပေမယ့် သူက လျင်လွန်းသွက်





လွန်းတော့ ဆီပေနေတဲ့လက်နဲ့ ငါးရှဥ့်ကို ဖမ်းရသလိုပဲ၊ ဗြိတိသျှပုလိပ်တွေ မဖမ်းနိုင်ဘူး ဖြစ်နေတယ်၊ အင်း . . ဒီလောက်တောင်မင်းသိချင်နေမှတော့ သူ့အကြောင်းကို လုံးစေ့ပတ်စေ့ မင်းနားလည်အောင် ငါပြောပြရမှာပေါ့ကွာ"

လော်ကယ်ရထားသည် တလှုပ်လှုပ် တငြိမ့်ငြိမ့် ခုတ်မောင်းနေဆဲပင် . . .။ ရံဖန်ရံခါ ဥသြသံရှည်ဆွဲပြီး ဘူတာငယ်အချို့၌ ဆိုက်ကပ်၏။ သို့သော်လည်း ဘူတာတိုင်းကို ဆိုက်ကပ်ခြင်းမပြု။ သတ်မှတ်ဘူတာများတွင်သာ ဆိုက်ကပ်ခြင်းဖြစ်၏။

သို့ကြောင့် ဘူတာတစ်ဘူတာ ဆိုက်ကပ်ရန် အချိန်များစွာကြာမြင့်၏။

ဆရာကြီးအောင်မင်းမောင်သည် စာရေးဆရာပီပီ ပြောနေသည့်စကားကို တစ်ပါးသူ မြင်သာထင်သာမှုရှိစေရန် စကားလုံးအားကောင်းကောင်း၊ လေယူလေသိမ်းမှန်မှန်ဖြင့် ပြောဆိုနိုင်စွမ်းရှိသူဖြစ်ရာ ထိုစကားများကို နားထောင်နေသည့် တပည့်ရင်း ရဲကျော်၏စိတ်ခံစားမှုများသည်လည်း ပြောနေသည့် အကြောင်းအရာ၊ အနိမ့်၊ အမြင့်ပေါ် လိုက်၍ ဒီလှိုင်းပမာ စီးမျောရွေ့လျားနေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ကံကြမ္မာနိဒါန်း

မြန်မာနိုင်ငံမြေလတ်ပိုင်းရှိ မြို့ကလေးတစ်မြို့အတွင်း၌ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာ ပေါက်ရောက်လျက်ရှိပြီး ကြခတ်ဝါးစည်းရိုး ကျိုးတို့ကျဲတဲခတ်ထားသည့် ခြံဝင်းကြီးအတွင်းဝယ် လူသူမနေသည်မှာ ကြာပြီဖြစ်သော အိမ်အိုအိမ်ဟောင်းကြီးတစ်လုံး ရှိလေ၏။ ၎င်းအိမ်ကြီးမှာ တစ်ဖက်သို့ ပြိုလဲကျလုနီးပါးဖြစ်ကာ ယိုင်နဲ့လျက် ရွဲ့ရွဲ့စောင်းစောင်း တည်ရှိနေသော်လည်း ပြုပြင်သူကင်းမဲ့နေသော အိမ်ကြီးဖြစ်၏။

အိမ်မဲကြီးဟု ခေါ်တွင်သော ၎င်းအိမ်ကြီးမှာ မြို့စွန်ရပ်





ကွက်တွင် တည်ရှိပြီး ရပ်ကွက်အတွင်းရှိ ကလေးငယ်များ ဆော့ကစားရာ ဂေဟာကြီးသဖွယ် ဖြစ်နေလေ၏။

အနီးအပါးရှိ ကလေးများသည် အားလပ်လျက်ရှိသော နေပူပူနေ့လည်ခင်းအချိန်များတွင် ၎င်းအိမ်အိုဟောင်းကြီးရှိရာသို့ စုဝေးရောက်ရှိလာကြပြီး တူတူပုန်းတမ်းကစားလေ့ ရှိကြ၏။

တစ်နေ့သ၌ စွပ်ကျယ်လက်ပြတ် ခပ်နွမ်းနွမ်းကိုဝတ်ထားသည့် ခုနှစ်နှစ်၊ ရှစ်နှစ်အရွယ်ခန့် ကလေးငယ်တစ်ဦးသည် သူနှင့်ရွယ်တူကလေးများ ဆော့ကစားလျက်ရှိကြသည့် ၎င်းအိမ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းလာလေ၏။

ထိုကလေးငယ်သည် မြေလမ်းလေးအတိုင်း လျှောက်လှမ်းလာစဉ် လမ်းခုလတ်၌ လမ်းလုံးပြည့်ယိမ်းက၍ ယိုင်ထိုးယိုင်ထိုးဖြင့် လျှောက်လာနေသော အရက်မူးသမားကြီးတစ်ဦးနှင့် ထိပ်တိုက်ဆုံတွေ့မိလေ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ ၎င်းရပ်ကွက်တွင် မူးယစ်သောက်စားပြီး၊ တကျော့ရူး,ရူးရာတွင် လွန်စွာဝါသနာထုံသူဖြစ်သည်။

အရက်သောက်ရာတွင် တင်းတိမ်ရောင့်ရဲမှုမရှိဘဲ တစ်နေ့နိုးပင်မရှောင် သောက်တတ်သူဖြစ်ရာ သူ့ကို လူအများက သူ့အမည်နှင့်တွဲ၍ လင်းဆွဲနိုင်နိုင်ဟူ၍ နောက်ပြောင်ပြောဆိုသည်အထိ ထင်ရှားသူဖြစ်၏။

ထိုနေ့မှာလည်း လင်းဆွဲနိုင်နိုင်ဟူသော ပုဂ္ဂိုလ်သည် နေ့လည်နေ့ခင်းမှာပဲ အရက်မူးလျက်ရှိနေရာ ရှေ့တူရူမှလာနေသော



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်ကို ရီဝေသော မျက်ဝန်းဖြင့် စူးစိုက်ကြည့်လိုက်ပြီး-

"ဟင် . . . ဟိုကောင်လေးဟာ လှိုင်ဘွားပါလား၊ ဟော့ . . . မင်း . . မင်း . . . မြသင်းကြူရဲ့သား လှိုင်ဘွားမဟုတ်လား"

ဟုနှုတ်ဆက်ကာ လေချဉ်တက်လိုက်ပြီးနောက် သူ့အား ကွေ့ရှောင်သွားရန် ကြိုးစားလိုက်သော ထိုကလေးငယ်ကို ရှေ့မှ ကာဆီးလိုက်ပြီး . . .

"ဖေ့သားကြီးကလည်းကွာ . . . တစိမ်းဆန်နေပြန်ပြီ၊ နေပါဦး . . . မင်းကလည်း၊ မင်းကို မေးစရာရှိလို့ကွ . . . အေ့"

ဟုလေးပင်သော အသံကြီးဖြင့် ဆိုလိုက်ရာ ကလေးငယ်မှာ မျက်မှောင်ကျုံ့လျက် မျက်နှာချင်းဆိုင်ကြည့်လိုက်ပြီး . . .

"ဘာ . . . ဖေ့သားကြီးလဲ၊ ခင်ဗျားလို လင်းဆွဲကြီးက ပါးစပ်ပုပ်ကြီးနဲ့ မခေါ်စမ်းပါနဲ့၊ ဖေ့သားကြီးလို့ ခေါ်ရအောင် ခင်ဗျားက ကျုပ်အဖေ မဟုတ်ဘူး"

ဟု ခပ်မာမာပြောလိုက်ရာ လင်းဆွဲနိုင်နိုင်မှာ တဟားဟား တဟီးဟီး အော်ဟစ်ရယ်မောလိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ဖေ့သားကြီးကလည်း အာဂပါလားကွ၊ ဟော့ . . . ဒီမှာ ငါဟာ မကြာခင် မင်းအဖေဖြစ်လာမယ့် မင်းရဲ့အဖေလောင်းအလျာကြီးပါကွ၊ ဒါနဲ့ မင်းရဲ့အမေ ရော နေကောင်းတယ် မဟုတ်လား၊ ဟဲ . . . ဟဲ . . . ဟဲ"

ဟု ရယ်သွမ်းသွေးကာ ပြောလိုက်ပြီး ဘုတ်သိုက်ဖြစ်နေ





သော ကလေးငယ်၏ဆံပင်ကို လက်တစ်ဖက်ဖြင့် ဖွလိုက်ပြီး . . .

"မင်းအမေ မြသင်းကြူကို ပြောလိုက်ကွာ၊ ငါ ဟိုဘက်ရွာက ကြက်ပွဲမှာနိုင်ရင် သူ့ကိုလက်ထပ်ယူမယ်လို့၊ အေ့ . . . ဘာမှမပူနဲ့လို့နော်၊ ငါက မင်းအမေနဲ့ မင်းလေးကို စောင့်ရှောက်ပေးချင်နေတာပါကွာ . . . ဟား . . . ဟား . . . ဟား"

ဟု အာလေးလျှာလေး အရက်မူးသံကြီးဖြင့် ဗလုံးဗထွေး ပြောကာ အော်ရယ်လိုက်လေ၏။

ထိုစဉ်မှာပဲ ကလေးငယ်သည် နောက်သို့ခြေကို သုံးလေးလှမ်းမျှဆုတ်ပြီး လင်းဆွဲနိုင်နိုင်ဟူသော အမူးသမားထံသို့ တစ်ဟုန်ထိုးပြေးဝင်ကာ ထိုသူ၏ဆီးခုံကို တစ်ကိုယ်လုံးပစ်ဝင်လိုက်ပြီး ခေါင်းဖြင့်ပစ်တိုက်လိုက်လေ၏။

လင်းဆွဲနိုင်နိုင်မှာ ရုတ်တရက် ရှောင်ချိန်မရလိုက်ဘဲ ဆီးခုံအောင့်သွားကာ အားခနဲအော်ပြီး ပစ်လဲကျသွား၏။ ကလေးငယ်လည်း သူနှင့်အတူ လုံးထွေးလဲပြိုကျသွား၏။

သို့သော်လည်း ကလေးငယ်မှာ လဲကျနေရာမှ ရုတ်ချည်းပင် ထလိုက်ပြီး မြေပြင်ပေါ်မှသဲများကို လက်ဖြင့်ဆုပ်ယူလိုက်ကာ သူ့အား ထလိုက်ရန် မြေပြင်ပေါ်ကို လက်ထောက်၍ကုန်းထလျက် လက်တစ်ဖက်က ဆီးခုံအား နှိပ်ထားသည့် လင်းဆွဲနိုင်နိုင်၏ မျက်နှာဆီသို့ သဲများဖြင့် ဖျန်းခနဲ ပက်လိုက်ပြီး ထိုနေရာမှ တစ်ဟုန်ထိုးပြေးထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းဆွဲနိုင်နိုင်မှာ ဆီးခုံအောင့်သွားသည့်အပြင် မျက်လုံးထဲသို့ သဲများအဆုပ်လိုက်ဝင်သွားသဖြင့် ထဖို့နေနေသာသာ အတော့်ကို မချိမဆန့်ခံစားရပြီး မြေပေါ်တွင် ပက်လက်လဲကျသွားလေ၏။ သူလုပ်နိုင်တာဆို၍ ၄င်းကလေးငယ်ကို ဆဲနည်းမျိုးစုံဖြင့် ဆဲဆိုရုံသာ တတ်နိုင်တော့၏။

ကလေးငယ်ကား ကြခတ်ဝါးစည်းရိုးကိုကျော်ပြီး ကလေးတို့၏ဂေဟာ အိမ်မည်းမည်းကြီးဆီသို့ ရောက်ရှိသွားလေတော့၏။ ကလေးငယ်သည် အိမ်မဲကြီးရှေ့မြင်ကွင်းကိုကြည့်၍ လွန်စွာပျော်ရွှင်သွား၏။ ထိုနေရာတွင် မိမိနှင့်ရွယ်တူ ကလေးတစ်စုသည် ခွက်ပစ်တမ်းကစားရန် စုရုံးနေကြသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ခွက်ပစ်တမ်းဆိုသည်မှာ တူတူပုန်းတမ်းကစားနည်းတစ်မျိုးပင် ဖြစ်၏။ ကလေးတစ်ဦးက ကုလားမခြင်းဆွဲနို့ဆီဗူးခွံတစ်ခုကို အဝေးသို့ ဝေးနိုင်သမျှဝေးအောင် လွှင့်ပစ်လိုက်ပြီး ထိုခွက်ပစ်သော ကလေးနှင့်အတူ ကျန်ကလေးများက အိမ်မည်းကြီးထဲသို့ အမြန်ဆုံးပြေးဝင်လျက် ပုန်းကြရလေ၏။

ပုန်းနေသူများကို လိုက်လံရှာဖွေဖော်ထုတ်ရမည့် အလှည့်ကျသော ကလေးတစ်ဦးမှာမူ အဝေးသို့လွင့်သွားသော ခွက်ရှိရာသို့ ပြေးသွားပြီး ခွက်ကိုကောက်ရမည့် နေရာမှာပင် ဆောင့်ကြောင့်ထိုင်ကာ ကျန်ကလေးများ ပုန်းအောင်းရာဆီသို့ လှည့်မကြည့်ဘဲ





နို့ဆီခွက်ကို မြေပြင်၌ခေါက်လျက် ပါးစပ်မှ တစ်၊ နှစ်၊ သုံး၊ လေး ဟု အမှတ်စဉ်ခေါ်ကာ ကျယ်လောင်စွာ အော်ရလေ၏။

ထိုသို့ အမှတ်စဉ်ရေတွက်အော်ဟစ်ရာတွင် အမှတ်စဉ် လေးဆယ်၊ ငါးဆယ်ခန့် အရောက်ဝယ် အမှတ်စဉ်ခေါ်ခြင်းကိုရပ်ပြီး 'တူပြီလား . . . တူပြီလားဟေ့ . . . " ဟု နောက်သို့လှည့် မကြည့်ဘဲ အော်မေးရလေ၏။

ပုန်းနေသူများထံမှ 'တူပြီဟေ့ . . . ' ဟုပြန်အော်မှ လိုက်ရမည့်ကလေးက နို့ဆီခွက်ကိုယူလာလျက် မူလစတင်ပစ်လိုက်သောနေရာ၌ ခွက်ကိုချထားလိုက်ကာ . . .

"တူပြီဆိုရင် လိုက်ပြီဟေ့"

ဟုအော်လျက် အိမ်မည်းကြီးအတွင်း ပုန်းနေသူများကို ကြိုးစားရှာဖွေရလေ၏။

ပထမဦးဆုံး ကလေးတစ်ယောက်အား ရှာဖွေတွေ့ရှိလျှင် လိုက်သူသည် ခွက်ရှိရာသို့ အမြန်ပြေးသွားပြီး ခွက်ကိုကိုင်ကာ မိမိရှာဖွေတွေ့ရှိသူ၏အမည်ကို အော်ပြောပြီး (ဥပမာ-"ပုရှည်ကို တွေ့ပြီ . . . တစ် . . . နှစ် . . . သုံး . . . ") ဟုအော်ပြီး နို့ဆီခွက်ကို မြေပြင်၌ သုံးကြိမ်သုံးခါခေါက်ရလေ၏။

ထိုအခါ ပထမဦးစွာ အမိခံရသော ကလေးက ပုန်းအောင်းနေရာမှ ထွက်လာရလေ၏။ လိုက်သူကလည်း ကျန်ပုန်းအောင်းနေသူများကို ထပ်ရှာရလေ၏။ သို့ဖြင့် ရှာလိုက် . . . တွေ့ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ခွက်ကိုပြေးခေါက်လိုက်ဖြင့် ပုန်းနေကြသူအားလုံးကုန်အောင် ရှာဖွေရလေ၏။

ဤသို့ ပုန်းအောင်းနေသူများကို ရှာဖွေနေစဉ် ပုန်းနေသူ တစ်ဦးသည် သူ့အားလိုက်သူက မတွေ့မီ ပုန်းအောင်းနေရာမှ အလျင်အမြန် ထွက်လာပြီးလျှင် နို့ဆီခွက်အား တအားကန်ပစ် လိုက်လျှင် ယင်းကစားပွဲမှာ ပြီးဆုံးသွားပြီး မူလလိုက်သူပင် နောက် တစ်ပွဲ၌ ဆက်လိုက်ရလေ၏။

အကယ်၍ နို့ဆီခွက်ကို မည်သူမျှ ထွက်ကန်နိုင်ခြင်းမရှိဘဲ လိုက်သူမှ ပုန်းနေသူအားလုံးကို ရှာဖွေနိုင်ခဲ့လျှင် ပထမဆုံး အရှာဖွေခံရသူက နောက်တစ်ပွဲဝယ် လိုက်ရလေတော့၏။

ယင်းခွက်ပစ်တမ်း (သို့မဟုတ်) ခွက်ခေါက်တမ်းကစား နည်းကို ကစားရန် တာစူနေကြသည့် ကလေးအုပ်စုရှိရာသို့ လှိုင်ဘွားဟူသော ကလေးငယ်သည် မြူးကြွသော ခြေလှမ်းများဖြင့် ရောက်ရှိသွားပြီး . . .

"ဟေ့ . . . မင်းတို့ လူမရေနဲ့ဦးကွ၊ ငါလည်း ပါရဦးမယ်"

ဟု ထအော်ပြောလိုက်ရာ သူမရောက်လာခင်မှာ လူရေ ပြီးဖြစ်၍ ပထမဆုံးစလိုက်ရမည့် ကလေးက လှိုင်ဘွားကိုကြည့် လိုက်ပြီး . . .

"မင်းနောက်ကျတဲ့အတွက် မင်းအရင်လိုက် . . ."

ဟု ပြောလေ၏။ ထိုအခါ . . .





အခြားကလေးများက လှိုင်ဘွားကို သူတို့၏ ကစားပွဲ၌ ဝင်ရောက်ကစားရန် ငြင်းဆိုကြလေ၏။

"ဟေ့အေး . . . နင်မပါနဲ့၊ နင်နဲ့အတူ မကစားရဘူးလို့ ငါတို့အမေက ပြောထားတယ်"

ကလေးမလေးတစ်ဦးက ခါးခါးသီးသီး ကန့်ကွက်လိုက် သကဲ့သို့ သံချောင်းဆိုသည့် ပိန်ရှည်ရှည်ကောင်လေးကပါ ဝင်ကန့် ကွက်ပြန်၏။

"ဟုတ်တယ် . . . မင်းက ပြဿနာကောင်တဲ့၊ မင်းက ငါတို့နဲ့ ကစားတိုင်း လက်ပါတယ်လို့ ငါ့အဖေက ပြောတယ်၊ ဒါ ကြောင့် ကစားရင် ငါတို့တွေပါ စရိုက်ပျက်လိမ့်မယ်လို့ ငါ့အဖေက မှာထားတယ်"

ထိုအခါ သန့်ဇင်ဟူသော ခပ်ဝဝဖြူတုတ်တုတ်ကောင် လေးကလည်း . . .

"ဒီကောင်ရဲ့အဖေက အန်တီဒေဝီကို ခိုးပြေးသွားခဲ့တာ တဲ့ကွ၊ အကျင့်သိပ်ယုတ်တာပဲ၊ အန်တီဒေဝီကို တောင်ကြီးမြို့ကို ခိုးပြေးသွားပြီး ဗိုက်ကြီးထွက်လာမှ ပစ်ထားခဲ့တာတဲ့"

ဟု ပြောပြန်လေ၏။

"ဟုတ်တယ်လေ . . . အန်တီဒေဝီလည်း ငါတို့မြို့ဆီ ပြန်ရောက်ပြီး အဲဒီဗိုက်ကြီးကြောင့်ပဲ သေသွားခဲ့တာ မဟုတ်လား ငါ့အဒေါ် ပြောတာတော့ အဲဒီဗိုက်ထဲက ကလေးမထွက်နိုင်လို့ သေ



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့"

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဒီကောင့်အဖေက သိပ်ဆိုးတာ၊ သူ့အဖေဆိုးလို့ သူလည်း ဆိုးတာတဲ့၊ ငါတို့အဖွားက ပြောတယ်၊ ဘမျိုးဘိုးတူဆိုလား . . . ဒီပုတ်ထဲက ဒီပဲဆိုလားပဲ၊ ဒါကြောင့် ဒီကောင်နဲ့ မပေါင်းရဘူးလို့ ပြောတယ်ကွ"

ဟူ၍ ကလေးတစ်သိုက်က တစ်ယောက်တစ်ပေါက်ဆို သလို မဲ့ရွဲ့ကာ ပြောကြလေ၏။

ထိုစကားများကို နားထောင်ရင်း လှိုင်ဘွားသည် လွန်စွာ ခံပြင်းဒေါသထွက်သွားပြီး ထိုသူတို့ကစားမည့် နို့ဆီခွက်ကို ခြေ ထောက်ဖြင့် ဂွမ်းခနဲ ကန်ထည့်ပစ်လိုက်၏။ သည့်ထက်ပို၍ မကျေ နပ်နိုင်သေးဘဲ ခွက်လွင့်ထွက်သွားရာသို့ ပြေးသွားကာ ကျောက်ခဲ ကြီးတစ်လုံးဖြင့် ယင်းနို့ဆီခွက်ကို ပိန်လိမ်ပြားကပ်သွားသည်အထိ ဒေါသတကြီးဖြင့် တဒိုင်းဒိုင်း ထုချေတော့၏။

ကလေးတစ်စုမှာ လှိုင်ဘွား၏စိတ်ကြီးမှုနှင့် လက်ရဲဇက်ရဲ နိုင်မှုကို သိသဖြင့် ဘာမှဆက်မပြောဝံ့ကြတော့ဘဲ မကျေမနပ်ဖြင့် သာ ငေးကြောင်ပြီး ကြည့်နေကြလေ၏။

လှိုင်ဘွားသည် ရင်တွင်းမကျေနပ်မှု ဒေါသအတိုင်း စိတ်ရှိလက်ရှိ တုန့်ပြန်ပြီးနောက် ၎င်းကျောက်ခဲကြီးကို အိမ်အိုကြီး ဆီသို့ အားကုန်ပစ်ပေါက်ထည့်လိုက်ရာ အိမ်နံရံကို သွားထိမှန်ပြီး ဝုန်းခနဲ ကျယ်လောင်သည့်အသံကြီး ထွက်ပေါ်သွားလေ၏။





ထို့နောက် သူသည် သူ့အား ပြစ်တင်ရှုတ်ချကာ ဝိုင်းပယ် ကြသော ကလေးတစ်သိုက်ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ပြီး နောက် တောက်တစ်ချက်ခတ်ကာ အိမ်ခြံဝင်းကြီးထဲမှ ချာကနဲ လှည့်ထွက်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## ဒီယှန်မြင်လို့ ဒီခြုံထွင်

လှိုင်ဘွားသည် အိမ်သို့လည်း မပြန်ချင်သေးသဖြင့် မြို့စွန်သို့ထွက်လာကာ မြို့ပြင်ရှိ "တမန်းမော့" ချောင်းကူးသစ်သားတံတားပေါ်၌ တစ်ယောက်တည်း သွားထိုင်နေလေ၏။

"တမန်းမော့" ချောင်းကူးတံတားမှာ နွေအခါ၌ ရေမရှိဘဲ မိုးကာလမှသာ ရေရှိသော ရိုးတံတားလေးဖြစ်၏။ တံတားကို အခိုင်အမာ တည်ဆောက်ထားခြင်းမရှိဘဲ နောက်မှသစ်သားထောက်တိုင်များ ထောက်ထားပြီး ၄င်းထောက်များပေါ်မှ ပျဉ်းကတိုးပြားကို ခင်းထားသည့် တံတားလေးဖြစ်သည်။





သို့ကြောင့် "တမန်းမော့" ချောင်းကူးတံတားပေါ်ကို ဖြတ်သန်းပါက လူတစ်ဦးချင်းသာ ဖြတ်သန်းနိုင်လေ၏။ တံတား၏ တစ်ဖက်ဘေးတွင်သာ လက်ကိုင်ထိန်းစရာ ဝါးတန်းရှိသည့် ခနော်ခနဲ့ တံတားလေးပင် ဖြစ်၏။

၄င်းရိုးတံတားလေးမှာ ကောက်ပင်စိမ်းစိမ်းတို့ဖြင့် မြကမ္ဗလာခင်းထားသော လယ်ကွင်းတို့၏ အလယ်၌ရှိသဖြင့် လေတဟူးဟူးဖြင့် နေပူပူမှာပင် ထိုင်၍ကောင်းသလို ငါးမျှား၍လည်းကောင်းသည့် တံတားဖြစ်၏။

ထိုနေ့တွင်တော့ ရိုးချောင်းလေးဝယ် ငါးမျှားသူလည်း မရှိသဖြင့် လှိုင်ဘွားသည် ရင်တစ်ခုလုံး မွန်းကြပ်ပူလောင်နေသဖြင့် ၄င်းတံတားပေါ်တွင်ထိုင်ရင်း တွေဝေငေးမောနေလေ၏။ သူ၏ အတွေးအာရုံ၌ မင်းပုညဟူသော သူ၏ဖခင်ကို များစွာမကျေမနပ် ဖြစ်နေလေ၏။ မင်းပုညသည် ဤမြို့ကလေး၏ ဇာတိဖြစ်သော်လည်း ဘကြီးတစ်ဝမ်းကွဲ လူပျိုကြီးမှလွဲ၍ ဆွေမျိုးမရှိတော့သော ဆွေမျိုးမဲ့တစ်ဦးဖြစ်၏။

သူသည် မြို့လယ်ဈေး၌ ဆံပင်ညှပ်ဆိုင်ဖွင့်ထားသည့် ဆံသဆရာတစ်ဦးလည်း ဖြစ်၏။ ဖြူဝင်းသော အသားအရည်၊ ချောမောပြေပြစ်သည့် ရုပ်ရည်ရှိသူဖြစ်သလို ခေတ်အကြိုက် ဘင်ဂျိုတီးခတ်ရာတွင်လည်း လွန်စွာကျွမ်းကျင်လှသဖြင့် ပျိုမေတို့ ပါးစပ်ဖျား၌ ရေပန်းစားသူဖြစ်၏။



www.burmeseclassic.com

သူသည် ဆံသဆရာဖြစ်သည့်အားလျော်စွာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်ဆိုသလို နေပူစပ်ခါးမထွက်ရသူဖြစ်၍ ညနေစောင်းဆိုင်သိမ်းပြီးသည်နှင့် ရေမိုးချိုးပြီး ကျော့ကျော့မော့မော့ဝတ်စားကာ ခေါင်းကိုကော့စမက်တစ်ဖြင့် ပြောင်နေအောင်ဖြီးလျက် ဘင်ဂျိုတစ်လက်ဖြင့် လူပျိုလှည့်ထွက်လေ့ရှိခြင်းမှာ သူ၏မရိုးနိုင်သော ဝါသနာဖြစ်၏။

သူသည် တစ်မြို့တည်းသား ကာလသားအပေါင်းအသင်းအချို့ကိုခေါ်လျက် သူပိုးပန်းနေသော မိန်းကလေး၏ အိမ်ရှေ့သို့သွားကာ ဘင်ဂျိုတီးလျက် ချစ်ခြင်းဖွဲ့တေးဆိုကာ ချစ်ရေးကြူလေ့ရှိသူ ဖြစ်လေ၏။

မင်းပုည၏ ပိုးပန်းခြင်းကိုခံရသော မိန်းကလေးသည် ခုနှစ်ရက်ပင်မခံဟု ပြောစမှတ်ရှိလေ၏။ သူပိုးပန်းလိုက်လျှင် ထိုမိန်းကလေးသည် ခုနှစ်ရက်အတွင်း ၎င်းအား ချစ်တုန့်ပြန်ကာ ချစ်အဖြေပေးရစမြဲဟု ကာလသားများကြားဝယ် ပြောစမှတ်တွင်လောက်အောင် ထင်ရှားသူဖြစ်၏။

မင်းပုည နောက်ဆုံးပိုးပန်းသူကား မြို့၏ကြေးရေတတ်စာရင်းဝင် မြို့လယ်မှ ရွှေဆိုင်ပိုင်ရှင် ဦးမိုးထိ၊ ဒေါ်မိမိခိုင်တို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ မြသင်းကြူပင် ဖြစ်လေ၏။

မြသင်းကြူဆိုသည့် အပျိုချောလေးသည်ကား ဤမြို့ငယ်လေး၏ အချမ်းသာဆုံးမိသားစုမှ ပေါက်ဖွားလာသည့်အပြင် ရုပ်





ဆင်းသွင်ပြင်ကလည်း ကြည်လင်လှသည်ဖြစ်ရကား၊ ကာလသားတို့ ဝိုင်းဝိုင်းလည်အောင် ပိုးပန်းခြင်းခံရသူလေး ဖြစ်၏။

ထိုပိုးပန်းသူများတွင် မင်းပုညတည်းဟူသော ခပ်တိုင်းငံပဲခူးဆားလည်း ပါဝင်သည်ဖြစ်ရကား ၎င်း၏ဘင်ဂျိုလက်သံကို မြသင်းကြူတို့၏ နေအိမ်ခြံဝင်းရှေ့ဝယ် မကြာခဏဆိုသလို ကြားရလေ့ရှိ၏။

မြသင်းကြူ၏မိဘများမှာ ရည်းစားထည့်လဲထားကာ မြာပွေသော မင်းပုည၏စရိုက်ကို ကြိုက်နှစ်သက်ခြင်းမရှိသည်ကြောင့် မင်းပုညအပေါ် စိတ်မညွတ်မိစေရန် သမီးဖြစ်သူကို အမျိုးမျိုးနားချလေ၏။

သူတို့မြို့ထဲတွင် ငွေကြေးတတ်နိုင်သူများသာ ပညာသင်ကြားနိုင်သည့် အင်္ဂလိပ်စာသင်ကျောင်းသို့ ကျောင်းတက်ရန် မြသင်းကြူသွားသည့်အခါ မိဘများက ကိုယ်ပိုင်ရထားလုံးဖြင့် အပို့အကြိုပြုပြီး ဈေးသွားသည့်အခါ၊ သူငယ်ချင်းအိမ်သို့ သွားသည့်အခါ အိမ်ဖော်မကြီးကို လေဒီဂတ်အဖြစ် အမြဲထည့်ပေးလိုက်သဖြင့် မင်းပုညမှာ မြသင်းကြူအား လျှောက်ပြန်သံပေး အဆင့်လောက်သာ ချည်းကပ်နိုင်လေ၏။

ထိုအဖြစ်ကြောင့် မင်းပုညသည် ကာလသားများအလယ်တွင် ပျက်ရယ်ပြုလှောင်ပြောင်ခြင်းကို ခံရလေ၏။ အကြောင်းကား သူပိုးပန်းသမျှ မိန်းမပျိုတိုင်း ခုနှစ်ရက်အတွင်း ကျသွားစေနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဂေါ်တိုင်းစွဲဂုဏ်ပုဒ်ကြီးမှာ ထိုအဖြစ်ကြောင့် ကွဲရဲ့လှောင် ပြောင်စရာ ဖြစ်သွားသောကြောင့် ဖြစ်သည်။

သို့ဖြင့် တစ်နေ့တွင် ရိသဲ့သဲ့ပြောတတ်သော ကာလသား ခေါင်း ကိုသိန်းဇော်နှင့် ထိုကိစ္စကို စကားနိုင်လုပြောရင်း စကား အခြေအတင်ဖြစ်ရာမှ အလောင်းအစား ပြုလုပ်ရသည်အထိ အခြေ အနေက ပြင်းထန်ကာ ဇာတ်ရှိန်မြင့်သွားလေ၏။

"ဟေ့ . . . မင်းပုည၊ ဘယ်အပျိုဖြစ်ဖြစ် ခုနှစ်ရက်အတွင်း ပိုးပန်းလို့ မရတာမရှိဘူးဆိုတဲ့ စကားဟာ မင်းရဲ့ကြွားလုံးသက် သက် ဖြစ်သွားပါလား၊ မြသင်းကြူကို မင်းပိုးပန်းနေတာ တစ်လပဲ ပြည့်တော့မယ်၊ ခုထိ မြသင်းကြူဆီက ပြန်စာလေးတစ်စောင်တောင် မရသေးဘူး မဟုတ်လား"

အချိန်တန်ရင် နွားပိန်ကန်လိမ့်မပေါ့ ကိုကြီးသိန်းဇော် ရယ်၊ ဒီကိစ္စမျိုးဆိုတာ ဇွဲရယ်၊ ပရိယာယ်ကြွယ်ဝမှုရယ်၊ အချိန်ရယ် ပေါင်းစပ်မှ လိုရင်းရောက်တာ မဟုတ်လား"

"မင်းပြောတဲ့ နွားပိန်က တစ်သက်ကန်ပါဦးမလားကွာ၊ မြသင်းကြူကို သူ့မိဘတွေက မြို့အုပ်မောင်ငွေတိုးနဲ့ ပေးစားပြီး ကလေးသုံးလေးယောက်ရမှ နွားပိန်က ထကန်မှာလား၊ ဟား . . ဟား . . . ဟား . . ."

"ကျုပ်ရဲ့အစွမ်းအစကို ခင်ဗျားသိပါတယ်လေ၊ အခုလို ဖြစ်ရတာက သူ့မိဘတွေက သံကွန်ချာနဲ့အုပ်သလို အထိမခံရွှေ





ပန်းကန်လုပ်ထားလို့ပါ၊ ကျုပ်နဲ့ မြသင်းကြူသာ မိနစ်နှစ်ဆယ် လောက်ပဲ လွတ်လွတ်လပ်လပ် တွေ့ရစမ်းပါစေ၊ တစ်ခါတည်း မောင်ခေါ် ရာလိုက်ခဲ့ပါ့မယ် ဖြစ်သွားစေရမယ်"

ထိုအခါ ကာလသားခေါင်းသိန်းဇော်က မီးလောင်ရာ လေပင့်သလို မင်းပုည၏စိတ်ကို မခံချိမခံသာဖြစ်အောင် ဆွလေ တော့၏။

"ရော် . . . တယ်ဆိုတဲ့ စာပါလား၊ တစ်ထစ်လောက် တော့ လျှော့ပါဦး မင်းပုညရယ်၊ မြသင်းကြူလို ဂုဏ်သရေရှိ သမီး ပျိုက မိနစ်နှစ်ဆယ်လောက်အတွင်း မင်းအပေါ် အရည်ပျော်ကျ သွားစေရမယ်ဆိုတာ မြသင်းကြူရဲ့ဂုဏ်သိက္ခာကို လျှော့တွက်လွန်း ရာ မကျပေဘူးလား၊ သူက ဣန္ဒြေရှင်မိန်းကလေးနော်၊ မင်းကိုယ် မင်း ဒီလောက်လည်း အထင်ကြီးမနေစမ်းပါနဲ့"

ဟု ကာလသားခေါင်းသိန်းဇော်က ဟိုဘက်ကရိလိုက် သည်ဘက်ကရိလိုက် လုပ်နေလေရာ မင်းပုညမှာ ရှူးရှူးရှားရှား ဖြစ်လာပြီး . . .

"ကျုပ်က လျှာအရိုးမရှိတိုင်း အလကားပြောနေတာ မဟုတ်ဘူး၊ ကျုပ်ပြောတာ မယုံရင် လောင်းကြေးထပ်ပြီး စိန်လိုက် လေ . . ."

ဟု ရဲဝံ့စွာ စိန်ခေါ် လိုက်လေ၏။ သိန်းဇော်ကမူ သဘော ကျ သလိုလို မျက်နှာပေးဖြင့် တဟင်းဟင်းရယ်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဟင်း . . . မင်းက ဘယ်လိုလောင်းချင်တာလဲ၊ ဆိုပါဦး၊ ငါ့အထင်တော့ ဒီတစ်ပွဲမှာ မင်းနောက်ကျပြီ ထင်တာပဲ"

ဟု အဆက်မပြတ် ရယ်သွမ်းသွေးပြီး စကားကို ပင့်လိုက်ပြန်၏။

"ဟေ့လူ . . . ခင်ဗျားသွေးရှိရင် ငွေတစ်ရာကြေးထပ်လိုက်ဗျာ၊ ဒီနေ့ကစပြီး နောက်ဆယ်ရက်အတွင်း မြသင်းကြူ ကျုပ်ရဲ့လက်ထဲကို ပါလာစေရမယ်"

မင်းပုည၏ ယတိပြတ်စိန်ခေါ်မှုကို ကြားရသည်တွင် သိန်းဇော်မှာ သူ့နားကိုပင် မယုံနိုင်အောင် ဖြစ်သွားပြီး . . .

"ဟ . . . ဆယ်ရက်အတွင်း ဟုတ်လား၊ မြသင်းကြူကို အပိုင်ချိုင်နိုင်မယ်ပေါ့ ဟုတ်လား၊ ဟုတ်မှလည်းလုပ်ပါ ကိုယ့်ဆရာရယ်၊ မြသင်းကြူက ဟင်းရွက်ကန်စွန်း မဟုတ်ဘူးနော်၊ ပြီးတော့လည်း မင်းအရင်က ကြုံတွေ့ခဲ့တဲ့ မိန်းကလေးတွေလို လွယ်လွယ်လေးနဲ့ နူးနှပ်လို့ရတဲ့ အဆင့်မျိုးမဟုတ်ဘူး၊ ဟိုက ဂုဏ်ကြီးရှင်ရဲ့ သမီး၊ ဂုဏ်မြင့်သူနော်"

ဟူ၍ ကလိလိုက်ပြန်၏။ မင်းပုညမှာ မခံချင်စိတ်ဖြင့် မျက်နှာကြီးနီရဲလာပြီး . . .

"အိုဗျာ . . . သူ့ဟာသူ ရောဟဏီနတ်သမီးပဲ ဖြစ်နေပါစေ၊ ကျုပ်တကယ်ကြံရင် လိုက်ခဲပါ ရွှေနွယ်ရိုးရယ်လို့တောင် ခေါ်





စရာမလိုဘဲ ကျုပ်ရဲ့နောက်က ပုဆိုးစဆွဲလို့ ကောက်ကောက်ပါလိုက်လာစေရမယ်၊ သွေးရှိတယ်ဆို လောင်းကြေးသာ ထပ်လိုက်ပါ"

ဟု ရဲရဲတောက် ထပ်မံစိန်ခေါ်လိုက်ရာ သူတို့စကားစစ်ထိုးပွဲကို စိတ်ဝင်စားစွာ နားထောင်နေသည့် ကာလသားတစ်စုက မင်းပုညစိန်ခေါ်သည့်အတိုင်း လောင်းကြေးထပ်လိုက်ရန် သိန်းဇော်ကို ဝိုင်းဝန်းပြီး အားပေးအားမြှောက်ပြုကြလေ၏။

အမှန်တကယ်ဆိုရသော် ယင်းကာလသားများကလည်း ဂေါ်တိုင်းစွံမင်းပုညကို မနာလိုတိုရှည်ဖြစ်ကာ မျက်မုန်းကျိုးနေကြသူများမို့ မြသင်းကြူလို ဂုဏ်မြင့်သူနှင့်တွေ့မှ မင်းပုညဆလံသပြီး ၡုမ်းပစ်ကျတော့မည်ဟု ယူဆယုံကြည်ထားသည်ကြောင့် ထိုစိန်ခေါ်ပွဲကို ဖြစ်မြောက်အောင် ဝိုင်းဝန်းတွန်းပို့ကြခြင်း ဖြစ်သည်။

သိန်းဇော်က နှစ်ခါမစဉ်းစားဘဲ သူ၏ကုတ်အင်္ကျီထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်ပြီး ဂျော့(ခ်ျ)ကတိုးတံဆိပ်ဟုခေါ်သော အင်္ဂလန်ပြည့်ရှင် ဂျော့(ခ်ျ)ဘုရင်၏ ဦးခေါင်းပိုင်းပုံပါသည့် အင်္ဂလိပ်ပိုက်ဆံတစ်ရာတန် အသစ်ကျပ်ချွတ်တစ်ရွက်ကိုထုတ်ကာ လောင်းကြေးထပ်လိုက်လေ၏။

မင်းပုညကလည်း ခေါင်းညှပ်ခရသမျှထဲမှ သူစုဆောင်းထားသည့် ငွေတစ်ရာကိုထုတ်ကာ လောင်းကြေးတင်လေ၏။ ထို လောင်းကြေးငွေနှစ်ရာကို သူတို့နှစ်ဦးလုံးနှင့် ရင်းနှီးသည့် အဆွေချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပိုင်ရှင် ကိုမြဒင်ကို ဒိုင်အဖြစ် ယုံကြည်အပ်နှံလိုက်ကြ၏။

ထိုအချိန် ထိုနေ့မှစ၍ ဂေါ်တိုင်းစွံမင်းပုညသည် မြသင်းကြူဟူသော မိန်းမချောလေးကို ဆယ်ရက်အတွင်း အပိုင်အနိုင်မေတ္တာရရှိရန် ဂေါ်နည်းမျိုးစုံဖြင့် မဟာဗျူဟာချမှတ်ကာ လှုံ့လထုတ်လေတော့၏။

လူငယ်ကာလသားတို့သည် ဉာဏ်နီဉာဏ်နက် လွန်စွာများပြားကာ မိန်းမကျွမ်းကြေပြီး မိန်းမပျိုတို့၏ အညာအား မည်သို့ကိုင်တွယ်ရမည်ကို ကောင်းစွာသိသော မင်းပုည၏ အစွမ်းအစကိုသိထားပြီးဖြစ်၍ အထင်မသေးဝံ့သော်လည်း မိဘတို့က သံကွန်ခြာခုနှစ်ထပ်ဖြင့်အုပ်သလို မျက်ခြေမပြတ် စောင့်ကြပ်ထိန်းကွပ်ထားခြင်းခံရသည့် မြသင်းကြူလို မိန်းမချောလေးကိုတော့ အလွယ်တကူချဉ်းကပ်ရန် စိုးစဉ်းမျှမလွယ်မှန်း ယုံကြည်ထားကြ၏။ ထို့ကြောင့်ဆယ်ရက်ပင်မက တစ်လကြာသည့်တိုင် သူမကို ခိုးယူဖို့ မဆိုထားနှင့် သူမထံမှ ချစ်အဖြေသဝဏ်လွှာလေးမျှပင် မရဘဲ အချစ်လူစွမ်းကောင်းကြီး မင်းပုညတစ်ယောက် ထိုလောင်းကစားစိန်ခေါ်ပွဲကြီးဝယ် မရှုမလှရှုံးနိမ့်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။ သို့ကြောင့်ဤတစ်ချီမှာဖြင့် မ,နှင့်ပတ်သက်ပြီး အကြွားသန်လှသော မင်းပုညမှာ နှုပ်ပစ်ခံရကိန်းဆိုက်တော့မည်ဟု တွေးဆရင်း ကြိုတင်ကာဝမ်းမြောက်လျက် ရှိကြလေ၏။

သို့သော်ငြားလည်း မင်းပုညမှာ ခေသူမဟုတ်။ အာဂလူ





ဖြစ်ရကား သူအရေးနိမ့်မည့်အရေးကို စိုးစဉ်းမျှမတွေးဘဲ အလောင်းအထပ်လုပ်ပြီး နောက်နေ့မှာပင် သူ၏မဟာဗျူဟာကို စတင်ဖွင့်လှစ်တော့၏။

သူသည် ထိုနေ့က ဆံသဆိုင်ကိုပိတ်ပြီး ဝတ်ကောင်းစားလှများကို အလှူမင်္ဂလာပွဲနေပွဲထိုင်သွားသည့် အသွင်မျိုးဖြင့် ရှိုးကျကျဝတ်စားကာ အိမ်မှထွက်လာပြီး မြို့လည်လမ်းချိုးတစ်ခုမှနေ၍ မြသင်းကြူတို့အိမ်မှ ရထားလုံးအလာကို စောင့်မျှော်နေလေ၏။

ရထားလုံးမောင်းသမားအောင်ကြီးမှာ မြသင်းကြူအားအင်္ဂလိပ်စာသင်ကျောင်းသို့ ပို့ပြီးနောက် မြို့လယ်လမ်းအတိုင်းရထားလုံးကို မောင်းနှင်ကာ မြသင်းကြူတို့အိမ်ရှိရာ သူဌေးကုန်းရပ်ကွက်သို့ ရှေးရှုပြန်လာရာ ‘ပိတောက်မြိုင်’ လမ်းချိုးသို့ရောက်သည်နှင့် ရထားလုံးကို အရှိန်မလျှော့ဘဲ ချိုးကွေ့မောင်းနှင်လိုက်၏။

ထိုစဉ် လမ်းချိုးအကွေ့မှ လမ်းလျှောက်ထွက်လာသောဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည့် လူတစ်ဦးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် မြင်းဇက်ကြိုးကို ထိုသူနှင့်လွတ်အောင်ကမန်းကတန်း ဆွဲလိုက်သော်လည်း ရထား၏ညာဖက်ဘီးက လမ်းပေါ်မှလူကို ပွတ်ကြိတ်သွားသလို ထင်မြင်ယူဆလိုက်သဖြင့်လွန်စွာထိတ်လန့်သွား၏။

လမ်းပေါ်မှလူမှာ အားခနဲအော်ကာ လမ်းဘေးသို့ ပစ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို လှစ်ခနဲ မြင်လိုက်ရာ အောင်ကြီးမှာ ရထားဘီးဖြင့် ကြိတ်မိပြီဟူ၍ ထိတ်လန့်စိုးရိမ်သွားပြီး မြင်းဇက်ကြိုးကို စုံဆွဲကာ ရပ်တန့်လိုက်၏။

သူသည် နှင်တံကိုချပြီး ရထားလုံးပေါ်မှ ခုန်ဆင်းကာ လမ်းဘေးတွင် လဲနေသူထံသို့ ပြေးသွားလေ၏။ ရထားကြိတ်ခံရဟန်ရှိသော ထိုပုဂ္ဂိုလ်မှာ သူ၏ညာဖက်ခြေဖမိုးအား ဆုပ်နယ်လျက် တအီးအီးညည်းနေလေရာ အောင်ကြီးမှာ အထိတ်တလန့် မျက်လုံးပြူးသွားပြီး . . .

"ကိုယ့် . . . ကိုယ့်ဆရာ . . . ဘာ . . . ဘာဖြစ်သွားသေးလဲဗျ"

ဟု စိုးရိမ်ထိတ်လန့်စွာ ကသောကမျော မေးလိုက်၏။

ထိုပုဂ္ဂိုလ်သည် ခြေထောက်ကို ဆုပ်နယ်နေရာမှ စုတ်သပ်ရင်း မျက်နှာကိုရှုံ့မဲ့ကာ မော့ကြည့်လိုက်သည်တွင် ထိုသူမှာ မင်းပုညဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် ပို၍ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားလေ၏။

မင်းပုညအကြောင်းကို သူ၏အလုပ်ရှင် ဦးမိုးထိန်နှင့် ဒေါ်မိမိခိုင်တို့မှ အဖတ်ဆည်၍ မရလောက်အောင်ပြောပြီး မြသင်းကြူအား ထိုပုဂ္ဂိုလ်က အသည်းအမည်း ပိုးပန်းနေကြောင်းနှင့် မြသင်းကြူကို ကျောင်းပို့ ကျောင်းကြိုပြုသည့်အခါ ထိုသူ၏ရန်ကို တားဆီးပေးရန် အထူးမှာကြားထားလေ၏။ သို့ကြောင့်လည်း လူရိုးကြီး





အောင်ကြီးမှာ မင်းပုညကို ရန်သူအဖြစ် သဘောထားပြီး အလစ်မပေးဘဲ စောင့်ကြည့်နေခဲ့၏။

ယခုမူ သူ့အလုပ်ရှင်မိသားစု၏ ခလုတ်ကန်သင်းကိုမှ ရထားဖြင့် ကြိတ်မိရာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေတော့၏။ အောင်ကြီးမှာ ပညာဉာဏ်နည်းပါးပြီး အကြောင်းကိစ္စတစ်ခုအပေါ် ရိုးရိုးစင်းစင်းသာ တွေးတောသူဖြစ်သည်။

သို့ကြောင့်လည်း အောင်ကြီးသည် မင်းပုညကို ရန်သူလိုသဘောထားသကဲ့သို့ သူ့ကိုလည်း မင်းပုညက ရန်သူလိုသဘောထားလိမ့်မည်ဟု ထင်မှတ်နေ၏။ ယခုလို ရထားဖြင့် မတော်တဆဖြစ်သည့် အခြေအနေတွင် မင်းပုညက တမင်တကာ ရန်ပြုသည်ဟု ယူဆသွားမှာကို စိုးရိမ်သွားပြီး မင်းပုညကို မည်သည့်စကားမျိုး ပြောရမှန်းမသိ ဖြစ်နေလေ၏။

သို့ရာတွင် သူက ကြိတ်မိသူဖြစ်ရာ သူကပင် တောင်းပန်ရမည်ဟု ခံယူကာ မင်းပုညကို ဗျာဗျာသလဲပင် တောင်းပန်တော့၏။

"ကိုယ်တောင်းပန်ပါတယ် ညီလေးရယ်၊ လမ်းထောင့်မှာ ဘီးစပ်ချုံကြီးက ကွယ်နေလို့ မင်းကို မမြင်မိဘဲ ခုလိုဖြစ်သွားရတာပါ"

သူသည် မင်းပုညစိတ်ဆိုးသွားမည်အထင်ဖြင့် လေပြေ ထိုးကာ တောင်းပန်လိုက်သော်လည်း မင်းပုညကမူ ခြေကို ဆဆ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ ကြိုးစားရပ်နေရာမှ သူ့ကို စိတ်ဆိုးဟန်လုံးဝမပြဘဲ မချိပြုံးလေးပြုံးလိုက်ပြီး . . .

"ရပါတယ် . . . ကိုအောင်ကြီးရာ တစ်မြို့တည်းသားအချင်းချင်းတွေပဲ၊ ကျွန်တော်ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော်ကိုယ်၌ကလည်း မဆင်ခြင်မိတာပါ"

ဟု အေးဆေးစွာ ပြောလိုက်ရာ ရထားသမားအောင်ကြီးမှာ အံ့အားအလွန်သင့်သွားပြီး . . .

"ဩော် . . . မင်းက ငါ့ကို စိတ်မဆိုးဘူးနော်၊ တော်ပါသေးရဲ့ကွာ၊ မင်း ငါ့ကို စိတ်တော်တော်ဆိုးသွားပြီလားလို့ ထင်နေတာ"

ဟု စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်၏။

မင်းပုညက ပြုံးလိုက်ပြီး အောင်ကြီး၏လက်မောင်းကို ရင်းနှီးကျွမ်းဝင်ဟန်ဖြင့် ဆုပ်ကိုင်လိုက်ပြီး . . .

"ဟား . . . ကိုအောင်ကြီးကလည်း ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ ကျွန်တော်က သဘောထားကြီးပါတယ်ဗျာ၊ ကျွန်တော့်ခြေထောက်ကျိုးသွားပါစေဦး၊ ကိုအောင်ကြီးကို အပြစ်မတင်ပါဘူး"

ဟု ပြေလည်စွာ ပြောလိုက်ရာ ဦးမိုးထိ၊ ဒေါ်မိမိခိုင်တို့ထံမှ မကြာခဏ ကြားနေရသည့် မင်းပုညမှာ ဆိုးသွမ်းယုတ်မာသောစိတ်ဓါတ်ရှိပုံမရဘဲ လွန်စွာမှ သဘောထားကြီးသူ၊ စိတ်ကောင်းရှိ





သူဖြစ်နေကြောင်း ထင်မှတ်ယုံကြည်သွားလေ၏။ သူသည် မင်းပုညအပေါ် လွန်စွာအားတုံ့အားနာ ဖြစ်သွားပြီး . . .

"အေးကွာ . . . ငါ့ရထားနဲ့ ကြိတ်မိသူဟာ မင်းမှန်းသိလိုက်တော့ မျက်လုံးကို ပြူးပျာသွားတာပဲ၊ တော်ပါသေးရဲ့ကွာ၊ မင်းက ငါကြားထားသလို စိတ်ယုတ်မာရှိသူ၊ မကောင်းတဲ့ စိတ်ထားရှိသူ မဟုတ်ဘဲ စိတ်သဘောထားပြည့်ဝတဲ့သူ ဖြစ်ပေလို့ပဲ"

ထိုစကားကို ကြားလိုက်ရသည်နှင့် မင်းပုညသည် ပထမပစ်မှတ်ကို တည့်မတ်စွာ ကျရောက်သွားပြီဟု ယူဆလိုက်ပြီး ကျေနပ်စွာ ပြုံးလိုက်လေ၏။ ထို့နောက် . . .

"ဘယ့်နှယ်ဗျာ . . . ကျွန်တော့်ကိုများ စိတ်ယုတ်မာရှိသူ၊ အကျင့်ယုတ်သူလို့ ပြောကြတယ် ဟုတ်လား၊ အဲဒါပဲပေါ့ ကိုအောင်ကြီးရာ၊ လူ့သဘောဟာ ကိုယ်ကလွဲရင် ကျန်တဲ့သူ မကောင်းလို့ထင်တတ်ကြတာ မဟုတ်လား၊ လုပ်စမ်းပါဦးဗျာ၊ ကျွန်တော့်ကို အဲဒီလိုပြောတာ ဘယ်သူများလဲလို့"

ဟု မသိချင်ယောင်ဆောင်ပြီး မေးလိုက်ရာ လူရိုးလူဖြောင့်ကိုအောင်ကြီးကလည်း သူသိတာကို သွယ်ဝိုက်မနေဘဲ အမှန်အတိုင်းပင် ပြောချလိုက်၏။

"ငါ့ရဲ့အလုပ်ရှင် ရွှေကုန်သည်ကြီးဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့ပေါ့ . . ."

ထိုအခါ မင်းပုညက တစ်ချက်ပြုံးလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . သူတို့ကတော့ ကျွန်တော့်ဆိုရင် ဘယ်တော့မှ အကောင်းပြောမှာ မဟုတ်ဘူး၊ ဒီလိုပဲဗျ၊ ဒါပေမယ့် ကျွန်တော်က အားလုံးကို ခွင့်လွှတ်ပါတယ်ဗျာ၊ ကဲ . . . ကဲ . . . ကျွန်တော်လည်း သွားဦးမယ်နော်၊ နောင်များ လမ်းမှာတွေ့ရင်တော့ ကျွန်တော့်ကို ညီငယ်တစ်ယောက်လို သဘောထားဆက်ဆံပါ၊ ဆုံးမပါဗျာ၊ အခုကိစ္စကိုလည်း ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့ကို သွားပြောမနေနဲ့ဦး၊ ကိုအောင်ကြီးပဲ အဆူခံရမှာ၊ မြင်းရထားမောင်းတာ ပေါ့လျော့တယ်ဆိုပြီး အခန့်မသင့်ရင် အလုပ်ထုတ်ပစ်တာကိုပါ ခံရဦးမယ်"

ဟု သတိပေးသည့်နှယ် ပြောကြားလိုက်ရာ ကိုအောင်ကြီးက ပို၍ပင် ယုံကြည်သွားပြီး . . .

"အေး . . . အေး . . . ဟုတ်တယ်၊ သူတို့က သိပ်စည်းကမ်းကြီးတာကွ၊ ရထားလုံးမောင်းရင် သတိထားမောင်းဖို့ နေ့စဉ်လိုလို မှာထားတာ၊ သူတို့လုပ်ငန်းနဲ့ ပတ်သက်ပြီး ချွတ်ချော်သွားရင် လုံးဝခွင့်လွှတ်တာ မဟုတ်ဘူး"

ဟု ကျေးဇူးတင်သည့် အမူအရာဖြင့် ပြောလိုက်ပြီးနောက် သူတို့နှစ်ဦးလည်း တစ်ဦးနှင့်တစ်ဦး မိတ်ဆွေရင်းချာများပမာ လက်ဆွဲနှုတ်ဆက်ပြီး ထိုနေရာမှာ လမ်းခွဲထွက်ခွာသွားတော့၏။

ထိုနေ့ညနေ ငါးနာရီခန့်ဝယ် အောင်ကြီးသည် ဦးမိုးထိ၏ အိမ်ခြံဝင်းထဲ၌ ရထားလုံးကို သိမ်းဆည်းပြီး မြင်းကိုလည်း မြင်း





ဇောင်းသို့သွင်းကာ အစာရေစာတိုက်ကျွေးပြီးနောက် သူ၏တစ်နေ့တာ လုပ်ငန်းတာဝန်များ ပြီးဆုံးသွားပြီဖြစ်၍ သူငွေးကုန်းရပ်ကွက်မှ သူ၏အိမ်ရှိရာ မြို့ဆင်ခြေဖုံးရှိ "တောင်သလဲ" ရပ်ကွက်သို့ ခြေလျင်ခရီးနှင်ကာ ပြန်ခဲ့လေ၏။

တောင်သလဲရပ်ကွက်ထိပ်ရှိ လက်ဖက်ရည်ဆိုင်ရှေ့သို့ အရောက်တွင် မင်းပုညနှင့် တွေ့ရပြန်၏။ အမှန်တကယ်တော့ မင်းပုညသည် အောင်ကြီးအလုပ်သိမ်းပြီး ပြန်လာမည့်အချိန်ကို ကြိုတင်စုံစမ်းထားပြီး ယခုကဲ့သို့ လာစောင့်နေခြင်း ဖြစ်သည်။

အောင်ကြီးမှာ ရိုးစင်းသူဖြစ်၍ ၄င်းကိုတွေ့သည်တွင် အံ့အားသင့်သွားပြီး လှမ်းနှုတ်ဆက်လေ၏။

"ဟော . . . မင်းပုညပါလား၊ ဘယ်လိုလဲ ညီလေး၊ ခြေထောက်ဒဏ်ရာ သက်သာရဲ့နော်"

"သက်သာပါတယ်ဗျာ၊ အရေပြားနည်းနည်း ပွန်းသွားရုံလေးပါ၊ ဒါနဲ့ ကိုအောင်ကြီး အလုပ်သိမ်းပြီး ပြန်လာတာလား"

ဟူ၍ ယခုမှ တွေ့ရသည့်နှယ် ပြန်လည်နှုတ်ဆက်လိုက်ပြီး တစ်ဖက်သူ တစ်စုံတစ်ရာ တုန့်ပြန်ပြောဖို့ အခွင့်အရေး မပေးတော့ဘဲ ရုတ်ချည်းပင် ဖိတ်ခေါ်လိုက်၏။

"လာ . . . လက်ဖက်ရည်သောက်ပါဦး၊ ဒီနေ့အဖို့ ကိုအောင်ကြီးနဲ့ ကျွန်တော်မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်ပဲ၊ ကျွန်တော်ကပဲ ကိုအောင်ကြီးကို ဂါရဝပြုချင်လို့ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



နဂိုကပင် အားနာတတ်သော အောင်ကြီးမှာ မင်းပုည၏ ဧည့်ဝတ်ပြုခြင်းကို မငြင်းသာဘဲ လက်ခံလိုက်လေ၏။ ပါးနပ်သော မင်းပုညက အောင်ကြီးဆိုင်ထဲအဝင်မှာပဲ နို့ဆမ်းပလာတာနှင့် ကော်ဖီတစ်ခွက်မှာကာ ဧည့်ဝတ်ပြုလေ၏။ တစ်ဆက်တည်းမှာပင် သူ့အကျႌအိတ်ထဲမှ ဂျွန်ပလေးယားစီးကရက်ဗူးကိုလည်း ထုတ်ကာ ဟန်ပါပါ တည်ခင်းလိုက်ပြန်၏။

အောင်ကြီးမှာ ထိုသို့အတင်းကျွေးမွေးနေသည်ကို အားနာပါးနာဖြင့် စားသောက်ရင်းမှ မင်းပုညကို စိတ်သဘောထား အလွန်ကောင်းမွန်သူဟု မှတ်ထင်သဘောကျနေတော့၏။

မင်းပုညသည် ထိုသို့ဧည့်ခံကျွေးမွေးနေစဉ်တွင် မြသင်းကြူ၏အကြောင်းကို တစွန်းတစမျှပင် မဟဘဲ အောင်ကြီးမှာ မြင်းခြံဘက်တွင် နေထိုင်သော သူ၏အစ်ကိုဝမ်းကွဲနှင့် ရုပ်ချင်း အတော်ဆင်သဖြင့် ယခင်ကတည်းကပင် စိတ်ထဲ၌ အလိုလို ခင်မင်ရင်းနှီးနေမိကြောင်း တစ်မြို့တည်းနေထိုင်သော်လည်း အကြောင်းမသင့်သည်ကြောင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံမှု မရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ဆံညှပ်၊ ခေါင်းလျှော်လိုပါက သူ၏ဆိုင်သို့ လာရောက်ပါရန်နှင့် ငွေအတွက်ဆိုပါက ပိုက်ဆံလုံးဝမယူဘဲ မေတ္တာဖြင့် စပါယ်ရှယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခြား အခက်အခဲများရှိလျှင်လည်း အားမနာတမ်း ပြောဆိုရန်နှင့် မည်သည့်အကူအညီမျိုးကိုဖြစ်စေ တတ်စွမ်းသမျှ ကူညီပေးမည်ဖြစ်





ကြောင်း . . . စသဖြင့် ရွှန်းရွှန်းဝေအောင် ပြောဆိုလေတော့၏။

ထိုသို့ဖြင့် အောင်ကြီးမှာ ကျောက်ရုပ်ကပင် အရည်ပျော်ကျမတတ် ဆွဲဆောင်မှုအပြည့်ဖြင့် ပြောနိုင်စွမ်းသော မင်းပုည၏ လေပွေဝဲအတွင်း ဝပ်ဆင်းမိသွားပြီး လက်ဖက်ရည်ဆိုင်တစ်ခါထိုင်သည့် အချိန်တိုလေးအတွင်းမှာပင် မင်းပုညအပေါ် သွေးသားရင်းချာ ညီရင်းအစ်ကိုပမာ ယုံကြည်ခင်မင်သွားလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ရွှေစင်မလေးအတွက် ပန်းတော်ဆက်သူ

မင်းပုညသည် ခေတ်ပေါ်ဗန်းစကားနှင့်ပြောရလျှင် ချူဆီထည့်သော နည်းဗျူဟာဖြင့် အောင်ကြီးအား ထိုနေ့မှစ၍ နေ့ခင်းနှစ်ရက်ဆက်တိုက်ဆိုသလို ညှော်ဝတ်ပြုခြင်းဖြင့် တရင်းတနှီးမိတ်ဖွဲ့လိုက်ရာ အောင်ကြီးမှာ သူ့လူအဖြစ် လုံးလုံးရောက်ရှိသွားတော့၏။

လေးရက်မြောက်သောနေ့တွင်တော့ မင်းပုညသည် ညနေခင်း လက်ဖက်ရည်ဆိုင်မှအပြန်တွင် ခေါက်ဆွဲကြော်နှစ်ထုပ်ကို သူ့မိသားစုအတွက် ဝယ်ပေးလိုက်ပြန်၏။





ဤသို့နှယ် အောင်ကြီးအား ဖော်ရွေခြင်းနှင့် လိုက်လျောခြင်းတို့ဖြင့် အပိုင်စည်းရုံးပြီး ငါးရက်မြောက်နေ့မှာတော့ မြသင်းကြူ၏အကြောင်းကို စကားဦးသန်းကာ အစပျိုးတီးခေါက်လေတော့၏။

"ကိုအောင်ကြီးရာ . . . ဒီမြို့မှာရှိတဲ့ မိန်းကလေးတွေထဲမှာတော့ မြသင်းကြူဟာ ဣန္ဒြေအရှိဆုံးနဲ့ အလှဆုံးပဲနော်၊ သူ့ကြည့်ရတာ တည်ငြိမ်အေးချမ်းသလို သဘောကောင်းပုံလည်း ရတယ်၊ ကိုအောင်ကြီးတို့လို အလုပ်သမားတွေအပေါ်မှာလည်း အလုပ်ရှင်ဆိုတဲ့ မာန်မာနမျိုးမရှိဘဲ တကယ့်ကို နွေးနွေးထွေးထွေး ဆက်ဆံတာ ဘေးကမြင်ရတဲ့ ကျွန်တော်တို့တောင် ကြည်နူးမိတယ်"

ဟု သဘောရိုးမေးသလိုဖြင့် ခပ်ပေ့ါပေ့ါမေးလိုက်ရာ အရိုးခံ ကိုအောင်ကြီးလည်း . . .

"ဟာ . . . ကောင်မလေးက လွတ်သဘောကောင်းတယ်ကွ၊ သူ့မိဘတွေနဲ့တော့ တစ်ခြားစီပါပဲ မောင်ရာ"

"ဟုတ်ပဗျာ၊ ဒေါ်မိမိခိုင်ဆို အမြဲတမ်းလိုလို မျက်နှာကြီးမှော့ပြီး မာန်ဝင့်နေတာပဲ၊ ဒါထက် မြသင်းကြူက ဘိုကျောင်းတက်နေပေမယ့် မြန်မာမိန်းကလေးပီပီ ပန်းကြိုက်ပုံရတယ်နော်၊ တစ်ခါတုန်းက အလှူပွဲတစ်ခုမှာ ကွမ်းတောင်ကိုင်ရင်း သဇင်ပန်းပန်ထားတာ တွေ့ဖူးတယ်၊ သဇင်ပန်းကို သူ့အတော်ကြိုက်ပုံရတယ်"

တကယ်တော့ မင်းပုညသည် ဘောလုံးတိုက်စစ်မှူးလို



www.burmeseclassic.com

www.burmeseclassic.com



မိမိကန်သွင်းမည့် ဂိုဇရိယာအတွင်းရောက်အောင် ကစားကွက်ဆင်သလိုမျိုးဖြင့် သူ၏စကားများကို ပရိယာယ်ဆင်နေခြင်း ဖြစ်သည်။

"ဟာ . . . မဟုတ်ဘူးကွ၊ မြသင်းကြူက နှင်းဆီပန်းကို ပိုကြိုက်တယ်၊ နှင်းဆီပန်းမှာတောင် ပန်းရောင်ဖျော့ဖျော့လေးတွေကိုမှ ကြိုက်တာ၊ နီနီရဲရဲကြီးတွေဆို မကြိုက်ဘူး"

"ဒါနဲ့ . . . နှင်းဆီကြိုက်ပေမယ့် သူတို့ခြံထဲမှာတော့ နှင်းဆီပန်းအိုးတွေဘာတွေ မတွေ့ရဘူးနော်"

"အဘိုးကြီးဦးမိုးထိက ရှေးရိုးစွဲကြီးကွ၊ နှင်းဆီလို ဆူးပါတဲ့ အပင်မျိုး ခြံထဲမှာ စိုက်ထားရင် ရန်များတတ်တယ်ဆိုပြီး ခြံထဲမှာ နှင်းဆီပင် လုံးဝမထားဘူးကွ၊ ဖြုပ်ပင်ဆိုလည်း အပူသီးပင် ဖြစ်တယ်ဆိုပြီး မစိုက်ဘူး၊ ငါ့မှာ တစ်ခါတစ်လေ ဒေါ်မိမိခိုင်က ထမင်းစားခါနီးမှ သင်္ဘောသီးသုပ်တို့ ခရမ်းချဥ်သီးသုပ်တို့ထဲ ထည့်စားချင်လို့ဆိုပြီး ဖြုပ်သီးစိမ်းဝယ်ခိုင်းလို့ ဈေးပြေးပြီး ဝယ်ပေးရပါပကော၊ မြသင်းကြူကလည်း တစ်ခါက သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ဆွမ်းကျွေးအသွားမှာ နှင်းဆီပန်းပန်သွားချင်တယ်ဆိုတာနဲ့ ဈေးထဲပြေးဝယ်ပေးရတယ်၊ ပြီးတော့ ရထားလုံးနဲ့ အိမ်ကအထွက် လမ်းပေါ်ကျမှ ပေးရတယ်၊ အဘိုးကြီး အဘွားကြီးတွေက သူ့သမီးပန်းပန်တာ လုံးဝမကြိုက်ဘူးကွ၊ သူ့ခမျာ ခိုးပန်ရရှာတယ်"

"ဟုတ်လား . . . ကျွန်တော့်အိမ်မှာတော့ နှင်းဆီတွေ





ပျိုးထားတယ်ဗျ၊ နှင်းဆီကြိုက်သူလေးကို ကျွန်တော့်အိမ်က နှင်းဆီပွင့်လေးတွေ လက်ဆောင်ပေးချင်လိုက်တာဗျာ၊ သူ့ဆန္ဒကို ဖြည့်တဲ့သဘောပေါ့၊ အင်း . . . ဒါဆို မနက်ဖြန်မနက်တော့ အိမ်ကခူးလာဦးမှပဲ"

ဟုပြောလိုက်ပြီးသည်နှင့် အောင်ကြီးက ဘာမှပြန်မပြောနိုင်ခင်မှာဘဲ လက်ဖက်ရည်ဝိုင်းမှထ၍ ပိုက်ဆံရှင်းလိုက်ပြီး အဝိန်ခေါက်ဆွဲဆိုင်သို့ အောင်ကြီးကိုခေါ်သွားကာ ခေါက်ဆွဲကြော်ပါဆယ် ဝယ်ပေးလိုက်လေ၏။

နောက်နေ့မနက်တွင်မူ မင်းပုညသည် အိပ်ယာမှ စောစောထပြီး မြို့မြောက်ဖက်ပိုင်းရှိ နှင်းဆီခြံသို့သွားကာ ပန်းနုသွေးနှင်းဆီလှလှငါးပွင့်ကို ရိုးတံရှည်ရှည်ဖြတ်စေလျက် ငွေတစ်မူးပေးကာ ဝယ်လိုက်လေ၏။

၄င်းနှင်းဆီပန်းစည်းကိုကိုင်ကာ မြသင်းကြူကျောင်းသို့သွားရာ ပိတောက်မြိုင်လမ်းကွေ့မှ ကြို၍စောင့်နှင့်နေလိုက်၏။

နံနက် (၇) နာရီခွဲခန့်ဝယ် မြသင်းကြူလိုက်ပါလာသည့် ရထားလုံးမှာ သူ့အနီးသို့အရောက်တွင် ရထားမောင်းနှင်လာသည့် အောင်ကြီးမြင်သာအောင် နှင်းဆီပန်းစည်းကို မြှောက်ပြလိုက်ပြီး-

"ဗျို့ . . . ကိုအောင်ကြီး၊ ဒီနှင်းဆီပန်းလေးတွေကို လက်ဆောင်ပေးချင်လို့ ရထားခဏရပ်ပါဦးဗျ"

ဟု လှမ်းအော်တားလိုက်ရာ အောင်ကြီးမှာ ဤသို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းတွင် မင်းပုည ထိုသို့ရောက်လာမည်ဟု မထင်သဖြင့် အံ့အားသင့်သွားသော်လည်း . . .

သူနှင့် မင်းပုညတို့မှာ လွန်စွာရင်းနှီးကျွမ်းဝင်နေသလို သူကျွေးမွေးသမှုပြုသမျှ စားသောက်ထားသည့် ကျေးဇူးလည်း ရှိနေ၍ ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့ အကြိမ်ကြိမ် မှာကြားသတိပေးထားသည့်စကားကို မေ့လျော့သွားပြီး ရထားလုံးကို မင်းပုညအလိုကျ ရပ်ပေးလိုက်လေ၏။

"နှင်းဆီပန်းလက်ဆောင်ပေးချင်လို့ . . . "

ဟူသော မင်းပုည၏အသံကို ကြားလိုက်ရသဖြင့် နှင်းဆီချစ်သူလေး မြသင်းကြူမှာလည်း ရထားလုံးပြတင်းမှ လိုက်ကာစလေးကိုဖယ်ကာ အသံလာရာ လမ်းဘေးသို့ ကြည့်လိုက်မိ၏။ ဝွားဝွားစွင့်စွင့် လှပနေသော ပန်းနုရောင်နှင်းဆီပွင့်များကို စုစည်းကိုင်ထားသည့် မင်းပုညကို တွေ့ရသဖြင့် ရုတ်တရက် အံ့သြနားမလည်ဖြစ်သွားလေ၏။

ထိုစဉ် ညှို့ငင်မျက်လုံးများဖြင့် ပြုံးနေသော မင်းပုညက ရထားလုံးအနီးသို့ လျှင်မြန်စွာ ချဉ်းကပ်လိုက်ပြီး နှင်းဆီပန်းစည်းကို ပြတင်းဝမှ ထိုးသွင်းကမ်းပေးလိုက်ပြီး နှုတ်သွက်လျှာသွက်ဖြင့်-

"မြသင်းကြူကို လက်ဆောင်ပေးချင်လို့ပါကွယ်၊ ကိုအောင်ကြီးကိုလည်း မှာထားပြီးသားပါ၊ ဒီလို နှင်းဆီပွင့်လေးတွေကို မြသင်းကြူနှစ်သက်မှန်းသိလို့ လက်ဆောင်ပေးချင်နေတာ ကြာပါပြီ၊





ကိုယ့်စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံပါနော်"

ဟု လေသံခပ်ချိုချိုဖြင့် ပြောလိုက်ရာ နဂိုကတည်းကပင် နှင်းဆီပန်းကို အသဲစွဲကြိုက်သော မြသင်းကြူမှာ မင်းပုည၏ညှို့ငင်ပြုံးကြောင့် တစ်စုံတစ်ရာ ငြင်းဆန်ခြင်း မပြုမိတော့ဘဲ စပါးကြီးမြွေအညှို့ခံရသည့်ပမာ ဖြစ်သွားပြီး ထိုနှင်းဆီပန်းစည်းကို အယောင်ယောင် အမှားမှားဖြင့် လှမ်းယူလိုက်လေ၏။

နှင်းဆီပန်းစည်းကို မြသင်းကြူက လက်ခံယူလိုက်ပြီးသည်နှင့် မင်းပုညလည်း ပြတင်းဝမှ လိုက်ကာစလေးကို ဆွဲပိတ်ပေးလိုက်ပြီး သူ့အား လည်ပြန်ကြည့်နေသည့် အောင်ကြီးအား လက်ပြနှုတ်ဆက်ကာ ရထားလုံးအနီးမှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားတော့၏။

မြသင်းကြူမှာ သူမ၏လက်ထဲသို့ မထင်မှတ်ဘဲ ရောက်ရှိလာသော လှပသန့်စင်လွန်းသည့် နှင်းဆီပန်းပွင့်များကိုကြည့်ကာ ငိုင်နေမိရင်းမှ ဂန္ဓာရုံဖြင့် ဖမ်းစားလိုက်သည့် နှင်းဆီပန်းရနံ့ကြောင့် သူမ၏ရင်၌ လွန်စွာကြည်လင်လန်းဆန်းသွားပြီး ရုတ်တရက်ဆိုသလို ယင်းနှင်းဆီပွင့်လေးများကို အမှတ်တမဲ့ဖြင့် နမ်းရှိုက်လိုက်မိ၏။

မြသင်းကြူမှာ ပင်ကိုကပင် နှင်းဆီပန်းကြိုက်သူလေးမို့ ကိုလူချောပေးသွားသော နှင်းဆီပန်းတို့ကို တရှိုက်မက်မက် နမ်းမဝဖြစ်နေရာမှ နှင်းဆီပန်းစည်းကြားဝယ် စာရွက်ခေါက်ဖြူ လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို တွေ့လိုက်ရာ ဖျတ်ခနဲ ရင်တွေခုန်သွားပြီး ကပျာကသီ ပင် စာရွက်ခေါက်လေးကို ဖွင့်ဖတ်လိုက်၏။

စာရွက်ဖြူဖြူလေးထက်ဝယ် ပိုင်းစက်လှပသော လက်ရေးဖြင့် . . .

"ကိုယ့်ရဲ့ရွှေစင်လေး . . .
မင်းလေးနှစ်သက်တဲ့ နှင်းဆီပွင့်လေးတွေကို
နောက်နေ့များမှာလည်း လက်ဆောင်ပေးဆက်ခွင့်ပြုပါနော်။
ရွှေစင်မလေးရဲ့ ပန်းတော်ဆက်ကိုယ် . . .

ဟုရေးသားထားသည်ကို ဖတ်လိုက်ရသည်နှင့် သူမရင် တစ်ခုလုံး တသိမ့်သိမ့် လှုပ်ရှားခံစားသွားလေ၏။ သို့သော်လည်း ထိတ်လန့်တုန်လှုပ်မှု အလျဉ်းမရှိဘဲ ကြည်နူးပီတိခံစားမှုမျိုးဖြင့် လိုက်ဖိုသွားခြင်းဖြစ်ရာ ထိုခံစားမှုနှင့်အတူ မျက်ဝန်းကိုမှိတ်လျက် နှင်းဆီပွင့်လေးများကို တရှိုက်ရှိုက်မက်မက် နမ်းရှိုက်လိုက်တော့၏။

မင်းပုညအဖို့ ကံကြမ္မာသည် ကိုယ့်ဖက်မှာ ရှိနေသည်ဟု ဆိုရမလို ဖြစ်တည်လာသည့် အခြေအနေများမှာ သူလိုချင်သည့် အနေအထားအတိုင်း ကွက်တိဖြစ်နေတော့၏။ ထိုနေ့ညမှာလည်း ပြည့်ဝန်းသော လရောင်နှင့် ကြည်လင်သော ညချမ်းလေးက သူ့





ဆန္ဒကို ပြည့်ဝစေဖို့ ဖန်တီးပေးလိုက်ပြန်၏။

ကြယ်ရောင်စုံသောညဝယ် ဘင်ဂျိုသံနှင့်အတူ မင်းပုည ၏ဆွဲငင်အားပါသော သီချင်းသံက မြသင်းကြူတို့၏ ခြံဝန်းရှေ့မှာ လွင့်ပျံ့ထွက်ပေါ်နေလေ၏။

"ရွှေသားရုပ်သွင်၊ ခင်မင်ကြင်နာ၊ တွယ်တာစရာပင်၊ မျက်နှာတော် ဝါဝါဝင်း၊ ရွှေလမင်းကြီးပုံအသွင်၊ လှမျက်တောင် ကော့ညွတ်သေး၊ ဆေးရေးတဲ့ အရုပ်ကလေးလိုပင် . . . ရွှေစင် . . . ရွှေစင် . . . ဩော် . . . မောင့်ရဲ့ရွှေစင်"

ကာလသားများကြားဝယ် ရေပန်းစားလှသော သီချင်း စာသားလေးများကို ဘင်ဂျိုကို ကိုယ်တိုင်တီးခတ်ပြီး ပိုင်ပိုင်နိုင်နိုင် ခွဲခွဲပျစ်ပျစ်ဆိုလိုက်ရာ ရေနံဝနေသော နှစ်ထပ်ပျဉ်ထောင်အိမ် ကြီး၏ အိမ်ပေါ်ထပ်ရှိ တစ်ခုသော ပြတင်းပေါက်ဝယ် ဘောင်ကို မှီကာ ရပ်နေသည့် အပျိုစင်မလေး မြသင်းကြူမှာ ဘဝင်ငြိသွား ပြီး ခန်းဆီးလိုက်ကာစကို အသာလှပ်လျက် ခြံထောင့်ရှိ မီးတိုင် အောက်သို့ လှမ်းမျှော်ကြည့်နေလေ၏။

လမ်းမီးတိုင်အောက်ဝယ် တစ်ဦးတည်း ဘင်ဂျိုတီးကာ တေးသီချင်းသီကျူးနေသည့် ရွှေစင်မလေး၏ ပန်းတော်ဆက် ကိုလူချောကို မျက်တောင်မခတ် ငေးကြည့်ရင်း ရင်ခုံညိမ့်ညိမ့်လေး ကြည်နူးနေလေ၏။

ညလေပြည်နှင့်အတူ လွင့်မျောလာသော ပန်းရနံ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို၏ ချစ်ခြင်းဖွဲ့သီချင်းသံသည် ရွှေစင်မလေး၏ ဘဝင်နှလုံးကို စက္ကန့်မခြား ဆွတ်ခြူလျက်ရှိရာ ၄င်းခံစားမှုလေး ကွယ်ပျောက်သွားမှာကို စိုးထိတ်နေမိ၏။

ထိုသို့ ဖြစ်တည်နေသည့် အခြေအနေကို သုံးသပ်မည်ဆိုပါက သူတို့နှစ်ဦးသည် မဝေးတော့သည့် ကာလတစ်ခုအတွင်း နှစ်ဦးသား၏ ရင်ခုန်သံများ တစ်ထပ်တည်း ကျရောက်တော့မည်ဟု ယူဆရပေတော့မည်။

မြူနှင်းများ ခပ်ပါးပါး ကျဆင်းနေသည့် နံနက်ခင်းတစ်နေ့တွင် ဖြစ်သည်။ ၄င်းနေ့ကို တိကျစွာ သတ်မှတ်ရသော် ဂေါ်တိုင်းစွံဂုရုကြီး မင်းပုည၏ ချစ်မဟာဗျူဟာခင်းကျင်းသည့် ဆဌမမြောက်နေ့ဖြစ်၏။

သူသည် ယခင်နေ့များကလိုပင် ပိတောက်မြိုင်လမ်းကွေ့သို့ နံနက် (၇) နာရီခန့်အချိန်တွင် သွားရောက်စောင့်ဆိုင်းနေလေ၏။ ပင်ကိုယ်ကပင် ကျော့ကျော့မော့မော့လေး ဝတ်စားဆင်ယင်တတ်သူဖြစ်ရာ ချစ်မဟာဗျူဟာ ခင်းကျင်းနေသည့် ထိုအချိန်များမှာတော့ သူ၏ဟန်အမူအရာများက မင်းသားကြီးခင်မောင်ရင်ပင်လိုက်မမီနိုင်လောက်အောင် သစ်လွင်ခန့်ငြားနေလေ၏။

သူသည် အပွင့်အားသန်သည့် နှင်းဆီပန်းစည်းလေးဖြင့် စောင့်ဆိုင်းနေရာမှ မြသင်းကြူလိုက်ပါလာသည့် ရထားလုံးရောက်လာသည်နှင့် ထုံးစံအတိုင်း ရထားလုံးရပ်ခိုင်းလိုက်၏။ ကိုအောင်





ကြီးမှာလည်း အထူးပြောစရာမလိုလောက်အောင် အလိုက်သိနေပြီဖြစ်၏။

ထိုအခါ မြသင်းကြူကလည်း ပြတင်းဝမှ ခေါင်းကလေးပြူကာ အသင့်ထွက်ကြည့်နေပြီဖြစ်ရာ . . .

မင်းပုညက ညှို့ငင်ပြုံးနှင့်အတူ စိုက်ကြည့်လိုက်သည်နှင့် အပျိုစင်လေးမှာ ပန်းစည်းလေးကို လိုလိုချင်ချင် လှမ်းယူလိုက်ပြီး ရှက်ပြုံးလေးဖြင့် တုန့်ပြန်ကြည့်လျက် ပြတင်းလိုက်ကာစကို ဖျတ်ခနဲ ပိတ်လိုက်လေ၏။

မင်းပုညသည် သူ၏မဟာဗျူဟာ ခင်းကျင်းမှုမှာ ဘောလုံးအားကစား သဘောတရားနှင့်ပြောရလျှင် မိမိကန်သွင်းမည့် ဂိုးဧရိယာအတွင်းသို့ ရောက်ရှိနေပြီဟု ယူဆရမည်ဖြစ်၏။ သို့ကြောင့် သူသည် အောင်နိုင်သူတို့၏ အပြုံးမျိုးပြုံးလျက် အချိန်ဖင့်နွဲ့မနေဘဲ အပိုင်ဂိုးသွင်းရန် ဆုံးဖြတ်လိုက်တော့၏။

ထိုနေ့ညနေက အောင်ကြီးနှင့် လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံသည့်အခါတွင်မူ မင်းပုညသည် နို့ဆမ်းပလာတာ၊ ကော်ဖီ၊ ဂျွန်ပလေးယားမုတ်ဆိတ်စီးကရက်တို့ဖြင့် အောင်ကြီးအား ကျွေးမွေးပြုစုသည့်အပြင် သူ၏မိသားစုအတွက်ပါ အဝိန်၏ခေါက်ဆွဲကြော်ဆိုင်မှ ပါဆယ်ဝယ်ပေးလိုက်၏။

ထိုမျှမကသေး . . . အောင်ကြီးသုံးဖို့ဆိုပြီး ငွေတစ်ဆယ်ကိုပါ အင်္ကျီအိတ်ထဲသို့ ထည့်ပေးလိုက်လေရာ အောင်ကြီးမှာအား



www.burmeseclassic.com

www.burmeseclassic.com



တုန့်အားနာဖြင့် . . .

"ညီလေးရာ . . . မင်းပေးတာတွေ များနေပြီ၊ အစ်ကို အားနာလိုက်တာ၊ ညီလေးက ဒီလိုတွေ ပေးနေကျွေးနေတာကို အစ်ကိုက ဘာမှပြန်ပြီး မတုန့်ပြန်နိုင်ဘူးလေ၊ နောက်ဆိုရင် ဒီလို ဧည့်ဝတ်ပြုတာမျိုး မလုပ်ပါနဲ့တော့ကွာ"

ဟု ညည်းပြောပြောလိုက်ရာ မင်းပုညက ပြုံးလိုက်ပြီး-

"ဘယ်ဟုတ်မလဲ ကိုအောင်ကြီးရာ၊ တကယ်တော့ ဒီလို ဧည့်ဝတ်ပြုတာကို ကိုအောင်ကြီးကသာ အားနာနေပေမယ့် ကျွန်တော်ကတော့ ဒီလောက်လေးနဲ့ အားမရချင်ဘူး၊ ကိုအောင်ကြီးကသာ ကူညီမယ်ဆိုရင် ကျွန်တော်ဗျာ . . ဒီတစ်သက် ကိုအောင်ကြီးရဲ့ကျေးဇူးကို ဆပ်လို့တောင် ကုန်မှာမဟုတ်ဘူး"

ထိုစကားကြောင့် အောင်ကြီးမှာ ရုတ်တရက် နားမလည်နိုင်ဖြစ်သွားပြီး . . .

"ဘယ် . . ဘယ်လို . . . ညီလေး၊ ကိုယ်သဘောမပေါက်ဘူး"

ဟု ဇဝေဇဝါ မေးလိုက်လေ၏။ မင်းပုညက အောင်ကြီး၏မျက်လုံးများကို စိုက်ကြည့်ပြီး ပြုံးတုံ့တုံ့လုပ်နေရာမှ . . .

"ဒီလို ကိုအောင်ကြီးရာ၊ ကျွန်တော်လေ မြသင်းကြူနဲ့ နှစ်ကိုယ်ကြား စကားနည်းနည်း ပြောချင်တယ်ဗျာ၊ ခုန ကိုအောင်ကြီးက ကျွန်တော့်ကို ကျေးဇူးတုန့်ပြန်ချင်နေတယ် မဟုတ်လား၊





ကျွန်တော့်ကို အဲဒီကူညီမှုမျိုးနဲ့ တုန့်ပြန်ပါလားဗျာ"

ဟု အသံနိမ့်ကာ အရေးကြီးဟန်ဖြင့် ပြောလိုက်ရာ အောင်ကြီးက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း . . .

"ညီလေးက ဘယ်လိုစကားများ ပြောချင်လို့၊ အစ်ကိုက ဘယ်လိုပုံစံမျိုးနဲ့ ကူညီရမှာလဲ"

အောင်ကြီးသည် အမှန်တကယ် သဘောမပေါက်သည်ကြောင့် အူတူတူ အမူအရာဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုဗျာ၊ အခုဆို မြသင်းကြူနဲ့ကျွန်တော် အတော်လေး ရင်းနှီးနေပြီပဲ၊ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး အေးအေးဆေးဆေး စကားလက်ဆုံ မပြောဖူးသေးဘူး၊ နှစ်ယောက်သားတွေ့ရင် ပြောချင်တဲ့စကားတွေကို မျက်ဝန်းအကြည့်တွေနဲ့ ပြောနေရတာ ဘယ်လောက်စိတ်ပျက်ဖို့ ကောင်းလဲ၊ ဒါကြောင့် နှုတ်ခမ်းလေးနဲ့ ပြောချင်နေကြပြီလေ"

ဟုပြောလိုက်ရာ အောင်ကြီးမှာ စိတ်ရှုပ်ထွေးသွားသလို ခေါင်းကိုကုတ်လိုက်ပြီး . . .

"ခက်တာပဲ . . . ညီလေးရာ၊ မင်းတို့နှစ်ယောက် စကား အေးအေးဆေးဆေး ပြောဖို့ဆိုတာ မလွယ်ဘူးကွ၊ ဒေါ်မိမိခိုင်က သူ့သမီးကို အချိန်ကိုက်ပြီး ကျောင်းပို့ဖို့ လွှတ်တာ . . . ၊ ကျောင်းပြန်ချိန်လည်း နောက်ကျလို့ မရဘူး၊ ကျောင်းသွားကျောင်းပြန် အချိန်အတွင်း မင်းတို့တစ်နေရာမှာ တွေ့ဖို့ဆိုတာလည်း မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အချိန်ဆယ်မိနစ်လောက် ကွာသွားတာနဲ့ ရိပ်မိသွားမှာကွ၊ သူသာ ရိပ်မိသွားလို့ကတော့ မိုးမီးလောင်ပြီပဲဟေ့ . . .”

ဟု စိတ်ပျက်စွာ ပြောလိုက်ရာ မင်းပုညက နှုတ်ကို လက်ဖဝါးဖြင့် တစ်ချက်သပ်လိုက်ပြီး ပိုင်နိုင်သည့် အပြုံးမျိုးပြုံးလျက်-

“ကျွန်တော်ကလည်း မြသင်းကြူကို တစ်နေရာရာမှာ ခေါ်တွေ့မယ်လို့ မပြောပါဘူး ကိုအောင်ကြီးရာ၊ အားလုံးဒုက္ခရောက်မယ့်အလုပ်မျိုး ကျွန်တော်လုပ်ပါ့မလား၊ အားလုံးအဆင်ပြေမယ့် နည်းလမ်းမျိုးကို ကိုအောင်ကြီးပဲ စီစဉ်နိုင်မှာဗျ၊ ကျွန်တော်က အဲဒီရထားလုံးပေါ်မှာပဲ တွေ့မှာပါ”

ထိုအခါ လူရိုးလူအကြီး အောင်ကြီးမှာ ပို၍ပင် နားရှုပ်သွားပြီး . . .

“ဘယ် . . . ဘယ်လို . . . ဒီရထားလုံးပေါ်မှာ တွေ့မယ်၊ ငါနားလည်အောင် ရှင်းရှင်းပြောပါကွာ”

ဦးခေါင်းကိုကုတ်ရင်း ငြီးပြော,ပြောလိုက်ရာ မင်းပုညက လေသံကို နှိမ့်လိုက်ပြီး . . .

“ကိုအောင်ကြီးက ရထားကို မောင်းနှင်လာရင်း ပိတောက်မြိုင်လမ်းကွေ့ကို ရောက်လာတာနဲ့ ရထားကို ခဏလေးရပ်လိုက်၊ ကျွန်တော်က ရထားလုံးပေါ်ကို ဘယ်သူမှ မမြင်အောင် အသာလေးတက်လိုက်မယ်၊ အဲဒီလမ်းကွေ့က လူရှင်းတဲ့နေရာလည်းဖြစ်၊ ဘီးစပ်ချုံကြီးကလည်း ကွယ်ထားပြန်ဆိုတော့ ကျွန်တော့်ရဲ့လှုပ်ရှား





မှုကို ဘယ်သူမှ မြင်မှာမဟုတ်ဘူး၊ အဲဒီနောက်မှ ကိုအောင်ကြီးက ရထားလုံးကို မြသင်းကြူတို့ကျောင်းဆီ ဖြည်းဖြည်းနဲ့မှန်မှန် မောင်းသွားလိုက် . . ၊ ကျောင်းမရောက်ခင် အချိန်လေးမှာ ကျွန်တော် မြသင်းကြူနဲ့ စကားပြောမယ်၊ ကျောင်းနားရောက်တော့မှ ကိုအောင်ကြီးက လူရိပ်လူခြေကြည့်ပြီး ရထားရပ်လိုက်ပေါ့၊ အဲဒီအချိန်မှာ ကျွန်တော်လည်း ရထားလုံးပေါ်က မသိမသာလေး ဆင်းလိုက်ရုံပဲပေါ့၊ ကဲ . . . ဘယ်လိုလဲ”

ထိုအခါမှ အောင်ကြီး၏မျက်နှာကြီးကဲ ပြုံးဖြီးဖြီးဖြစ်လာပြီး . . .

“အင်း . . . တကယ့်ကို ပြေးလိုက်တဲ့စိတ်ကူး၊ အဲဒီလို အတွေးမျိုး ငါနည်းနည်းလေးမှ မတွေးမိဘူး၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ စိတ်ချ . . . ညီလေးပြောတဲ့အတိုင်း မလွဲအောင် အစ်ကို ဖန်တီးပေးမယ်”

“ဝမ်းသာလိုက်တာ ကိုအောင်ကြီးရာ၊ ဒါဆိုရင် ကိုအောင်ကြီးကို ကျွန်တော်အသိအမှတ်ပြုလိုက်ပြီ၊ အဲဒီကျေးဇူးတွေကိုလည်း ဒီတစ်သက်ဘယ်တော့မှ မမေ့ပါဘူးဗျာ”

ဟုပြောလိုက်ပြီး အောင်ကြီး၏ပုခုံးကို အားပါးတရ ဖက်လိုက်ရင်းက အသင့်ထုတ်ထားပြီးဖြစ်သည့် ငါးကျပ်တန်တစ်ရွက်ကို အောင်ကြီး၏အိတ်ထဲသို့ လျောကနဲ ထည့်ပေးလိုက်တော့၏။

ပေးသူနှင့် ယူသူ . . ၊ ကူညီသူနှင့် လက်ခံသူ ဘယ်မျှ



www.burmeseclassic.com

www.burmeseclassic.com



အပေးအယူတည့်ကြသနည်းဟူမူ . . . နောက်တစ်နေ့ မနက်ခင်းမှာ ဖြစ်တည်သွားသည့် အခြေအနေက သက်သေပြလိုက်ပြီဖြစ်၏။

မင်းပုညသည် မိန်းမကြမ်းကြေသူ၊ ဂေါ်တိုင်းစွံသူအဖြစ်သူ၏ဂုဏ်ပုဒ်ကို အမြင့်ဆုံးစွမ်းဆောင်ပြလိုက်ခြင်းဟု ယူဆရမည်ဖြစ်သည်။ အမှန်တော့ သူသည် အခြားကိစ္စများတွင် ဖွဲ့လုံ့လရှိချင်မှရှိမည်ဖြစ်သော်လည်း ထိုကိစ္စမျိုးမှာတော့ သူပြောခဲ့သလိုပင် ဝီရိယနှင့် ဉာဏ်ပညာကို ဟန်ချက်ညီညီ အသုံးချခဲ့ခြင်း ဖြစ်သည်။

အတွေ့အကြုံနှင့် ပါးနပ်မှုကလည်း သူ့အတွက် အထူးတလည်လေ့ကျင့်စရာ မလိုလောက်အောင် ပံ့ပိုးပေးခဲ့၏။

အဖိုဆိုလျှင် ယင်ဖိုပင် မသန်းသည့် မိန်းမချောလေး မြသင်းကြူမှာ အငွေ့ကိုပင် ခံနိုင်ရည်မရှိဖြစ်နေရာ အတွေ့နှင့်ပါ ရောစပ်လိုက်သည်တွင် ဖယောင်းကို မီးမြှိုက်လိုက်သလို အဆုံးစွန် အရည်ပျော်သွားတော့၏။

နောက်တစ်နေ့မနက်မှာပဲ မင်းပုညသည် ဖိုသတ္တဝါနှင့် ပတ်သက်ပြီး လုံးဝအတွေ့အကြုံမရှိသော မြသင်းကြူနှင့် ရထားလုံးပေါ်၌ မိနစ်နှစ်ဆယ်ဟူသော အချိန်မျှ တွေ့ဆုံခွင့်ရလိုက်၏။

မိန်းမကြမ်းကြေသော မင်းပုည၏ သကာလောင်းထားသည့်နှယ် ချိုမြိန်သော အနုအရွစကားလေးများ၊ ချောမောခန့်ငြားသည့် ရုပ်ရည်နှင့် သင်းမြမြရှူရှိုက်နေသည့် ကိုယ်သင်းရနံ့များ၊





ဝေ့ကာဝိုက်ကာ တို့ထိလာသည့် အတွေ့လေးများ၊ မိန်းမချောလေး မြသင်းကြူသည် ၄င်းခံစားမှုများနှင့် နှစ်ရက်မျှ ကြုံတွေ့လိုက်ရသည့်အခါ မည်သည့်မာန်မာနမျိုးကမှ တောင့်ခံနိုင်စွမ်းမရှိတော့။ မင်းပုည၏ မဟာဗျူဟာအတွင်း၌ အလုံးစုံ ဝပ်ဆင်းကျရောက်သွားတော့၏။

မင်းပုည၏မဟာဗျူဟာ နောက်ဆုံးနေ့တွင်မူ မိဘတို့၏ စိုးရိမ်ကြီးစွာ စည်းကမ်းတင်းကြပ်လွန်းမှုတို့ကြောင့် ဆန့်ကျင်ဘက်ယောကျ်ားပျိုတို့နှင့် ရင်းနှီးထိတွေ့မှု လုံးဝမရှိခဲ့ရသော အပျိုရိုင်းမလေး မြသင်းကြူမှာ မင်းပုညအား အစွဲကြီးစွဲကာ အရူးအမူးချစ်သွားရှာလေ၏။

မြသင်းကြူသည် အချစ်နွံအတွင်း၌ အဘယ်မျှ ကျွံဝင်သွားသနည်းဟူမူ "ကြားလေသွေးသည်ကိုပင် ဝေးတယ်ထင်သမို့ နှမရွှေစင် နံ့သာတုံးကို ဆွတ်ယူကျုံးလို့ ခိုးလှည့်ပါရှင်" ဆိုသလို ဖြစ်လာပြီး မင်းပုညနောက်ကို ခိုးရာလိုက်ရန် သဘောတူသည် အထိ အဆုံးစွန်လိုက်လျောခဲ့လေ၏။

ထိုသို့ဖြင့် မင်းပုည၏မဟာဗျူဟာ ဆယ်ရက်မြောက်နေ့၏ ညဥ့်သန်းခေါင်ယံဝယ် မြသင်းကြူသည် မိဘများ၊ အိမ်သူအိမ်သားများ အိပ်မောကျနေချိန်၌ အထုပ်ပိုက်ကာ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး၏ နောက်ဘက်တံခါးမှ လျှို့ဝှက်စွာ ထွက်လာပြီး ခြံနောက်ဖက်မလွှယ်ပေါက်ရှိရာသို့ ရွှေရင်တခုန်ခုန်ဖြင့် လျှောက်လှမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

မလွယ်ပေါက်တံခါးအား ပတ္တာဖျက်ကာ ဖွင့်ထားနှင့်ပြီး ဖြစ်သော မင်းပုညက အသင့်စောင့်ကြိုနေရာ မြသင်းကြူမှာ မင်းပုည၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီးနောက်တွင်တော့ မောင်ခေါ် ရာသို့ နောက်ကြောင်းပင် မလှည့် . . .။ နောက်ဆံပင် မတင်းဘဲ သုတ်ခြေတင်ကာ လိုက်ပါသွားတော့၏။

နောက်တစ်နေ့နံနက်တွင်မူ ဂေါ်တိုင်းစွဲမင်းပုညက အပျို စင်မလေး ကွမ်းတောင်ကိုင် မြသင်းကြူကို ခိုးသွားပြီဟူသော သတင်းမှာ ငှင်းမြေလတ်မြို့လေးအနှံ့သို့ တောမီးပမာ ပျံ့နှံ့သွား တော့၏။

မြသင်းကြူ၏မိဘများသည်လည်း သမီးဖြစ်သူအတွက် ယူကျုံးမရ အပူလုံးကြွဆိုသလို ဒေါသအမျက်ချောင်းချောင်းထွက် ကာ သမီးမိုက်ကို အမွေပြတ်စွန့်လွှတ်ကြောင်း နိုးစပ်ရာအသိုင်း အဝိုင်းသို့ ကြေငြာလေတော့၏။

ထိုအကြောင်းကို ကြားသိရသော ကာလသားခေါင်း သိန်းဇော်နှင့် မြို့သူမြို့သားများမှာ မင်းပုည၏အစွမ်းကို ဩချဆလံ သကာ အထင်တကြီးဖြင့် ကောင်းချီးထောပနာပြုကြလေ၏။

ထိုအချိန်မှစ၍ မြသင်းကြူဟူသော အပျိုစင်မလေးသည် လည်း မင်းပုည၏ဇနီးမယားအဖြစ်သို့ တရားဝင်ရောက်ရှိသွား တော့သတည်း။



BURMESE CLASSIC .com

## အခန်း (၇)

## လူမိုက်ကံကောင်း

မင်းပုညနှင့် မြသင်းကြူတို့သည် တောင်ငူမြို့သို့ ခေတ္တ ရှောင်နေကြစဉ်မှာပဲ မြသင်းကြူ၏မိဘများမှာ သမီးဖြစ်သူအား စိတ်အနာကြီးနာကာ မြို့လယ်ဈေးထဲမှ စိန်ရွှေရတနာဆိုင်ကြီးနှင့် သူဌေးကုန်းရပ်ကွက်ရှိ ပျဉ်ထောင်အိမ်ကြီးအား ရောင်းချပြီးနောက် ထိုမြို့လေးမှ ပြောင်းရွှေ့ခြေရာဖျောက်သွားတော့၏။

ထိုအခါ မင်းပုညတို့ ဇနီးမောင်နှံလည်း အန္တရာယ်တစ်စုံ တစ်ရာ မရှိတော့ပြီမို့ သူတို့ဇာတိမြို့ကလေးသို့ ပြန်လာပြီး ၎င်း၏ အိမ်လေးမှာပင် လင်မယားနှစ်ယောက်နေထိုင်ကာ သူ၏[illegible]ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်လည်ဖွင့်လှစ်ပြီး အခြေချနေထိုင်လေ၏။

မြသင်းကြူ၏ အိမ်ထောင်ဦးကာလများသည် ပျော်ရွှင်ကြည်မွေ့ဖွယ်ရှိခဲ့ပြီး သူမကို စွန့်ခွာထွက်သွားသော မိဘနှစ်ပါးအား တစ်ခါတစ်ရံ သတိရလွမ်းဆွတ်သည်မှလွဲ၍ ကြီးကြီးမားမား စိတ်ထိခိုက်ကြေကွဲခြင်းမျိုး မဖြစ်ပေ။

လင့်တစ်မျက်နှာ တစ်ရွာထင့်ခဲ့ရှာသော မြသင်းကြူမှာ မိဘလက်ထဲကထက် စားဝတ်နေရေး ချို့တဲ့နိမ့်ကျစွာ နေခဲ့ရသော်လည်း လင်သားဖြစ်သူ၏ ဆံသဆိုင်မှ ဝင်ငွေအတန်အသင့်ရကာ အဆင်ပြေသည်ကြောင့် ဘဝကို ကြမ်းတမ်းခက်ခဲစွာ မရုန်းကန်ရဘဲ ချစ်ရသူနှင့်အတူ လက်တွဲခွင့်ရသော ဘဝလေးအပေါ်တွင် ကျေနပ်ပျော်ရွှင်မိလေ၏။

မင်းပုညသည် မြသင်းကြူကို အိမ်ထောင်ဦးကာလများတွင်သာ ကြင်ကြင်နာနာရှိခဲ့ပြီး လူကုံထံအသိုင်းအဝိုင်းမှ ဂုဏ်သရေရှိ မိန်းကလေးတစ်ဦးကို တွေ့ရှိခဲ့ရပြီးနောက်မှာတော့ ဖွေဖောက်လာတော့၏။

မင်းပုညသည် အိမ်ထောင်ရှင်ယောကျ်ားကောင်းတို့၏ သစ္စာတရားကို မျက်ကွယ်ပြုပြီး သူတို့မြို့လေးသို့ မကြာခင်လပိုင်းအတွင်းလောက်ကမှ ပြောင်းရွှေ့ရောက်ရှိလာသည့် မီးရထားရုံပိုင်ကြီး၏သမီး ဒေဝီဟူသော လုံးကြီးပေါက်လှ အပျိုမလေးကို သူ၏ ကိုယ်ပိုင်ဂေါ်နည်းမျိုးစုံဖြင့် လျှို့ဝှက်စွာ ချဉ်းကပ်လေတော့၏။





'မ' ကျမ်းကြေကာ မိန်းမပျိုတို့၏ အညာကို လွန်စွာကျွမ်းကျင်ကိုင်တွယ်နိုင်သူ မင်းပုညမှာ တင်းနစ်ရိုက်ခြင်းကို ဝါသနာထုံသည့် ဒေဝီနှင့် နီးစပ်မှုရရှိအောင် သူတို့မြို့ရှိ ဘိုကပြားအရာရှိများ၊ မြန်မာအရာရှိ အရာခံများ၊ ဝါသနာရှင်များ စုပေါင်းဖွဲ့စည်းထားသော တင်းနစ်အသင်းသို့ အသင်းသားအဖြစ် အသင်းဝင်ကြေးတနင့်တပိုးပေးကာ အသင်းဝင်ပြီး ဒေဝီဟူသော မိန်းမပျိုလေးအား မသိမသာ ချဉ်းကပ်လေတော့၏။

ထိုအခိုက်မှာပဲ 'လူမိုက်ကံကောင်း' ဆိုသလို သူ၏တစ်ဦးတည်းသော ဆွေမျိုးဘကြီးဝမ်းကွဲ လူပျိုကြီးမှာ လေသင်တုန်းဖြတ်ပြီး ကွယ်လွန်သွားရာ ထိုဘကြီး၏မြံဝန်းကျယ် နှစ်ထပ်အိမ်ကြီးကို ပြိုင်ဘက်မရှိ အမွေဆက်ခံခွင့်ရရှိလိုက်လေ၏။

သူသည် ထိုအိမ်ကြီးကို စပါးပွဲစားကြီးတစ်ဦးအား ကျပ်တစ်သောင်းဖြင့် ရောင်းချလိုက်နိုင်ရာ မင်းပုညမှာ နေ့ချင်းညချင်း ဆိုသလို သူဌေးပေါက်စတစ်ဦးနှယ် ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြင့် ငွေကို ဖောဖောသီသီသုံးကာ ဝင့်ဝင့်ကြွားကြွား နေထိုင်စားသောက်လေတော့၏။

ထိုအခါ ရှိုးကောင်းကောင်း ဝတ်စားတတ်ပြီး ငွေကိုပေါပေါသုံးလျက် လူအထင်ကြီးအောင် စကားကြီးစကားကျယ် ပြောတတ်သော မင်းပုညကို အပျိုပေါက်မကလေး ဒေဝီက တဖြည်းဖြည်း အထင်ကြီးစိတ်ဝင်တစား ဖြစ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် ပင်ကိုယ်ကပင် ဆိုရှယ်ကျသူဖြစ်ရာ ပါတီပွဲအချို့တွင် မင်းပုညနှင့် ဆုံဆည်းမိပြီး ခင်မင်ရင်းနှီးမှုပိုလာရာမှ တစ်နေ့သောအခါဝယ် မင်းပုည၏ ညွတ်ကွင်းထဲသို့ တည့်တည့်တိုးမိရာ မင်းပုည၏ အငွေ့နှင့်အတွေ့အပေါ် ရုန်းထွက်နိုင်စွမ်းမရှိတော့ဘဲ အဆုံးစွန်ပေးဆပ်ရင်းက တစ်ဘဝလုံး ပေးဆပ်လိုက်ရသည့် ဇနီးမယားအဖြစ်သို့ ရောက်ရှိသွားတော့၏။ မင်းပုညသည် သူ၏ဉာဉ်အတိုင်း ဒေဝီကို ခိုးယူထွက်ပြေး၏။

ဒေဝီ၏မိဘများမှာ ယောက်ယက်ခတ်ပြီး ဒေါသပုန်ထကာ ရှုံးတိုင်ဂတ်တိုင် ဖြစ်နေကြချိန်ဝယ် မြသင်းကြူသည်လည်း ကမ္ဘာပျက်သလို မျက်ရည်စက်လက်ဖြင့် အလူးအလိမ့် ခံစားနေရ၏။ မြသင်းကြူမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်နေပြီး သူမအား ယခုလို သစ်စိမ်းချိုးချိုးကာ ရက်ရက်စက်စက် ပစ်ခွာသွားရက်သော မင်းပုညကို နာကျည်းကာ ဝမ်းနည်းပက်လက်ဖြင့် မျက်ရည်နှင့် မျက်ခွက်ဖြစ်ရရှာလေ၏။

မြသင်းကြူမှာ မင်းပုညနှင့် ခိုးရာလိုက်ခဲ့စဉ်က မိဘများဆင်ပေးထားသည့် လက်ဝတ်ရတနာများကို ချွတ်ထားရစ်ခဲ့ပြီး ကြံ့ဆစ်လက်ကောက်တစ်ရံနှင့် လက်စွပ်မောင်းကွင်းလေးတစ်ကွင်းသာ ယူဆောင်ခဲ့၏။

ယခုမူ ထိုလက်ကောက်တစ်ရံ၊ လက်စွပ်တစ်ကွင်းနှင့် အိမ်သေးသေးလေးတစ်လုံးသာ လက်ဝယ်ပိုင်ပိုင်ရရှိလိုက်၏။ အမွေ





ရသော အိမ်ကြီးကိုရောင်းရသည့် ငွေများကတော့ မင်းပုညနောက်သို့ အားလုံးပါသွားခဲ့ပြီ ဖြစ်တော့၏။

မင်းပုညနှင့် မိမိပေါင်းသင်းနေစဉ်ကလည်း ဆံသဆိုင်မှဝင်ငွေမှာ လင်မယားနှစ်ယောက် စားလောက်ရုံသာရှိသဖြင့် စုဆောင်းထားနိုင်ခြင်း မရှိခဲ့ပေ။

"အင်း . . . ဟောဒီ ငါ့ရဲ့လက်ကောက်နဲ့ လက်စွပ်ကို ထုခွဲပြီး မွေးဖွားစရိတ်လုပ်ရမှာပဲ၊ သစ္စာမဲ့တဲ့ သတ္တဝါကြီးကတော့ သူတစ်ပါးရဲ့ သမီးပျိုကို ပန်းကောင်းအညွန့်ချိုးသွားပြီး ဘယ်သောင်ဘယ်ကမ်း ဆိုက်နေပြီလဲ မသိဘူး၊ ငါ့အဖေနဲ့အမေကလည်း ငါ့အပေါ် အတော့်ကို စိတ်ဆိုးနာကျည်းသွားပြီ၊ လုံးဝအဆက်အသွယ်မလုပ်တော့ဘူး၊ တစ်ချက်လေးတောင် ငဲ့စောင်းပြီး အဆက်အသွယ် မလုပ်ကြတော့ပါလား၊ ဘာပဲဖြစ်ဖြစ်ပါလေ၊ ဘယ်သူမပြုမိမိမှုဆိုသလိုပဲ မိဘစကားနားမထောင်မိတဲ့ ငါ့ရဲ့အမှားပါပဲ၊ ဒါကြောင့် ငါ့ရဲ့အမှားဒဏ်ကို လည်စင်းပြီးတော့ ငါခံရရမှာပဲပေါ့။

ခလုတ်ထိမှ အမိတဆိုသလို ပင်ကိုယ်က စရိုက်မမှန်တဲ့သူ၊ သစ္စာမဲ့ပြီး မျက်နှာများတတ်သူ၊ ပရိယာယ်မာယာမျိုးစုံနဲ့ အမျိုးကောင်းသမီးတွေကို ဖျက်လိုဖျက်ဆီးလုပ်တတ်သူ၊ ရက်စက်တဲ့နှလုံးသားရှိပြီး လူမဆန်သူကိုမှ ငါက ယုံစားမိပြီး အခုလို ဒုက္ခလှလှတွေ့ကာမှ မိဘရဲ့အရိပ်ကို လွမ်းသနေလို့လည်း ဘာမှထူးလာမှာ မဟုတ်ဘူး၊ ခုမှမှားပါပြီဆိုပြီး မျက်ရည်ခံသွားထိုးရည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာန်ကြီးလှတဲ့ ငါ့ရဲ့မိဘတွေက ခွင့်လွှတ်မှာ မဟုတ်ဘူး။

အင်း . . . မွေးဖွားလာမယ့် ငါ့ရဲ့ရင်သွေးလေးကို ရင်ခွင်ပိုက်ပြီး ကြုံလာသမျှ ဒုက္ခသုက္ခတွေကို ရင်ဆိုင်ရုံပဲ ရှိတော့တယ်၊ အင်း . . . ကိုပုည . . . ကိုပုည . . . သင်းက ငါ့အပေါ်မှာ သစ္စာမဲ့ပြီး ရက်ရက်စက်စက် ပစ်သွားမယ်ဆိုရင်တောင် မွေးဖွားလာမယ့် ရင်သွေးလေးကိုတော့ နည်းနည်းလောက် ငဲ့ညှာသင့်တာပေါ့၊ အခုလို လူမဆန်ယုတ်မာပက်စက်တဲ့အလုပ်ကို လုပ်သွားရက်လေတယ်"

မင်းပုညသည်ကား မြသင်းကြူ ထင်ထားသည်ထက်ပင် ယုတ်မာပက်စက်သူဖြစ်ကြောင်း သားလေးကို မွေးဖွားပြီး သုံးလအရွယ်ခန့်မှာပင် ပြက်ပြက်ထင်ထင် သိရတော့၏။

ထိုအချိန်ဝယ် မင်းပုညနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမိရှာသည့် မီးရထားရုံပိုင်ကြီး၏ သမီးဖြစ်သူ ဒေဝီမှာလည်း ကိုယ်ဝန်ကြီးနှင့် သူတို့၏ဇာတိမြို့လေးသို့ ပြန်ရောက်လာခဲ့၏။

သူမ၏ပြောပြချက်အရ မင်းပုညသည် သူမအား နည်းမျိုးစုံဖြင့် လိမ်ညာလှည့်ဖြားအယုံသွင်းကာ ခိုးပြေးခဲ့ခြင်းဖြစ်ကြောင်း၊ သူမတို့သည် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့သို့အရောက်တွင် အိမ်ငှားနေခဲ့ပြီး လေးလခန့်သာ ခြေငြိမ်ငြိမ်ဖြင့် ပေါင်းသင်းခဲ့ကြောင်း ပြောပြလေ၏။

ယင်းနောက်ပိုင်းဝယ် ပါလာသော ငွေများဖြင့် လုပ်ငန်း





တစ်ခုလုပ်မည်ဟု အကြောင်းပြကာ နယ်စပ်ဖက်သို့ ထွက်သွားလေ့ရှိကြောင်း၊ နောက်ဆုံးအခေါက်တွင် လုံးဝပြန်မလာတော့ကြောင်း၊ တရုတ်မြန်မာနယ်စပ်တွင် ကုန်သည်မိန်းမလည်တစ်ဦးနှင့် ယူလိုက်ပြီဟု သတင်းကြားရကြောင်း . . . ၊ ထိုသို့ကြားရသည်တွင် ဒေဝီသည် မင်းပုညက သူမကို နင်းချေစွန့်ပစ်သွားပြီဟု သိလိုက်ရကာ တစ်နယ်တစ်ကျေးဝယ် အားကိုးရာမဲ့ဘဝဖြင့် မနေလိုတော့သဖြင့် ယခုလို မိဘများရှိရာသို့ ပြန်လာရခြင်းဖြစ်ကြောင်း . . . စသဖြင့် တစ်ဆင့်စကားတစ်ဆင့်နား ဆိုသလိုဖြင့် မြို့သူမြို့သားများအကြား ထိုသတင်းမှာ ပျံ့နှံ့သွားတော့၏။

"တောက် . . . မင်းပုညဆိုတဲ့ကောင်ဟာ တော်တော်ယုတ်မာပါလား၊ ငါတို့မြို့သူ မြသင်းကြူကို ဖျက်ဆီးယုတ်မာခဲ့ရုံမက အမျိုးကောင်းသမီး ဒေဝီကိုပါ ဒုက္ခအကြီးအကျယ် ထပ်ပေးသွားတယ်၊ ဒီကောင်ဟာ တကယ့်ကို ပန်းကောင်းအညွှန့်ချိုးတဲ့ကောင်၊ နှမချင်းမစာနာတဲ့ လူယုတ်မာ . . ."

မြို့ကလေးမှ လူကြီးသူမများသာမက ကာလသားများကပါ မင်းပုညအပေါ် ဒေါသအကြီးအကျယ် ထွက်ကုန်ကြလေ၏။

နောက်ဆုံး ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်လာသော ဒေဝီမှာ ကလေးမီးမဖွားနိုင်သဖြင့် ကလေးရော လူကြီးပါ အသက်ဆုံးရသည့်အခါ မင်းပုညအပေါ် မြို့သူမြို့သားများအားလုံးမှာ လုံးဝခွင့်မလွှတ်နိုင်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှယ် သူတို့မြို့လေးတွင် ရာဇဝင်တွင်အောင် ဆိုးညစ်ယုတ်မာခဲ့သော မင်းပုည၏ အရိပ်မည်းကြီးက အဖမဲ့သားအဖြစ် ကြီးပြင်းလာခဲ့ရသည့် မြသင်းကြူ၏သားဖြစ်သူ လှိုင်ဘွားအပေါ်၌ အရိပ်ပမာစွန်းထင်ကာ စိတ်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။

မင်းပုည၏သား လှိုင်ဘွားသည်ကား ငယ်စဉ်ကတော့ ထက်မြက်သူဖြစ်၏။ သို့သော်ငြား အဖမဲ့သား၊ လူယုတ်မာ၏သွေးဟူ၍ ပတ်ဝန်းကျင်က နှိမ်ချိုးကာ အဖက်မတန်သလို ဆက်ဆံခြင်းကို အခါခါခံရသဖြင့် တဖြည်းဖြည်း စိတ်အချဉ်ပေါက်လာပြီး လောကကို ငယ်စဉ်ကတည်းကပင် နာကျည်းမိခဲ့သူဖြစ်၏။

ဝမ်းရေးအတွက် မုန့်ဟင်းခါးရောင်းကာ သားအမိနှစ်ယောက်၏ဘဝကို ဖြစ်သလို ရုန်းကန်နေရရှာသော မိခင်ကြီးအား လှိုင်ဘွားသည် ကူညီလုပ်ကိုင်ပေးရင်း အားလပ်ချိန်များတွင် ရွယ်တူကလေးများနှင့် ကစားလေတိုင်း ဖခင်၏အရိပ်မည်းကြောင့် အနှိမ်ခံရသည်တွင် စိတ်ဆတ်စိတ်ကြီးသူပီပီ လက်မြန်ခြေမြန်ဖြင့် ထိုသို့နှိမ်ချပြောလာကြသူများကို အငြိုးတကြီး တုန့်ပြန်လေတော့၏။

သို့ကြောင့် လှိုင်ဘွားအား ရွယ်တူကလေးများက ရှုံကြသလို ၎င်းတို့၏မိဘများသည်လည်း ဘမျိုးဘိုးတူ၊ ဆိုးသွမ်းသည့်ကောင်လေး၊ ဖခင်၏စရိုက်ဆိုးသွေးဆိုး သန္ဓေပါလာသူလေးဟူ၍





စွပ်စွဲကာ သူတို့၏ကလေးများအား လှိုင်ဘွားနှင့် ရောနှောဆော့ကစားခြင်း မပြုကြရန် အပြင်းအထန် တားမြစ်ကြလေ၏။

ထို့ကြောင့် လှိုင်ဘွားသည် အရွယ်ရလာသည်နှင့်အမျှ အပယ်ခံဘဝရောက်သွားပြီး သင်းကွဲမျောက်နှယ် ဖြစ်သွားတော့၏။ လှိုင်ဘွားသည် ဤကဲ့သို့ အများ၏ဖယ်ကျဉ်ခြင်းခံရပြီး အနှိမ်ခံဘဝသို့ ရောက်ရသည်မှာ ခါတ်ပုံကိုသာမြင်ဖူး၍ လူကိုမမြင်ဖူးသေးသော သူ၏ဖခင်ကြောင့် ဖြစ်ရကြောင်း စိတ်ဝယ်စွဲမှတ်ထားကာ သူတို့သားအမိအား ရက်စက်စွာပင် ပစ်ခွာသွားခဲ့သည့် ဖခင်မင်းပုညကို စိတ်ဝယ်အနာကြီးနာလျက် ရှိပေတော့၏။

ထိုနေ့မှာလည်း ကလေးတို့ဂေဟာ အိမ်ကြီးဝယ် ကလေးတစ်စုနှင့် ပြဿနာဖြစ်ခဲ့သည်ကြောင့် စိတ်ညစ်ညစ်ဖြင့် တမန်းမော့တံတားဝယ် တစ်ယောက်တည်း ငေါင်းစင်းစင်းဖြင့် လာထိုင်နေမိခြင်း ဖြစ်သည်။

လှိုင်ဘွားသည် ရိုးတံတားလေးပေါ် ဝယ်ထိုင်ရင်း အပြောကျယ်လှသည့် ကောက်ပင်စိမ်းစိမ်းများ စိုက်ပျိုးထားရာ လယ်တောတစ်ခွင်ကို ငေးရီကြည့်နေစဉ် တံတားပေါ်သို့ တစ်စုံတစ်ယောက်တက်လာသဖြင့် တံတားလှုပ်သွားရာ သူလည်း တံတားပေါ်တက်လာသူကို ဖြတ်ကနဲ လှည့်ကြည့်လိုက်လေ၏။

ထိုတံတားပေါ်သို့ တက်လာသူကား ဤမြို့လေးနှင့်အနီးဆုံး မရမ်းချိုရွာမှ ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးမိလ



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်၏။

ဆရာတော်ဦးဝိမလမှာ တံတား၏လက်ရမ်းဝါးလုံးကို ထိန်းကိုင်ရင်း ပျဉ်းကတိုးကြမ်းခင်းပေါ်မှ တစ်လှမ်းချင်း ကြွလှမ်းလာရာ ထိုတံတားလေးမှာ တစ်ထွာခန့်ရှိသော ပျဉ်ပြားတစ်ချပ်တည်းသာ ခင်းထားသည်ကြောင့် တံတား၏အလယ်ခန့်တွင် ထိုင်နေသည့် လှိုင်ဘွားကို ရှောင်ကွင်းသွားရန် မဖြစ်နိုင်ပေ။

ထိုအခါ လှိုင်ဘွားက တံတားပေါ်မှ ရိုးထဲသို့ ခုန်ချလိုက်ပြီး ပေါင်လယ်ခန့်မြုပ်လျက်ရှိသော ရိုးထဲမှနေ၍ လက်အုပ်ချီကာ ဆရာတော်အား ရှိခိုးဂါရဝပြုလိုက်လေ၏။

ဆရာတော်ဦးဝိမလမှာ ရိုးထဲသို့ ရွှံ့အပေခံ၊ ရွှံ့ရေများ အစိုခံပြီး သူ့အား လမ်းဖယ်ပေးလိုက်သည့် လှိုင်ဘွားကို သေချာစွာ ငုံ့ကြည့်တော်မူလိုက်ပြီး . . .

"မင်းက မြသင်းကြူရဲ့သား လှိုင်ဘွားဆိုတဲ့ကလေး မဟုတ်လားကွယ့်"

ဟု မေးလိုက်ရာ လှိုင်ဘွားကလည်း လက်အုပ်ချီလျက်က . . .

"မှန်ပါ့ဘုရား . . . တပည့်တော်လှိုင်ဘွားပါ"

ဟု ဖြေလိုက်၏။

"ဩ . . . လူဆိုးလေးလို့ ကျော်ကြားတဲ့ လှိုင်ဘွားက ရဟန်းသံဃာတော် ကြွလာတော့လည်း ဂါရဝပြုပြီး လမ်းဖယ်ပေး





ရမှန်း၊ ရှိခိုးကန်တော့ရမှန်း သိသကိုးကွယ့်၊ ဒါထက် မင်းအတန်းကျောင်းရော နေရဲ့လားကွယ့် . . . ဒကာလေးရဲ့"

"မှန်ပါ့ . . . တပည့်တော် အတန်းကျောင်းလေးပဲ တက်နိုင်ခဲ့ပါတယ်၊ အင်္ဂလိပ်ကျောင်း ဆက်တက်ချင်ပေမယ့် တပည့်တော်အမေက မုန့်ဟင်းခါးရောင်းနေရတော့ ငွေကြေးမပြေလည်တာကြောင့် မတက်ရတာပါ"

ဟု ဖြေလိုက်ရာ လှိုင်ဘွား၏စကားကြောင့် ဆရာတော်ဦးဝိမလလည်း ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . . .

"ကောင်းကွယ့်၊ ခုခေတ်လို လောကဓါတ်ပညာတွေ ထွန်းကားနေတဲ့ကာလမှာ အရေးအဖတ်အတွက် အခြေခံလေးမှ မတတ်ဘူးဆိုရင် မင်းရဲ့ဘဝဟာ အမှောင်ထဲ နစ်သထက်နစ်သွားမှာပေါ့။ ဒကာလေး . . . မင်း ငါ့ကျောင်းမှာ လိုက်နေပြီး စာသင်မလားကွယ့်၊ ငါ့ကျောင်းက မောင်ပဥ္စင်းကုသက လောကဓါတ်ကျောင်းက ခုနှစ်တန်းအောင်ပြီး ဘုန်းကြီးလုပ်နေတာ၊ သူက ကျောင်းသားတွေကို စာသင်ပေးနေတယ်ကွယ့်၊ လောကဓါတ်ကျောင်းမှာလို ပိုက်ဆံမကုန်ဘဲ စာသင်ရမယ်၊ ဘယ့်နှယ်လဲ"

ဟုမေးလိုက်ရာ လှိုင်ဘွားလည်း အားတက်ပျော်ရွှင်သည့် မျက်ဝန်းဖြင့် . . .

"မှန်ပါ . . . တပည့်တော် စာသိပ်သင်ချင်ပါတယ် ဘုရား၊ ဒါပေမယ့် ဆရာတော့်ကျောင်းမှာ လိုက်နေဖို့တော့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်မထင်ပါဘူး ဘုရား"

"ဘယ်လိုကြောင့်လဲကွယ့်"

"တပည့်တော် အိမ်မှာနေမှ ဖြစ်မှာပါဘုရား၊ အမေဈေးရောင်းတာကို ပိုင်းကူပေးရမှာ ဖြစ်လို့ပါဘုရား"

ဟု လှိုင်ဘွားက အကျိုးသင့်အကြောင်းသင့် လျှောက်လိုက်ရာ ဆရာတော်က သဘောကျစွာ ပြုံးလိုက်ပြီး . . .

"ရော် . . . အမေကိုတော့ သိတတ်သားကွယ့်၊ ဒီလိုဆိုလိမ္မာသားပဲ၊ အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . . ပါကွယ်"

ဟု ဘုန်းတော်ကြီး၏ ချီးကျူးစကားကို ကြားရလေလျှင် လှိုင်ဘွားမှာ များစွာပီတိဖြစ်သွားလေ၏။ သူ၏ဘ၀တွင် တစ်ပါးသူ၏ ချီးကျူးမှုကို ယခုလို တစ်ခါမျှ မခံရဖူးပေ။

"ကဲ . . . ဒါဆို မင်းတကယ်စာသင်ချင်ရင် မင်းအမေကို ကူလုပ်ပေးပြီးလို့ အားလပ်တဲ့အချိန်မှာ ရွာက ငါ့ရဲ့ကျောင်းကို လာခဲ့ကွယ်၊ မင်းကို မောင်ပဥ္စင်းကုသက သင်ပေးပါလိမ့်မယ်၊ ညနေစောင်းတော့ အိမ်ပြန်ပေါ့၊ မင်းတို့မြို့နဲ့ ငါ့ရွာက နှစ်မိုင်လောက်ပဲ ဝေးတာပါ"

"တင်ပါ့ဘုရား၊ ဒါဆို တပည့်တော် ဆရာတော့်ကျောင်းမှာ စာလာသင်ပါ့မယ် ဘုရား"

သို့ဖြင့် နောက်နေ့မှစ၍ လှိုင်ဘွားဟူသော အဖမဲ့သား





လေးသည် မရမ်းချိုရွာမှ ဆရာတော်ဦးဝိမလ၏ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းသားတစ်ဦးအဖြစ် တက်ရောက်ပညာသင်ကြားလေတော့၏။

လှိုင်ဘွားသည် အခြားကျောင်းသားများထက် ဉာဏ်ရည်ဉာဏ်သွေး များစွာထက်မြက်သူဖြစ်ရာ ဦးပဥ္စင်းကုသ သင်ကြားပေးသမျှစာများကို အခြားကျောင်းသားများထက် ပိုမိုတတ်မြောက်လွယ်ပြီး မကြာမီလပိုင်းအတွင်းမှာပင် အတော်ဆုံးကျောင်းသားအဖြစ် အသိအမှတ်ပြုခြင်းကို ခံရလေ၏။

ဦးပဥ္စင်းကုသမှာ အင်္ဂလိပ်ကျောင်းထွက်ဖြစ်သောကြောင့် ကျောင်းသားများအား သဒ္ဒါ၊ သဂြိုလ် စသည့် ဘုန်းကြီးစာများ သင်ကြားပြသရသည်ထက် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား၊ သင်္ချာ၊ ပထဝီဝင် စသည့် လောကဓါတ်ပညာများ၊ သိပ္ပံပညာရပ်များကို သင်ကြားလိုသူဖြစ်၏။

သို့သော် ဉာဏ်ရည်ထုံထိုင်းသော အချို့ကျောင်းသားများမှာ ဦးပဥ္စင်းကုသ သင်ကြားပြသပေးသည်ကို ဉာဏ်မှီအောင် မလိုက်နိုင်ဘဲ ရှိနေလေ၏။ လှိုင်ဘွားမှာမူ ဦးပဥ္စင်းကုသ သင်ကြားပေးသမျှကို လျင်မြန်စွာ လိုက်နာသင်ယူနိုင်ပြီး နောင်အခါမှာတော့ ဦးပဥ္စင်းသည် အင်္ဂလိပ်စာနှင့် လောကဓါတ်ပညာရပ်များကို လှိုင်ဘွားတစ်ဦးတည်းကိုသာ သီးသန့်သင်ပေးလေတော့၏။

သည့်အပြင် ဦးပဥ္စင်းကုသမှာ အင်္ဂလိပ်လက်ထွေ့ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ဆင် (Boxing) ကို ကောင်းစွာတတ်မြောက်ထားသူဖြစ်ပြီး ဝါသနာကြီးလှသူဖြစ်ရကား ဘောက်ဆင်လက်ဝှေ့အိတ်တစ်လုံးကို ရန်ကုန်သို့ လူကြုံမှာကာ ဝယ်ယူလိုက်လေ၏။

ဘောက်ဆင်လက်ဝှေ့အိတ်များ ရောက်ရှိလာသည်တွင် ကျောင်းဘေးမြေတလင်း ကွက်လပ်ဝယ် ကျောင်းသားကြီးများအား ဘောက်ဆင်လက်ဝှေ့ပညာကို သင်ကြားပေးလေတော့၏။

ဦးပဥ္စင်းကုသသည် ကျောင်းသားများအား လက်ဝှေ့ပညာကို အခြေခံမှစကာ ကျနစွာ သင်ပေးပြီးနောက် ပြင်းပြင်းထန်ထန် လေ့ကျင့်စေလျက် ပညာရည်အတော်အတန်ဝလာပြီဟု စိတ်ချရသည့် အခြေအနေတွင် လက်ရည်သွေးသည့်အနေဖြင့် ကျောင်းသားအချင်းချင်းကို လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်စေ၏။

ထိုသို့ဖြင့် လှိုင်ဘွားသည် တဖြည်းဖြည်း အရွယ်ကြီးရင့်လာပြီး တစ်နှစ်ခန့်အကြာတွင် ၎င်းကျောင်းရှိ ကျောင်းသားများကြားဝယ် ပြိုင်ဖက်ကင်းသူတစ်ယောက် ဖြစ်လာပြီး အများ၏ အထင်ကြီးအားကျမှုကို ခံရလေ၏။

ထိုသို့ဖြင့် လှိုင်ဘွားသည် ဦးပဥ္စင်းဦးကုသထံမှ ဘောက်ဆင်လက်ဝှေ့ပညာရပ်နှင့် အင်္ဂလိပ်စာအပါအဝင် လောကဓါတ်ပညာများစွာကို ငါးနှစ်ခန့် အပတ်တကုတ် ကြိုးစားသင်ယူခဲ့ပြီးသည့်နောက်ဝယ် သူ၏ဘဝမှာ မမျှော်လင့်သော အကြောင်းတရားများ ကြုံတွေ့ရပြီး ဘဝက တစ်ဆစ်ချိုး ပြောင်းလဲသွားတော့၏။





ပထမဆုံး အပြောင်းအလဲမှာ သူ၏ဆရာ ဦးပဥ္စင်းကုသသည် ရဟန်းဘောင်ကို ငြီးငွေ့ပြီး ရုတ်တရက် လူဝတ်လဲကာ အိမ်ယာထူထောင်သွားပြီး ဘုံဘေဘားမား သစ်ကုမ္ပဏီတွင် သစ်စာရေးအဖြစ် ဝင်ရောင်အမှုထမ်းသွားခြင်းဖြစ်၏။ ထို့နောက် မရှေးမနှောင်းမှာပင် ကျောင်းထိုင်ဆရာတော်ကြီး ဦးဝိမလသည်လည်း အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ နာမကျန်းဖြစ်ကာ ပျံလွန်တော်မူသွားပြန်၏။ ထိုအခါ လှိုင်ဘွားသည် သူသံယောဇဉ်ကြီးလှသည့် ဆရာတော်ကြီးနှင့် ဦးပဥ္စင်းတို့ မရှိတော့သည့်နောက်ဝယ် ဘုန်းကြီးကျောင်းသားဘဝမှ မိမိဖာသာ နုတ်ထွက်လိုက်လေ၏။

နောက်တစ်နှစ်ခန့်အကြာဝယ် သူ၏မိခင်ကြီး ဒေါ်မြသင်းကြူလည်း အဆုတ်ရောင်ရောဂါဖြင့် ကွယ်လွန်သွားပြန်ရာ လူပျိုကြီးဖားဖားဖြစ်နေသည့် လှိုင်ဘွားသည် သူ့ရင်ထဲ၌ ငယ်စဉ်ကတည်းက သန္နေတည်ခဲ့သည့် ဆန္ဒအား အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ပြီး မိခင်ကြီးအမွေအဖြစ် ချန်ထားခဲ့သည့် အိမ်ကလေးအား ရောင်းချပြီးနောက် ဇာတိမြို့ကလေးမှ ထွက်ခွာခဲ့တော့၏။

ငယ်စဉ်ကတည်းက သန္နေတည်ခဲ့သည့် ပြင်းပြသော ဆန္ဒသည်ကား သူတို့မိသားစုကို လူမဆန်စွာ ရက်ရက်စက်စက် ပစ်ခွာသွားခဲ့သည့် သူ၏ဖခင်ကြီးအား ရှာဖွေရန်ပင် ဖြစ်တော့၏။

ဤကဲ့သို့ တာဝန်မဲ့သော ဖခင်ဖြစ်သူနှင့် ဆုံဆည်းခဲ့ရပါက သူ၏တာဝန်မဲ့ခဲ့သော လုပ်ရပ်အတွက် နောင်တရသွားစေ



www.burmeseclassic.com

www.burmeseclassic.com



ရန် တစ်ခုခုကို လုပ်ဆောင်နိုင်လိမ့်မည်ဟု လှိုင်ဘွားသည် အခိုင်အမာ ယုံကြည်ထားလေ၏။

သူ၏မိခင်ကြီးမှာ အသက်အရွယ်ငယ်ငယ်နှင့် နေပူမိုးရွာမရှောင် ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသလို ခါးသည်းနာကျည်းကြေကွဲဖွယ်ဘဝ၊ နိမ့်ကျညှိုးငယ်ခဲ့ရသည့် အပယ်ခံဘဝတို့အတွက် တစ်စုံတစ်ရာ ပြန်လည်ပေးဆပ်ရန် ဖခင်မင်းပုညမှာ တာဝန်ရှိသည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သန်မာထွားကျိုင်းသော လုလင်ပျိုတစ်ယောက်အဖြစ် လှိုင်ဘွားသည် မိမိကိုယ်မိမိ ရပ်တည်နိုင်ပြီဟု ယုံကြည်ပြီး ငွေသားသုံးထောင်ကိုပိုက်ကာ ဖခင်ရှာပုံတော်ဖွင့်ဖို့ ထိုအရပ်ဒေသကို ကျောခိုင်းစွန့်ခွာခဲ့တော့၏။

* * * *



BURMESE CLASSIC .com

## အခန်း (၈)

## ပျောက်သောသူ့ ရှာလျှင်တွေ့

လှိုင်ဘွားသည် ဦးပဥ္စင်းကြီးကုသထံတွင် ပညာသင်ကြားစဉ်ကတည်းက မြန်မာပြည်မြေပုံအကြောင်း၊ မြို့ရွာများအကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးသွားလာပုံ၊ လူ့အဖွဲ့အစည်းအသီးသီး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ စသဖြင့် သင်ကြားခဲ့လေရာ ၎င်းသင်ကြားမှုများက ထိုသို့စွန့်စား၍ ထွက်ခွာလာသည့် သူ့အားအထောက်အပံ့များစွာ ရရှိစေခဲ့၏။

ထို့အတူ အတွေ့အခေါ် အသစ်များ၊ ဗဟုသုတများလည်း တိုးပွားရရှိခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်မြို့ဝင်၊ တစ်မြို့ထွက်ဆိုသလို ကုန်းလမ်း၊ ရေလမ်းများဖြင့် မရပ်မနား ခရီးဆက်ခဲ့ရာ ဆယ့်ငါးရက်ဟူသော နေ့မှာတော့ မြန်မာနိုင်ငံနယ်စပ်မြို့လေးတစ်မြို့သို့ ရောက်ရှိခဲ့လေ၏။

ထိုမြို့လေး၏အမည်မှာ မူဆယ်မြို့ဟူ၍ ဖြစ်၏။

သူသည် ခရီးစဉ်တစ်လျောက်တွင် သူ၏ဖခင်ဓါတ်ပုံကို မကြာခဏဆိုသလို ထုတ်ကြည့်စမြဲဖြစ်၏။ အကြိမ်ပေါင်းမရေမတွက်နိုင် ကြည့်ဖြစ်နေသော ထိုပုံရိပ်မှာ နှလုံးသား၌ စူးတစ်ချောင်းစိုက်ဝင်နေသည့်ပမာ စွဲမြဲနေပြီဖြစ်၏။

ထိုဒေသသို့ အရောက်သွားရခြင်းမှာလည်း ဖခင်သည် ၎င်းဒေသ၌ အခြေချနေထိုင်သည်ဟု ဖခင်ကြောင့် သေဆုံးသွားခဲ့သည့် ဒေဝီဟူသော မိန်းမကြီးပြောခဲ့သည့် စကားများကြောင့် ဖြစ်သည်။

မြို့ကလေးမှာ ထင်သလောက် ကျယ်ဝန်းခြင်း မရှိလှသဖြင့် နေရာအနှံ့ လိုက်လံကြည့်ရှုသည့်ကိစ္စမှာ ရက်အနည်းငယ်အတွင်း နေရာစုံသွား၏။

ထို့နောက်မှာတော့ သူသည် ဒေသခံအချို့ကို ရွေးချယ်ပြီး ဖခင်၏ဓါတ်ပုံကိုပြ၍ အလျင်းသင့်သလို စုံစမ်းမေးမြန်းလေ၏။ ထိုသို့ စုံစမ်းရင်းဖြင့် တစ်နေ့မှာတော့ လွန်စွာစိတ်ဂင်စားဖွယ်ကောင်းသည့် သဲလွန်စတစ်ခုကို ကြားသိရလေ၏။





ဒေသခံရှမ်းလူမျိုး ကုန်သည်ကြီးတစ်ဦးထံမှ သိခဲ့ရခြင်းဖြစ်သည်။

"မင်းရဲ့ဓါတ်ပုံထဲက ရုပ်မျိုးနဲ့ ခပ်ဆင်ဆင်တူတဲ့ လူတစ်ယောက်တော့ ဒီနယ်တစ်ဝိုက်မှာ ရှိခဲ့ဖူးတာတော့ အမှန်ပဲ၊ သူ့နာမည်က မင်းပြောတဲ့ မင်းပုညတော့ မဟုတ်ဘူး၊ ထူးခြားတဲ့နာမည်တစ်မျိုးပေါ့၊ မိုးမှောင်တဲ့၊ ဒီဓါတ်ပုံထဲက အသက်အရွယ်မျိုးတော့ မဟုတ်ပေမယ့် မျက်လုံး၊ မျက်ခုံးနဲ့ မျက်နှာအကျကတော့ ဒီပုံထဲက လူဆိုတာ သေချာပါတယ်"

"ဟုတ်ကဲ့ . . . အဲဒီ မိုးမှောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက အခုရော ဒီနယ်မြေမှာ ရှိသေးသလား"

"ငါသိရသလောက်တော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကပဲ ကချင်ဒေသဖက်မှာ ပြောင်းရွှေ့အခြေချလိုက်တယ် ဆိုတာပဲ၊ ဟုတ်မှာပါလေ . . . အဲဒီလိုလူမျိုးက အမြဲတမ်း နေရာရွှေ့ပြောင်းရမှာပေါ့"

"ထူးဆန်းတာပေါ့နော်၊ တစ်နေရာတည်းမှာ အခြေချနေထိုင်တာမျိုး မဟုတ်ဘဲ ပြောင်းရွှေ့သွားတယ်ဆိုတော့ သူက ဘာလုပ်ငန်းများ လုပ်ကိုင်လို့လဲ"

"လုပ်ငန်းတွေက များလွန်းလို့ ပြောဖို့တောင် ခက်တယ်၊ ဒါပေမယ့် လုပ်ငန်းအများစုကတော့ ကောင်းတဲ့အလုပ်တွေ မဟုတ်ဘူး၊ ဒီနယ်တစ်ဝိုက်မှာ သူ့အကြောင်းတွေရော သူ့လုပ်ငန်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေရော သိပ်မပြောဝံ့ကြဘူး၊ သူ့မှာ တပည့်တပန်းတွေ အများကြီးရှိတယ်၊ သူနဲ့ အဆင်မပြေလို့ကတော့ အဲဒီလူအဖို့ လူ့ဘဝ နေဝင်ချိန်ရောက်ပြီလို့ မှတ်ပေတော့ . . . ”

“တကယ့်ကို အံ့ဩစရာပဲ ဦးကြီးရယ်၊ ဒီအတိုင်းဆိုရင် အဲဒီပုဂ္ဂိုလ်ကြီးက အတော့်ကို ဆိုးတဲ့မိုက်တဲ့သူပေါ့”

“ဆိုးတာမိုက်တာတော့ ပြောမနေပါနဲ့တော့၊ နောက်ဆုံး နမ့်ခမ်းဘက်မှာ ကုန်သည်တစ်စု ဓါးပြအတိုက်ခံရတယ်၊ ကုန်သည်တွေမှာ သေနတ်တွေပါတော့ ဓါးပြတွေကို ခုခံပစ်ခတ်ကြတယ်၊ အဲဒီမှာပဲ ဓါးပြတွေက ကုန်သည်အားလုံးကို ပစ်သတ်လိုက်ကြတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဗြိတိသျှစစ်တပ်ကရော၊ စီအိုင်ဒီ ပုလိပ်ဖက်ကရော စုံစမ်းထောက်လှမ်းပြုမူရာက အဲဒီဓါးပြမှုကြီး ကျူးလွန်တဲ့သူဟာ ဦးမိုးမှော်ဖြစ်ပြီး သူက အဲဒီဓါးပြအဖွဲ့ကို နောက်ကွယ်က ကြိုးကိုင်ကျူးလွန်ခဲ့တာလို့ သတင်းရခဲ့တယ်။

အဲဒီမှာတင် အင်္ဂလိပ်စစ်ဘာရီတပ်ရော၊ ပုလိပ်တပ်ကပါ ဦးမိုးမှော်အိမ်ကို သွားဝိုင်းပြီး အိမ်ထဲစီးနင်းဝင်ရောက်တော့ သူတို့တစ်ဖွဲ့လုံး ခြေရာပျောက်သွားကြတယ်၊ အဲဒီကတည်းက ဦးမိုးမှော်ရဲ့သတင်းကို ဒီနယ်ဘက်မှာ မကြားရတော့ဘူး၊ တစ်ချို့က ပြောတော့ ကချင်ဒေသဘက် ကူးသွားပြီလို့ ပြောတာပဲ”

ဟု သူသိသမျှကို ရှင်းပြလေ၏။ ထို့နောက် လှိုင်ဘွားသည် သူ့စိတ်ထဲ လွန်စွာသိချင်နေသည့် ကိစ္စတစ်ခုကို မေးလိုက်





ပြန်၏။

“သူ့မှာ မိန်းမနဲ့ သားသမီးတွေတော့ ရှိမှာပေါ့နော်”

“သားသမီးရှိတယ်လို့တော့ မကြားမိဘူး၊ မိန်းမကတော့ ဟောတစ်ယောက်၊ ဟောတစ်ယောက် ယူတာပဲဗျ၊ ဒါပေမယ့် သူယူတဲ့ မိန်းမတွေက သက်ဆိုးမရှည်ကြဘူး၊ တစ်နည်းနည်းနဲ့ မတော်တဆမှုဖြစ်ပြီး သေသွားကြတာချည်းပဲ၊ ပြောကြတာကတော့ သူဟာ မိန်းမတစ်ယောက်ကိုယူပြီး ငြိးငွေ့လာရင် လက်သည်မပေါ်အောင် သတ်ပစ်လေ့ရှိတယ်လို့ ဆိုတယ်တဲ့၊ ဘာပဲဖြစ်ဖြစ် သူဟာ သိပ်ကို ကြောက်ဖို့ကောင်းတဲ့ သူပဲ၊ သူနောက်ဆုံးယူခဲ့တဲ့ နမ့်ခမ်းသူလေးဆိုရင် ချောမှချောဗျာ၊ အဲဒါကို သူက ငွေနဲ့ပေါက်၊ သူ့တပည့်လူမိုက်တွေနဲ့ ကောင်မလေးရဲ့ မိဘတွေကို ခြိမ်းခြောက်ပြီး အတင်းသိမ်းပိုက်ခဲ့တာလေ။

အဲဒီကောင်မလေးကို ဇနီးမယားအဖြစ်ပေါင်းပြီး တစ်နှစ်လောက်ကြာတော့ သူတောပစ်ထွက်ရာမှာ ကောင်မလေးကိုလည်း ခေါ်သွားခဲ့တယ်၊ တောပစ်ထွက်ရာက ပြန်လာတော့ အဲဒီကောင်မလေး ပြန်ပါမလာတော့ဘူး၊ အမဲကောင်လိုက်ရင်း ချောက်တစ်ခုထဲကို ချော်ကျပြီး ကောင်မလေးသေသွားပြီလို့ သတင်းလွှင့်လိုက်တယ်၊ အခြားနေရာက ကြားရတဲ့သတင်းကတော့ အဲဒီကောင်မလေး ကိုယ်ဝန်ရှိလာချိန်မှာ ဦးမိုးမှော်ကလည်း ကောင်မလေးကို ငြူချင်နေတော့ နောက်ပိုင်းဇာတ်ရှုပ်လာမှာစိုးလို့ တောထဲခေါ် သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတ်ပစ်လိုက်တယ်လို့ သတင်းထွက်လာတာပဲ"

ရှမ်းလူမျိုးကုန်သည်ကြီးက သူသိသမျှကို ရှည်လျားစွာ စိတ်ပါလက်ပါရှင်းပြရာ ထိုစကားများကို နားထောင်ရင်း အတော် စိတ်မသက်မသာ ခံစားလိုက်ရ၏။

"တကယ့်ကို လူစိတ်ကင်းမဲ့ပြီး ယုတ်မာတဲ့လူပဲဗျာ"

"ဟုတ်တယ်ဗျ၊ အတော်လူမဆန်တဲ့ လူပဲ၊ ဒါထက် မင်းကရော ပုလိပ်စုံထောက်တစ်ယောက်ပဲလား၊ သူ့ရဲ့သတင်းကို ထောက်လှမ်းဖို့ ဒီဒေသကိုများ ရောက်လာတာလား"

ဟူ၍ ရှမ်းကုန်သည်ပုဂ္ဂိုလ်က စူးစမ်းသလိုမေးလေရာ လှိုင်ဘွားလည်း ရုတ်တရက် စကားရှာမရသဖြင့် အဆင်ပြေသလို ပြောလိုက်ရ၏။

"အဲဒီသဘောမျိုး မဟုတ်ပါဘူး ဦးကြီးရယ်၊ စိတ်ဝင်စားစရာကောင်းလွန်းလို့ မေးကြည့်မိတာ၊ ဦးကြီးကို ကျေးဇူးတင်ပါတယ်"

"အခုလို ဦးမိုးမှောင်အကြောင်း ပြောရဲတာကလည်း ဒီဒေသမှာ သူမရှိတော့လို့ပေါ့၊ သူရှိလို့ကတော့ သူ့အကြောင်းပြောဖို့ နေနေသာသာ၊ လေသံတောင် မထွက်ဝံ့ဘူး"

ထိုရှမ်းကုန်သည်ဦးကြီးထံမှ ကြားရသော ဦးမိုးမှောင်၏ စရိုက်မှာ သူ့ဖခင်၏စရိုက်များနှင့် အတော်လေးတူသဖြင့် ဦးမိုးမှောင်ဆိုသူ ဒုစရိုက်ရာဇာကြီးမှာ သူ့ဖခင်မင်းပုညများ ဖြစ်နေမည်





လားဟု စဉ်းစားတွေးဆနေမိ၏။ ထို့နောက်မှာတော့ လှိုင်ဘွားသည် သံမိဋ္ဌာန်ချထားသည့်အတိုင်း ရရှိသည့် သဲလွန်စအပေါ် ရေဆုံးမြေဆုံး လိုက်လံစုံစမ်းလေ၏။

သူသည် ဦးမိုးမှောင်ဆိုသူ၏သတင်းကို နမ့်ခမ်းဒေသအထိ သွားရောက်စုံစမ်းရာ ဒေသခံအချို့ထံမှ ဦးမိုးမှောင်၏သတင်းကို ထပ်မံသိရှိရပြန်၏။ ဦးမိုးမှောင်တို့လူစုမှာ မြစ်ကြီးနားဘက်တွင် ပြောင်းရွှေ့လှုပ်ရှားနေသည်ဟူ၍ ဖြစ်၏။

လှိုင်ဘွားသည် အနည်းငယ်မျှ စိတ်မပျက် ဦးမိုးမှောင်ဆိုသူ၏နောက်သို့ မီးခိုးကြွက်လျှောက်လိုက်ရန် ဆုံးဖြတ်ထားသည့်အတိုင်း နမ့်ခမ်းမှ ကုန်ကားတစ်စီးနှင့်အတူ မံစီသို့ လိုက်ပါခဲ့လေ၏။

ဗြိတိသျှစစ်တပ်သုံးကားဟောင်းကို ပြုပြင်ထားသည့် ကုန်ကားကြီးဖြင့် တောလမ်းခရီးကို ဖြတ်သန်းခရီးဆက်ခဲ့ခြင်း ဖြစ်သည်။

ထိုခရီးတွင် တောင်ကျချောင်းများ၊ သဲချောင်းများကို ဖြတ်သန်း၍လည်းကောင်း၊ တောင်ကမ်းပါးယံကိုကပ်ပြီး ဖောက်လုပ်ထားသည့် အန္တရာယ်များလှစွာသော တောင်ပေါ်လမ်းများကို ကျော်လွှား၍လည်းကောင်း၊ ချိုင့်ဝှမ်းလွင်ပြင်များကို ဖြတ်သန်း၍လည်းကောင်း အခက်အခဲ အမျိုးမျိုးကို ကျော်ဖြတ်ပြီး ငါးရက်ခန့်အကြာတွင် မံစီသို့ရောက်ရှိလေ၏။

လှိုင်ဘွားသည် မံစီမှတစ်ဆင့် ဗန်းမော်သို့ ခရီးဆက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ သူသည် ဗန်းမော်တွင် နှစ်ရက်မျှ အနားယူပြီးနောက် ခရီးသည်တင်ကားဖြင့် ဝိုင်းမော်သို့ လိုက်ပါခဲ့ကာ ထိုမှတစ်ဖန် မြစ်ကြီးနားသို့ ကူးခဲ့လေ၏။

မြစ်ကြီးနားသို့ရောက်သည်တွင် လှိုင်ဘွားသည် ထမင်းဆိုင်တစ်ဆိုင်၌ တည်းခိုနေထိုင်ရင်း ဦးမိုးမှောင်၏သတင်းကို မသိမသာ ခြေရာခံစုံစမ်းလေ၏။

လှိုင်ဘွားတည်းခိုသော ထမင်းဆိုင်သည် မြစ်ကြီးနားဈေးနှင့် နီးသဖြင့် တစ်မနက်ခင်းတွင် ဈေးဖက်သို့ ထွက်လာရင်း အခြေအနေကို စူးစမ်းနားစွင့်လေ၏။

ဈေးထဲသို့ လျှောက်လှမ်းဝင်လာစဉ် လမ်းဘေး၌ အခင်းလေးတစ်ထည်ခင်းကာ ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်ခြောက်များစသည့် သဘာဝတောတောင်ထွက် ပရဆေးပစ္စည်းမျိုးစုံတို့ကို အခင်းပေါ်တင်ကာ သူ့အပုံလေးနှင့်သူ ရောင်းနေသည့် အသားညိုညို လူကြီးတစ်ဦးနှင့် မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရ၏။

ထိုလူကြီး၏နံဘေး၌ ဆွဲယ်တာအင်္ကျီအညိုရောင်နှင့် ဘောင်းဘီပွပွ အနက်ရောင်ကိုဝတ်ကာ ဘောင်းဘီ၏ခြေဖျားပိုင်းကို စုစည်းလျက် သားရေလည်ရှည်ဖိနပ်ထဲ သွင်းထားသော မိန်းမပျိုတစ်ဦးထိုင်နေသည့် နေရာသို့အရောက်တွင် လှိုင်ဘွား၏ ခြေလှမ်းများမှာ တုန့်ကနဲ ရပ်တန့်လို့သွား၏။

ထိုသို့ ဖြစ်သွားရခြင်းမှာ ထိုလူကြီးက သူ့အား စိတ်ဝင်





စားလွန်းသော မျက်နှာဖြင့် စိုက်ကြည့်နေသည်ကို သတိပြုမိလိုက်သောကြောင့် ဖြစ်သည်။

သူက ထိုလူကြီးကို တစ်ချက်ပြန်ကြည့်လိုက်ပြီး ရှေ့သို့ဆက်လှမ်းသွားမည်ပြုစဉ် ထိုလူကြီးက လက်တစ်ဖက်ကို ရုတ်ခနဲမြှောက်လျက် တားမြစ်ဟန်ပြုလိုက်ပြီး . . .

"ဟေ့ . . . ဒီမှာ သူငယ် . . ."

ဟုခေါ်လိုက်ရာ လှိုင်ဘွားလည်း အံ့အားသင့်စွာဖြင့် ထိုလူကြီးကို လှည့်ကြည့်လိုက်လေ၏။

"ဒီမှာ သူငယ် . . . မင်း ဒီမြို့က ဟုတ်ပုံမရဘူး၊ မင်းကိုကျုပ် ဒီမြို့မှာတော့ မတွေ့ဖူးဘူး၊ ဒါပေမယ့် တစ်နေရာရာမှာတော့ မင်းလိုမျက်နှာမျိုးကို ရင်းရင်းနှီးနှီး တွေ့ဖူးသလိုပဲ"

ဟုပြောလိုက်ရာ ထိုလူကြီး၏နံဘေးတွင် ထိုင်နေသော မိန်းမပျိုလေးက လှိုင်ဘွားကို အားနာစွာ ကြည့်လိုက်ပြီး . . .

"အို . . . အဖေကလည်း ကိုယ်ကိုယ်တိုင် အသေအချာမသိဘဲ သူများလမ်းသွားနေတာကို နှောက်ယှက်သလိုဖြစ်နေပြီ၊ အားနာစရာကောင်းလိုက်တာ"

ဟုပြောလိုက်ပြီး လှိုင်ဘွားကို အားတုန့်အားနာမျက်ဝန်းဖြင့် ကြည့်လေ၏။

သို့သော်လည်း ထိုပုဂ္ဂိုလ်ကြီးက သမီးစကားကို အရေးမစိုက်ဘဲ ထိုင်ရာမှ ထရပ်လိုက်ပြီး လှိုင်ဘွား၏မျက်နှာကို အနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး . . .

"စိတ်တော့ မရှိပါနဲ့ ငါ့တူ၊ မင်းကို ကျုပ်မြင်လိုက်ရတော့ ကျုပ်နဲ့ သိပ်ရင်းနှီးတဲ့ လူနှစ်ယောက်ကို သွားသတိရမိတယ်၊ ဟုတ်တယ် . . . ကျုပ်က သူတို့နှစ်ဦးနဲ့ သိပ်ရင်းနှီးပြီး သူတို့နှစ်ဦးရဲ့ အဖြစ်ကလည်း ကျုပ်ဘဝအတွက် ဘယ်လိုမှ မေ့နိုင်စရာမရှိလို့ သူတို့ရဲ့ရုပ်သွင်တွေကို ကျုပ်ရဲ့အသည်းထဲမှာ စွဲနေအောင် မှတ်မိနေတယ်၊ မင်းက သူတို့နှစ်ယောက်ပေါင်းစပ်ထားသလို ရုပ်ရည်မျိုးရှိတယ်၊ ဒါကြောင့် မင်းကို ကျုပ်တွေ့ဖူးတယ်လို့ ထင်မိတာ၊ ဟုတ်တယ် . . . မင်းဟာ ကျုပ်ရဲ့မိတ်ဆွေ မင်းပုညရဲ့မျက်ခုံး၊ မျက်လုံး၊ နှာတံတွေနဲ့ အတော်တူသလို မြသင်းကြူနဲ့လည်း နှုတ်ခမ်းနဲ့ မျက်နှာကျက အတော်တူနေတယ်"

ဟုပြောလိုက်ရာ လှိုင်ဘွားမှာ လွန်စွာအံ့သြသွားရပြီး ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် မင်သက်ငေးမောသွား၏။ မျက်ဝန်းတွေလည်း အထိတ်တလန့် ပြူးကျယ်လို့သွားသည်။ သို့ဖြစ်နေရာမှ သူသည် အားရဝမ်းသာလေသံဖြင့် . . .

"ဘယ် . . . ဘယ်လို . . . မင်းပုညနဲ့ မြသင်းကြူ . . . ဟုတ်လား၊ သူ . . . သူတို့ကို ဦးကြီးသိလို့လား"

ဟု ဒရောသောပါး မေးလိုက်လေ၏။

"သိတာပေါ့၊ ကျုပ်မြေလတ်က မြို့လေးမှာ နေခဲ့တုန်းက ကျုပ်ရဲ့အလုပ်ရှင်သမီးက မြသင်းကြူလေ၊ ဘာလဲ . . . မောင်ရင်





လေးက သူတို့ကို သိနေလို့လား"

ထိုစကားများကြောင့် လှိုင်ဘွားသည် မမျှော်လင့်ဘဲ သူ၏မိဘများနှင့် သိကျွမ်းသော အထူးသဖြင့် သူ၏ကျေးဇူးရှင်မိခင်ကြီးကို သိရှိနေသော သိဟောင်းကျွမ်းဟောင်းတစ်ဦးကို ဤကဲ့သို့ နယ်မြေဒေသအစိမ်းဝယ် တွေ့လိုက်ရသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး . . .

"သိတာပေါ့ ဦးကြီးရယ်၊ ဒေါ်မြသင်းကြူက တစ်ခြားလူ ဟုတ်ရိုးလား၊ ကျွန်တော့်ရဲ့အမေပေါ့"

ဟု ပြောလိုက်သည်နှင့် ထိုပုဂ္ဂိုလ်ကြီးမှာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး ဘာမှထပ်မပြောနိုင်ဘဲ တွေတွေငေးငေးကြီး ဖြစ်သွားတော့၏။

အတန်ကြာ ထိုသို့ဖြစ်နေပြီးနောက် တုန်လှုပ်အက်ရှသော အသံကွဲကွဲကြီးနှင့် ပြောလာ၏။

"မင်း . . . မင်းက မြသင်းကြူရဲ့သား . . . ဟုတ်လား၊ ဒါ . . . ဒါဆို မင်းက ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့ရဲ့မြေးပေါ့"

"ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော့်ရဲ့အဘိုး ဦးမိုးထိဟာ ကျွန်တော်တို့မြို့ရဲ့ အချမ်းသာဆုံး လူတွေထဲက ရတနာကုန်သည်ဖြစ်ပြီး အဘွားကတော့ ဒေါ်မိမိခိုင်ဖြစ်တယ်လို့ အမေပြောပြထားလို့ သိနေပါတယ်၊ ဒါထက် ဦးကြီးကရော ဘယ်သူလဲ"

ဟု လှိုင်ဘွားက တစ်ဆက်တည်း ပြန်လည်ဖြေကြားသော်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ သူသိချင်တာလည်း ပြန်မေးလိုက်၏။

"အင်း . . . ကျုပ်နာမည်က ဒေါ်အောင်ကြီးလို့ ခေါ်ပါတယ်၊ ကျုပ်က မောင်ရင်လေးရဲ့ အဘိုးအဘွားတွေအိမ်မှာ မြင်းရထားမောင်းတဲ့လူပေါ့"

ဟုတစ်လုံးချင်း ပြောလိုက်ရာ လှိုင်ဘွားမှာ ဦးအောင်ကြီးအား ခပ်တွေတွေကြီး စိုက်ကြည့်နေမိ၏။ သူ၏အကြည့်ဝယ် အံ့သြခြင်း၊ စိတ်အလိုမကျခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ ရောထွေးလျက်ရှိသည်ကို ဦးအောင်ကြီးဆိုသော ပုဂ္ဂိုလ်မှာ ရိပ်မိသွားပုံရ၏။

ဦးအောင်ကြီးသည် သက်ပြင်းမောကိုချရင်း သူ၏ဈေးအခင်းလေးကို ကွေ့ပတ်ကာ လှိုင်ဘွားအနီးသို့ လျှောက်လှမ်းလာပြီး လှိုင်ဘွား၏လက်မောင်းနှစ်ဖက်ကို ခပ်လျော့လျော့ဆုပ်ကိုင်လျက် ရီဝေသည့်မျက်လုံးများဖြင့် ကြည့်ရင်း . . .

"မင်းအဖေနဲ့အမေရဲ့ ဇာတ်လမ်းကို လူလေးသိပြီးသားထင်တယ်၊ အဲဒီဇာတ်လမ်းမှာ ကျုပ်ဟာ အမိကဇာတ်ကောင်တစ်ဦးပေါ့၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး လူလေးကို ကျုပ်ပြောချင်တဲ့စကားတွေ အများကြီးရှိတယ်၊ လူလေး . . . ကျုပ်ရဲ့အိမ်ကို လိုက်ခဲ့ပါကွယ်"

ဟု ဆို့နင့်ကြေကွဲသည့်အသံဖြင့် ပြောလိုက်လေ၏။

လှိုင်ဘွားမှာ သူ၏မိဘနှစ်ဦး၏ဇာတ်လမ်းကို ယခင်ကတည်းက မိခင်ဖြစ်သူ ပြောပြထား၍ အလုံးစုံသိထားပြီးဖြစ်လေရာ





မျက်မှောင်ကြီးကုပ်ပြီး တွေငေးငေးဖြစ်နေရာမှ ဦးအောင်ကြီးကို ခေါင်းမော့ကြည့်လိုက်ကာ . . .

"ကောင်းပါပြီ၊ ဦးကြီးဆီကလည်း ကျွန်တော့်ရဲ့အဖေမင်းပုညအကြောင်းကို သိချင်ပါသေးတယ်၊ ကျွန်တော် အခုဇာတိမြို့လေးက အပြီးထွက်လာခဲ့တာလည်း မင်းပုညဆိုတဲ့ ကျွန်တော့်အဖေကို ရှာဖွေဖို့ပဲ၊ ကျွန်တော် ဦးကြီးရဲ့အိမ်ကို လိုက်ခဲ့ပါ့မယ်"

ဟု လေသံမှန်မှန်ဖြင့် ပြောလိုက်လေ၏။

ထိုအခါမှ ဦးအောင်ကြီးက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး သူ၏ဘေးဝယ်ရှိနေသော မိန်းမပျိုလေးအား . . .

"ကဲ . . . သမီးရေ . . . ဆိုင်သိမ်းလိုက်တော့၊ အဖေတို့ဒီနေ့အိမ်ကို စောစောပဲ ပြန်ကြမယ်၊ ဒီက မောင်လှိုင်ဘွားလည်း ကျုပ်တို့နဲ့တစ်ပါတည်း လိုက်ခဲ့ပေါ့"

ထို့နောက် သူတို့နှစ်ဦးသည် တောတောင်ထဲမှထွက်သော ဆေးဖက်ဝင်ပစ္စည်းများကို အိတ်ကြီးနှစ်လုံးဖြင့် ထည့်လိုက်ပြီး ထိုအိတ်များကို ဝါးလုံးဖြင့်လျှိုကာ ထမ်းလိုက်ပြီးနောက် . . .

"ကဲ . . . မောင်လှိုင်ဘွား . . . လူလေး၊ ကျုပ်တို့အိမ်ကို သွားကြရအောင် . . ."

ဟုပြောပြီးသည်နှင့် ဈေးထဲမှ ထွက်ခွာခဲ့ကြတော့၏။

ဦးအောင်ကြီး၏နောက်ပါးမှ လှိုင်ဘွားက တိတ်ဆိတ်စွာ လိုက်ပါခဲ့ပြီး ၎င်း၏သမီးကမူ ခြင်းတစ်လုံးကိုဆွဲလျက် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်ပါလာလေ၏။

မြစ်ကြီးနားမြို့စွန် ရပ်ကွက်တစ်ခုသို့အရောက်တွင် ၄င်းရပ်ကွက်အနောက်ဘက်ပိုင်းရှိ ခြေတံရှည်အိမ်ငယ်လေးတစ်လုံးမှာ ဦးအောင်ကြီး၏အိမ်ဖြစ်ပြီး အတန်ငယ်ကျယ်ဝန်းသော ခြံထဲတွင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အိမ်၏နောက်ဖက်တွင် တောင်ကျချောင်းငယ်လေးတစ်ခုရှိ၏။

ခြံဝန်းအတွင်းဝင်ရောက်ပြီး အိမ်ပေါ်သို့ ရောက်ရှိသည်နှင့် ဦးအောင်ကြီးက အိမ်ရှေ့ဝရံတာတွင် နေရာထိုင်ခင်းစီစဉ်ပေးပြီး လှိုင်ဘွားကို ဒေသစားသောက်ဖွယ်ရာတို့ဖြင့် ဧည့်ဝတ်ပြုလေ၏။ ထိုစဉ်မှာပဲ ဦးအောင်ကြီး၏ သမီးဖြစ်သူက မီးဖိုဆောင်သို့ ဝင်သွားပြီး မီးမွှေးကာ ရေနွေးအိုးတည်လေ၏။

"ကဲ . . . လူလေး . . . လှိုင်ဘွား၊ ဘာမှအားနာစရာမရှိဘူး၊ လွတ်လွတ်လပ်လပ်သာ နေ . . ."

ဟုပြောပြီး ဦးအောင်ကြီးသည် နဖူးမှချွေးတို့ကို ခေါင်းမှာပေါင်းထားသည့် သဘက်ကြီးဖြင့် သုတ်လိုက်လေ၏။

လှိုင်ဘွားကလည်း ကျေးဇူးတင်စကားပြောပြီး ဝရံတာမှနေ၍ အိမ်ခြံရှေ့သို့ ငေးကြည့်နေမိ၏။ ဤမြို့စွန်ရပ်ကွက်ကလေးမှာ တောင်ကုန်းတောင်စွယ်လေးများပေါ်၌ တည်ရှိပြီး ခြံဝန်းကျယ်နှင့် ခြေတံရှည်အိမ်လေးတို့မှာလည်း တောင်ကုန်းများပေါ်မှာ တစ်ချို့ရှိပြီး တောင်ကုန်းမြင့်အောက် ချိုင့်ဝှမ်းမှာ တစ်ချို့ခပ်ကျဲကျဲ





တည်ရှိနေသဖြင့် ၄င်းရှုခင်းကို မြင်တွေ့ရသည်မှာ ဆောင်းနှင်းဖြူဝေ့ဝေ့အောက်ဝယ်ရှိသည့် ပန်းချီကားတစ်ချပ်နှယ် ခံစားရလေ၏။

ဦးအောင်ကြီးသည် ဆေးတံကို မီးညှိပြီး တစ်ဖွာနှစ်ဖွာဖွာရှိုက်ရင်းက လှိုင်ဘွားကို အကဲခတ်ကြည့်နေလေ၏။ ထိုသို့ကြည့်နေရင်းက . . .

"လူလေး . . . လှိုင်ဘွား၊ မင်းက မင်းရဲ့အဖေ မင်းပုညကိုရှာဖို့ ဒီမြစ်ကြီးနားကို ရောက်လာတာပေါ့ . . . ဟုတ်လား"

ဟု မေးလိုက်ရာ . . .

"ဟုတ်ပါတယ် . . . ဦးကြီး၊ ကျွန်တော် သူနဲ့ သိပ်တွေ့ချင်တယ်၊ သူဘယ်မှာရှိသလဲဆိုတာ ဦးကြီးသိရင် ကျွန်တော့်ကို လမ်းညွှန်ပေးစေချင်တယ်"

"အင်း . . . သူဘယ်မှာရှိသလဲဆိုတာ အသာထားပါဦး၊ သူ့ကို မင်းက ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ အဲ . . . ဟို . . . မင်းအမေက သူ့ကိုရှာခိုင်းလိုက်လို့လား"

ထိုစကားကြောင့် လှိုင်ဘွားက ရုတ်တရက် မဲ့ပြုံးပြုံးလိုက်ပြီး . . .

"အမေဆုံးပါးသွားတာ နှစ်လကျော်သွားပါပြီ ဦးကြီး"

"ဟေ . . ."

ဟူသော အာမေဋိတ်အသံကြီးမှာ ဟိန်းလျက်ထွက်ပေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြီး၏ မျက်နှာကြီးမှာလည်း ရှုတ်ချည်းပင် ပြုံတော့မည့်မိုးနှယ် ညှို့မှိုင်းသွားကာ နှုတ်မှလည်း "ဖြစ်မှဖြစ်ရလေ . . . ဖြစ်မှဖြစ်ရလေ . . ." ဟု တစ်ဖွဖွဆိုနေရင်းမှ သက်ပြင်းတစ်ချက်ရှိုက်လိုက်လေ၏။

"တကယ်တော့ ဒါတွေဟာ ငါ့ညံ့ဖျင်းနုံ့အခဲ့လို့ ဖြစ်ခဲ့ရတာပါ၊ ငါညံ့ခဲ့လို့ဖြစ်တာ . . ."

ဟူ၍ ဦးအောင်ကြီးက သူ့ကိုယ်သူ အပြစ်တင်ကာ တစ်ဖွဖွငြီးငြူလျက် ရှိတော့၏။

ထိုစဉ် ဦးအောင်ကြီး၏သမီးဖြစ်သူက ဆတ်သားခြောက်ကို မီးဖုတ်ပြီး နှမ်းဆီဆမ်းကာ ရေနွေးပန်းနှင့်အတူ ဝရံတာရှိသူတို့ရှိရာသို့ရောက်လာပြီး သူမကပါ ဖခင်၏နံဘေးတွင် ဝင်ထိုင်လိုက်လေ၏။

ဦးအောင်ကြီးက သမီးဖြစ်သူကို လှမ်းကြည့်လိုက်ပြီး . .

"သမီးရေ . . . ဖေဖေတို့ရဲ့ ကျေးဇူးရှင်မလေး မြသင်းကြူဆုံးသွားပြီတဲ့"

ဟု စိတ်နှလုံးကြေကွဲသံကြီးဖြင့် ပြောလိုက်လေ၏။

ထိုအခါ သမီးဖြစ်သူမှာ စိတ်မကောင်းဖြစ်သွားပြီး နှုတ်မှ "အို . . ." ဟူသော အာမေဋိတ်သံတစ်ချက် ထွက်ပြူသွားပြီး-

"အင်း . . . မြေလတ်မြို့လေးကနေ သမီးတို့မိသားစုပြောင်းလာတော့ သမီးက လေးနှစ်ပဲရှိသေးလို့ အဲဒီတုန်းက အဖြစ်





အပျက်တွေကို သိပ်မသိပေမယ့် ဖေဖေရော မေမေပါ ပြောပြလို့ ဒေါ်လေးမြသင်းကြူအကြောင်းကို သိခဲ့ရတယ်၊ ဒေါ်လေးကို ရင်ထဲမှာ အလိုလို ခင်မင်နေမိပြီး သနားနေမိတယ်၊ ခုတော့ အဲဒီ သနားစရာကောင်းတဲ့ ဒေါ်လေးမြသင်းကြူတစ်ယောက် မရှိတော့ဘူးပေါ့နော်"

ဟု ခပ်တိုးတိုးပြောကာ ဝမ်းနည်းကြေကွဲသည့် မျက်နှာဖြင့် ရှိနေလေ၏။

ဦးအောင်ကြီးက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး . . .

"လူလေး . . . လှိုင်ဘွားရယ်၊ အဲဒီတုန်းက ဦးကြီးဟာ တော်တော်တုံး၊ တော်တော်အ ခဲ့တာကွ၊ ရိုးလွန်းတော့ အ,ဆိုသလိုပေါ့ကွာ၊ ဦးကြီးရဲ့အလုပ်ရှင်ဖြစ်သလို ကျေးဇူးရှင်လို့လည်း ပြောလို့ရတဲ့ ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့က ကိုယ့်ကိုစိတ်ချယုံကြည်လို့ မြသင်းကြူလေးကို ရထားလုံးနဲ့ နေ့စဉ်နေ့တိုင်းပဲ ကျောင်းပို့ကျောင်းကြိုလုပ်ခိုင်းခဲ့တာ၊ အဲဒီမှာပဲ အလုပ်တစ်ခုကိုလုပ်ရင် စီမံကိန်းချပြီး လုပ်တတ်သလို ပရိယာယ်မာယာတွေ ကြွယ်ဝစွာသုံးပြီး တစ်ဖက်သားကို နည်းမျိုးစုံနဲ့ ဖြားယောင်းသွေးဆောင်တဲ့နေရာမှာ ထိပ်တန်း၊ ရှာမှရှားတဲ့ လူလေးဖခင်မင်းပုညက ဦးကြီးကို ပရိယာယ်မာယာမျိုးစုံသုံးပြီး ချဉ်းကပ်အသုံးချသွားတာကို ခံခဲ့ရတယ်လေ။

ဦးကြီးရော မြသင်းကြူပါ အရိုးခံတွေဆိုတော့ လူလေးကြီးမင်းပုညက ဗျူဟာမျိုးစုံနဲ့ လှည့်စားပြီး မြသင်းကြူကို မြှူဆွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းပြီးတော့ အပိုင်ချိုင်သွားတာပေါ့ကွာ၊ သူက မြသင်းကြူကို သူဌေးသမီးဆိုပြီး အပိုင်ချိုင်လိုက်ပေမယ့် ဦးမိုးထိတို့က သူ့သမီးကို အမွေပြတ်စွန့်လွှတ်လိုက်တော့ သိုက်သမားမင်းပုညအဖို့ မှန်းချက်နဲ့နှမ်းထွက်မကိုက် ဖြစ်သွားတာပေါ့၊ အဲဒီမှာတင် မင်းပုညက မြသင်းကြူကို ကိုယ်ဝန်ကြီးနဲ့ စွန့်ပစ်တဲ့အထိ လူမဆန်တဲ့လုပ်ရပ်မျိုး လုပ်ခဲ့တာပဲ၊ တော်တော့်ကို ယုတ်မာပက်စက်တဲ့ ကောင်ကွာ . . . တောက်"

ဦးအောင်ကြီးမှာ ပြောရင်း ဒေါသဖြစ်လာပုံရ၏။ ထိုအခါ သမီးဖြစ်သူက မနေသာတော့ဘဲ သူ့ဖခင်စကားများကို ဟန့်တားလိုက်လေ၏။

"အို . . . ဖေဖေကလည်း မောင်လေးလှိုင်ဘွားရဲ့ရှေ့မှာ သူ့ဖခင်အကြောင်းကို ဒီလောက်အထိပြောဖို့ မသင့်ပါဘူး၊ အားနာစရာ ဖေဖေရယ်"

သို့သော်လည်း ဦးအောင်ကြီးမှာ ရင်တွင်းခံပြင်းမှုများကို အတော်နှင့် ထိန်းချုပ်၍မရအောင် ဖြစ်နေ၏။

သူသည် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

"ဦးကြီးသဘောပေါက်ပါပြီ၊ လူလေးတွေ့ချင်တဲ့သူကို တွေ့ရမှာပါ၊ ဦးကြီးလည်း သူ့ကို တွေ့ချင်နေတာပါ၊ ဦးကြီးကို ခုတုံးလုပ်အသုံးချပြီး မြသင်းကြူလေးကို အရသုတ်သွားတာကို ခွင့်လွှတ်လို့ရပေမယ့် ရိုးသားဖြူစင်တဲ့ ကြာခြေရှင်မလေး၊ အရိုးခံ





အပျိုစင်မလေးကို မာယာမျိုးစုံသုံးပြီး လှည့်ဖြားရယူပြီးမှ ကိုယ်ဝန်လည်း လွယ်ထားရရော ရက်ရက်စက်စက် ပစ်သွားခဲ့တာကိုတော့ ဦးကြီး လုံးဝခွင့်လွှတ်လို့မရဘူး"

ဟု အံကြိတ်လျက် ထပ်မံပြောလိုက်ပြန်၏။

"ဒါဆို ကျွန်တော့်ဖေဖေရှိတဲ့နေရာကို ဦးကြီးက သိတယ်ပေါ့ . . . ဟုတ်လား"

လှိုင်ဘွားက စိတ်အားထက်သန်စွာ မေးလိုက်သည်တွင် ဦးအောင်ကြီးက ဆေးတံကို မီးညှိလိုက်ပြီး တစ်ဖွာနှစ်ဖွာ ဖွာရှိုက်လိုက်ပြီးမှ . . .

"ဒီလိုကွ . . . လူလေးရဲ့၊ ဦးကြီး သေချာပြောပြမယ်၊ မြေလတ်မြို့လေးမှာ မင်းပုညက မြသင်းကြူကို ခိုးပြေးသွားတော့ ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့က အရှက်ကြီးရှက်၊ ဒေါသပုန်အကြီးအကျယ်ထပြီး သမီးကိုလည်း ပစ်ပယ်၊ မြို့ထဲက ရတနာရွှေဆိုင်ကိုလည်း ပိတ်၊ သူဌေးကုန်းရပ်ကွက်က အိမ်ကြီးကိုပါ ရောင်းပြီး မော်လမြိုင်ဘက်ပြောင်းဖို့ လုပ်ကြတယ်၊ သူတို့ မော်လမြိုင်ဘက်ကိုပြောင်းဖို့ဘာလို့စီမံရတာလဲဆိုတော့ ဦးမိုးထိတို့ လင်မယားနှစ်ယောက်စလုံးက မော်လမြိုင်ဘက်မှာ ဆွေမျိုးသားချင်း လုံးဝမရှိဘူးလေ၊ တစ်ခါမှလည်း မရောက်ဖူးကြဘူး၊ အဲဒီလို ဆွေမျိုးညာတိမရှိတဲ့ အရပ်ကိုပြောင်းမှ လူလေးအဖေနဲ့အမေတို့ လိုက်မလာနိုင်မှာလေ၊ မထင်မှတ်တဲ့နေရာကိုပြောင်းပြီး တစ်ခါတည်း ခြေရာဖျောက်တဲ့ သ[illegible]ဘာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမော်လမြိုင်မြို့မှာ ဦးမိုးထိရဲ့မိတ်ဆွေဟောင်း လူခံရှိတယ်ဆိုပြီး ပြောင်းဖို့စီစဉ်တာပါပဲ၊ သူတို့ပြောင်းမယ်လုပ်တော့ ဦးကြီးတို့ မိသားစုကိုပါ သူတို့နဲ့ တစ်ပါတည်းလိုက်ခဲ့ဖို့ ခေါ်ကြပါသေးတယ်၊ ဒါပေမယ့် ဦးကြီးဘက်မှာက မြသင်းကြူခိုးရာလိုက်ဖြစ်သွားခဲ့တာဟာ ဦးကြီးရဲ့အလုပ်ရှင်ဖြစ်တဲ့ ဦးမိုးထိနဲ့ ဒေါ်မိမိခိုင်တို့အပေါ်မှာ သစ္စာမဲ့ခဲ့တယ်လို့ ကိုယ့်ကိုယ်ကို လိပ်ပြာမလုံဖြစ်ပြီး သူတို့ဆီမှာ ဆက်ပြီးအလုပ်မလုပ်ချင်တော့တာနဲ့ သူတို့ပြောင်းရွှေ့တဲ့ဆီ မလိုက်တော့ဘဲ ဦးကြီးတို့ရဲ့ဆွေမျိုးတွေရှိရာ ပျဉ်းမနားဘက်မှာသွားပြီး အခြေချခဲ့တယ်။

ပျဉ်းမနားမှာ ကျုပ်တို့ရှိနေတုန်း မြသင်းကြူအပေါ်မှာ မင်းပုညဘယ်လောက်သစ္စာမဲ့နေတဲ့အကြောင်း သတင်းတွေ၊ ဒါတင်မက နောက်ထပ်အမျိုးကောင်းသမီးလေး တစ်ယောက်ကို ခိုးပြေးသွားတဲ့ သတင်းတွေ၊ အဲဒီမိန်းကလေးဟာလည်း မင်းပုညရဲ့ စွန့်ပစ်ခြင်းကိုခံရပြီး မိဘဆီပြန်လာရာက မီးတွင်းထဲမှာ သေသွားရှာတဲ့ သတင်းတွေကို ကြားခဲ့ရပါတယ်ကွယ်၊ အဲဒီတုန်းက ဦးကြီးဟာ မြသင်းကြူဆီသွားပြီး သတင်းမေးအားပေးချင်ပါရဲ့၊ ဒါပေမယ့် မြသင်းကြူလေးကို မင်းပုညနဲ့ နီးစပ်သွားအောင် အားပေးကူညီသလိုဖြစ်ခဲ့တဲ့ ဦးကြီးအနေနဲ့ မြသင်းကြူကို မျက်နှာချင်းဆိုင်ဖို့ မဝံ့ရဲတာကြောင့် အဲဒီစိတ်ကူးကို ဖျက်လိုက်ရတယ်။

ဦးကြီးရဲ့ဇနီးကလည်း နောက်တစ်နှစ်မှာပဲ မိန်းမရောဂါနဲ့





သေဆုံးသွားတော့ ဦးကြီးလည်း ပျဉ်းမနားမှာ ဆက်မနေချင်တော့ဘဲ ဦးကြီးရဲ့ဇာတိဖြစ်တဲ့ ပောဒီမြစ်ကြီးနားကို သမီးလေးလက်ဆွဲပြီး ပြောင်းလာခဲ့တာ၊ အခုဆိုရင် ဆယ့်ခြောက်နှစ်ရှိရောပေါ့၊ ဒီရောက်တော့ ဦးကြီးရဲ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့အတူ အစက မြစ်ကြီးနားရဲ့အရှေ့ဖက်ခြမ်းက တောတောင်တွေမှာ အံမဲလိုက်ပြီး အသက်မွေးဝမ်းကြောင်းပြုခဲ့တယ်။

သမီးလေးမြနု အရွယ်ရောက်လာတော့ သမီးက သတ္တဝါတွေ သတ်ဖြတ်ဖမ်းဆီးတဲ့ အလုပ်ကိုမလုပ်ဖို့ ဦးကြီးကို အကြိမ်ကြိမ်တားမြစ်တာကြောင့် ဦးကြီးလည်း အဲဒီအလုပ်ကို စွန့်လွှတ်လိုက်ပြီး ဒီကချင်ဒေသရဲ့ တောတောင်အနှံ့ခြေဆန့်လို့ ပရဆေးပင်တွေ၊ ဂမုန်းပင်၊ ဂမုန်းဥတွေအပြင် အခြားဆေးဖက်ဝင်အပင်၊ အမြစ်၊ အရွက်၊ သစ်ဥသစ်ဖုမျိုးစုံကို ရှာဖွေတူးဖော်စုဆောင်းပြီး မြစ်ကြီးနားဈေးမှာ ရောင်းချရင်းက အသက်မွေးဝမ်းကြောင်းပြုခဲ့တယ်။

တောထဲတောင်ထဲမှာ ဆေးမြစ်ဆေးဥတွေ သွားရှာတဲ့အခါဖြစ်ဖြစ်၊ သစ်ခွသွားရှာတဲ့အခါဖြစ်ဖြစ် သမီးလေးမြနုလည်း လိုက်ပါလေ့ရှိတယ်၊ ဈေးထဲမှာ ချရောင်းတဲ့အခါမှာလည်း အတူလိုက်ပြီး ရောင်းချပေးလေ့ရှိတယ်၊ ဒါပေမယ့် တစ်နေ့မှာတော့ မန္တလေးက ကုန်သည်တစ်ယောက်က မှာတာနဲ့ မချစ်ဥတွေ[illegible]ဖို့ ဦးကြီးဟာ တောနက်တွေထဲတိုး၊ တောင်မြင့်မြင့်တွေ ဖြတ်သန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လှိုမြောင်တွေကို မွှေနှောက်ခဲ့ရာက ချီဗွေဖက်ကို ရောက်အသွား မှာ ဓါးပြအုပ်စုတစ်စုနဲ့ တိုးခဲ့ရတယ်။

အဲဒီဓါးပြအဖွဲ့ရဲ့ခေါင်းဆောင်ဟာ လူလေးအဖေမင်းပုည ဖြစ်နေတယ်၊ သူတို့ဟာ ချီဗွေကနေ ငါးမိုင်ကျော်ဝေးတဲ့ တောင်ကြီးဒေသမှာ အခြေချနေတာကို ဦးကြီးလည်း အမှတ်မထင်ဘဲ သိလိုက်ရတယ်၊ သူတို့ကတော့ သစ်ပင်မြင့်တွေပေါ်က စောင့်ကြည့်အကဲခတ်နေတဲ့ ဦးကြီးကို မမြင်ကြဘူး၊ လူလေးအဖမင်းပုည ဦးဆောင်တဲ့ အဖွဲ့ထဲမှာ ချီဗွေက ကြေးရေတတ်ဂုဏ်သရေရှိတွေ လည်း ပါနေတာကို တွေ့လိုက်ရတော့ ဦးကြီးအလွန့်ကို အံ့သြ မင်သက်သွားမိတယ်။

သူတို့အဖွဲ့ရဲ့အမည်က ကြောင်နက်ရှင်ဂိုဏ်းလို့ အမည် တွင်တာပဲ၊ သူတို့ဟာ လက်နက်နဲ့ ဓါးပြတိုက်ရာပါပစ္စည်းတွေကို အဲဒီလှိုအောက်က သဘာဝကျောက်ဂူကြီးထဲမှာ လှို့ဝှက်ပြီး သိမ်းဆည်းကြတာကို ဦးကြီးမြင်ခဲ့ရတယ်၊ ကြောင်နက်ရှင်ဂိုဏ်းရဲ့ ဦးစီးဦးဆောင် ဓါးပြခေါင်းဆောင်တွေ အားလုံးက ဓါးပြတိုက်ပြီးရင် တိုက်ရာပါပစ္စည်းတွေနဲ့ လက်နက်တွေကို ကျောက်ဂူကြီးထဲမှာပဲ သိုဝှက်ထားခဲ့ပြီး ချီဗွေမြို့ဆီကို ပိပိရိရိ မင်သေသေနဲ့ ပြန်သွားကြပြီး လူကြီးလူကောင်းလို နေထိုင်သွားလာကြတယ်၊ မင်းပုည ကတော့ အဲဒီအထဲမှာ အဓိပတိဂိုဏ်းချုပ်ကြီး ဖြစ်နေလေရဲ့။

မင်းပုညက ချီဗွေမြို့ပေါ်မှာရော၊ အနီးဝန်းကျင်တစ်ဝိုက်





မှာပါ ချမ်းသာကြွယ်ဝသူ ကျောက်ကုန်သည်ကြီးတစ်ဦးအဖြစ် ထင်ရှားနေပြီး သူ့ရဲ့ကျေးဇူးနဲ့ မကင်းကြသူတွေရဲ့အပေါ်မှာ အတော်သြဇာညောင်းတယ်ဆိုပဲကွ၊ သူ့မှာ တပည့်တပန်း လူမိုက်တွေက လည်း ပေါမှပေါပဲ၊ အဲဒီလို အနေအထားမျိုးရှိနေတဲ့ မင်းပုညကို ရင်ဆိုင်ဝင်တွေ့ဖို့ဆိုတာတော့ မလွယ်ဘူးကွ၊ ပြီးတော့ သူ့ရဲ့နာမည်ကလည်း ငါတို့သိထားတဲ့ မင်းပုညမဟုတ်တော့ဘူး၊ ဦးမိုးမှောင် ဆိုတဲ့အမည် ပြောင်းထားတယ်"

ဟု ဦးအောင်ကြီးက ရှည်လျားစွာ ရှင်းပြသည့်စကားကို အဆုံးသတ်လိုက်လေ၏။ လှိုင်ဘွားသည် လွန်စွာအံ့သြဖွယ်ကောင်းသည့် စကားများကို ကြားလိုက်ရသဖြင့် မချိတင်ကဲလေသံဖြင့်-

"သြ . . . နမ့်ခမ်းတို့ မူဆယ်တို့ဘက်မှာ ကျော်ကြားတဲ့ ဦးမိုးမှောင်ဆိုတာ ကျွန်တော့်ရဲ့ဖခင်ကြီး မင်းပုညကိုး"

ဟုပြောလိုက်ပြီး နာကျင်စွာ ပြုံးလိုက်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## မိုးစိုးကြွက်လျှောက်

ဦးအောင်ကြီးသည် ချီဗွေသို့ ခရီးနှင်ရန် လွန်စွာစိတ်အားတက်ကြွစွာ စီစဉ်ဆောင်ရွက်လေ၏။

သူသည် မြစ်ကြီးနားမြို့အရှေ့ဖက်ရှိ မြင်းခြံပိုင်ရှင်တစ်ဦးနှင့် ရင်းနှီးကာ မြင်းခြံပိုင်ရှင်က ငှင်းမွေးမြူထားသည့် မြင်းများကို ကဖူး၊ နမ္မတီး၊ မိုးကောင်း စသည့်မြို့များသို့ လေးကောင်တစ်တွဲ၊ ငါးကောင်တစ်တွဲ စသည်ဖြင့် ဝယ်သူမှာကြားသည့်အတိုင်း ပို့ပေးရ၏။

ထိုသို့မှာကြားသည့် မြင်းများကို ပို့ရသည့်အခါ ဦးအောင်





ကြီးတို့လို တောမုဆိုးများကိုသာ အားကိုးရလေ၏။ ယခုလည်း ချီဗွေသို့ မြင်းလေးကောင်ပို့ပေးရန်ရှိနေရာ ဦးအောင်ကြီးကပင် ငှင်းမြင်းများကိုပို့ရန် တာဝန်ယူလိုက်လေ၏။

"လှိုင်ဘွား . . . လူလေး၊ ဦးကြီးတို့ နောက်နှစ်ရက်ဆို ခရီးထွက်လို့ရပြီ၊ မြင်းကောင်းကောင်းစီးတတ်တယ် မဟုတ်လား"

ထိုစကားကြောင့် လှိုင်ဘွားသည် သဘောကျစွာ ပြုံးလိုက်ပြီး . . .

"ကျွန်တော်တို့ ဇာတိမြို့လေးအကြောင်းကို ဦးကြီးလည်း သိနေသားပဲ၊ ယာဉ်အဖြစ် အားပြုသုံးနေရတော့ မြင်းတွေကလည်း ပေါ၊ မြင်းဇောင်းတွေကလည်း ပေါတော့ မြင်းဆိုတာ ကျွန်တော်တို့အဖို့ တကယ့်ကစားစရာလို ဖြစ်နေတာလေ၊ မြင်းစီးတာလောက်ကတော့ ထမင်းစားရေသောက်ပါ ဦးကြီးရာ"

ဟု လှိုင်ဘွားက ပြုံးပြီးပြောလိုက်ရာ ဦးအောင်ကြီးမှာ မြင့်မားသော အရပ်၊ ယောက်ျားပီသကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်ဖြင့် ချောမောပြေပြစ်သော လှိုင်ဘွားကို အားရကျေနပ်စွာ ပြုံးကြည့်လိုက်ပြီး ပခုံးကို ရင်းနှီးနွေးထွေးစွာ ဖက်လိုက်၏။ ထို့နောက် ခရီးထွက်ရန်အတွက် ယူဆောင်သွားရမည့် ပစ္စည်းများကို သမီးဖြစ်သူ မြနုနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး စနစ်တကျပြင်ဆင်လေ၏။

ထူးခြားသည်မှာ သူတို့ခရီးစဉ်တွင် လှပနုနယ်သော မိန်း



www.burmeseclassic.com

www.burmeseclassic.com



မချောလေးမြနုလည်း ယောကျ်ားလေးနှစ်ဦးနှင့်အတူ ရင်ဘောင်တန်းလိုက်ပါခြင်း ဖြစ်၏။ မြနုသည် ဖခင်ကြီးနှင့်အတူ ထိုသို့ခက်ခဲကြမ်းတမ်းသော ခရီးများကို လိုက်ပါဖူးသူဖြစ်ရာ ခရီးစဉ်အတွက် လိုအပ်မည့် အသုံးအဆောင်ပစ္စည်းများကို သူမကိုယ်တိုင် စုဆောင်းဝယ်ယူလေ၏။

မြူနှင်းဝေသည့် ဆောင်းဦးနံနက်ခင်း နေ့တစ်နေ့တွင် သူတို့သည် ခရီးစဉ်ကို စတင်လိုက်ကြ၏။ ထိုနေ့သည် မှတ်မှတ်ရရ မြစ်ကြီးနားမြို့သို့ လှိုင်ဘွားရောက်ရှိသည့် ငါးရက်မြောက်နေ့ဖြစ်သည်။

သူတို့သည် မြင်းလေးကောင်နှင့်အတူ မြစ်ကြီးနားမြို့၏ အရှေ့ဘက်ရှိ ဧရာဝတီမြစ်ကို မော်တော်ငယ်များဖြင့် ဖြတ်ကူးကြ၏။ သူတို့နှင့်အတူ မြင်းလေးကောင်လည်းပါလာရာ ၄င်းမြင်းများကိုလည်း အခကြေးငွေများစွာပေးကာ မော်တော်ပေါ် တစ်ပါတည်းတင်ယူခဲ့ကြ၏။

ဆတ်ချိုဆိပ်သို့ မော်တော်ဆိုက်ကပ်သည့်အခါ မြင်းလေးကောင်အနက် တစ်ကောင်စီကို ကိုယ်စီစီးလိုက်ကြပြီး ကျန်သည့်မြင်းတစ်ကောင်ကိုတော့ ဦးအောင်ကြီးက ဆွဲခေါ်ခဲ့လေ၏။

ဦးအောင်ကြီးသည် ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ လည်ရှည်ဖိနပ်တို့ကို ဝတ်ဆင်ကာ ခါးတွင် ဂေါ်ရခါးဓါးကောက်ကြီးကို ချိတ်ဆွဲထား၏။ ကျောဘ်၌လည်း ဒူးလေးတစ်လက်နှင့် မြားကျည်





တောက်တစ်ခုကို စလွယ်သိုင်းထားရာ တောမုဆိုးကြီး၏ သွင်ပြင်ဟန်ပန် အပြည့်ဆောင်လျက်ရှိ၏။

မြနုကမူ ဆံပင်ကို နောက်သို့လှန်ဖြီးထားပြီး ရှည်လျားသည့်ဆံပင်ကို အရင်းမှစုစည်းလျက် ဆွယ်တာအနီရဲရဲပေါ်မှ ဂျာကင်အင်္ကျီအညိုရောင်ပွပွကြီးကိုဝတ်ကာ ကိုယ်ကျပ်ဘောင်းဘီရှည်အနက်ကို ဝတ်ဆင်ထားပြီး ဝက်ဝံသားရေကို ပြောင်းပြန်လှန်ချုပ်ထားသည့် လည်ရှည်ဖိနပ်ကို စီးထားလေ၏။

သူမသည် ဖခင်ကြီးနှင့်အတူ တောတောင်ထဲတိုးဝင်ကာ အမဲလိုက်ထွက်၊ သစ်ဥသစ်ဖုများ ရှာဖွေဖူးသဖြင့် တောလမ်းခရီးနှင့်ရန် စိုးရိမ်ရွံ့ကြောက်ခြင်းမရှိသော်လည်း ယခုသွားရမည့်ခရီးမှာမူ သူမတစ်ခါမျှ မရောက်ဖူးသော နယ်မြေဒေသစိမ်းဖြစ်သည့်အပြင် ချီပွေသို့ ရောက်သည့်အခါတွင်လည်း ကြောင်နက်ရှင်ဒုစရိုက်အဖွဲ့ကြီးနှင့် ရင်ဆိုင်တွေ့ရမည့်အရေးကို ကြိုတင်တွေးတောရင်း ရင်ခုန်လှုပ်ရှားနေမိ၏။

ဦးအောင်ကြီးက မြင်းနှစ်ကောင်နှင့်အတူ ရှေ့ဆုံးမှဦးဆောင်ကာ မြင်းကို ခပ်မှန်မှန် ခပ်သွက်သွက်စီးသွားရာ လှိုင်ဘွားမှာ သူ၏နောက်မှ လိုက်ပါရလေ၏။ မြနုမှာမူ နောက်ဆုံးမှ ခပ်မှန်မှန်လိုက်ပါလာရင်း သက်ရင့်သစ်ပင်ကြီးတို့၏အထက်မှ ပင်စည်နှင့် အကိုင်းအချို့တွင် သစ်ခွပင်များ တွေ့လိုတွေ့ငြား ဟိုငေးသည်ငေးဖြင့် လိုက်ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လျှိုမြောင်အောက်ခြေမှ သဲချောင်းများ၊ စမ်းများကို ရေပြင်ထဲသို့ ဖြတ်ကာကူးကြပြီး အချို့မြောင်းသဲသာ ချောင်းများကိုမူ မြင်းဖြင့် ဖြတ်ကျော်ခုန်ကူးခဲ့ကြကာ ခပ်သော့သော့ပင် ခရီးနှင်ကြလေ၏။

ထိုသို့ ခရီးနှင်ခဲ့ကြရင်းမှ တောသည် တဖြည်းဖြည်း သိပ်သည်းနက်ရှိုင်းသည်ထက် နက်ရှိုင်းလာလေ၏။ ပတ်ပတ်လည်ရှိ တောင်တန်းကြီးများမှာလည်း မြင့်မားသည်ထက် မြင့်မားလာတော့၏။

သူတို့သည် တစ်နေကုန် ခရီးနှင်ခဲ့ကြပြီးနောက် ညဖက်သို့အရောက်ဝယ် လေကွယ်ရာ ကျောက်တောင်တစ်တောင်၏ နံဘေး၌ ရွက်ဖျင်တဲများထိုးကာ စခန်းချရပ်နားရလေ၏။

သို့ဖြင့် နောက်နှစ်ရက်ခန့် ခရီးကြမ်းနှင်ခဲ့ပြီးသည့်နောက် ညနေစောင်းတစ်ခုဝယ် ချီဗွေသို့ ရောက်ရှိကြလေ၏။

ချီဗွေကား ရေခဲဖုံးလွှမ်းသော တောင်တန်းများကို မရောက်မီ စခန်းချရာမြို့ဖြစ်သဖြင့် လူသူအတော်လေးစည်ကားသော မြို့လေးဖြစ်၏။ စားသောက်ဆိုင်များ၊ ယမကာဆိုင်များလည်း ပေါများကာ လူချမ်းသာများလည်း အတော်အတန်ရှိသည်ကြောင့် တင့်တယ်စည်ကားသော မြို့လေးဖြစ်ပေ၏။

ဦးအောင်ကြီးက မြင်းများကို မှာကြားထားသည့် မြင်းသူဌေးထံသို့ သွားရောက်အပ်နှံပေးပြီးနောက် ငှင်းစီစဉ်ပေးရာ





မြင်းခြံ၏နံဘေးမှ အိမ်ငယ်လေးတစ်လုံး၌ တည်းခိုနေထိုင်ခွင့်ရလေ၏။

"ကဲ . . . လူလေးလှိုင်ဘွား၊ ဒီညတော့ ငါတို့ ခရီးပန်းလာလို့ အားရပါးရအိပ်ကြပြီး နောက်နေ့မနက်ရောက်မှ မြို့ကို ပတ်မွှေလေ့လာကြတာပေါ့၊ ဒီမြို့ပေါ်မှာ မင်းပုညတို့အဖွဲ့ရှိတာ သေချာတယ်၊ ဒါပေမယ့် သူတို့က ဦးကြီးတို့ ဘယ်သူဆိုတာကို ရိပ်မိသွားလို့ မဖြစ်ဘူး၊ ဒါကြောင့် သိုသိုသိပ်သိပ်သာ နေပေတော့"

ဟု အထပ်ထပ် မှာကြားကာ ထိုညအဖို့ စောစီးစွာပင် အနားယူအိပ်စက်ကြတော့၏။

သူတို့သည် ခရီးပန်းလာသဖြင့် နှစ်ခြိုက်စွာ အိပ်စက်လိုက်ရသည်ကြောင့် နောက်တစ်နေ့နံနက်ခင်းတွင် အိပ်ယာမှ နိုးလာသည်နှင့် လန်းဆန်းပေါ့ပါးသွားလေ၏။

မြနုသည် စောစီးစွာပင် ချီဗွေဈေးသို့ ထမင်းဟင်းများ ချက်ပြုတ်ရန် ဈေးဝယ်ထွက်သွားလေ၏။ ထိုအချိန်တွင် ဦးအောင်ကြီးနှင့် လှိုင်ဘွားတို့လည်း ချီဗွေဈေးအနီးရှိ စားသောက်ဆိုင်လေးတစ်ဆိုင်အတွင်း ဝင်ရောက်ပြီး ဒေသခံမုန့်အချို့ကို နံနက်ခင်းစာအဖြစ် စားသောက်လျက် ရှိနေကြ၏။

နံနက်ခင်းဈေးစည်နေချိန်ဖြစ်၍ ဝတ်ကောင်းစားလှဝတ်ထားသော ဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အုန်းခွံရောင်မြင်းကြီးကို ခန့်ညားစွာ စီးနင်းလျက် ဈေးအနီးသို့ ရောက်ရှိလာ၏။ ဈေး



www.burmeseclassic.com

www.burmeseclassic.com



တံခါးအနီး၌ ရပ်နေကြသည့် ပုလိပ်နှစ်ဦးက ဦးညွှတ်၍ လေးစားစွာ နှုတ်ဆက်ဂါရဝပြုလိုက်သည်ကို တွေ့လိုက်ရ၏။

"အဲဒါ ဘရန်ဆိုင်းဆိုတာပဲကွ၊ သူလည်း ကြောင်နက်ရှင်ဂိုဏ်းရဲ့ ခေါင်းဆောင်တစ်ဦးပဲ"

ဟု ဦးအောင်ကြီးက ခပ်တိုးတိုးလေသံဖြင့် လှိုင်ဘွားကို ရှင်းပြလိုက်၏။ ဘရန်ဆိုင်းဟူသော ပုဂ္ဂိုလ်ကြီးသည် မြင်းကိုရပ်လိုက်ပြီး မြင်းပေါ်မှဆင်း၏။

ထိုသို့ မြင်းပေါ်မှ ဘရန်ဆိုင်းဆင်းရာတွင် ပုလိပ်တစ်ဦးက သူ့မြင်း၏ပချပ်ကြိုးကို ကိုင်ပေးထားရပြီးနောက် ၄င်းပုလိပ်ကပင် မြင်းကြီး၏ဇက်ကြိုးကို ချည်တိုင်တစ်ခု၌ သွားချည်ပေးရလေ၏။

ဘရန်ဆိုင်းသည်ကား ဘန်ကောက်လုံချည် တရွှမ်းရွှမ်းဖြင့် ဈေးထဲသို့ ဝင်သွားလေ၏။ ခဏအကြာတွင်မူ ဘောင်းဘီနက်များဝတ်ဆင်ထားသူ လေးငါးယောက်သည် လှိုင်ဘွားတို့ ထိုင်နေသည့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာရာ ဆိုင်ရှင်ကချင်ကြီးက ထိုသူများကို ပျာပျာသလဲပင် နေရာချထားပေးလေ၏။

"အဲဒီအကောင်တွေဟာ ကြောင်နက်ရှင်ဂိုဏ်းသားတွေပဲ၊ ဒီဒေသတဝိုက်မှာတော့ ရိုးသားတဲ့ဒေသခံတွေအပေါ်မှာ ဗိုလ်ကျနေတဲ့ ဒုစရိုက်ကောင်တွေပေါ့ကွာ"

လှိုင်ဘွားအဖို့ ကြားရသည့်စကားများမှာ အထူးအဆန်း





လို ဖြစ်နေတော့၏။ သူသည် အရိုးခံနားမလည်သော သဘောဖြင့် . . .

"သူတို့ကို လူဆိုးဂိုဏ်းကမှန်းသိလျက်နဲ့ ပုလိပ်အဖွဲ့က အရေးမယူဘူးလားဗျ"

ဟု မခံချင်သည့်လေသံဖြင့် မေးလိုက်ရာ အသံက အနည်းငယ်ကျယ်သွားသဖြင့် ဦးအောင်ကြီးလည်း စိုးရိမ်တကြီးဖြစ်သွားပြီး-

"ရှူး . . . တိုးတိုးလုပ်ပါ လူလေးရာ၊ ဒီကောင်တွေ ကြားသွားလို့ မင်းအဖေမင်းပုညနဲ့မဆုံခင် ပြဿနာတက်နေပါဦးမယ်"

ဟု သတိပေးလိုက်ပြီးမှ . . .

"ဒီကောင်တွေက ပုလိပ်တွေကိုလည်း အချိုသတ်ပြီး ပေါင်းထားတာကွ၊ ပုလိပ်တွေကလည်း ဒီကောင်တွေဆီကနေ လာဘ်မတရားထိုးတာ ယူထားတော့ ပြဿနာတစ်စုံတစ်ခုဖြစ်လာရင် ဒီကောင်တွေဘက်ကပဲ ရပ်တည်ကြတယ်၊ ဒီတော့ အဲဒီဒုစရိုက်ကောင်တွေက စိတ်ကြိုက်မင်းမူနေနိုင်တော့တာပေါ့"

ဟုပြောလိုက်စဉ်မှာပဲ လှပကြွရွနေသော မြင်းလှည်းတစ်စီးသည် မြို့လယ်လမ်းအတိုင်း မောင်းနှင်လာပြီး ဈေးအနီးရှိ ကုက္ကိုပင်ရိပ်အောက်ဝယ် ထိုးဆိုက်လိုက်လေ၏။

ထိုမြင်းလှည်းပေါ်မှ ဝဝခန့်ခန့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်အတူ ဘောင်းဘီနက်ဝတ်ထားသူနှစ်ဦးပါ ဆင်းလာလေ၏။ ဝဝခန့်ခန့် ပုဂ္ဂိုလ်ကြီးသည် ပိုးဘောင်းဘီရှည်အနက်ရောင်ကို ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ထဲဝယ် ငွေစွပ်တံပါသည့် စီးကရက်တစ်လိပ်ရှိနေလေ၏။

သူသည် မြေပြင်ပေါ်သို့ရောက်လျှင်ရောက်ချင်း ခြေကိုကားကာ လက်တစ်ဖက်ဖြင့် ခါးကိုထောက်ထားပြီး ကျန်လက်တစ်ဖက်က စီးကရက်တပ်ထားသည့် ငွေစွပ်တံလေးကို ပါးစပ်၌ခဲလိုက်သည်တွင် ဘေးမှဘောင်းဘီနက်ဝတ်တစ်ဦးက သူ၏ဘောင်းဘီအိတ်ထဲမှ မီးခြစ်ကိုထုတ်ကာ ကပျာကသီပင် ထိုလူကြီး၏စီးကရက်ကို မီးညှိပေးလိုက်လေ၏။

ကိန်းကြီးခန်းကြီးနိုင်ပုံရသော ထိုအသားဖြူဖြူ ဝဝခန့်ခန့်လူကြီးကို လှိုင်ဘွားက စိတ်ဝင်တစား စိုက်ကြည့်နေစဉ်မှာပဲ ဦးအောင်ကြီးက သူ၏နားနားသို့ကပ်ပြီး . . .

“အဲဒါပေါ့ကွ . . မင်းရဲ့အဖေ မင်းပုညဆိုတာ၊ ကြည့်စမ်း . . . ဒီလောက် မြန်မြန်ဆန်ဆန် တွေ့ရလိမ့်မယ်လို့ ထင်မထားတာ၊ ကံကြမ္မာက တို့ဆန္ဒကို အားချင်းအကောင်အထည်ဖော်ပေးလိုက်တာပဲကွ”

ဟုပြောလိုက်ရာ လှိုင်ဘွားမှာ ထင်မှတ်မထားဘဲ ယခုကဲ့သို့ ရုတ်တရက်ဆိုသလို ဖခင်ကို မြင်တွေ့လိုက်ရသည်တွင် ကြက်သေသေသလို ဖြစ်သွားလေ၏။

ထို့နောက် သတိပြန်ဝင်လာကာ သူ၏မျက်နှာအား ထိုပုဂ္ဂိုလ်ကြီးမှတ်မိသွားမည်စိုး၍ ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းကာ ခေါင်းကို ငုံ့ထားလိုက်လေ၏။





ဦးမိုးမှော်င် (ခေါ်) မင်းပုညသည် သူတို့ထိုင်နေရာ လက်ဖက်ရည်ဆိုင်ဆီသို့ ခန့်ငြားစွာ ဦးတည်လှမ်းလာနေပြီ ဖြစ်၏။

ဦးမိုးမှော်င်က ဆိုင်အတွင်းသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်တွင် သူ့အား ခပ်စိမ်းစိမ်းစိုက်ကြည့်နေသော လှိုင်ဘွား၏အကြည့်နှင့် အမှတ်မထင် ဆုံတွေ့သွားပုံရ၏။ လွန်စွာပါးနပ်သော မင်းပုညသည် မျက်နှာစိမ်းနှစ်ဦးဖြစ်သည့် လှိုင်ဘွားတို့ကို ရုတ်ချည်းပင် သံသယစိတ်တို့ ဖြစ်ပေါ်သွား၏။ သူသည် ခြေလှမ်းကို တုန့်ခနဲရပ်လိုက်ပြီး စူးရဲသော မျက်ဝန်းများဖြင့် အတန်ကြာမျှ ကြည့်နေလေ၏။

ထိုစဉ်မှာပဲ မြင်းလှည်းတစ်စီးသည် လက်ဖက်ရည်ဆိုင်ရှေ့သို့ ဆိုက်ရောက်လာပြီး မြင်းလှည်းပေါ်မှ ကုန်သည်တစ်စုဆင်းလာရာ သူ၏အာရုံက ထိုသူများဆီသို့ ချက်ချင်းရောက်ရှိသွားသဖြင့် လှိုင်ဘွားတို့ကို ဆက်လက်စူးစမ်းရန် အခွင့်မသာသလိုဖြစ်သွား၏။

ကုန်သည်အုပ်စုထဲမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ဦးမိုးမှော်င်အား ပြုံးရယ်နှုတ်ဆက်လိုက်ပြီး . . .

“ဟဲလို . . . အိုင်ဆေး . . . ဦးမိုးမှော်င်၊ ကျုပ်တို့ နည်းနည်းနောက်ကျသွားတယ်ဗျာ”

ဟုပြောလိုက်ပြီးနောက် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှင့် အဖော်ပါလာသူနှစ်ယောက်မှာမူ ကုလားထိုင်များတွင် ဝင်မထိုင်ကြဘဲ လက်များကိုနောက်ပစ်ကာ သူတို့ခေါင်းဆောင်များ၏နောက်ဘက်တွင် တင်းမာသော မျက်နှာအမူအရာဖြင့် မတ်မတ်ရပ်လျက် ရှိနေကြ၏။

ဦးမိုးမှောင်ကလည်း ထိုကုန်သည်ကြီးများနှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ထိုင်လိုက်ပြီး သူ၏အင်္ကျီအတွင်းအိတ်ထဲမှ ကတ္တီပါဗူးလေးကိုထုတ်ကာ စားပွဲပေါ်သို့ အသာတင်လိုက်ပြီး ကတ္တီပါဗူး၏အဖုံးကို ဖွင့်လိုက်ရာ နီရဲသော လုံးချောပတ္တမြားကြီးတစ်လုံးကို တွေ့ရလေ၏။

ကုန်သည်ကြီးသည် ပတ္တမြားကြီးကို သေချာစွာ ကြည့်နေရာမှ . . .

"အေးဗျာ . . . ပစ္စည်းကတော့ အပြစ်ဆိုဖွယ်ရာ မရှိပါဘူး၊ ဈေးလည်း ပြောပြီးသားမို့ ကျပ်အခုပဲ ငွေချေပြီး ယူပါ့မယ်"

ဟုပြောကာ သူ၏လူတစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်တွင် ထိုသူက လက်ထဲမှ လက်ဆွဲအိတ်ကြီးကို စားပွဲပေါ်သို့ အသာတင်ပေးလိုက်လေ၏။

ထိုအခါ ကုန်သည်ကြီးက မျက်နှာကို ခပ်ပြုံးပြုံးထားလျက် လက်ဆွဲအိတ်ကြီး၏ ဇစ်ကိုဆွဲဖွင့်ကာ အိတ်ထဲမှ ငွေစက္ကူများထုတ်လိုက်ပြီး ငွေစက္ကူအထပ်ကြီးကို ဦးမိုးမှောင်ဖက်သို့ တွန်းပို့လိုက်လေ၏။





ပြီးနောက် ၄င်းကုန်သည်ကြီးက ကတ္တီပါဗူးလေးကိုပိတ်ကာ သူ၏ရင်ဘတ်ထဲသို့ ဗူးလေးကို ထိုးသွင်းထည့်လိုက်ပြီးနောက် ဦးမိုးမှောင်ကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး ဆိုင်ထဲမှ သူ့အဖော်များနှင့်အတူ ပြန်လည်ထွက်ခွာသွားတော့၏။

ထိုအခါမှ ဦးမိုးမှောင်တို့ထက်ဦးစွာ ဆိုင်ထဲသို့ရောက်နေနှင့်သော ဘောင်းဘီနက်ဝတ်လေးဦးမှာ ဦးမိုးမှောင်ရှိရာဝိုင်းသို့ ထလာပြီး ဝိုင်းထိုင်လိုက်ကြလေ၏။

"ကဲ . . ကဲ . . ငါ့တပည့်တွေ စိတ်ကြိုက်စားကြသောက်ကြ၊ အရောင်းအဝယ်ဖြစ်သွားပြီ၊ မင်းတို့သဘောကျ သောက်စားကြစမ်း . . . "

ဟု ဦးမိုးမှောင်က ပြုံးပြုံးကြီးပြောလိုက်စဉ်မှာ ဦးအောင်ကြီးသည် လှိုင်ဘွားအား လက်တို့ကာ ကျသင့်ငွေကို စားပွဲပေါ်တွင် ချထားခဲ့ပြီး ဆိုင်ထဲမှ ထွက်ခွာသွားရာ လှိုင်ဘွားလည်း အလျင်အမြန်ပင် လိုက်ပါသွားတော့၏။

သူတို့တည်းခိုရာသို့ ပြန်လာသောလမ်းဝယ် ဦးအောင်ကြီးက . . .

"မိုးမှောင်က လူလည်ကွ၊ တန်ဖိုးကြီးမားတဲ့ ရတနာပစ္စည်းတစ်ခုကို လူကွယ်ရာမှာ အရောင်းအဝယ်မလုပ်ပဲ လူရှေ့သူရှေ့မှာ တမင်တကာ ပစ္စည်းပေး ငွေယူလုပ်တာ အကြောင်းမဲ့မဟုတ်ဘူး၊ အဲဒီလို သူရောင်းလိုက်တဲ့ပစ္စည်းကို သူပြန်ပြီး လုယူဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းစောင့်သာ ကြည့်နေ၊ သူက လူလည်ခေါင်မှာ ပစ္စည်းရောင်းတာဆိုတော့ အဲဒီပတ္တမြားဟာ ကုန်သည်ကြီးရဲ့လက်ထဲမှာ ပါသွားတာ လူအတော်များများက မြင်တယ်လေ၊ အဲဒီတော့ ပတ္တမြားကို လုယက်ခံရရင်တောင် သူတို့အရောင်းအဝယ်လုပ်တာကို မြင်လိုက်တဲ့ သူတွေထဲကပဲ ဖြစ်မယ်ထင်အောင် သူက အကွက်ဆင်လိုက်တာ . . .၊ ဒီကောင်က သိပ်ဉာဏ်များတာ . . ."

"အဲဒီ သဘောအတိုင်းဆိုရင် ဟိုကုန်သည်တွေတော့ အတော်အထိနာမှာပဲ၊ ဦးကြီးပြောသလို တကယ်ရော ဖြစ်နိုင်ပါ့မလား"

"သူ့အကျင့်စရိုက် အတော်များများ သိထားတော့ . . . ငါ့အထင် ပြန်လုမယ်ထင်တာပဲကွ၊ သူတို့ကြောင်နက်ရှင်ဂိုဏ်းက ဒီလိုကလိန်ကကျစ်လုပ်တဲ့နေရာမှာ ဖျံတွေလိုပဲ၊ သိပ်လျင် သိပ်သွက်တာ . . ."

"ဒါဆို ကျွန်တော်တို့ သူတို့ဂိုဏ်းရဲ့လှုပ်ရှားမှုကို ခြေရာခံစောင့်ကြည့်ချင်တယ် ဦးကြီး၊ အဲဒီလူတွေ လုယက်ဓါးပြတိုက်တာနဲ့ ကျွန်တော်တို့က သူတို့ရဲ့အစီအစဉ်ပျက်အောင် အတင်းဝင်ဖျက်ကြမယ်၊ ဘယ့်နှယ်သဘောရလဲ ဦးကြီး၊ လုပ်ရဲပါ့မလား၊ ဒါမှ ဦးမိုးမှောင်ဆိုတဲ့လူကြီး မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲ ဒုက္ခဖြစ်မှာ၊ ကျွန်တော်ကတော့ သူဒုက္ခမရောက်ရောက်အောင် လုပ်မှာပဲ"

ဟု လှိုင်ဘွားက အံကိုကြိတ်ကာ ပြောလိုက်လေ၏။





ဦးအောင်ကြီးကလည်း တွေခနဲ တစ်ချက်စဉ်းစားလိုက်ပြီးနောက် တစ်စုံတစ်ရာကို ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် . . .

"ကောင်းပြီလေ၊ ဒါဆို မင်းတည်းခိုဆောင်ကို ပြန်နှင့်လိုက်၊ ငါ . . . ပတ္တမြားတွေ ဝယ်သွားတဲ့ ကုန်သည်တွေနဲ့ပတ်သက်ပြီး စုံစမ်းစရာရှိတာ သွားပြီးစုံစမ်းဦးမယ်"

ဟုပြောကာ ချာခနဲလှည့်ပြီး မြို့လည်ပိုင်းသို့ ထွက်သွားလေ၏။

လှိုင်ဘွားသည်လည်း သူတို့တည်းခိုရာ မြင်းဇောင်းဆီသို့ ပြန်လာပြီးနောက် မြားတံများ၏ထိပ်၌ အဆိပ်ရည်များသုတ်လိုက်၊ လေးမှလေးညှို့အား စမ်းသပ်ဆွဲကြည့်လိုက်ဖြင့် တိုက်ပွဲတစ်ခုဝင်ရန် ပြင်ဆင်နေတော့၏။

မြနုက ထူးခြားသော အပြုအမူကို တစေ့တစောင်း အကဲခတ်ကြည့်နေရာမှ အနားသို့လာထိုင်ပြီး . . .

"မောင်လေး . . . မင်းက လေးပစ်မလို့လား"

ဟုမေးလိုက်ရာ လှိုင်ဘွားက လေးညှို့ကို အားရပါးရ တစ်ချက်ဆွဲကြည့်လိုက်ပြီး . . .

"ဟုတ်တယ် . . . အစ်မ၊ မြို့ထဲမှာ ဦးမိုးမှောင်ကို ကျွန်တော်တို့ တွေ့ခဲ့ပြီးပြီ၊ သူတို့ရဲ့ကြောင်နက်ရှင်ဂိုဏ်းကို ကျွန်တော် ဖြိုခွင်းတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ မြနုက လှိုင်ဘွား၏လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး . . .

"ဟင် . . . ဟုတ်လား၊ တွေ့တာက မြန်လှချည်လား၊ ဒီလောက်အရှိန်အဝါကြီးတဲ့ဂိုဏ်းကို ဘယ်လိုဖြိုခွင်းမှာလဲ၊ အစ်မကိုလည်း ပြောစမ်းပါဦး"

ဟု ကသောကမျော မေးလိုက်ရာ လှိုင်ဘွားက နံနက်ခင်းက ဈေးအနီးစားသောက်ဆိုင်အတွင်း၌ ဦးမိုးမှောင်ကို တွေ့ဆုံခဲ့ရပုံ အလုံးစုံအား အသေးစိတ်ရှင်းပြလိုက်လေ၏။

ထိုစဉ် ဦးအောင်ကြီး ပြန်လည်ရောက်ရှိလာပြီး . . .

"လူလေးလှိုင်ဘွားရေ . . . ကုန်သည်တွေက မနက်ဖြန်မနက်စောစောမှာ ပန်ဝါတောင်ကြားဖက်ပြန်မယ်လို့ သတင်းရတယ်ကွ"

ဟု ခရီးရောက်မဆိုက်ပင် မောကြီးပမ်းကြီး ပြောလိုက်ပြီးနောက် မြနုငှဲ့ပေးသော ရေနွေးကြမ်းတစ်ခွက်ကို ကောက်မော့လိုက်ပြီး တစ်ဆက်တည်းဆိုသလို . . .

"ဦးကြီးတို့က မနက်အာရုဏ်မကျင်းမီကတည်းက သူတို့ပြန်မယ့်လမ်းကြောက သွားစောင့်နေရမယ်၊ သူတို့ဂိုဏ်းသားတွေလည်း လှုပ်လှုပ်ရှားရှားဖြစ်နေတယ်"

ဟုပြောလိုက်ရာ လှိုင်ဘွားလည်း လွန်စွာစိတ်ဝင်တစားဖြစ်သွားပြီး . . .





"ဟုတ်လား . . . ဦးကြီး၊ ကြောင်နက်ရှင်ဂိုဏ်းသားတွေက ဘယ်လိုလှုပ်လှုပ်ရှားရှား ဖြစ်နေတာလဲ"

"ဒီလိုကွ၊ ဦးကြီးက ဒီချိုင့်ဝှမ်းကို မကြာခဏ မြင်းတွေလာပို့ပေးရလေ့ရှိတော့ ဒီက မြင်းသူဌေးတွေ၊ မြင်းဖောင်းပိုင်ရှင်တွေနဲ့ ရင်းနှီးတယ်လေ၊ ပတ္တမြားတွေဝယ်သွားတဲ့ ကုန်သည်တွေက မနက်ဖြန်မနက်ပြန်ဖို့ မြင်းတွေလာငှားကြတယ်၊ အဲ . . . သူတို့ငှားတဲ့ မြင်းဖောင်းပိုင်ရှင်သူဌေးက ဦးကြီးနဲ့ ရင်းနှီးတဲ့သူ ဖြစ်နေတယ်၊ သူ့ကို မသိမသာ စကားနှိုက်ပြီး မေးကြည့်တော့ ကုန်သည်တွေက မနက်စောစောပြန်မယ်လို့ ပြောတယ်၊ သူတို့ပြန်ရာလမ်းမှာ လုံခြုံမှုရှိစေဖို့ ကြောင်နက်ရှင်ဂိုဏ်းက တာဝန်ယူပေးဖို့အတွက် အဲဒီဂိုဏ်းသားနှစ်ဦးကို လုံခြုံရေးအတွက် ငှားတယ်လို့ သိရတယ်၊ အခုလို ကိုလိုနီလက်ထက်မှာ ဗြိတိသျှအစိုးရဖက်ကို စစ်တပ်စရိတ်အတွက် ငွေထုတ်ချေးနိုင်သူတိုင်း သေနတ်ကိုင်လို့ရနေတော့ လက်နက်ရဖို့က သူတို့အတွက် အလွယ်ကလေးပဲလေ၊ ဒီလိုနယ်စပ်နဲ့နီးတဲ့ ဒေသတွေမှာ လက်နက်ကိုင်တောပုန်းဓါးပြတွေ ပေါလေတော့ လုံခြုံရေးအတွက် ဒီလိုပဲ လူငှားကြရတာဟာ ဒီဒေသမှာ ထုံးစံတစ်ခုပေါ့"

ထိုအခါ သမီးဖြစ်သူ မြနုကလည်း . . .

"ကြောင်နက်ရှင်ဂိုဏ်းသားတွေက သူတို့ကို တကယ်ရောစောင့်ရှောက်ပါ့မလား"

ဟု သံသယအတွေးဖြင့် မေးလိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သိပ်စိတ်ဝင်စားစရာ ကိစ္စပေါ့၊ အဲဒီကိစ္စကို အတတ်ပြောလို့ မရသေးဘူး၊ စောင့်ကြည့်မှပဲ သိရမှာ . . ."

သို့ဖြင့် နောက်တစ်နေ့မနက် အာရုဏ်မတက်မီမှာပင် လှိုင်ဘွားတို့သုံးဦးမှာ ပန်ဝါတောင်ကြောတစ်ဖက်သို့သွားရာ တောလမ်းအတိုင်း တောတိုးလာခဲ့ကြပြီး တောတောင်များ ထူထပ်သိပ်သည်းသော ကျောက်တောင်ကြီးနှစ်ခု၏အကြားရှိ လမ်းကျဉ်းလေးသို့ ရောက်ရှိနေကြပြီဖြစ်၏။

"ဦးကြီးရဲ့ မုဆိုးအတွေ့အကြုံအရတော့ ဒီလိုနေရာမျိုးဟာ ကိုယ့်ရဲ့သားကောင်ကို ချောင်းမြောင်းရမယ့် နေရာမျိုးပဲ၊ ဒီတော့ ဦးကြီးတို့တွေ ဒီနေရာကပဲ စောင့်ကြည့်ကြတာပေါ့"

ဟု ဆုံးဖြတ်လိုက်ပြီး ယာယီစခန်းချလိုက်ကြ၏။

ထို့နောက် ဦးအောင်ကြီးသည် ဝန်းကျင်အခြေအနေကို မုဆိုးသတိဖြင့် စူးစမ်းကာ မှတ်လိုက်ပြီး လှိုင်ဘွားနှင့်အတူ ကျောက်တောင်ပေါ်သို့ တက်ခဲ့၏။ ကျောက်တောင်အလယ်ခန့်အရောက်တွင် မြုတစ်ခုကိုကွယ်လျက် မုဆိုးဒူးထောက်ထိုင်ရင်း အခြေအနေကို စောင့်ကြည့်နေလိုက်၏။

နံနက်လင်းအာရုဏ်ပျို့လာသည်နှင့် မြူနှင်းဖွေးဖွေးတို့ကြားမှ လူရိပ်သဏ္ဍာန်တို့က တောလမ်းအတိုင်း တရွေ့ရွေ့လျှောက်လာနေသည်ကို တွေ့ရပြီး ကျောက်တောင်ကြီးနှစ်ခုကြားရှိ လမ်းကျဉ်းလေးသို့အရောက်ဝယ် ထိုသူတို့မှာ တစ်ကိုယ်လုံးအနက်





ရောင်များ ဝတ်ဆင်ထားကာ ဦးခေါင်း၌ ခေါင်းစွပ်အနက်များစွပ်ထားကြသည်ကို သဲကွဲစွာ တွေ့လိုက်ရ၏။ ထိုသူတို့မှာ စုစုပေါင်း ခြောက်ယောက်ဖြစ်၏။

၄င်းတို့၏လက်ထဲဝယ် ဗြိတိသျှစစ်တပ်သုံး ပြောင်းရှည်သေနတ်များ ကိုင်ဆောင်ထားပြီး စတင်းဂန်းသေနတ်တစ်လက်ကိုတော့ လူတစ်ယောက်က သီးသန့်ကိုင်ဆောင်ထားသည်ကိုပါ တွေ့ရလေ၏။

သူတို့၏လှုပ်ရှားမှုကို အထက်စီးမှ စောင့်ကြည့်နေသည့် ဦးအောင်ကြီးက လှိုင်ဘွားဘက်သို့လှည့်ပြီး မျက်ရိပ်ပြကာ အချက်ပြလိုက်၏။ ထိုသို့ အချက်ပြလိုက်ခြင်းမှာ ကြောင်နက်ရှင်ဂိုဏ်း၏ ပရိယာယ်ကို တွေ့ပြီမဟုတ်လား . . . ဆိုသည်ကို အသံတိတ် ဖော်ညွှန်းလိုက်ခြင်းပင် ဖြစ်၏။

ထိုအခါ လှိုင်ဘွားကလည်း ခေါင်းညိတ်လိုက်ပြီး သူ၏ ကျော၌လွယ်ထားသော လေးကိုဖြုတ်ယူလိုက်၏။ သူတို့စောင့်ကြည့်လျက်ရှိသည့် ကြောင်နက်ရှင်ဂိုဏ်းသားတို့မှာ ကျောက်တောင်ကြားလမ်းအလွန်ရှိ ချုံနွယ်များကြားဝယ် ကိုယ်ရောင်ဖျောက်လိုက်ကြသည်ကို တွေ့လိုက်ကြရ၏။

စောစောတုန်းဆီက ထိုသူတို့၏ ခြေသံ၊ တောတိုးသံများကို ကြားခဲ့ရရာမှ ယခုမူ မည်သည့်လှုပ်ရှားမှုမှ မရှိသလို ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြီးနှင့် လှိုင်ဘွားတို့မှာ သတိကြီးစွာဖြင့် စောင့်စားကြည့်ရှုနေလေရာ နံနက်ဆယ်နာရီခန့်တွင် နှင်းမြူတို့ကြားအလင်းရောင်က ထွက်ပြူလာသဖြင့် အအေးဓါတ်လျော့ပါးပြီး အတန်ငယ် နွေးထွေးလာလေ၏။

ထိုသို့ စောင့်ကြည့်နေစဉ်မှာပဲ မြင်းဟီသံတစ်ချက်ကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရပြီးနောက် မိနစ်လေးဆယ်ခန့်အကြာဝယ် လားများက ဝန်အချို့ကို တင်ဆောင်လာပြီး မြင်းစီးယောက်ျားရှစ်ဦးက မြင်းများကို စီတန်း၍ စီးနင်းလာနေကြသည်ကို တွေ့လိုက်ရ၏။

ထိုကုန်သည်တို့၏ လားမြင်းတန်းရှေ့ဆုံး၌ ဘောင်းဘီနက်ဝတ် ကြောင်နက်ရှင်ဂိုဏ်းသားတစ်ဦးက မြင်းတစ်ကောင်ကို အသားကျစီးနင်းလျက် ခရီးစဉ်ကို ဦးဆောင်လာလေ၏။ ဘောင်းဘီနက်ဝတ် နောက်ဂိုဏ်းသားတစ်ဦးကမူ လားတန်း၊ မြင်းတန်း၏နောက်ဆုံးမှ လိုက်ပါလာလေ၏။

တောင်နှစ်လုံးကြားလမ်းကျဉ်းမှ ၄င်းကုန်သည်အုပ်စုဖြတ်ထွက်လိုက်သည်နှင့် ရုတ်တရက် သေနတ်သံများ ဆူညံစွာထွက်ပေါ်လာပြီး ရှေ့ဆုံးမှ ဦးဆောင်လာသော ကြောင်နက်ရှင်ဂိုဏ်းသား၏မျက်နှာမှာ ရုတ်တရက် အံ့အားသင့်သွားပြီး ထိုအခိုက်မှာပဲ သေနတ်ထိမှန်ကာ သူ၏ရင်ဘတ်တစ်ခုလုံး သွေးသံရဲရဲဖြင့် အားခနဲအော်လျက် မြင်းပေါ်မှ ပြုတ်ကျသွားလေ၏။





သေနတ်မှန်ကာ ပြုတ်ကျသွားသော ကြောင်နက်ရှင်ဂိုဏ်းသား၏ နောက်မှလိုက်ပါလာသော ကုန်သည်တို့သည်လည်း တရစပ်ပစ်ခတ်နေသော သေနတ်ကျည်တို့ ထိမှန်ခြင်းခံရကာ မြင်းများပေါ်မှ ပြုတ်ကျကုန်တော့၏။

ထိုစဉ် နောက်ဆုံးမှလိုက်ပါလာသည့် ကြောင်နက်ရှင်ဂိုဏ်းသားမှာ ရှေ့သို့ မြင်းကိုစိုင်းနှင်လာလျက် သူ၏လက်ထဲမှ ခြောက်လုံးပြူးဖြင့် ချုံခိုတိုက်ခိုက်သော ရန်သူတို့ရှိမည်ထင်ရသည့် ချုံပုတ်များဆီသို့ တဒိုင်းဒိုင်းပစ်ခတ်လိုက်ရာ ချုံကွယ်တစ်ခု၏နောက်မှ ဝတ်စုံနက်ခေါင်းစွပ်နက်ဖြင့် ဂိုဏ်းသားတစ်ဦး ရုတ်တရက် ထွက်ပေါ်လာပြီး မြင်းပေါ်မှလူအား သေနတ်ဖြင့် ပစ်ချလိုက်လေ၏။

ဒိုင်းခနဲ မြည်ဟီးသွားသော သေနတ်သံနှင့်အတူ မြင်းပေါ်မှဂိုဏ်းသားမှာ အံ့သြနားမလည်သည့်မျက်နှာဖြင့် ခေါင်းစွပ်နက်လူကိုကြည့်ရင်း မြေပြင်ပေါ်သို့ ထိုးစိုက်ကျသွားတော့၏။

“ရော် . . . ဒီကောင်တွေက သူတို့ရဲ့ဂိုဏ်းသား အချင်းချင်းကိုပါ အပြတ်ရှင်းတာပါလား”

ဦးအောင်ကြီးက အံ့သြတုန်လှုပ်စွာ ခပ်တိုးတိုးပြောလိုက်စဉ် ခေါင်းစွပ်နက်တို့က ချုံကွယ်များနောက်မှ ယမ်းငွေ့ဝေနေသော သေနတ်ပြောင်းရှည်များ ကိုင်ဆောင်လျက် ထွက်လာကြ၍ ၄င်းတို့အထဲမှ တစ်ဦးသည် ပတ္တမြားဝယ်ယူသွားသည့် ကုန်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိရာသို့ ဦးတည်လျှောက်လှမ်းသွားသည်ကို တွေ့လိုက်ရ၏။

ပြီးနောက် ယင်းကုန်သည်ကြီး၏ မှောက်ခုံဖြစ်နေသော အလောင်းကို ခြေဖြင့် ကောက်ကာလှန်လိုက်သဖြင့် အလောင်းမှာ ပက်လက်ဖြစ်သွားရာ ထိုအလောင်းကြီး၏ ကုတ်အင်္ကျီအတွင်း အိတ်ကို လက်ထိုးနှိုက်ကာ တစ်စုံတစ်ရာကို ရှာဖွေတော့၏။

ထိုသူ၏လက်ကို ကုတ်အင်္ကျီအတွင်းမှ ပြန်ထုတ်လိုက်သည့်အခါတွင် သူ့လက်ထဲတွင် ပတ္တမြားထည့်ထားသည့် ကတ္တီပါဘူးနီနီလေးကို တွေ့ရလေ၏။

ထိုသူသည် ကတ္တီပါဘူးလေးကို ဖွင့်ကြည့်လိုက်ရာ ဘူးလေးအတွင်းဝယ် ပတ္တမြားသုံးပွင့်ကို တွေ့ရလေ၏။ ၎င်းသည် ပတ္တမြားဘူးလေးအား သူ၏အင်္ကျီအိတ်အတွင်းသို့ ထည့်မည်ပြုစဉ် မြားတစ်စင်းက လေကို ဝှီးခနဲခွင်းလာပြီး သူ၏နဖူးကို စိုက်ဝင်သွားပြီး တစ်စုံတစ်ရာပင် ညည်းညူနိုင်ခြင်းမရှိဘဲ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားတော့၏။

ခေါင်းစွပ်နက်ကိုယ်စီစွပ်ထားကြသည့် ကြောင်နက်ရှင်ဂိုဏ်းသားတို့မှာ မထင်မှတ်ဘဲ ရုတ်တရက် ရန်သူပေါ်လာပြီဟူသော အသိဖြင့် သေနတ်များကိုကိုင်ကာ ရှေ့နောက်ဝဲယာသို့လှည့်ကာ ပြူးပြူးပျာပျာဖြင့် ရန်သူကို ရှာဖွေလိုက်စဉ် နောက်ထပ်အဆိပ်လူးမြားနှစ်စင်းက လေကိုခွင်းလာပြီး ကြောင်နက်ရှင်ဂိုဏ်းသားနှစ်ဦး၏ ရင်ဝများဆီသို့ စွပ်ခနဲ စွပ်ခနဲ စိုက်ဝင်သွားပြန်၏။





အားခနဲ အီးခနဲ အော်ဟစ်ငြီးငြူပြီး ဂိုဏ်းသားနှစ်ဦး ပြိုလဲကျသွားသည်တွင် ဂိုဏ်းသားသုံးဦးသာ ကျန်ရစ်ပြီး သူတို့က မြားလာရာလမ်းကြောင်းကို မှန်းဆမိသွားဟန်ရှိပြီး သူတို့၏သေနတ်များကို ကျောက်တောင်များပေါ်သို့ ချိန်ရွယ်လိုက်ကြ၏။

ထိုစဉ် လှိုင်ဘွားနှင့် ဦးအောင်ကြီးတို့လည်း လေးညို့ကိုဆွဲပြီး အဆိပ်လူးမြားများကို ထပ်မံပစ်လွှတ်ကြပြန်ရာ ထိုသူတို့မှာ သေနတ်များကိုပင် တုန့်ပြန်ပစ်ခွင့်မရတော့ဘဲ မြားမှန်ကာ လဲကျသွားတော့၏။

ထိုအခါ နောက်ဆုံးကျန်ရှိသော ဂိုဏ်းသားတစ်ဦးက လှိုင်ဘွားတို့ကိုတွေ့သွားပြီး သူ၏လက်ထဲမှ စတင်းဂန်းဖြင့် တရစပ်ပစ်လေရာ စက်သေနတ်သံ တဒက်ဒက်နှင့်အတူ ခဲဖူးတောင့်တို့က သူတို့ရှိရာသို့ တရွှီးရွှီးဖြင့် ပြေးဝင်လာသဖြင့် သူတို့နှစ်ဦးလည်း ကျောက်ဂမူများကြား၌ အလျင်အမြန် ဝပ်တွားပုန်းရှောင်လိုက်လေ၏။

ကျည်ဖူးတို့က ကျောက်တောင်ထိပ်စွန်းတို့ကို ဖွဲထုတ်သွားကြရာ ကျောက်ခဲကျောက်မှုန်တို့ ဖွားခနဲ ဖွားခနဲ ပွဲလွင့်သွားသည်မှာ အသည်းယားဖွယ် ကောင်းလှလေ၏။

ရန်သူကို တွေ့ရှိသွားသည့် ဂိုဏ်းသားမှာ တရစပ်ပစ်ခတ်ပြီး လှိုင်ဘွားတို့ရှိရာ ကျောက်တောင်ပေါ်သို့ အလျင်အမြန် ချဉ်းကပ်လာသဖြင့် လှိုင်ဘွားတို့မှာလည်း ၎င်း၏ပစ်ခတ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမဖော်ဝံ့သလို လေးညှို့တင်ဖို့လည်း လွန်စွာအခက်တွေ့နေကြ၏။

ထိုဂိုဏ်းသားသည် ကျည်ကပ်တစ်ခုလုံးကုန်မထုတ် ပစ်ခတ်ရင်း လှိုင်ဘွားတို့အနီးသို့ လျင်မြန်စွာ ရောက်ရှိလာသည်တွင် ဦးအောင်ကြီးက တောင်အောက်သို့ ခန္ဓာကိုယ်ကို လှိမ့်ချလိုက်လေ၏။ ဤသို့ ဦးအောင်ကြီး၏လှုပ်ရှားမှုကို တွေ့မြင်သွားသော ထိုသူမှာ ဦးအောင်ကြီးအား မပစ်ရင်း ကျောက်စွန်းတစ်ခုဝယ် မားမားကြီးရပ်ကာ ကျည်ကုန်ဆက်ဆွဲတော့၏။

သူ၏အာရုံမှာ ဦးအောင်ကြီးအပေါ်၌သာ ကျရောက်သွားသည့်အခိုက်တွင် လှိုင်ဘွားက ခါးမှဓါးမြှောင်ကိုထုတ်ပြီး ထိုသူထံသို့ ချိန်ရွယ်ပစ်ပေါက်လိုက်၏။

လေကိုလှစ်ခနဲ ခွဲထွက်သွားသော ဓါးမြှောင်မှာ ထိုသူ၏ရင်အုံကို တည့်မတ်စွာ စိုက်ဝင်သွားရာ ထိုသူမှာ အားခနဲအော်ရင်း ကျောက်တောင်စွန်းပေါ်မှ ဂွမ်းပစ်ကျသွားလေတော့၏။

* * * *



# အခန်း (၁၀)

## တစ်ကောင်ကျားလှိုင်ဘွား

စတုန်းကင်းမီးအိမ်များ ထွန်းညှိထားသည့် အုတ်ခံပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်ဝယ် ဦးမိုးမှောင်မှာ ဒေါသတကြီးဖြင့် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ဂဏှာမငြိမ်ဖြစ်လျက် ရှိလေ၏။

သူတို့၏ဆရာကြီးမှာ ဒေါသတကြီးဖြစ်နေသဖြင့် ကျန်ကြောင်နက်ရှင်ဂိုဏ်းခေါင်းဆောင်တို့မှာ ဆိတ်ဆိတ်နေရင်း အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြလေ၏။

"တောက် . . . ကျုပ်တို့အပေါ် ကတုံးပေါ်ထိပ်ခွေပလုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ကောင်တွေက ဘယ်သူတွေလဲ၊ ဒီနယ်မှာ ကျုပ်တို့ရဲ့ဂိုဏ်းကို အံ့တုဖက်ပြိုင်နိုင်သူရှိလို့လား၊ ခုတော့ ကျုပ်တို့ရဲ့ဂိုဏ်းသားရှစ်ဦးစလုံး သေကုန်ပြီး ပတ္တမြားကြီးတွေကိုပါ ဆုံးရှုံးသွားရပြီ၊ ဒါဟာ ဘယ်သူ့လက်ချက်လဲ၊ ဂိုဏ်းသားအချင်းချင်း သစ္စာဖောက်တာလား၊ ကဲ . . . ပြောကြစမ်း . . . ပြောကြစမ်း"

ဟု ဦးမိုးမှောင် (ခေါ်) မင်းပုညမှာ ဒေါသတကြီး အော်ဟစ်လိုက်ပြီး စားပွဲကို ပြန်းခနဲပုတ်လိုက်ရာ ကျန်လက်ထောက်ဂိုဏ်းခေါင်းဆောင်တို့မှာ လန့်ဖြန့်သွားကြလျက်ရှိရာမှ တစ်ဦးက အရဲစွန့်ကာ ပြောလိုက်လေ၏။

"ဆရာ . . . ကျုပ်ကတော့ ဂိုဏ်းသားအချင်းချင်း လုပ်ကြံတယ်လို့ မထင်ဘူး၊ ကျုပ်တို့မသိသေးတဲ့ အခြားဂိုဏ်းတစ်ခုခုက ကျုပ်တို့ဂိုဏ်းရဲ့ အကြံအစည်တွေကို သတင်းရပြီး အလစ်မှာ ဝင်ဆော်သွားတာ ဖြစ်မယ်ဗျ"

"အဲဒါကိုက ကျုပ်တို့ဂိုဏ်းသားထဲက သစ္စာဖောက်တာပေါ့ဗျ၊ ကုန်သည်တွေအပြန်မှာ ကျုပ်တို့ဂိုဏ်းက လုံခြုံရေးနှစ်ဦးထည့်ပေးလိုက်မယ်၊ ပြီးမှ လမ်းကနေ ဖြတ်တိုက်မယ်၊ အဲဒီလိုတိုက်တဲ့အခါ လူအများနဲ့ ပုလိပ်အဖွဲ့က ကျုပ်တို့ဂိုဏ်းက လုပ်တာမဟုတ်ကြောင်း ယုံကြည်လက်ခံသွားပြီး ကျုပ်တို့အပေါ် သံသယကင်းအောင် ပတ္တမြားလာဝယ်တဲ့ ကုန်သည်တွေနဲ့အတူ ကျုပ်တို့ရဲ့ကြောင်နက်ရှင်ဂိုဏ်းသားနှစ်ဦးကိုပါ သုတ်သင်ပစ်လိုက်မယ်၊ လုံခြုံ





ရေးထည့်ပေးလိုက်တဲ့ ဂိုဏ်းသားနှစ်ဦးက သူတို့ကိုပါ သုတ်သင်မယ်မှန်း လုံးဝမသိစေရဘူးဆိုတာတွေဟာ ကျုပ်တို့ဂိုဏ်းခေါင်းဆောင်ပိုင်းသာသိတဲ့ လျှို့ဝှက်ချက်မဟုတ်လား"

ဟု လက်ထောက်ဂိုဏ်းသားတစ်ဦးက ပြောလေရာ . . .

"ခု . . . အဲဒီလျှို့ဝှက်ချက်က ဘာကြောင့်ပေါက်ကြားသွားရတာလဲ"

ဟု ဦးမိုးမှောင် (ခေါ်) မင်းပုညက တရှူးရှူး၊ တရှားရှားဖြင့် အော်ဟစ်ပြောဆိုရင်း ဒေါသများ ပေါက်ကွဲနေလေတော့၏။

ယခုဆိုလျှင် တရားမဝင်ဖွဲ့စည်းထားသော သူတို့၏ဒုစရိုက်ဂိုဏ်းကြီးက ဤနယ်တစ်ကြောဝယ် အခြေယိုင်သွားပြီး နယ်စပ်ဒေသတလျှောက်ရှိ ဒုစရိုက်လောကဝယ် သိက္ခာအလွန်အမင်းကျဆင်းသွားရပြီ ဖြစ်၏။

နောင်ကာလဝယ် အန္တရာယ်ထူပြောလှပြီး လုံခြုံရေးစိတ်မချရသည့် ဤနယ်စပ်ဒေသတွင် ကုန်သွယ်ရောင်းဝယ်နေကြသည့်ကုန်သည်ကြီးတို့မှာ ၎င်းတို့၏ဂိုဏ်းအား ယုံစားအားထားခြင်းမရှိပါက မိမိတို့ဂိုဏ်း၏ဝင်ငွေမှာ များစွာယုတ်လျော့ကျဆင်းသွားမည်ဖြစ်၏။

ယခုပင် ဂိုဏ်းနှင့်ပတ်သက်၍ သတင်းအမျိုးမျိုးထွက်ပေါ်လျက် ရှိ၏။

ပန်ဝါတောင်ကြားလမ်းသို့ပြန်မည့် ကုန်သည်ကြီးတို့အား



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံစိတ်ချအန္တရာယ်ကင်းရန် သူတို့ဂိုဏ်းသားနှစ်ဦးက စောင့်ရှောက်လိုက်ပါပို့ဆောင်ရာမှ တိုက်ခိုက်ခြင်းခံရသည်တွင် ကုန်သည်အားလုံး၏ အလောင်းများနှင့်အတူ လုံခြုံရေးအတွက် လိုက်ပါသွားသော ဂိုဏ်းသားနှစ်ဦးအပြင် ခေါင်းစွပ်အနက်များစွပ်ထားသည့် နောက်ထပ်ဂိုဏ်းသားခြောက်ဦးတို့၏ အလောင်းများကိုပါ တွေ့ရှိရခြင်းက ဇဝေဇဝါဖြစ်ပြီး စဉ်းစားစရာ ဖြစ်ကုန်ကြ၏။

အဆိုပါ ကုန်သည်တို့နှင့် လုံခြုံရေးတာဝန်ယူထားသည့် ကြောင်နက်ရှင်နှစ်ဦး သေဆုံးရခြင်းမှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးရခြင်းဖြစ်ပြီး ခေါင်းစွပ်နက်ဖြင့် ဂိုဏ်းသားခြောက်ဦးမှာ မြှားထိမှန်ကာ သေဆုံးရခြင်း ဖြစ်လေ၏။ လုံခြုံရေးကြောင်နက်နှစ်ဦးကို ခေါင်းစွပ်နက်ဖြင့် ဂိုဏ်းသားများက ဦးစွာတိုက်ခိုက်သတ်ဖြတ်လိုက်ပြီးမှ ၎င်းခေါင်းစွပ်နက်များကို အခြားအဖွဲ့တစ်ခုက အဆိပ်လူးမြှားဖြင့် ပစ်ခတ်သုတ်သင်လိုက်ခြင်း ဖြစ်မည်ဟု ပုလိပ်အဖွဲ့က ယူဆကြသည်ဖြစ်ရာ မိမိတို့ဂိုဏ်းအပေါ်တွင် သံသယဝင်ချင်စဖွယ် ဖြစ်နေတော့၏။

မည်သို့ပင်ဖြစ်စေကာမူ ဦးမိုးမှောင်သည် ၎င်းလျှို့ဝှက်ဖွဲ့စည်းထားသော ကြောင်နက်ရှင်ဂိုဏ်းကြီးကို ဒုက္ခလှလှကြီးပေးသွားသည့် အဆိပ်လူးမြှားသုံး လျှို့ဝှက်ရန်သူတို့အား ဖော်ထုတ်ရန်အလို့ငှာ သူ၏တပည့်များကို ထောက်လှမ်းစုံစမ်းဖို့ အမိန့်ပေးထားလိုက်လေ၏။





ဦးအောင်ကြီးနှင့် လိုင်ဘွားတို့မှာလည်း သူတို့၏ ပထမဦးဆုံးအောင်ပွဲအတွက် ဝမ်းသာပီတိဖြစ်လျက်ရှိပြီး လိုင်ဘွားက သူတို့ရရှိလာသော ပတ္တမြားသုံးလုံးအား မြနု၏လက်ထဲသို့ အပ်နှံထားလိုက်လေ၏။

ဦးအောင်ကြီးမှာ သူနှင့်လိုင်ဘွားတို့ ပူးပေါင်းကြံစည်ချေမှုန်းမှုကြောင့် ကြောင်နက်ရှင်ဂိုဏ်း အထိနာသွားပြီး ဂိုဏ်းခေါင်းဆောင်မိုးမှောင် (ခေါ်) မင်းပုည၏ တပည့်လက်သားများလည်း ဆုံးရှုံးရသလို ပတ္တမြားသုံးလုံးလည်း ပြန်မရဘဲ ကတုံးပေါ်ထိပ်ကွပ်ခံရသဖြင့် မခံချိမခံသာဖြစ်ရကာ နယ်စပ်ကုန်သည်တို့၏ သက်ာမကင်းဖြစ်ခြင်းခံရသည်ကြောင့် ဒေါသအိုးပေါက်ကွဲနေလောက်ပြီဟု တွေးတောရင်း သူ့အားတစ်ချိန်က လှည့်ဖြားလျက်ခုတုံးလုပ်သွားသည့် မင်းပုညကို ကလဲ့စားချေ တုန့်ပြန်လိုက်နိုင်ပြီဟု ပီတိဖြစ်လျက်ရှိလေ၏။

သို့သော် သူသည် လိုင်ဘွားနှင့်အတူလက်တွဲကာ မင်းပုညအား ဆက်လက်ဒုက္ခပေးရန် စိတ်ပိုင်းဖြတ်ထားသော်လည်း မထင်မှတ်ဘဲ ချောင်းဆိုးသွေးပါရောဂါ စွဲကပ်လာလေ၏။

"အဟွတ် . . . ဟွတ် . . . ဟွတ် . . . ဟွတ်"

သူသည် နေ့စဉ်ရက်ဆက်ဆိုသလို အဆက်မပြတ်ချောင်းဆိုးလာပြီး ညနေတိုင်း အဖျားတက်ကာ ချောင်းဆိုးလေတိုင်း သွေးစသွေးနတို့ ပါလာသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"လူလေးလှိုင်ဘွား . . . ကျုပ်တော့ ချောင်းဆိုးသွေးပါ အဆုတ်နာရောဂါ ဖြစ်နေပြီထင်တယ်၊ ဒီအရပ်က မြစ်ကြီးနားထက် ပိုအေးတော့ ရောဂါပိုခံစားရတယ်၊ ကျုပ်ဖော်စပ်ထားတဲ့ ဆေးဝါးအချို့နဲ့ စုဆောင်းထားတဲ့ ဆေးမြစ်ဆေးဥတွေကလည်း မြစ်ကြီးနားက အိမ်မှာပဲ ကျန်ခဲ့တယ်၊ ဒီတော့ . . ."

ဟု ခပ်ဖြည်းဖြည်း ပြောရင်းမှ စကားကိုမဆက်ဘဲ ရပ်ထားရာ . . .

"ဒီတော့ ဘာဖြစ်သလဲ ဦးကြီး၊ မြစ်ကြီးနားကို ပြန်ချင်လို့လား"

ဟု လှိုင်ဘွားက မေးလိုက်ရလေ၏။

"ဟုတ်တယ် လူလေး၊ ကျုပ်တော့ ပြန်မှဖြစ်မယ် ထင်ပါရဲ့"

ဟု ဦးအောင်ကြီးက ဖြေလိုက်ရာ . . .

"ဪ . . . ဦးကြီးရယ်၊ ပြန်မှဖြစ်မယ်ဆိုလည်း ပြန်သာပြန်နှင့်ပါတော့၊ ဦးကြီးရဲ့အသက်ကလည်း စကားပြောလာသလို ရောဂါဝေဒနာကလည်း စွဲကပ်လာပြီဆိုတော့ ပြန်သင့်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ဒီဒေသကနေ မပြန်ချင်သေးဘူး၊ ဦးမိုးမှောင်ကို ဒုက္ခကြီးကြီး မပေးရသေးသမျှ မပြန်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒီတော့ ဦးကြီးနဲ့ အစ်မမြနုတို့ ပြန်နှင့်ပါ၊ ကျွန်တော် ဒီအိမ်လေးမှာ ကြာကြာဆက်ပြီး တည်းခိုနေနိုင်အောင်တော့ မြင်းဇောင်းပိုင်ရှင်သူဌေးကို ပြောခဲ့ပေးပါ"





ဟု လှိုင်ဘွားက တောင်းဆိုလိုက်ရာ ဦးအောင်ကြီးကလည်း မြင်းသူဌေးကို ပြောပေးမည်ဟု ကတိပေးလေ၏။

ဦးအောင်ကြီးသည် ထိုနေ့မှာပင် မြင်းဇောင်းပိုင်ရှင်သူဌေးအား သူတို့သားအဖ မြစ်ကြီးနားသို့ပြန်ပြီး နောက်တစ်လခန့်ကြာမှ မြစ်ကြီးနားရှိ မြင်းမွေးမြူရေးခြံမှ မြင်းတစ်သုတ်ကို လာပို့မည်ဖြစ်ကြောင်းနှင့် သူ၏တူတော်စပ်သူ လှိုင်ဘွားကို မြင်းဇောင်း၌ အလုပ်သမားအဖြစ် အလုပ်ခန့်ထားကာ လက်ရှိတည်းခိုနေသော အိမ်ငယ်လေး၌ပင် ဆက်လက်တည်းခိုခွင့်ပြုပါရန် မေတ္တာရပ်ခံရာ သူနှင့်ရင်းနှီးပြီးဖြစ်သော သူဌေးက ရှော်ရှော်ရှူရှူပင် သဘောတူလိုက်လေ၏။

သို့ကြောင့် ဦးအောင်ကြီးတို့သားအဖသည် နောက်တစ်နေ့မှာပင် ချီဗွေမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ကြတော့သည်။ မြနုက . . .

"မောင်လေး . . . နက်ဖြန်မှာ မြစ်ကြီးနားဖက်ဆင်းမယ့် ပိုးကုန်သည်တစ်စုနဲ့ အစ်မတို့လိုက်သွားမယ်၊ ဟိုပတ္တမြားသုံးလုံးကို မောင်လေးပြန်ယူထားလိုက် . . . ဟုတ်လား"

ဟုပြောရာ လှိုင်ဘွားက လေးနက်စွာ စဉ်းစားလိုက်ပြီး-

"အဲဒီပတ္တမြားသုံးလုံးကို အစ်မပဲ ယူသွားပြီး သိမ်းထားလိုက်ပါ၊ ကျွန်တော် ကြောင်နက်ရှင်ဂိုဏ်းကို ကောင်းကောင်းပညာပေးပြီးရင် မြစ်ကြီးနားကို လိုက်လာမှာပဲ၊ အဲဒီတော့မှ ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



တွေကိစ္စကို ကြည့်စီစဉ်ကြတာပေါ့"

ဟု ပြောလိုက်လေ၏။

သို့ဖြင့် နောက်တစ်နေ့နံနက်ဝယ် လှိုင်ဘွားအား သွေးသား ရင်းချာ မောင်လေးတစ်ဦးကဲ့သို့ ချစ်ခင်လျက်ရှိသော မြနုသည် ခွဲခွာပြီး ပြန်သွားရတော့မည်မို့ မျက်ရည်များရစ်ဝဲလျက် . . .

"မောင်လေး . . . အစ်မတို့ သွားတော့မယ်နော်၊ ဘယ် အရာကိုပဲဖြစ်ဖြစ် သတိဝိရိယထားပြီး ဆောင်ရွက်လုပ်ကိုင်ပါကွယ်၊ မောင်လေး ဘေးမသီရန်မခဘဲနဲ့ အစ်မတို့ဆီ ပြန်လာနိုင်ပါစေလို့ ဆုတောင်းနေမယ်နော်"

ဟု စိတ်မချစွာဖြင့် မှာကြားရင်း နှုတ်ဆက်လိုက်လေ၏။ ဦးအောင်ကြီးကလည်း . . .

"လူလေးလှိုင်ဘွား . . . မိုးမှောင်ဟာ သိပ်ဉာဏ်များပြီး သွက်လက်သလောက် ရက်စက်တဲ့နေရာမှာ လက်ဖျားခါလောက် သူလို့ ဒီဒေသမှာ သတင်းကြီးတယ်နော်၊ အဲဒါကြောင့် အရာရာ ကို သတိထားပါကွယ်"

ဟု တဖွဖွပင် မှာကြားသွားခဲ့လေ၏။

* * * *



## အခန်း (၁၁)

## ပူးသတ်တိုက်ပွဲ

လှိုင်ဘွားသည် ဦးအောင်ကြီးတို့သားအဖ ချီတွေမှထွက် ခွာသွားပြီးနောက် မြင်းဖောင်းတွင် အလုပ်သမားအဖြစ် ဟန်မပျက် လုပ်ကိုင်ကာ ထိုမြင်းဖောင်းနံဘေးရှိ အိမ်လေးဝယ် ဆက်လက်နေ ထိုင်ခဲ့ရာမှ သူသည် ဦးမိုးမှောင်နှင့် သူ၏ဂိုဏ်းအား သူတစ်ဦး တည်း၏အင်အားဖြင့် ဖြိုခွင်းရန်မလွယ်ကြောင်းတွေးမိကာ ဦးမိုး မှောင်နှင့် ကြောင်နက်ရှင်ဂိုဏ်းအား ပူးသတ်မှုဖြစ်မည်ကို စဉ်းစား ဆင်ခြင်မိလေ၏။

သူသည် တစ်ခုသော နံနက်ခင်းဝယ် မြင်းဖောင်းမှအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို စောစောပြီးအောင် ပြုလုပ်ဆောင်ရွက်ပြီးနောက် မြို့လယ်ဈေးသို့ ထွက်ခဲ့လေ၏။

ဈေးရှိရာ မြို့လယ်အရပ်မှာ ဤမြို့လေး၏အစည်ကားဆုံးအရပ်နှင့် လူသူစုဝေးတတ်ရာ အရပ်ဖြစ်လေရာ ဦးမိုးမှောင်အားတွေ့ရလိုတွေ့ရငြား မျှော်လင့်ချက်ဖြင့် သွားခဲ့ခြင်းဖြစ်၏။

သူသည် ဦးမိုးမှောင်နှင့် တွေ့ဆုံရသည်ရှိသော် တစ်နည်းနည်းဖြင့် ရင်းနှီးမှုရယူပြီး ၎င်း၏တပည့်အဖြစ် ကြောင်နက်ရှင်ဂိုဏ်းအတွင်း ဝင်ရောက်ကာ ဒုက္ခပေးဖို့ ကြံစည်စိတ်ကူးထားလေ၏။

သို့သော် ထိုနေ့နံနက်မှ နေအတော်မြင့်သည့်တိုင် ဦးမိုးမှောင်၏ အရိပ်အယောင်မျှပင် မတွေ့ခဲ့ရပေ။ လှိုင်ဘွားသည် ဇွဲမလျှော့ဘဲ နောက်နေ့များတွင်လည်း ချီဗွေဈေးသို့ သွားရောက်လေ၏။

တတိယမြောက်နေ့တွင်မူ လှိုင်ဘွားသည် ဈေးရှိရာသို့ လျှောက်လာစဉ် လူနှစ်ယောက်သည် ကြာပွတ်တရှမ်းရှမ်းဖြင့် မြင်းကိုရိုက်နှက်ကာ အသော့နှင်လာကြသည်ကို တွေ့ရသဖြင့် လမ်းဘေးလွတ်ရာသို့ ရှောင်ပေးလိုက်ရ၏။

သို့သော် တုတ်ကောက်ကိုအားပြုကာ လမ်းဖြတ်ကူးလျက်ရှိသည့် ခါးကုန်းကုန်းနှင့် အဘိုးအိုတစ်ဦးမှာမူ လမ်းအလယ်သို့အရောက်တွင် အသော့နှင်လာသည့် မြင်းများနှင့် ပက်ပင်းတိုးမိပြီး ၎င်းမြင်းများကိုလွတ်အောင် ကပျာကသီ လမ်းဖြတ်ကူးဖို့ ကြိုးစား





သော်လည်း တုန်ရင်ချိနဲ့နေလေရာ မြင်းစီးသမားတစ်ဦးက မြင်းဇက်ကြိုးကို ဆတ်ခနဲ တစ်ဖက်သို့ဆွဲပြီး ရှောင်လိုက်ရသဖြင့် ၎င်းက ဒေါသထွက်သွားပြီး အဘိုးအိုကို ကြာပွတ်ဖြင့် ရွှမ်းခနဲ ရိုက်ထည့်လိုက်လေ၏။

ထိုအခါ အဘိုးအိုသည် "အမလေး . . ." ဟု အော်ပြီးရင်း လမ်းပေါ်သို့လဲကျသွားလေ၏။ ထိုအဖြစ်ကို မြင်တွေ့ရသောလမ်းသွားလမ်းလာတို့မှာ ဟာခနဲ . . . ဟင်ခနဲ ဖြစ်သွားကြသော်လည်း မြင်းစီးသမားနှစ်ယောက်မှာ ဦးမိုးမှောင်၏အိမ်၌နေထိုင်သည့် ၎င်း၏တပည့်ရင်းတွေဆိုတာ သိထားသဖြင့် တစ်စုံတစ်ရာမှအပြစ်မဆိုဝံ့ဘဲ ရှိလေ၏။

လှိုင်ဘွားမှာမူ အဘိုးအိုအပေါ် ရက်ရက်စက်စက် ပြုမူသွားသော မြင်းစီးသမားကို ဒေါသထွက်သွားပြီး မြင်းနောက်မှ တစ်ဟုန်ထိုးပြေးလိုက်ကာ . . .

"ဟေ့ကောင် . . . လူယုတ်မာ . . . ရပ်စမ်း"

ဟုအော်ဟစ်ကာ ရပ်ခိုင်းလိုက်၏။

ဦးမိုးမှောင်၏တပည့်များမှာ ဤမြို့တွင် ၎င်းတို့ကို ရင့်ရင့်သီးသီး ဆက်ဆံခေါ်ဝေါ်ဝံ့သူ မရှိပါဘဲလျက် ယခုလို လူယုတ်မာဟု ခေါ်ဝေါ်သုံးနှုန်းကာ တားမြစ်ခံရခြင်းတို့ကြောင့် တအံ့တသြဖြစ်၍ ဒေါသထွက်သွားကာ မြင်းဇက်ကြိုးများကို ဆတ်ခနဲဆောင့်ဆွဲလျက် နောက်သို့ပြန်လှည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထွားကျိုင်းမြင့်မားသော ကိုယ်နေဟန်ထားရှိသည့် လူငယ်တစ်ဦးက ၎င်းတို့ထံသို့ ပြေးလာသည်ကို မြင်လိုက်ရ၏။ လူငယ်၏နှုတ်မှလည်း . . .

"မင်းတို့ ယုတ်မာရိုင်းစိုင်းလှချည်လား . . . ဟင်၊ မင်းတို့ရဲ့အဘိုးလောက်ရှိတဲ့ အဘိုးအိုကို ဘာဖြစ်လို့ ဒီလိုရက်ရက်စက်စက် ကြာပွတ်နဲ့ ရိုက်သွားရတာလဲကွ၊ ဟင် . . . တိရစ္ဆာန်ကောင်ရဲ့ . . . "

ထိုလူငယ်၏ ခပ်ထန်ထန်၊ ခပ်ကြမ်းကြမ်း ပြောလိုက်သည့် စကားများကို ကြားလိုက်ရသည့် ဦးမိုးမှောင်၏တပည့်က ဒေါသပြင်းစွာ ထွက်သွားပြီးလျှင် . . .

"အောင်မာ . . . ဘယ်လိုသူတောင်းစား အစုတ်အပဲ့ကောင်က ငါတို့ကို ပြောရတာလဲကွ၊ ကဲကွာ . . . သေပေတော့"

ဟုဆိုကာ ကြာပွတ်ဖြင့် လွှဲရိုက်ချလိုက်တော့၏။

လှိုင်ဘွားက ကြာပွတ်ရိုက်ချက်ကို ရှောင်ထွက်မသွားဘဲ ရှေ့သို့ဆတ်ခနဲတိုးကာ ဓါးလွယ်ခုတ်လွှဲကျလာသော ကြာပွတ်၏အရင်းပိုင်းအား သန်မာသော လက်ဖြင့် ဖျတ်ခနဲဆုပ်ကိုင်လိုက်လျက် ဆောင့်ဆွဲလိုက်သည်တွင် မြင်းပေါ်မှလူမှာ အားလွန်ပြီး စိုက်ခနဲထိုးကျလာစဉ် လှိုင်ဘွားက ထိုသူ၏မျက်ခွက်ဆီသို့ လက်သီးဖြင့် ပင့်ထိုးလိုက်လေ၏။

ဒုတ်ခနဲ မြည်သံနှင့်အတူ လှိုင်ဘွား၏သံမဏိကဲ့သို့ မာ





ကျောသော ပင့်လက်သီးက ထိုသူ၏မေးစေ့ကို တိုက်ရိုက်မိတ်ဆက်မိလေရာ ထိုသူမှာ အားခနဲပင် မအော်နိုင်တော့ဘဲ လမ်းပေါ်သို့ အရုပ်ကြိုးပြတ်ဆိုသလို ပြုတ်ကျသွားတော့၏။

လမ်းသွားလမ်းလာတို့မှာ ရန်ပွဲအား စိတ်ဝင်စားစွာ ရပ်ကြည့်နေကြရာမှ လူအများအပေါ်၌ အမြဲလိုလိုပင် ဗိုလ်ကျလေ့ရှိသော ဦးမိုးမှောင်၏တပည့်ဖြစ်သူကို မျက်နှာစိမ်းလူငယ်တစ်ဦးမှ ဤသို့နှယ် ပိုင်နိုင်စွာ ဆုံးမလိုက်သည်ကို တွေ့ရသည်တွင် နှစ်ထောင်းအားရရှိလှသဖြင့် အချို့က "ဟုတ်ပြီကွ . . . " ဟု လွှတ်ခနဲ ယောင်ရမ်းအော်မိသလို "ကောင်းပါလေ့ကွာ . . . လက်သီးကတော့ တကယ့်ပွဲသိမ်းလက်သီးပဲဟေ့" ဟု လှိုင်ဘွားကို ချီးကျူးကြလေ၏။

သည်တစ်ကြိမ်တွင်တော့ လှိုင်ဘွားသည် ဖျတ်ခနဲ ငုံ့ရှောင်လိုက်ပြီး လမ်းနံဘေးမှ ကျောက်ခဲတစ်လုံးကို လျင်မြန်စွာ ကောက်ယူလိုက်ပြီး မြင်းစီးသမား၏မျက်နှာဆီသို့ မယုံကြည်နိုင်လောက်အောင် မြန်ဆန်သော အဟုန်ဖြင့် ပစ်ပေါက်လိုက်လေရာ မြင်းစီးသမားမှာ လုံးဝရှောင်ချိန်မရဘဲ ကျောက်ခဲက သူ၏နဖူးကို တန်းတန်းမတ်မတ်ပင် ထိမှန်သွားတော့၏။

ထိုအခါ မြင်းစီးသမား၏နဖူးမှ သွေးတို့ဖြာခနဲကျလာပြီး ခေါင်းထဲတွင် မိုက်ခနဲ မူးဝေကာ မြင်းပေါ်မှ တစ်ပတ်လည်ကာ ပစ်ကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားသည် ထိုသူ၏ လွင့်ကျသွားသော ကြာပွတ်ကို ကောက်ယူလိုက်စဉ် ခွာသံများကြားရပြီး ဈေးလမ်းအတိုင်း မြင်းစီးသမားတစ်စုလာနေသည်ကို တွေ့ရလေ၏။

ထိုမြင်းစီးသမားအုပ်စုကို ဦးဆောင်လာသူမှာ ဦးမိုးမှော်ဖြစ်ကြောင်း တွေ့လိုက်သည်နှင့် ရန်ပွဲကို ဝိုင်းကြည့်နေမိသူတို့မှာ နောက်သို့ရှဲသွားကြတော့၏။

ဦးမိုးမှော်မှာ လမ်းပေါ်၌ ဖရိုဖရဲ သွေးသံရဲရဲဖြင့် လဲကျနေကြသော သူ၏တပည့်နှစ်ဦးအားလည်းကောင်း၊ လမ်းပေါ်၌ ခြေကိုကားကာ မတ်မတ်ရပ်ပြီး သူ့အား ရှုတည်တည်ကြည့်နေသည့် အရပ်မြင့်မြင့်မားမားနှင့် လူငယ်အားလည်းကောင်း ကြည့်ရင်း အံ့ဩမင်သက်မိသွားရာမှ သူ၏မျက်နှာမှာ ဒေါသဖြင့် ရဲခနဲဖြစ်သွားလေ၏။

ဦးမိုးမှော်သည် သူ၏ခါးပတ်ရှိ သေနတ်အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်အား ဖျတ်ခနဲ ထုတ်လိုက်လေ၏။

ဦးမိုးမှော်သည် ဗြိတိသျှအစိုးရစစ်တပ်အတွက် စစ်စရိတ်ကို သောင်းနှင့်ချီ၍ လှူဒါန်းသူဖြစ်သဖြင့် ခြောက်လုံးပြူးကို လိုင်စင်ဖြင့် ပြောင်ပြောင်တင်းတင်း ကိုင်ဆောင်ခွင့်ရသူဖြစ်သည့်အပြင် ဤမြို့ရှိ ဌာနအုပ်ပုလိပ်အင်စပက်တော်အား လာဘ်ငွေများစွာပေးပြီး ပေါင်းထားသူဖြစ်ရာ သူသည် လိုအပ်ပါက သေနတ်ကို ပုလိပ်အရာရှိများကဲ့သို့ အသုံးပြုနိုင်သူဖြစ်၏။





သူသည် သူနှင့်ပြဿနာဖြစ်သူအား ခြေထောက်၊ လက်မောင်း စသည်တို့ကို သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် သူ၏တပည့်များကို ဖမ်းချုပ်ခိုင်းကာ ပုလိပ်ဌာနသို့ ခေါ်သွားတတ်သူဖြစ်၏။

ပုလိပ်ဌာနသို့ရောက်လျှင် ပုလိပ်အင်စပက်တော်နှင့်တိုင်ပင်ကာ ပုဒ်မအမျိုးမျိုးတပ်ပြီး ထိုသူကို ဖမ်းချုပ်စေသကဲ့သို့ တစ်ခါတစ်ရံ ထောင်ပင်ကျသွားအောင် စွမ်းဆောင်နိုင်သူဖြစ်သဖြင့် ၎င်းသေနတ်ကိုင်ပြီဆိုလျှင် ထိုဒေသမှ လူများသည် ခြောက်ခြားတုန်လှုပ်ရလေ့ရှိ၏။

ယခုလည်း ဒေါသအမျက်ချောင်းချောင်းထွက်နေသော ဦးမိုးမှော်သည် သူ၏ခြောက်လုံးပြူးသေနတ်ဖြင့် လှိုင်ဘွားအား ချိန်ရွယ်ထားပြီးဖြစ်၏။

ဦးမိုးမှော်သည် သူ့အား ထိမထင်ဟန်ဖြင့် စူးစူးရဲရဲကြည့်နေသော လူငယ်အား အံကြိတ်လျက် ကြည့်နေရင်းမှ မေးလိုက်လေ၏။

"ဟေ့ကောင်လေး . . . မင်းဘယ်ကလဲ၊ အရင်က ဒီမြို့မှာ မတွေ့ဖူးပါဘူး၊ မင်းက ငါ့တပည့်တွေကို အနိုင်ယူဆုံးမလိုက်တာပေါ့ . . . ဟုတ်လား၊ မင်းက လူမိုက်လား၊ မင်းနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည် လှိုင်ဘွား၊ မြစ်ကြီးနားကနေ မြင်းတွေ[illegible]ပို့ရင်း ဒီမြို့မှာ အလုပ်ရှာနေတာ၊ ကျုပ်မိုက်ချင်မိုက်မယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာတော့ မဟုတ်ဘူး”

ဟုပြောလိုက်ရာ ဦးမိုးမှောင်မှာ သူ့အား ရဲဝံ့စွာရင်ဆိုင်လျက် ထိမထင်ဟန်ဖြင့် ရွံ့ကြောက်ဆုတ်ဆိုင်းမနေဘဲ ခပ်ပြတ်ပြတ်ပြောလိုက်သည့် လှိုင်ဘွားဟုဆိုလာသူ လူငယ်အား မျက်မှောင်ကုပ်ကာ ကြည့်လိုက်ပြီး . . .

“မင်းက တော်တော်အကြောမာတဲ့ သူပါလား၊ ငါဘယ်သူဆိုတာရော မင်းသိရဲ့လား”

ဟု ကျားဟိန်းသံကဲ့သို့ အသံကြီးဖြင့် မေးလိုက်လေ၏။

လှိုင်ဘွားက ခါးထောက်ရပ်ရင်း နှုတ်ခမ်းကို မဲ့လိုက်ကာ-

“သိတယ် . . . ဦးမိုးမှောင်ဆိုတာ သိတယ်”

ဟု ခပ်ပြတ်ပြတ်ဆိုလိုက်ရာ ဦးမိုးမှောင်မှာ ဤမြို့၌ မြို့မျက်နှာဖုံးအဖြစ် လူကြီးလူကောင်းအမည်ခံထားသော ဩဇာတိက္ကမကြီးလှသော သူလိုလူကိုသိပါလျက် ပမာမခန့်လုပ်ဝံ့သောလူငယ်အား လွန်စွာဒေါသထွက်သွားလေ၏။

သို့ဖြစ်ရာ လှိုင်ဘွားအား ခြောက်လုံးပြူးဖြင့်ချိန်ရင်းမှလက်မဖြင့် မောင်းတင်လိုက်ပြီး ခလုတ်ကို ဆွဲညှစ်ချရန် ဟန်ပြင်လိုက်တော့၏။

ယင်းအဖြစ်အပျက်ကို ခပ်လှမ်းလှမ်းမှ သစ်ပင်ခြုံစည်းရိုးတို့ကိုကွယ်လျက် စောင့်ကြည့်နေကြသူများရော မြင်းပေါ်မှ ဦးမိုးမှောင်၏တပည့်များကပါ လှိုင်ဘွားကို ဦးမိုးမှောင်က သေနတ်ဖြင့်





ပစ်ချလိုက်တော့မည်ဟု ထင်မှတ်လိုက်ကြ၏။

ထိုစဉ်မှာပဲ ဦးမိုးမှောင်အား စူးစူးရဲရဲ ခါးထောက်ကြည့်နေသည့် လှိုင်ဘွားမှာ ဦးမိုးမှောင်၌ မည်သည့်အပြစ်ရှိသည်ဖြစ်စေ ဖခင်ဖြစ်သူအား ကြာပွတ်ကိုင်ပြီး ရင်ဆိုင်လျက် ခါးထောက်ကာကြည့်နေမိသည့် သူ၏အဖြစ်ကို သတိပြုမိသွားပြီး ဖခင်အား ဤကဲ့သို့ရင့်သီးသော ပုံစံဖြင့် ရင်မဆိုင်လိုသောစိတ်က ရုတ်ချည်းဖြစ်ပေါ်လာပြီး ကြာပွတ်ကို လွှတ်ချလိုက်လေ၏။ ပြီးနောက် ခါးပေါ်၌ထောက်ထားသည့် လက်နှစ်ဖက်ကို ဖြေလျှော့ချလိုက်ကာ ဦးမိုးမှောင်ကို စူးစိုက်ကြည့်လျက်ရှိလေ၏။

ဦးမိုးမှောင်၏ သေနတ်မောင်းခလုတ်ဖြုတ်ချလုဆဲဆဲဖြစ်သည့် လက်များက တဆတ်ဆတ် တုန်ရင်လာလေ၏။ ၎င်းသည် လူတစ်ဖက်သားအပေါ်တွင် လက်မြန်ခြေမြန်ဖြင့် ရက်ရက်စက်စက် သုတ်သင်ခဲ့ဖူးသူဖြစ်၏။

ယုတ်စွအဆုံး ဦးမိုးမှောင်သည် လူသုံးလေးယောက်ကို သေနတ်ဖြင့် ခြေထောက်၊ လက်မောင်းတို့အား သွေးအေးစွာဖြင့် ပစ်ချိုးခဲ့ဖူးသူ ဖြစ်လေ၏။

ဤသို့နှယ် သူတစ်ထူးအပေါ် သတ်ဖြတ်ဖို့ ရက်စက်ဖို့ ဝန်မလေးသော လက်မရွံ့လူဆိုးဂိုဏ်းချုပ်ကြီးသည် လှိုင်ဘွားဆိုသော ထိုလူငယ်လေးအား သုတ်သင်ဖို့ ဘာကြောင့်ဝန်လေးနေသည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အား တုန့်ပြန်တိုက်ခိုက်ဖို့ ကြိုးစားအားထုတ်ခြင်းမပြုဘဲ အေးစက်စက်မျက်နှာဖြင့် ရှေ့တူရှုမှ ရပ်ကြည့်နေသည့် ဤလူငယ်လေးကို ပညာပေးနှိပ်ကွပ်ရန် တွန့်ဆုတ်နေမိ၏။ သူ့အပေါ်တွင် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြစိတ်က လွှမ်းမိုးလာသည့်နှယ် ခံစားလာရ၏။

နောက်ဆုံး၌ သူသည် လူငယ်လေးကို မပစ်ရက်တော့ဘဲ သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ သေနတ်ကိုင်လက်ကို အောက်သို့ ခပ်ဖြည်းဖြည်းချင်း ချလိုက်မိတော့သည်။

ထိုအခါမှ ဦးမိုးမှော်နှင့် လှိုင်ဘွားတို့၏ အခြေအနေကို စိုးရိမ်ပူပန်စွာ စောင့်ကြည့်နေကြသည့် မြို့သူမြို့သားများမှာ စိတ်သက်သာရာရကာ ဟင်းချနိုင်သွားတော့၏။ ဦးမိုးမှော်၏တပည့်များကတော့ အရေးကိစ္စကြုံလာလျှင် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်တတ်သော သူတို့၏ဆရာကြီးသည် ယနေ့ပွဲဝယ်လှိုင်ဘွားအပေါ် ပြုမူဆောင်ရွက်လိုက်သည်များကိုကြည့်ရင်း အားမလိုအားမရဖြစ်ကာ နားမလည်နိုင်အောင် ဖြစ်သွားကြရ၏။

"လှိုင်ဘွား . . . မင်းကို ဈေးထဲက လက်ဖက်ရည်ဆိုင်မှာ ငါတစ်ခါတွေ့ဖူးတယ်၊ အဲဒီတုန်းက မင်းနဲ့အတူ လူတစ်ယောက်လည်း ပါတယ်၊ သူက ဘယ်သူလဲ . . . ဘယ်မြို့ကလဲ"

ဟု ဦးမိုးမှော်က မေးလိုက်ရာ လှိုင်ဘွားက မဆိုင်းမတွပင် ပြန်ပြောလေ၏။





"အဲဒီလူက မြင်းတွေကို မြစ်ကြီးနားကနေ လာပို့တဲ့သူပဲ၊ အခု သူ မြစ်ကြီးနားကို ပြန်သွားပြီ"

"ဩ . . . ဒီလိုလား၊ ကောင်းပြီလေ . . မင်းအခု အလုပ်လိုက်ရှာနေတာပေါ့ . . . ဟုတ်လား"

"ဟုတ်ပါတယ် . . ."

ဟု လှိုင်ဘွားက ဦးမိုးမှော်၏အမေးကို ပြန်ဖြေလေ၏။

"ကောင်းပြီ၊ ဒါဆို မင်း ငါ့တပည့်အဖြစ် ခံယူမလား၊ မင်းအတွက် ငါအလုပ်ပေးမယ်"

ဟု ဦးမိုးမှော်က မေးလိုက်၏။

"လုပ်မယ် . . . ကျွန်တော်က အလုပ်တစ်ခုခုကို လုပ်ချင်နေတာ အမှန်ပဲ"

"ကောင်းပြီ . . . မင်း အခုပဲ ငါတို့ရဲ့နောက်က ဟောဟိုမြင်းကိုစီးပြီး လိုက်ခဲ့ပေတော့ . . ."

ဟု ဦးမိုးမှော်က ဆိုလိုက်ရာ ၄င်းညွှန်ကြားပြသည့်မြင်းမှာ နဖူးကွဲသွားသော ဂိုဏ်းသား၏မြင်း ဖြစ်လေ၏။

သို့ဖြစ်ရာ လှိုင်ဘွားမှာ ယင်းနေ့မှစ၍ ဦးမိုးမှော်၏ အိမ်တော်ပါတပည့် ဖြစ်သွားတော့သည်။ ဦးမိုးမှော်သည် လှိုင်ဘွားက သူ၏လက်ရွေးစင်တပည့်နှစ်ဦးကို ဆုံးမနှိပ်ကွပ်လိုက်ကတည်းက ဤလူငယ်လေး၏ စွမ်းရည်သတ္တိကို သဘောကျမိခြင်းဖြစ်၏။

သို့ကြောင့် ကုန်သည်တို့နှင့်တိုက်ပွဲဝယ် ကျဆုံးသွားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နက်ရှင်ဂိုဏ်းသားများနေရာတွင် အစားထိုးခန့်ထားရန် လိုအပ်နေချိန်၌ လှိုင်ဘွားလို ရဲရင့်ဖျတ်လတ်စွမ်းရည်ထက်မြက်သူကို တွေ့ရသည်တွင် ယခုကဲ့သို့ ခေါ်ဆောင်ခဲ့ခြင်း ဖြစ်လေ၏။

မကြာမီမှာပဲ လှိုင်ဘွားသည် ကြောင်နက်ရှင်ဂိုဏ်းဝင် တစ်ဦး ဖြစ်သွားလေတော့၏။

လှိုင်ဘွားသည် သူ၏မဟာဗျူဟာကို အကောင်အထည်ဖော်ရန်အတွက် ဦးမိုးမှောင်သဘောကျစေမည့် အလုပ်မှန်သမျှကို လုပ်ဆောင်လေတော့၏။

လှိုင်ဘွားသည် ဦးမိုးမှောင်၏ တာဝန်ပေးချက်အရ ချီဗွေမှ ဆယ့်ငါးမိုင်ခန့်ဝေးသော ဒယောင်တန်ရွာသို့ ကြောင်နက်ရှင်နှစ်ဦးနှင့်အတူ သွားရောက်ခဲ့ရ၏။ ကိစ္စမှာ ယင်းဒယောင်တန်ရွာမှ ကုန်ကူးသော ဇမုန်ထန်းဆိုသူထံ ဆက်ကြေးတောင်းရန် စေလွှတ်လိုက်ခြင်းဖြစ်၏။

၎င်းဇမုန်ထန်းသည် ယခင်က ဦးမိုးမှောင်၏စောင့်ရှောက်မှုအောက်ဝယ် နယ်စပ်ဒေသတလျှောက် ကုန်ကူးပြီး မိုးကောင်းအထိ ဖြန့်ပို့ခဲ့သူဖြစ်၏။

ဇမုန်ထန်း၏လားဝန်တင်တို့ သွားရာလမ်းကြောင်းဝယ် ကြောင်နက်ရှင်ဂိုဏ်းက စောင့်ရှောက်လိုက်ပါရပြီး အချိုးကျအမြတ်ကို ဇမုန်ထန်းက ဦးမိုးမှောင်အား ပေးရ၏။

သို့ဖြင့် ဇမုန်ထန်းသည် ကုန်ကူးခြင်းဖြင့် ချမ်းသာလာ





သည်တွင် ဗြိတိသျှစစ်ဘက်နှင့် ပုလိပ်ဘက်အရာရှိများကို သူ့နည်းသူ့ဟန်ဖြင့် ပေးကမ်းလာဘ်ထိုးပေါင်းသင်းကာ သူ၏ပစ္စည်းများကို မိုးကောင်းဘက်ရှိ ကျောက်တွင်းလုပ်ကွက်များဆီသို့ အရောက်ပို့လေ၏။

တောတွင်းလမ်းများကို ဖြတ်သန်းရာ၌ တောပုန်းဓါးပြများ၊ တောကြောင်များ၏ရန်ကို ကာကွယ်ရန် လူမိုက်တပည့်များ မွေးထားလေ၏။

ထိုအခါ ဇမုန်ထန်းသည် ဦးမိုးမှောင်၏ ကြောင်နက်ရှင်ဂိုဏ်းကို အားကိုးအားထားပြုစရာ မလိုတော့ဟူ၍ ဘက်ကန်ကာ သူ့ကိုယ်သူ ဦးမိုးမှောင်နှင့် ပြိုင်ဘက်တစ်ဦးနှယ် သဘောထားလာလေ၏။

မကြာခင်ကာလက ဇမုန်ထန်းနှင့် သူ၏တပည့်များသည် ဦးမိုးမှောင်၏ ဩဇာစက်ဝန်းသက်ရောက်ရာ ဖရဲတောင်ကြားလမ်းမှ တစ်ဖက်သို့ သူ၏လားဝန်တင်အဖွဲ့ကို ဦးဆောင်ကာ သွားရောက်ခဲ့ကြ၏။

ထိုခရီးမှ ဇမုန်ထန်းတို့အပြန်ဝယ် ငွေကြေးအမြတ်အစွန်းများစွာ တနင့်တပိုးရရှိခဲ့ကြောင်း ဦးမိုးမှောင်က သတင်းအတိအကျရထားသဖြင့် လှိုင်ဘွားနှင့် ကြောင်နက်ရှင်နှစ်ဦးကို ဇမုန်ထန်းထံ စေလွှတ်လိုက်ခြင်း ဖြစ်လေ၏။

သို့သော် ဒယောင်တန်ရွာသို့ ရောက်သောအခါအိမ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်လုံးဆောက်ပြီး တပည့်လူမိုက်များနှင့် တခမ်းတနား နေထိုင်အခြေချလျက်ရှိသည့် ဇမုန်ထန်းမှာ ဦးမိုးမှော်အား ဆက်ကြေးသရဘာခွဲပေးရန် ခါးခါးသီးသီး ငြင်းလိုက်လေ၏။

"မင်းတို့ဆရာ ဦးမိုးမှော်ကို ပြောလိုက်၊ သူနဲ့ငါ ဘာမှ မဆိုင်တော့ဘူး၊ ငါ့လမ်းငါ ဖောက်နေပြီလို့၊ နောက်လည်း ငါ့ဆီ ဘယ်သူ့ကိုမှ လွှတ်စရာမလိုဘူးလို့ ပြောလိုက် . . ."

ထိုအခါ လှိုင်ဘွားက ခပ်အေးအေးပင် ဇမုန်ထန်းအား တုန့်ပြန်ပြောဆိုလိုက်၏။

"ဒါဆိုရင်တော့ ကျုပ်တို့ရဲ့ဆရာကြီးဦးမိုးမှော် မှာလိုက်တဲ့အတိုင်း တစ်သွေမတိမ်း ကျုပ်တို့လုပ်ရတော့မှာပေါ့"

"မင်းတို့က ဘာလုပ်မှာလဲ၊ မင်းတို့ဆရာကရော ဘာမှာလိုက်လို့လဲ"

ဟု ဇမုန်ထန်းက ဒေါသတကြီးဖြင့် ထိုင်နေရာကြိမ်ကုလားထိုင်ကြီးထက်မှ ခုန်ထလိုက်ပြီး လှိုင်ဘွားအား မေးလိုက်လေ၏။

ထိုအခါ သူ၏အိမ်ဝင်းအတွင်းရှိ သူ၏တပည့်လူမိုက်ရှစ်ဦး၊ ကိုးဦးခန့်တို့သည် အခြေအနေဆိုးဝါးတော့မည်ကို ရိပ်စားမိသည်ကြောင့် လှိုင်ဘွားတို့သုံးဦးကို ဝိုင်းထားလိုက်လေ၏။

လှိုင်ဘွားကမူ သွေးအေးစွာ ပြုံးလိုက်ပြီး . . .

"ကျုပ်တို့ရဲ့ဆရာကြီး ပြောဆိုမှာကြားလိုက်တာကတော့ ဆက်ကြေးပေးဖို့ ခင်ဗျားဘက်က ငြင်းနေရင် မှတ်လောက်သား





လောက်အောင် ဆုံးမခဲ့တဲ့ . . ."

ဟုပြောလိုက်ရာ ဇမုန်ထန်းသည် ဒေါသပြင်းစွာထွက်သွားပြီး . . .

"အောင်မယ် . . . ငါ့ရဲ့နယ်မြေထဲ ဝင်လာပြီးတော့များ ငါ့ကို ဆုံးမနိုင်ကွပ်ဖို့ မင်းတို့ကို လွှတ်လိုက်တယ်ပေါ့ . . ဟုတ်လား၊ ဟေ့ကောင်တွေ . . . မင်းတို့သုံးယောက်စလုံး ခေါင်းမပါဘဲနဲ့ ပြန်သွားချင်လို့လားကွ . . . ဟေ"

ဟုအော်လိုက်ရာ လှိုင်ဘွားသည် နှုတ်ဖြင့် တစ်ခွန်းတစ်ပါဒမျှ တုန့်ပြန်ပြောဆိုမနေတော့ဘဲ ဖျတ်ခနဲရှေ့တိုးကာ ညာဝိုက်လက်သီးဖြင့် ဇမုန်ထန်း၏မျက်နှာကို ထိုးချလိုက်ရာ ခွပ်ခနဲအသံနှင့်အတူ ဇမုန်ထန်းမှာ နောက်သို့ပစ်လဲကျကာ သတိလစ်သွားတော့၏။

ထိုအခါ ဇမုန်ထန်း၏တပည့်လူမိုက်များက သံတုတ်များကိုင်ဆွဲပြီး လှိုင်ဘွားတို့ကို အတင်းဝင်ရိုက်လေတော့၏။ လှိုင်ဘွားက သံတုတ်ဖြင့် ပြေးဝင်လာသူတို့အား ရှောင်လွှဲခြင်းမပြုဘဲ ထိုသူ၏ချိုင်းအောက်ကို လျှပ်တပြက်ဆိုသလို ဖျတ်ခနဲဝင်လိုက်ကာ ဆီးခုံကို ဒူးဖြင့်တိုက်သူက တိုက်၊ ရင်ဝအား ထောက်လက်သီးပစ်သွင်းသူက သွင်း၊ ကိုင်ပေါက်သူက ပေါက်ဖြင့် တရကြမ်းပင် ခုခံတိုက်ခိုက်လိုက်ရာ လှိုင်ဘွား၏လက်ချက်ဖြင့် ဇမုန်ထန်း၏တပည့်လေးဦးမှာ မျက်စေ့တမှိတ်အတွင်း တအီးအီး၊ တအားအားအော်



www.burmeseclassic.com

www.burmeseclassic.com



ငြီးလျက် မြေပြင်ပေါ်သို့ ဒူးထောက်ကာ မှောက်လျက်ကျကုန်တော့၏။

အခြားကြောင်နက်ရှင်ဂိုဏ်းသားနှစ်ဦးမှာလည်း ဇမုန်ထန်း၏တပည့်နှစ်ဦးကို ဓါးမြှောင်တစ်လက်စီဖြင့် ခုခံလျက်ရှိ၏။ ထိုလူများကို လှိုင်ဘွားကလည်း နောက်ဖက်မှနေ၍ တကောက်စွပ်ကိုနင်းပြီး ဟန်ချက်ပျက်စေလိုက်ရာ ထိုသူများမှာ ဓါးမြှောင်များဝမ်းဗိုက်ကိုစိုက်ဝင်ကာ အသက်ပျောက်သွားကြတော့၏။

ထိုအခါမှ လှိုင်ဘွားသည် ဇမုန်ထန်း၏ အိမ်သစ်ကြီးပေါ်သို့ တက်ရောက်ကာ ဗီရိုများ၊ သေတ္တာများကို မွှေနှောက်ရှာဖွေရာ ဇမုန်ထန်း၏အိပ်ခန်းထဲရှိ ဗီရိုပုလေး၏အံဆွဲထဲမှ ငွေစက္ကူအထုပ်တို့ကို တွေ့ရသဖြင့် ယင်းငွေစက္ကူအကုန်လုံးကို အိတ်တစ်လုံးထဲထည့်ကာ ယူလာခဲ့တော့၏။

* * * *



# အခန်း (၁၂)

## ရတနာကျောက်စီဓါး

လှိုင်ဘွားတို့သည် ချီဗွေသို့ ပြန်အရောက်တွင် ဇမုန်ထန်းထံမှ လုယက်ယူလာသော ငွေစက္ကူများကို ဦးမိုးမှောင်လက်ထဲသို့ထည့်လိုက်ပြီး ဇမုန်ထန်းတို့ကို နှိပ်ကွပ်ဆုံးမခဲ့ပုံတို့အား ပြောပြသည်တွင် ဦးမိုးမှောင်မှာ လှိုင်ဘွားအား လွန်စွာသဘောကျကျေနပ်သွားတော့၏။

ဤသို့နှယ် လှိုင်ဘွားက ပွဲခပ်ကြမ်းကြမ်းများကို ဦးဆောင်ပြီး နွှဲပြလိုက်သည်တွင် လှိုင်ဘွားသည် ဦးမိုးမှောင်၏ညာလက်ရုံးဖြစ်လာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နှစ်နှစ်ခန့်အကြာဝယ် ဦးမိုးမှော်သည် လှိုင်ဘွား တစ်ယောက်တည်းကို သူ၏အိမ်အပေါ်ထပ်ရှိ အထူးအစည်းအဝေး ခန်းမသို့ တိတ်တဆိတ်ခေါ်ကာ ကြီးလေးသော တာဝန်ကြီးတစ်ခု ကို ပေးလေတော့၏။

ယင်းတာဝန်ကြီးသည်ကား ဖင်ရှလန်တောင်ကြားဒေသ မှ ဝင်ရောက်လာကြသည့် ရတနာကုန်သည်ကြီးတစ်ဦးနှင့်အဖွဲ့ အား ကြောင်နက်ရှင်ဂိုဏ်းက လုံခြုံရေးတာဝန်ယူပြီး ချီဗွေအထိ ဘေးမသီရန်မခဘဲ အောင်မြင်စွာ စောင့်ရှောက်ခေါ်ဆောင်ရမည့် အထူးတာဝန်ပင် ဖြစ်လေ၏။

လုံခြုံရေးလိုက်ပါသွားမည့် ဂိုဏ်းသားများကို လှိုင်ဘွားက ခေါင်းဆောင်ရမည်ဖြစ်ပြီး လက်ရွေးစင်ဂိုဏ်းသားရှစ်ဦးပါဝင်၏။

ယခင်က ဤကဲ့သို့ အရေးကြီးသော တာဝန်များကို ဝါရင့် လူဆိုးလူမိုက် တစ်ကျွန်းပြန်ကြီးတာနောမှ တာဝန်ယူရလေ့ရှိသော် လည်း ယခုတော့ တာနောထက် ပိုမိုထက်မြက်ပျို့ရွယ်သော လှိုင် ဘွားကို ဦးမိုးမှော်မှ တာဝန်ပေးခြင်း ဖြစ်လေ၏။

လှိုင်ဘွားသည်ကား ကြောင်နက်ရှင်အဖွဲ့သို့ ရောက်ရှိ ချိန်မှစ၍ ဦးမိုးမှော်တာဝန်ပေးသမျှပွဲတိုင်းကို ချို့ယွင်းချက်မရှိ အတိမ်းအစောင်း လုံးဝမရှိစေဘဲ အောင်မြင်ချောမောအောင် ဆောင်ရွက်ပေးနိုင်စမြဲမို့ ကြောင်နက်ရှင်ဂိုဏ်းထဲတွင် နေရာရသည် ထက်ရလာပြီး နှစ်နှစ်ခန့်ကြာလာသည့် ယခုအချိန်ကာလတွင်





ဦးမိုးမှော်ပြီးနောက် ဒုတိယခေါင်းဆောင်နေရာကို ရရှိလာခဲ့ပြီ ဖြစ်၏။

လှိုင်ဘွားသည် ကြောင်နက်ရှင်အဖွဲ့သို့ ရောက်ရှိလာသည့် အချိန်မှစ၍ ၎င်းအဖွဲ့ရှိ ဒုစရိုက်သမားများထံမှ ဒုစရိုက်ပညာမျိုးစုံ ကို စိတ်ဝင်တစားဖြင့် စိတ်အားထက်သန်စွာ လေ့လာသင်ယူလေ ၏။

ကြောင်နက်ရှင်ဂိုဏ်းတွင် အရပ်ရပ်သော ဒေသတို့မှ လူဆိုးလူမိုက်မျိုးစုံဖြစ်သည့် လူသတ်သမား၊ ခါးပြ၊ လူဆိုးများသာ မက ဖောက်ထွင်းဝိဇ္ဇာ၊ သူခိုးတို့အထိ ပါဝင်လေရာ ထိုသူတို့ထံမှ ပညာမျိုးစုံကို နည်းလမ်းအသွယ်သွယ်ဖြင့် ရယူခဲ့လေ၏။

ဤကဲ့သို့ ဒုစရိုက်ပညာများကို ဆည်းပူးရခြင်းမှာ တစ်ချိန် တစ်ခါ၌ ဒုစရိုက်ဂိုဏ်းကြီးဖြစ်သော ကြောင်နက်ရှင်အဖွဲ့အား ဖြိုခွင်းဒုက္ခပေးသည့်အခါ ကိုယ်တိုင်က ဒုစရိုက်ပညာမျိုးစုံတတ် မြောက်ထားမှ ၎င်းဒုစရိုက်သမားတို့ကို ယှဉ်နိုင်မည်ဟု ယုံကြည် ယူဆပြီး ဆည်းပူးလေ့လာခဲ့ခြင်း ဖြစ်လေ၏။

ယခုဆိုလျှင် သူသည် ဒုစရိုက်ပညာဟူသမျှကို မတတ် မရှိ တတ်မြောက်ပြီးဖြစ်သည့်အပြင် သူတာဝန်ယူဆောင်ရွက်သည့် ပွဲတိုင်းမအောင်မြင်သည်ဟူ၍မရှိ၊ အောင်မြင်သည်ချည်းဖြစ်ကာ သူ့အား ကြောင်နက်ရှင်ဂိုဏ်းသားများက တစ်ကောင်ကျားလှိုင် ဘွားဟု နာမည်ပေးကြရာမှ သူသည် တစ်ကောင်ကျားလှိုင်ဘွား



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ထင်ရှားလာလေတော့၏။

ယခုလည်း လှိုင်ဘွားသည် နယ်စပ်ဒေသမှ ဝင်ရောက်လာသည့် အထူးဧည့်သည် အာရိယန်ကုန်သည်ကြီးချန်ခိုးပေါင်နှင့် အဖွဲ့အား သွားရောက်ကြိုဆိုရမည် ဖြစ်လေ၏။

တစ်ခုသော မနက်ခင်းဝယ် ဦးမိုးမှောင်သည် လှိုင်ဘွားအား ချန်ခိုးပေါင်နှင့် တွေ့ဆုံပါက ပြောကြားရမည့် စကားဝှက်အချို့ကို သင်ပေးပြီးနောက် ဂိုဏ်းသားရှစ်ဦးအား ဦးဆောင်စေကာ ဖင်ရှုလန်တောင်ကြားဒေသသို့ သတ်မှတ်ထားသည့်ရက်အမီ သွားရောက်စေရန် စေလွှတ်လိုက်တော့၏။

တစ်ကောင်ကျားလှိုင်ဘွားသည် ကြောင်နက်ရှင်ဂိုဏ်းသားတို့နှင့်အတူ တောခရီးကြမ်းကို မြင်းများဖြင့် အပြင်းနှင်ခဲ့လေရာ တောတောင်လျှိုမြောင်တို့ကို သုံးရက်လုံးလုံး ဖြတ်သန်းပြီးနောက် ထောဂါဟူသော အရပ်သို့ ရောက်ရှိလာတော့၏။

လှိုင်ဘွားတို့အဖွဲ့သည် ထောဂါတွင် တစ်ရက်နားပြီးနောက် ဆက်လက်ခရီးတက်ခဲ့ကြရာ နယ်အစွန်အဖျား နယ်စပ်ဒေသသို့ ငါးရက်ခန့်အကြာတွင် ရောက်ရှိသွားတော့၏။

သူတို့သည် ဖင်ရှုလန်တောင်ကြားဒေသသို့ ရောက်ရှိသွားသည့်အခါ တောင်ကြားစခန်း၌ အသင့်စောင့်နေကြသော ရတနာကုန်သည်ကြီး ချန်ခိုးပေါင်နှင့်အဖွဲ့အား တွေ့ဆုံရလေ၏။

တွေ့တွေ့ချင်းမှာပင် ချန်ခိုးပေါင်က စကားဝှက်ကို တရုတ်





စကားဖြင့် မေးလိုက်၏။

ယခုရောက်ရှိလာသော ကြောင်နက်ရှင်ဂိုဏ်းတွင် ရတနာကုန်သည်ကြီးချန်ခိုးပေါင်နှင့် ပြောဆိုဖြေကြားရမည့် စကားဝှက်ကိုသိသူမှာ လှိုင်ဘွားတစ်ဦးတည်းရှိရာ လှိုင်ဘွားက ၎င်းစကားဝှက်ကို တရုတ်ဘာသာစကားဖြင့် ပြန်လည်ဖြေကြားလိုက်၏။

နောက်တစ်နေ့မနက်မှာပဲ သူတို့အဖွဲ့နှစ်ဖွဲ့သည် ချီဝှေသို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြလေ၏။

ရတနာကုန်သည်ကြီးချန်ခိုးပေါင်သည် တန်ဖိုးလွန်စွာကြီးမားလှသော ရှေးဟောင်းအာရိယန်ဘုရင်ကြီးတစ်ပါး၏ နန်းတွင်းရတနာမျိုးစုံကို ထည့်သွင်းသိမ်းဆည်းထားသည့် ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ရတနာကျောက်စီဓါးကို ရောင်းချရန် လာရောက်ခြင်း ဖြစ်လေ၏။

သို့သော် တန်ဖိုးလွန်စွာကြီးမားလှသော ၎င်းရတနာပစ္စည်းအား လာရောက်ရောင်းချခြင်းကို ဒုစရိုက်အဖွဲ့များ၊ တောပုန်းဓါးပြများ မသိရှိစေရန် ထိပ်တန်းလျှို့ဝှက်အဖြစ်ထားရှိကာ ကြောင်နက်ရှင်ဂိုဏ်းနှင့် စကားဝှက်များသုံးပြီး ဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်လေ၏။

ချန်ခိုးပေါင်ရောင်းချလိုသော ရတနာကျောက်စီဓါးအား ဝယ်ယူနိုင်မည့် သူဌေးရရှိစေရန်ကိစ္စကို ဦးမိုးမှောင်မှပင် တာဝန်ယူ ရှာဖွေပေးရရာ ၎င်းက သူနှင့်ဆက်သွယ်မှုရှိသော မန္တလေးသူဌေးအချို့ကို



www.burmeseclassic.com

www.burmeseclassic.com



အခြေခံကာ လှုပ်ရှားနေသည့် တြိဗ္ဗေဒုစရိုက်ဂိုဏ်းကြီး၏ခေါင်းဆောင်ဖြစ်သူ အဂ္ဂရာဇာအား လျှို့ဝှက်စာပေးပို့ကာ ဆက်သွယ်ဆောင်ရွက်ခဲ့လေ၏။

အဂ္ဂရာဇာသည် မန္တလေးမှ ရတနာသူဌေးကြီးတစ်ဦးအား အရောင်းအဝယ်စကား ကမ်းလှမ်းပြီးဖြစ်သော်လည်း ထိုသူဌေးကြီးတစ်ဦးတည်းက ရတနာကျောက်စီခါးကို ဝယ်နိုင်ရန် ငွေမလုံလောက်သဖြင့် အဂ္ဂရာဇာက သူနှင့် ညီရင်းအစ်ကိုတမျှ ခင်မင်သည့် ကျောက်နဂါးဒုစရိုက်ဂိုဏ်း၏ခေါင်းဆောင်ကြီး ဗိုလ်မိုးကြိုးအား ရန်ကုန်မြို့မှ သူဌေးကြီးတစ်ဦးနှင့် ဆက်သွယ်ပေးရန် လျှို့ဝှက်စာပို့ပြီး အကြောင်းကြားခဲ့လေ၏။

ရန်ကုန်မြို့ပန်းဆိုးတန်းတစ်ဝိုက်ဝယ် အခြေတည်၍ လှုပ်ရှားလျက်ရှိသော ကျောက်နဂါးတည်းဟူသည့် ဒုစရိုက်အဖွဲ့ကြီး၏ ခေါင်းဆောင်ကြီး ဗိုလ်မိုးကြိုးမှာ ဘရုကင်းလမ်း၊ ဘိုကလေးဈေးလမ်းတွင် နေထိုင်သည့် ကုလားရွှေကုန်သည်သူဌေးကြီးအလီဘိုင်နှင့် ဆက်သွယ်ထားပြီး ဖြစ်၏။

ကျောက်နဂါးခေါင်းဆောင်ဗိုလ်မိုးကြိုးမှာ တြိဗ္ဗေဂိုဏ်းခေါင်းဆောင်အဂ္ဂရာဇာ၏ နှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီးမှာပင် သူ၏အဖွဲ့နှင့်အတူ တည်းခိုပြီး၊ နောက်တစ်နေ့မှစကာ အဂ္ဂရာဇာဦးဆောင်သော တြိဗ္ဗေဂိုဏ်းသားများ၊ မန္တလေးသား ရတနာကုန်သည်သူဌေးကြီးဦးငွေတိုး၊ ကျောက်နဂါးအဖွဲ့ခေါင်းဆောင် ဗိုလ်





မိုးကြိုးနှင့် သူ၏အဖွဲ့သားများ၊ ရန်ကုန်မှ ကုလားရွှေကုန်သည်သူဌေးကြီးအလီဘိုင်တို့သည် မြစ်ကြီးနားအထိ မီးရထားဖြင့် ဆန်တက်ခဲ့ကြလေတော့၏။

မြစ်ကြီးနားသို့ ရောက်ရှိကြသည်တွင် ဧရာဝတီမြစ်ကို မော်တော်ဖြင့် ဖြတ်ကူးခဲ့ကြပြီး တာနေဦးဆောင်သည့် ကြောင်နက်ရှင်ဂိုဏ်းမှ ကြိုဆိုပြီးနောက် တောလမ်းခရီးကြမ်းဝယ် လုံခြုံရေးတာဝန်ကို ကြောင်နက်ရှင်ဂိုဏ်းမှ တာဝန်ယူပေးရလေ၏။

သို့ဖြင့် တောလမ်းခရီးအား ရက်အနည်းငယ်အကြာ ဖြတ်သန်းခဲ့ကြပြီးနောက် သူတို့အဖွဲ့သည် ချီဗွေသို့ ရောက်ရှိလာတော့၏။

ချီဗွေသို့ ရောက်သည်တွင် ကြောင်နက်ရှင်ဂိုဏ်းခေါင်းဆောင်ကြီး ဦးမိုးမှောင်မှ အဂ္ဂရာဇာနှင့် ဗိုလ်မိုးကြိုးတို့အား လှိုက်လှဲရင်းနှီးစွာ ကြိုဆိုလေ၏။

ထိုအခါတွင်မှ မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် ကြီးစိုးမင်းမူလျက်ရှိသည့် ဒုစရိုက်ဂိုဏ်းကြီးသုံးဂိုဏ်းမှာ တစ်နေရာတည်းဝယ် ဆုံစည်းမိရခြင်း ဖြစ်လေ၏။

တစ်ကောင်ကျားလှိုင်ဘွား တာဝန်ယူခေါ်ဆောင်လာရသော အာရိယန်ကုန်သည်ကြီး ချန်ခိုးပေါင်မှာလည်း ချီဗွေသို့ ရောက်ရှိနေပြီဖြစ်ရာ ထိုနေ့တစ်နေ့လုံးမှာ နှုတ်ဆက်စကားများ ပြောဆိုကြရင်းဖြင့်သာ အချိန်ကုန်ရကား အရောင်းအဝယ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ နောက်တစ်နေ့နံနက်မှသာ စတင်ကြတော့၏။

ကျယ်ဝန်းလှသော ဦးမိုးမှော်၏ တိုက်ခံအိမ်ကြီးအပေါ် ထပ်ရှိ အထူးဧည့်ခန်းကျယ်ကြီးထဲဝယ် ဆက်တီခုံများကို စက်ဝိုင်း သဏ္ဍာန် ဝိုင်းဖွဲ့ချထားပြီး ထိုဆက်တီခုံများ၏အလယ်၌ ကျွန်း စားပွဲခုံပုလေးရှိကာ ယင်းကျွန်းစားပွဲပုလေးပေါ်ဝယ် ငွေသေတ္တာ လေးတစ်လုံး ရှိလေ၏။

ကျွန်းစားပွဲပုလေး၏ အနီးဆုံးမှ ဆက်တီခုံများပေါ်တွင် အာရိယန်ကုန်သည်ကြီးချန်ခိုးပေါင်၊ ရန်ကုန်မှ ကုလားကုန်သည် သူဌေးကြီးအလီဘိုင်၊ ဦးမိုးမှော်၊ အဂ္ဂရာဇာ၊ ဗိုလ်မိုးကြိုးနှင့် မန္တလေးမှ သူဌေးကြီးဦးငွေတိုးတို့ ဝိုင်းလျက်ရှိကြလေ၏။

အာရိယန်ကုန်သည်ကြီး ချန်ခိုးပေါင်၏စကားပြန်မှာ နံ ဘေးဝယ် ခုံပုလေးဖြင့် ထိုင်လျက်ရှိပြီး ကျန်ဆက်တီခုံများဝယ် ကြောင်နက်ရှင်ဂိုဏ်းသားများ၊ ကျောက်နဂါးဂိုဏ်းသားများနှင့် တြိဗေ့ဂိုဏ်းသားတို့ ဆိတ်ငြိမ်စွာ ဝိုင်းထိုင်လျက် သူတို့၏ဂိုဏ်း ခေါင်းဆောင်ကြီးများနှင့် ရတနာသူဌေးကြီးသုံးဦး၏ ပြောဆိုလှုပ် ရှားသမျှကို စိတ်ဝင်စားစွာ စောင့်စားကြည့်ရှုလျက် ရှိလေတော့ ၏။

ရှေးဦးစွာ အာရိယန်ကုန်သည်ကြီး ချန်ခိုးပေါင်က သူဌေး ကြီးအလီဘိုင်နှင့် ဦးငွေတိုးတို့အား မျက်လုံးဝေ့ကြည့်လိုက်လျက်-

"သူတို့ဘက်ကရော အဆင်သင့်ပဲလား"





ဟုမေးလိုက်ပြန်ရာ ဦးမိုးမှော်က ခေါင်းညိတ်ပြလိုက်ပြီး ဦးငွေတိုးတို့ဘက်လှည့်ကာ . . .

"ကဲ . . . မစ္စတာချန်ခိုးပေါင်ကို ငွေထုပ်တွေ ပြလိုက်ပါ၊ ရှုံးမန်းနီးသဘောပေါ့"

ဟု ကြားပွဲစားလေသံဖြင့် ခပ်ချိုချိုပြောလိုက်လေ၏။

ထိုအခါ ဦးငွေတိုးကရော အလီဘိုင်ကပါ သူတို့တစ်လမ်း လုံး ဂရုတစိုက် သယ်ဆောင်လာကြသည့် သားရေအိတ်ကြီးများ ကို သူတို့၏နံဘေးဝယ် ချထားကြရာမှ ကျွန်းစားပွဲပေါ်သို့ တင် လိုက်ကြပြီး ဇစ်အသီးသီးကို ဆွဲဖွင့်ပြလိုက်ရာ ဂျော့ဘုရင်ခေါင်း ဝိုင်းပုံတံဆိပ်ပါသော အင်္ဂလိပ်ငွေစက္ကူအထုပ်ပေါင်းများစွာကို အိတ်အတွင်း၌ အပြည့်အသိပ်တွေ့ကြရလေတော့၏။

မစ္စတာချန်ခိုးပေါင်သည် ငွေစက္ကူထုပ်များကို ကြည့်ပြီး နောက် ကျေကျေနပ်နပ်ပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်လိုက် ပြီး . . .

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ ကျုပ်တို့ကိစ္စ ပြီးမြောက် ပါပြီ"

ဟုပြောလျက် စကားဝှက်ကိုပါ တစ်ခါတည်းပြောလိုက် လေ၏။

ယင်းစကားဝှက်၏အဓိပ္ပါယ်မှာ အရာရာအဆင်ပြေပြီး အဆင်သင့်ဖြစ်ပြီဆိုပါက အရောင်းအဝယ်အောင်မြင်စွာပြီးစေရန်



www.burmeseclassic.com

www.burmeseclassic.com



သာရှိတော့သည်ဟု ဆိုလိုရင်း ဖြစ်ပေတော့၏။

ထို့နောက် မစ္စတာချန်ခိုးပေါင်သည် ကျွန်းစားပွဲပေါ်မှ ငွေသေတ္တာလေးကို သော့ဖွင့်ပြီး လှစ်ဟလိုက်တော့သည်။

ယင်းငွေသေတ္တာလေးထဲရှိ ကတ္တီပါစအနီရဲရဲလေးပေါ်တွင် ရွှေရောင်ဝင်းလက်လျက်ရှိသော ရတနာကျောက်စီခါးကို တွေ့ရလေ၏။

၎င်းရတနာပစ္စည်း၏ တန်ဖိုးကပင် မနည်းလှကား ကြည့်ရှုနေသူအားလုံး ပင့်သက်ရှိုက်လိုက်မိကြ၏။

မစ္စတာချန်ခိုးပေါင်သည် ရတနာကျောက်စီခါးကို ငွေသေတ္တာထဲမှ ထုတ်ယူလိုက်ပြီး ခါးရိုးအောက်ရှိ အဖုကလေးကို နှိပ်လိုက်ရာ ခါးသွားနှစ်ဖက်မှာ ချပ်ခနဲပွင့်သွားပြီး အတွင်းမှ အခေါင်းထဲဝယ် ရတနာမျိုးစုံဖြင့် လက်ရာမြောက်စွာ ပြုလုပ်ထားသော ရတနာလည်ဆွဲ၊ လက်စွပ်၊ ဆံထိုးမျိုးစုံကို တဖျတ်ဖျတ်တောက်ပလျက် တွေ့ရလေတော့၏။

ဦးငွေတိုး၊ အလီဘိုင်တို့အဖွဲ့သည် ရတနာကုန်သည်များပီပီ ရတနာပစ္စည်းများကို သေချာစေ့စပ်စွာ ကိုင်တွယ်ကြည့်ရှုစစ်ဆေးနေကြစဉ် မစ္စတာချန်ခိုးပေါင်က စကားပြန်မှတစ်ဆင့် ထိုရတနာများနှင့်ပတ်သက်၍ ရှင်းပြလေ၏။

ဤနန်းစဉ်ရတနာများမှာ ရှေးနှစ်ပေါင်းတစ်ထောင်ကျော်က ဟန်မင်းဆက်လက်ထက် အာရိယန်ဘုရင်ကြီး သဒ္ဒီဖုန်ရှား၏





မိဘုရားတစ်ပါးအား ဘုရင်ကြီးက ချစ်မြတ်နိုးလွန်းသဖြင့် ချစ်သက်လက်ဆောင်အဖြစ် ပေးအပ်သော ရတနာပစ္စည်း လက်ဝတ်တန်ဆာများဖြစ်ကြောင်း၊ ယင်းမိဖုရားမှာ လွန်စွာမှ ချောမောလှပပြီး ပြောင်းခင်းပိုင်ရှင်သူဌေးကြီးတစ်ဦး၏သမီး ကျေးတောသူ အပျိုစင်လေးဖြစ်၏။

အာရိယန်ဘုရင်ကြီးက သူမ၏အလှအပများဝယ် နစ်မျောကာ စွဲလမ်းလွန်းသည်ကြောင့် မိဖုရားအဖြစ် တော်ကောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သူမအား ဂုဏ်ပြုသည့်အနေဖြင့် ဘဝအဆက်ဆက်ဩဇာရှိန်ဝါကြီးမြင့်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ၎င်းရတနာပစ္စည်းတို့ကို ထည့်သွင်းပေးအပ်ခဲ့ကြောင်း ရှင်းပြလေ၏။

“ဒီလက်ဝတ်ရတနာတွေမှာ စီခြယ်ထားတဲ့ ကျောက်သံပတ္တမြားတွေရဲ့တန်ဖိုးကပဲ မနည်းလှဘူး၊ ဒ့ါအပြင် ရတနာပစ္စည်းတွေဟာ ဘကယ့်ရှေးဟောင်းပစ္စည်း ရတနာထည်တွေမို့ အဖိုးဖြတ် လို့ မရနိုင်လောက်အောင်ကို တန်ဖိုးရှိလှပါတယ်”

ဟု သူ့ရတနာပစ္စည်းများကို ညွှန်းလျက်ရှိတော့၏။

မြန်မာသူဌေးကြီးဦးငွေတိုးနှင့် ကုလားသူဌေးကြီးအလီဘိုင်တို့သည် ၎င်းရတနာပစ္စည်းကို လိုချင်မက်မောလှသော်လည်း ဈေးဖြတ်ကာ ဈေးစကားပြောကြသည့်အခါဝယ် မစ္စတာချန်ခိုးပေါင်ခေါ်သော ဈေးမှာ သူတို့မျှော်မှန်းထားသည်ထက် များပြားနေသဖြင့် ဈေးမတည့်ဘဲ ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဈေးစကားဆိုကြရင်း အချိန်ကုန်ကာ အရောင်းအဝယ်ဖျက်တော့မည့်နှယ် ဖြစ်လာရာ ဦးမိုးမောင်က ကြားဝင်ကာ စေ့စပ်ညှိနှိုင်းပေး၍ ညနေစောင်းအချိန်ရောက်လုမှ အရောင်းအဝယ် တည့်သွားတော့၏။

"မစ္စတာချန်ခိုးပေါင်ကလည်း သိန်းနှစ်ဆယ်လျှော့လိုက်ဗျာ၊ ကျုပ်ကလည်း ဦးငွေတိုးတို့ ဝယ်ဖြစ်သွားအောင် ဆယ်သိန်းစိုက်ပြီး ဈေးတိုးပေးလိုက်မယ်"

ဟု ဦးမိုးမောင်က ကြားဝင်လိုက်တော့မှ ရောင်းသူနှင့်ဝယ်သူ သိန်းသုံးဆယ်ဈေးကွာနေခြင်းက ပြေလည်သွားတော့၏။

သို့ဖြင့် ဦးမိုးမောင်က သူ၏ငွေဆယ်သိန်းကို ဦးငွေတိုး၊ အလီဘိုင်တို့၏ ငွေပုံကြီးထဲထည့်ပေးကာ မစ္စတာချန်ခိုးပေါင်အား ပေးချေလိုက်လေ၏။

ထိုအခါ အာရိယန်ကုန်သည် မစ္စတာချန်ခိုးပေါင်ကလည်း ငွေများကို ရေတွက်လက်ခံပြီးနောက် သူ၏ရတနာကျောက်စိမ်းအား ငွေသေတ္တာလေးနှင့်အတူ ဦးမိုးမောင်တို့၏လက်ထဲသို့ အပ်လိုက်လေ၏။

"ကဲ . . . ဦးငွေတိုးနဲ့ မစ္စတာအလီဘိုင်တို့ရေ . . . အရောင်းအဝယ်ဖြစ်ပြီး ချောချောမောမော အောင်မြင်သွားပြီပေါ့ဗျာ . . . ဟုတ်လား၊ ခုမှ ကျုပ်လည်း စိတ်အေးရတော့တယ်"

ဟုပြောကာ တဟဲဟဲရယ်ရင်း ငွေသေတ္တာလေးအား





ဦးငွေတိုးတို့ဖက်သို့ တွန်းရွှေ့ပေးလိုက်လေ၏။

ထိုအခါ ဦးငွေတိုးနှင့် အလီဘိုင်တို့မှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီးနောက် နှစ်ဦးစလုံးက ဦးမိုးမောင်ဘက်လှည့်ကာ-

"အရောင်းအဝယ်ကိစ္စ ဖြစ်မြောက်အောင်မြင်အောင် ဦးမိုးမောင်ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့နှစ်ယောက်မနက်ဖြန်မှ ဒီရတနာကျောက်စိမ်းနဲ့ ရတနာပစ္စည်းတွေကို သေချာတွက်ချက်ချိန်တွယ်ခွဲယူကြမှာပါ၊ အခုတော့ မခွဲမစိတ်ရသေးခင် ကျုပ်တို့နှစ်ယောက်ရဲ့လက်ထဲမှာ မထားလိုပါဘူး၊ ဒါကြောင့် ရတနာပစ္စည်းတွေ ဦးမိုးမောင်ဆီမှာ ဒီတစ်ညလောက် သိမ်းဆည်းထားလိုက်ပါဗျာ"

ဟူ၍ နှစ်ဦးစလုံးက မေတ္တာရပ်ခံတိုက်တွန်းလိုက်ရာ အဂ္ဂရာဇာနှင့် ဗိုလ်မိုးကြိုးတို့ကပါ သဘောတူကြလေ၏။

ထိုအခါ ဦးမိုးမောင်က သူ့အား ယုံကြည်စွာ အပ်နှံလာခြင်းအား သဘောကျဂုဏ်ယူစွာဖြင့် ၎င်းရတနာကျောက်စိမ်းကို ငွေသေတ္တာထဲတွင် ထည့်သွင်းသော့ခတ်ကာ သိမ်းဆည်းထားလိုက်တော့၏။

သို့ဖြင့် ညဦးပိုင်းသို့ရောက်သည်တွင် အိမ်ကြီးအပေါ်ထပ်ရော၊ အောက်ထပ်မှာပါ တစ်အိမ်လုံး မီးအိမ်များ ထိန်ထိန်ညီးအောင် ထွန်းထားကာ အောင်ပွဲအထိမ်းအမှတ်အဖြစ် ဦးမိုးမောင်က ဒုစရိုက်ဂိုဏ်းကြီးသုံးဂိုဏ်းနှင့် ကုန်သည်ကြီးများအား ညစာ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲကြီးဖြင့် အိမ်အောက်ထပ် ဧည့်ခန်းကြီးထဲဝယ် တည်ခင်းဧည့်ခံကျွေးမွေးလေတော့၏။

အစားအသောက်ယမကာ စုံစုံလင်လင် ဖွယ်ဖွယ်ရာရာရှိလှရုံမက အလျှံပယ်ဖြစ်နေသော ၄င်းညစာစားပွဲဝယ် အလိုဆန္ဒအသီးသီး ပြည့်ကုန်ကြသော ကုန်သည်ကြီးသုံးဦးနှင့် နောက်လိုက်တပည့်များကလည်း အချင်းချင်း ရင်းနှီးစွာ ပြောဆိုရယ်မောကာ ညစာကို အားပါးတရ သုံးဆောင်နေကြသလို ဒုစရိုက်ဂိုဏ်းကြီးသုံးခုမှ ဂိုဏ်းခေါင်းဆောင်ကြီးသုံးဦးနှင့် ဂိုဏ်းသားတို့သည်လည်း သူတော်ချင်းချင်း သတင်းလေ့လေ့ ပေါင်းဖက်တွေ့ ဆိုသည့်စကားအတိုင်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း သူတို့၏အတွေ့အကြုံများကို ပြောဆိုဖလှယ်ကာ တည်ခင်းထားသည့် ယမကာများကို စိတ်ကြိုက်သောက်သုံးပြီး စိတ်လွတ်ကိုယ်လွတ် ပျော်နေကြလေ၏။

သို့ဖြင့် ည၉အတန်နက်သည်တွင် ဦးမိုးမှောင်သည် ရေအိမ်သို့သွားမည်ဟု အကြောင်းပြကာ ထိုင်ရာမှထပြီး လှိုင်ဘွားအား မျက်ရိပ်ပြလျက် အိမ်ကြီး၏အတွင်းပိုင်းသို့ ဝင်သွားလေ၏။

လှိုင်ဘွားကလည်း မသိမသာပင် ထလိုက်သွားရာ နောက်ဖေးချောင်သို့ ရောက်သည်တွင် . . .

"ဒီမှာ လှိုင်ဘွား၊ ရတနာကျောက်စီဓါးကို ငါ့ရဲ့အိပ်ခန်းထဲမှာ ဒီနေ့ညအဖို့ ငါသိမ်းဆည်းထားရမယ်၊ ဒီတော့ ငါ့အိပ်ခန်းထဲကို ဘယ်သူမှ ဘယ်လိုအကြောင်းပြချက်နဲ့မှ မဝင်စေနဲ့၊ ဂိုဏ်းသားနှစ်ဦးကို ငါ့ရဲ့အိပ်ခန်းဝမှာ အစောင့်ချထားပါ၊ မင်းက အိမ်ပေါ်ထပ်ကင်းမှူးအဖြစ် တာဝန်ယူ၊ နောက်ဂိုဏ်းသားနှစ်ဦးကိုတော့ ထုံးစံအတိုင်း အောက်ထပ်ကိုဆင်းတဲ့ လှေကားမှာ အစောင့်ချထားလိုက်၊ နောက်နှစ်ယောက်ကိုတော့ အိမ်ရှေ့တံခါးဝမှာ စောင့်ခိုင်းလိုက်မယ်၊ တာနောကတော့ အောက်ထပ်ကင်းမှူးပေါ့၊ ဒီတစ်ညလုံး မိုးလင်းတဲ့အထိ မီးအိမ်တွေကို ဆီဖြည့်ပြီးထွန်းထား . . ."

ဟု ဦးမိုးမှောင်က အမိန့်ပေးလိုက်သည်တွင် လှိုင်ဘွားက "ကောင်းပါပြီ ဆရာကြီး" ဟု ရိုကျိုးစွာပြောပြီး ဦးညွတ်လိုက်လေ၏။

သို့ဖြင့် ညစာစားပွဲကို ည၉အတော်နက်ကာ အေးစိမ့်လွန်းလာသည့် အချိန်တွင်မှ ရပ်နားသိမ်းဆည်းလိုက်ကြပြီး အိမ်ကြီး၏တံခါးများကို လေမဝင်စေရန် အားလုံးပိတ်လျက် အိပ်စက်ကြတော့၏။

ည၉နက်သန်းခေါင်ကို ကျော်လွန်ပြီး နာရီပြန်နှစ်ချက်အေးစိမ့်လွန်းသော အချိန်သို့ရောက်လာသည်တွင် အကြံသမားလှိုင်ဘွားမှာ သူကင်းမှူးအဖြစ် တာဝန်ယူရသည့် အိမ်အပေါ်ထပ်ဧည့်ခန်းမရှိ ဆက်တီခုံပေါ်တွင် ထိုင်စောင့်ရာမှပင် ထလိုက်၏။

ပြီးနောက် လှိုင်ဘွားသည် ခါးကြားမှ ဓါးမြှောင်ကိုထုတ်ကာ ခါးနောက်တွင်ဝှက်ကိုင်လျက် ဦးမိုးမှောင်၏ အိပ်ခန်းတံခါးဆီသို့ ခြေကို ဖွဖွနင်းကာ လျှောက်လမ်းသွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ခန်းတံခါးဝဝယ် ခေါင်းချင်းဆိုင်လျက် ငိုက်မြည်းနေသော ကြောင်နက်ရှင်နှစ်ဦး၏ ခေါင်းကို လက်ဖဝါး နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆတ်ခနဲ ပြင်းစွာရိုက်လိုက်ရာ ကင်း သမားနှစ်ယောက်စလုံးမှာ ခွပ်ခနဲ မြည်သံနှင့်အတူ သတိလစ်မေ့ မြောကျသွားတော့၏။

ထိုအခါမှ လှိုင်ဘွားသည် ကြိုတင်ပြုလုပ်ထားသော သော့တူဖြင့် ဦးမိုးမှောင်၏ အိပ်ခန်းတံခါးကိုဖွင့်ကာ ဝင်လိုက် တော့၏။ အိပ်ခန်းတံခါးမှာ အတွင်းဖက်မှာ ချက်မချပဲရှိသေး သဖြင့် ပိတ်စလိပ်သော တံခါးဖြစ်သည်ကြောင့် ယခုကဲ့သို့ ဖွင့် လိုက်နိုင်ခြင်းဖြစ်သည်။

သူသည် တံခါးချက်ကို ပြန်စေ့ပြီးနောက် ဖလ်မီးအိမ်ငယ် ထွန်းညှိထားသော ဦးမိုးမှောင်၏အိပ်ခန်းထဲသို့ သတိကြီးစွာထား လျက် ခြေကိုဖွဖွလေးဝင်လာပြီးနောက် မီးအိမ်အနီးသို့အရောက် ဝယ် ဖလ်မီးအိမ်၏မီးစာကို နှိမ့်ချလိုက်ရာ မီးအိမ်မှာ ငြိမ်းသွား တော့၏။

လှိုင်ဘွားသည် အမှောင်ထဲတွင် မြင်နိုင်အောင် သူ၏ မျက်စိကို ကြိုတင်အသားကျလေ့ကျင့်ထားသည်ကြောင့် ပြတင်း ပေါက်အပေါ်ဖက်ရှိ မှန်လေသာတံခါးချပ်ကို ဖြတ်သန်းကျရောက် လျက်ရှိသည့် လရောင်၊ ကြယ်ရောင်လဲ့လဲ့ဖြင့်ပင် တစ်ခန်းလုံးကို မြင်တွေ့နိုင်လေတော့၏။





ဦးမိုးမှောင်သည် ရတနာကျောက်စိမ်းကို ဘယ်နေရာမှာ သိမ်းဆည်းထားနိုင်မလဲဟု တွေးဆလိုက်ပြီးနောက် သူ၏ထက် မြက်ပါးနပ်သော ဉာဏ်ရည်အရ ဦးမိုးမှောင်သည် သူ၏လက်တစ် ကမ်းမှာပင် ၎င်းပစ္စည်းကို ထည့်ထားသည့် ငွေသေတ္တာလေးအား ထားမည်ဟု ယူဆမိသဖြင့် ဦးမိုးမှောင်အိပ်စက်ရာ ခုတင်အနီးသို့ ချဉ်းကပ်သွားလိုက်၏။

ပြီးနောက် လှိုင်ဘွားသည် ခုတင်၏တစ်ဘက် နံရံနှင့် ခုတင်ကြားမှ ဗီရိုပုလေး၏ တံခါးရွက်အား အသာဆွဲဖွင့်လိုက်ရာ ကံအားလျော်စွာပင် သော့ခတ်ထားခြင်းမရှိသဖြင့် ဗီရိုလေး၏တံခါး ရွက်က ပွင့်သွားလေတော့၏။

ထိုသို့ တံခါးရွက်ပွင့်သွားသည်နှင့် အတွင်းဝယ် ငွေသေတ္တာ လေးကိုတွေ့ရရာ သူသည် ၎င်းငွေသေတ္တာလေးကို လက်တစ်ဖက် ဖြင့်ပင် လှမ်းယူလိုက်လေ၏။

လှိုင်ဘွား၏လှုပ်ရှားမှုမှာ မြွေတစ်ကောင်နှယ် တိတ်ဆိတ် ညင်သာလွန်းလှ၏။

ဦးမိုးမှောင်သည်ကား ယမကာအရှိန်ဖြင့် အိပ်မောကျ လျက်ရှိပြီဖြစ်၏။

လှိုင်ဘွားသည် သိန်းပေါင်းများစွာ တန်ကြေးရှိသော ရတနာပစ္စည်းပါသည့် ငွေသေတ္တာလေးအား သူ၏ကျောပိုးအိတ် ထဲဝယ်ထည့်လျက် ကျွန်းလှေကားမှ အောက်ထပ်သို့ ဆင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် အောက်ထပ်လှေကားရင်းဝယ် ဓါးလွတ်များကိုင်ပြီး သတိဝိရိယကြီးစွာဖြင့် ကင်းစောင့်နေသည့် ကြောင်နက်ရှင်ဂိုဏ်းသားနှစ်ဦးက လှိုင်ဘွားအား စောင့်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ဤအိမ်၏စည်းကမ်းချက်အရ ဦးမိုးမှောင်၏ခွင့်ပြုချက်မရဘဲ ညအခါဝယ် မည်သူမှ မည်သည့်အကြောင်းကိစ္စနှင့်မျှ အိမ်အောက်ထပ်သို့ ဆင်းခွင့်မရှိသကဲ့သို့ အောက်ထပ်မှလူသည်လည်း အပေါ်ထပ်သို့ တက်ခွင့်မရှိပေ။

ကင်းသမားနှင့် ကင်းမှူးများသော်မှ မိမိတို့တာဝန်ကျရာ အထပ်၌သာ နေခွင့်ရှိပြီး အောက်ထပ်၌ တာဝန်ကျသော ကင်းသမားက အရေးကိစ္စပေါ်၍ အကူအညီခေါ်မှသာ အပေါ်ထပ်မှ ကင်းသမားက အောက်ထပ်သို့ ဆင်းရမည်ဖြစ်သကဲ့သို့ အပေါ်ထပ်မှ ကင်းသမားကလည်း အရေးကြုံသဖြင့်ခေါ်မှသာ အောက်ထပ်မှကင်းသမားက အပေါ်ထပ်သို့ တက်ခွင့်ရှိ၏။

ယခုတော့ အပေါ်ထပ်ကင်းမှူးဖြစ်သည့် လှိုင်ဘွားက ဆင်းလာရာ အောက်ထပ်ရှိ ကင်းသမားနှစ်ဦးမှာ မျက်မှောင်ကုတ်ပြီး ကြည့်နေကြတော့၏။

ထိုစဉ် အောက်ထပ်ကင်းမှူးတာနောက လှေကားရင်းသို့ ရုတ်တရက်ရောက်လာရာ ကျောပိုးအိတ်လွယ်လျက် ဆင်းလာသည့် လှိုင်ဘွားကို တွေ့လိုက်သည်တွင် မသင်္ကာဖြစ်သွားပြီး . . .





"ဟော့ . . . လှိုင်ဘွား၊ မင်းဘာလုပ်တာလဲ"

ဟု ခပ်မာမာ မေးလိုက်သည်တွင် လှိုင်ဘွား၏လက်ထဲရှိ ဓါးမြှောင်က ရုတ်ချည်းပင် လျှပ်ပြက်သည့်နှယ် တာနော၏ရင်ဝကို စိုက်ဝင်သွားတော့၏။ တာနောမှာ အသံပင်မထွက်နိုင်ဘဲ အရုပ်ကြိုးပြတ်ကျသွားစဉ် အခြေအနေကို ရိပ်မိသွားသော ဂိုဏ်းသားနှစ်ဦးမှာ ဓါးလွတ်များဖြင့် လှိုင်ဘွားကို နှစ်ဖက်ညှပ်ခုတ်ချလိုက်တော့၏။

လှိုင်ဘွားက အသာပင် ခုန်ရှောင်လိုက်ရင်း ခြေဖျားဖြင့် ခတ်ထည့်လိုက်ရာ ဂိုဏ်းသားတစ်ဦး၏ လက်ထဲမှဓါးမှာ လွတ်ကျသွားတော့၏။ လှိုင်ဘွားက ဓါးရှည်ကို ဖျတ်ခနဲ ကုန်းကောက်လိုက်စဉ် အခြားဂိုဏ်းသားက ဓါးဖြင့် မိုးခုတ်လိုက်တော့၏။

လှိုင်ဘွားက ဓါးဖြင့် ခုတ်လာသူအား အောက်မှပင့်၍ ဓါးဦးဖြင့် ထိုးထည့်လိုက်ရာ ထိုဂိုဏ်းသားမှာ အားခနဲ အော်လိုက်စဉ်မှာပင် နောက်ဂိုဏ်းသားတစ်ယောက်က ခါးမှဓါးမြှောင်ကို ဆွဲထုတ်လိုက်ရာ လှိုင်ဘွားက ဓါးရှည်ကို ဆွဲနှုတ်လိုက်ပြီး ဓါးမြှောင်သမားကို ပစ်ပေါက်ထည့်လိုက်၏။

ထို့နောက် သူက ကြမ်းပေါ်၌ ကျနေသော ဓါးရှည်တစ်လက်ကို ကောက်ယူလိုက်ကာ သံချိတ်များဖြင့် ချိတ်ဆွဲထားသော စတုန်းကင်းမီးအိမ်များကို ဓါးဖြင့် လျင်မြန်စွာ ခုတ်ဖြတ်ချလိုက်ရာ မီးအိမ်များမှာ တစ်စစီကွဲကျသွားပြီး ရေနံဆီများ စိုရွှဲ[illegible]ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်တွင် မီးတောက်ကြီးများ ရုတ်ချည်းထွက်ပေါ်လာတော့၏။

ထိုအခိုက်တွင် လှိုင်ဘွားသည် အိမ်ရှေ့တံခါးချပ်၏ ချက်ကိုဖြုတ်ကာ ဖွင့်ထွက်လိုက်ပြီး အိမ်ရှေ့တံခါးအပြင်ဖက်ဝယ် ကြောင်ငေးကာ ရပ်ကြည့်နေသော ဂိုဏ်းသားနှစ်ဦးကို ဓါးရှည်ဖြင့် ခုတ်ချလိုက်ကာ ခြံတံခါးကို ခုန်ကျော်လျက် အမှောင်ထုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားတော့၏။

သူ၏နောက်ကျောဖက်တွင်ကား ငရဲပွက်သည့်နှယ် ဆူညံအော်ဟစ်သံများနှင့်အတူ ဦးမိုးမှောင်၏ တိုက်ခံအိမ်ကြီးအားမီးတောက်မီးလျှံများက အရှိန်အဟုန်ပြင်းစွာ ဝါးမျိုလျက်ရှိလေပြီဖြစ်တော့၏။

* * * *



## အခန်း (၁၃)

## မိစ္ဆာရိုယနိဂုံး

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသ၏ လွင်ပြင်များကို ဖြတ်သန်းခုတ်မောင်းလာသော ညရထားကြီးက နံနက်လင်းစဝယ် ဂါယာနယ်ထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်၏။

ဆရာကြီးအောင်မင်းမောင်သည် တစ်ညလုံးအိပ်စက်ခြင်းမပြုဘဲ တစ်ကောင်ကျားလှိုင်ဘွားအကြောင်းကို ခရေစေ့တွင်းကျပြောပြလေရာ ရဲကျော်သည်လည်း စိတ်ဝင်တစားဖြင့် နားထောင်နေလေရာ မိုးလင်းသည်ကိုပင် အမှုမထားမိလိုက်ပေ။

"တစ်ကောင်ကျားလှိုင်ဘွားဟာ အဲဒီနောက် မြစ်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ကို အမြန်ဆုံးပြန်ခဲ့ပြီး မြနုတို့သားအဖကို သွားတွေ့ခဲ့သေးတယ်၊ အဲဒီအချိန်မှာ ဦးအောင်ကြီးဟာ ချောင်းဆိုးသွေးပါ အဆုတ်နာနဲ့ သေပြီးလို့ ရပ်လည်ပြီးကာစပဲ ရှိသေးသတဲ့၊ ဒါနဲ့ သူဟာ မြနုကို အားပေးစကားပြောပြီး သူအပ်ထားခဲ့တဲ့ ပတ္တမြားသုံးလုံးကို အကြောင်းပြုပြီး မြနုကိုပါ ကြောင်နက်ရှင်လူဆိုးဂိုဏ်းက မီးခိုးကြွက်လျှောက်လိုက်လာပြီး ရန်ပြုမှာ စိုးတာက တစ်ကြောင်း၊ သူ့ဖခင်ဦးအောင်ကြီးကလည်း မရှိတော့တာလည်း တစ်ကြောင်းကြောင့် အခြားနယ်မြေဒေသတစ်ခုခုကို ပြောင်းရွှေ့ဖို့ အထပ်ထပ်မှာခဲ့သတဲ့ကွ”

“ဒါထက် ဆရာကြီး . . . တစ်ကောင်ကျားလှိုင်ဘွားဆိုတဲ့လူနဲ့ ဘယ်လိုတွေ့ဆုံခဲ့တာလဲဗျ”

ဟု ဆရာကြီးအောင်မင်းမောင်ကို ရဲကျော်က မေးမြန်းလိုက်ရာ ဆရာကြီးက . . .

“ဒီလိုကွ . . . ငါ ကချင်ဒေသကို အခြေခံပြီး ဝတ္ထုရှည်ကြီးတစ်ပုဒ်ရေးဖို့ မြစ်ကြီးနားဖက်တက်ခဲ့တာ တစ်လလောက်ကြာတယ်၊ အဲ . . . မြစ်ကြီးနားက အပြန်မှာ ရထားနဲ့ပဲ ပြန်ခဲ့တယ်၊ အဲဒီလို ရထားနဲ့ ပြန်ခဲ့ရာမှာ ငါန်ဘေးက ခရီးဖော်ဟာ တစ်လမ်းလုံးစောင်ခြုံပြီး အိပ်လိုက်လာတယ်၊ နောက်မှ သူဟာ အဖျားတက်နေမှန်း သိလိုက်ရတယ်၊ စောင်ကိုလှပ်ကြည့်လိုက်တော့မှ သူဟာ လူငယ်တစ်ယောက်ဆိုတာ သိရတယ်၊ အဲဒီလူငယ်လေးဟာ အဖျား





တွေ တဟီးဟီးနဲ့ တုန်ပြီးတက်နေရာက နဘားဘူတာအရောက်မှာ အခြေအနေအတော်လေး ဆိုးဝါးလာခဲ့တယ်၊ ကယောင်ကတမ်းတွေလည်း ပြောလာတယ်၊ သူ့ပါးစပ်က သေကြ . . . သေကြ . . . လို့ချည်းပဲ အော်ဟစ်နေတော့တယ်၊ သတိလစ်မတတ်လည်း ဖြစ်နေတယ်၊ ခရီးဖော်တွေကလည်း ဆေးကုသမှ ဖြစ်မယ်လို့ ဝိုင်းအကြံပေးပြောကြတယ်၊ ဒါနဲ့ ငါက မနေသာတော့ဘဲ နဘားဘူတာအရောက်မှာ သူ့ကို ရထားပေါ်က တွဲချပြီး ဆင်းနေခဲ့ရတော့တယ်။

ပြီးတော့ နဘားရွာမှာ ဆေးကုဖို့ ဆရာဝန်ရှာရာက ဆရာဝန်မတွေ့ရဘဲ ကချင်တိုင်းရင်းဆေးဆရာတစ်ယောက်ကိုပဲ တွေ့ရတယ်၊ ငါကလည်း ဆေးပညာကို တတ်ကျွမ်းသူဆိုတော့ သူ့ရဲ့အဖျားဟာ တောတွင်းငှက်ဖျားရောဂါတစ်မျိုးလို့ သိပေမယ့် ခရီးထွက်လာရာမှာ ဆေးဝါးက အစုံအလင်ပါမလာတော့ ကုမပေးနိုင်ဘူးလေ၊ အဲဒီလိုနဲ့ ကချင်တိုင်းရင်းဆေးဆရာကြီးရဲ့အိမ်မှာပဲ တည်းခိုပြီး သူ့ကို ကုသပြုစုပေးမှ နှစ်ရက်လောက်အကြာမှာ ကယောင်ကတမ်းပြောတာတွေ ရပ်သွားသလို သတိလည်း ကောင်းကောင်းပြန်ရလာခဲ့တယ်၊ ငါလည်း သူ့ကို ပစ်မထားရက်ခဲ့တာနဲ့ သူ့ကိုပဲ ပြုစုစောင့်ရှောက်ပေးခဲ့ရာက တစ်ပတ်လောက်အကြာမှာ အဖျားပျောက်ပြီး အားနည်းနည်း ပြန်ပြည့်လာတယ်။

အဲဒီရက်အတွင်းမှာ မိုးဒါးနယ်ဘက်က လူနာလာပြီးတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကချင်တိုင်းရင်းဆေးဆရာကြီးက သူ့အိမ်ကိုရော သူ့ရဲ့လူနာဖြစ်တဲ့ လူငယ်ကိုပါ ငါ့လက်ထဲအပ်ပြီး ခရီးထွက်သွားလို့ အဲဒီဆရာကြီးရဲ့အိမ်မှာ ငါတို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်၊ အဲဒီလူငယ်ဟာ တစ်ကောင်ကျားလှိုင်ဘွားပေါ့၊ ဒါနဲ့ ငါက လှိုင်ဘွား . . မင်းဟာ အဖျားတက်ပြီး ကယောင်ကတမ်းတွေ အော်ဟစ်နေတုန်းက သေကြ . . သေကြ . . . လို့ ပထမအော်ဟစ်ခဲ့တယ်၊ နောက်ရက်တွေမှာ ရတနာကျောက်စီဓါးလို့ အော်နေခဲ့တယ်၊ ကြောင်နက်ရှင်တွေ သေရမယ်၊ ဦးမိုးမှော်င် အကြွေးဆပ်ရမယ်လို့ ပြောခဲ့တယ်၊ အဲဒါတွေဟာ ဘာစကားတွေလဲလို့ မေးလိုက်တော့ သူက ပြူးပြူးပျာပျာဖြစ်သွားပြီး 'ဦးကြီး . . . ကျွန်တော်အဲဒီလို အော်တာတွေကို ဘယ်သူကြားသလဲဟင် . . . ' လို့ မေးတယ်။

ဒါကိုတော့ မင်းမစိုးရိမ်နဲ့၊ မင်းအော်ဟစ်ခဲ့တာတွေကို ကြားခဲ့တာ ငါနဲ့ ကချင်ဆေးဆရာကြီးပဲ ရှိတယ်၊ ကချင်ဆေးဆရာကြီးကလည်း မြန်မာလို သိပ်နားမလည်တော့ မင်းဘာအော်နေသလဲဆိုတာ သူနားမလည်ရှာပါဘူး၊ ငါက ကချင်လိုတတ်လို့ မင်းကို ဆေးဆရာကြီးဆီခေါ်လာပြီး ဆေးကုသပေးဖို့ အကူအညီတောင်းရတာ လွယ်ကူခဲ့တယ်၊ အဲဒီ ကချင်ဆေးဆရာကြီးကလည်း ခပ်ရိုးရိုးအေးအေးနဲ့ မစပ်စုတတ်တဲ့သူမို့ မင်းဘာအော်နေတယ်ဆိုတာ မမေးပါဘူး . . . လို့ဆိုမှ လှိုင်ဘွားခမျာ သူ့ရင်ဘတ်သူဖိပြီး တော်ပါသေးရဲ့ ဦးကြီးရယ်လို့ ဆိုရှာတယ်ကွ၊ ဒါနဲ့ မင်းယောင်





ရမ်းအော်ဟစ်ပုံကြည့်ရတာ အလွန်ထူးခြားတဲ့ အတွေ့အကြုံတွေနဲ့ ကြုံတွေ့ခဲ့ပုံရတယ်၊ တော်တော်စိတ်ဝင်စားစရာ ကောင်းတာပဲ။

ငါဟာ စာရေးဆရာပါ၊ မင်းရဲ့အကြောင်းကို ပြောနိုင်ရင်ပြောပါ၊ ဇာတ်လမ်းကောင်းရင် မှိုင်းမြိုင်ပြီးတော့ဖြစ်ဖြစ် ဝတ္ထုတစ်ပုဒ်အဖြစ် ရေးပါရစေလို့ မေတ္တာရပ်ခံလိုက်တော့ လှိုင်ဘွားက အံ့သြသွားပြီး 'ဪ . . . ဦးကြီးက စာရေးဆရာကြီးကိုး' လို့ပြောပြီး ဆရာကြီးဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင်ပါပဲဗျာ၊ ဆရာကြီးနဲ့သာ မကြုံခဲ့ရင် ကျွန်တော်ဟာ အခုအချိန်မှာ ကျွန်တော့်နောက်ကို မကြုံခဲ့ရင် ကျွန်တော်ဟာ အခုအချိန်မှာ ကျွန်တော့်နောက်ကို မီးခိုးကြွက်လျှောက်လိုက်လာမယ့် ကြောင်နက်ရှင်ဂိုဏ်းသားတို့ရဲ့ အသတ်ပဲ ခံရမလား၊ ပုလိပ်လက်ထဲပဲ ရောက်သွားမလား မသိဘူးလို့ပြောတော့ ငါက ကြောင်နက်ရှင်ဂိုဏ်းဆိုတာက ဘာလဲ၊ ပုလိပ်လက်ရော ဘာဖြစ်လို့ ရောက်ရမှာလဲလို့ အမိအရမေးတော့မှ သူက သက်ပြင်းကြီးချပြီး ဆရာကြီးဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင်မို့လို့ ကျွန်တော့်အကြောင်း အစအဆုံး ပြောပြပါ့မယ်လို့ပြောပြီး စောစောက မင်းကို ငါပြောပြခဲ့တဲ့ ဇာတ်လမ်းတွေအားလုံး ဇာတ်စုံခင်းပြတော့တာပဲကွ"

ဟု ဆရာကြီးအောင်မင်းမောင်က တပည့်ဖြစ်သူမောင်ရဲကျော်အား စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

ရဲကျော်က စိတ်ဝင်တစား နားထောင်ရင်းမှ . . .

"ဒါဆို ရတနာကျောက်စီဓါးကိုရော ဆရာကြီးတွေ့ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသေးလား"

ဟုမေးလိုက်ရာ ဆရာကြီးက ခေါင်းကုပ်လိုက်ပြီးလျှင်-

"လှိုင်ဘွားထုတ်ပြလို့ သူနဲ့အတူပါလာတဲ့ အဲဒီပစ္စည်းနဲ့ အာရိယန်နန်းစဉ်ရတနာတွေကို ငါတွေ့ဖူးလိုက်ပါရဲ့၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်သလဲ ဆရာကြီး"

ဟု ရဲကျော်က မေးလိုက်ရာ ဆရာကြီးက . . .

"နောက်နေ့မနက်လည်းရောက်ရော လှိုင်ဘွားပျောက်သွားတော့တာပဲကွ"

"ဗျာ . . ."

"မဗျာနဲ့ တပည့်ရေ၊ နောက်နေ့မနက် ငါအိပ်ယာကလည်းနိုးရော လှိုင်ဘွားကို ရှာလို့မတွေ့တော့ဘူး၊ သူ့ရဲ့ကျောပိုးအိတ်လည်း မရှိတော့ဘူး"

"သူ . . . သူ . . . ဘယ်ရောက်သွားတာလဲ ဆရာကြီး၊ ဟိုကြောင်နက်ရှင်ဂိုဏ်းက လာဖမ်းသွားတာလား"

"ကြောင်နက်ရှင်တွေ ဖမ်းသွားမှတော့ သူတို့လည်း ငါ့ကိုခြိမ်းခြောက်ပြီး ရာဇသံဘယ်ပို့မှာလဲကွ၊ အဲဒီကောင် လစ်သွားတာ၊ ငါ့ကို သူ့အဖြစ်ပြောပြီးမှ ကျောမလုံဖြစ်ပြီး လစ်ပြေးသွားတာ"

ဟု ဆရာကြီးက ပြောလိုက်ပြီး ဆက်ကာပြောလိုက်၏။

"ဒါမှမဟုတ် သူ့ရဲ့အဖိုးမဖြတ်နိုင်တဲ့ ရတနာကျောက်စိ





ခါးကို ငါ့ကိုပြပြီးမှ သူ့ဆီက ငါလုမှာကို စိုးရိမ်ပြီး လစ်ပြေးသွားတာလား မသိပါဘူးကွာ . . . ဟား . . . ဟား . . . ဟား"

ဆရာကြီးအောင်မင်းမောင်က ဤသို့နှယ် ရယ်သွမ်းသွေးလျက် ပြောလိုက်သည်ကြောင့် ရဲကျော်ကလည်း ပြုံးရင်း . . .

"ဒါနဲ့ ဆရာကြီးက သူ့ရဲ့အကြောင်းကို ဝတ္ထုရေးပစ်လိုက်တယ်ဆိုပါတော့"

ဟု ခနဲ့တဲ့တဲ့ပြုံးကာ မေးလိုက်လေ၏။

"ဒါပေါ့ကွ၊ ဒီကောင်က ငါ့ကိုတောင် နှုတ်မဆက်ဘဲ လစ်ထွက်သွားမှတော့ ငါက သူ့ကိုလည်း ညှာမနေတော့ဘဲ သူပြောတဲ့ အတိုင်း အဖြစ်မှန်ကို ဝတ္ထုသွားနဲ့ ရေးပစ်လိုက်တော့တာပေါ့၊ သူ့အကြောင်းကလည်း ရေးလို့ကောင်းတယ်လေကွာ၊ နောက်တစ်ခုကလည်း တစ်ကောင်ကျားလှိုင်ဘွားဆိုတာ သနားစရာကောင်းတဲ့ လူငယ်လေးတစ်ယောက်ဆိုတာကို တာဝန်မဲ့ခဲ့တဲ့ သူ့ရဲ့ဖခင်မိုးမှောင် (ခေါ်) မင်းပုည သိစေချင်တဲ့ စေတနာလည်း ပါပါတယ်ကွာ၊ ဒါပေမယ့် ငါ့ဝတ္ထုမှာ ဇာတ်သိမ်းထားတာက သူဟာ ငါ့ကိုပစ်ပြီး ထွက်ပြေးသွားရာက ပုလိပ်တစ်ယောက်က သူ့ကို မသင်္ကာဖြစ်ပြီး ဖမ်းဆီးရှာဖွေဖို့ ကြိုးစားတယ်၊ သူက အရှာမခံတော့ ပုလိပ်က သူ့ကို အကြမ်းဖက်တိုက်ခိုက်ရာက သူပြန်ခုခံရာမှာ လက်လွန်ပြီး ပုလိပ်သေသွားတယ်၊ ဒါနဲ့ တစ်ကောင်ကျားလှိုင်ဘွားဟာ အဖမ်းခံရပြီး သေဒဏ်ချမှတ်ခံရပြီးတဲ့နောက် အယူခံဝင်ရာက အောင်လား



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်အော်ထဲက အက်ဒမန်ကျွန်းမှာ တစ်ကျွန်းအပြစ်ဒဏ်ကျ သွားလေရဲ့ . . . လို့ ကိစ္စပြတ်ပဲ ဇာတ်ကိုသိမ်းပစ်လိုက်တယ်ကွ"

"ဟုတ်ပြီ . . . ဒါဆို ဆရာကြီးပြောခဲ့သလိုပဲ တစ်ကောင်ကျားလှိုင်ဘွားဟာ အဖမ်းခံရင်လည်း ခံရမယ်၊ မခံရင်လည်း မခံရဘူးဆိုတာကို သဘောပေါက်ပါပြီဗျာ"

ဟု ရဲကျော်က ပြောရင်း ရထားပြတင်းပေါက်မှ ကြည့်လိုက်ရာ ရထားကြီးမှာ ဂါယာဘူတာသို့ ဆိုက်ရောက်ပြီဖြစ်ကြောင်း သတိပြုမိလေတော့၏။

* * * *



## အခန်း (၁၄)

## ထူးဆန်းသော ဟိန္ဒူကြီး

စာရေးဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့မှာ ခရီးသည်တင်ကားကလေးဖြင့် ဂါယာမြို့မှ (၇) မိုင်ခန့်ကွာဝေးသော ဗုဒ္ဓမြတ်စွာဘုရားရှင်ပွင့်တော်မူရာ အထူးအမြတ်ဒေသကြီးဖြစ်သော ဗုဒ္ဓဂါယာသို့ မနက်ဆယ်နာရီအချိန်ခန့်ဝယ် စတင်ထွက်ခွာလာခဲ့ရာ နေမွန်းတည့်ချိန်လောက်တွင် ဗုဒ္ဓဂါယာသို့ ရောက်ရှိကြလေတော့၏။

ဗုဒ္ဓဂါယာသို့အရောက်ဝယ် ရှေးဦးစွာ မဟာဗောဓိဘုရားကြီးကို ဖူးမြော်ပြီးနောက် တစ်ညတာ တည်းခိုအိပ်စက်ကြ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရာ ထမင်းဆိုင်၊ စားသောက်ဆိုင်ဟူ၍ ကြီးကြီးမားမား မတွေ့ရပေ။

သို့ကြောင့် ဆရာကြီးအောင်မင်းမောင်က ရဲကျော်အား-

"မောင်ရဲကျော်ရေ . . . ငါတို့တော့ ဗုဒ္ဓဂါယာကို ရောက်ဖူးချင်လို့သာ လာရတယ်၊ အသိအကျွမ်းကလည်း မရှိ၊ ဗြိတိသျှနယ်ချဲ့ဘာသာခြားတွေရဲ့ လက်အောက်မှာဆိုတော့ ငါတို့ဗုဒ္ဓဘုရားရှင်ရဲ့ ဖွားမြင်ရာ ဇာတိဒေသကို သူတို့က ဖွံ့ဖြိုးအောင်လုပ်မပေးတော့ ငါတို့မှာ တည်းခိုဖို့တောင် အတော်လေးခက်နေပြီ"

ဟု ငြီးငြူပြောဆိုရင်း သစ်ပင်တစ်ပင်၏ အရိပ်အောက်ဝယ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။ ရဲကျော်ကလည်း ဆရာကြီး၏စကားကို ထောက်ခံပြောဆိုလိုက်၏။

"ဟုတ်တယ် . . . ဆရာကြီးရေ၊ ကျွန်တော်တို့တော့ ဒီပလ္လင်ခြေရင်းမှာပဲ ဒီညအဖို့ အိပ်ရတော့မယ်နဲ့ တူတယ်"

ထိုစဉ် သူတို့အနီးသို့ ကုလားအဘိုးအိုတစ်ဦးက ခပ်ပြုံးပြုံးမျက်နှာဖြင့် လှမ်းလာပြီး . . .

"ဘုရားဖူးလာသူတွေ ထင်တယ်၊ အခက်အခဲရှိရင် ပြောပါ၊ ကူညီပါ့မယ်"

ဟု ဟိန္ဒူစတန်ဘာသာဖြင့် ပြောလိုက်မှ ထိုအဘိုးအိုကို သေချာကြည့်လိုက်မိကြရာ သူတို့နှင့် တစ်ညလုံး ရထားအတူတူစီးနင်းခဲ့ကြသည့် သူတို့၏ထိုင်ခုံရှေ့ရှိ ထိုင်ခုံမှ ထောင်ထောင်





မောင်းမောင်း အသားလတ်လတ်ဖြင့် ကုလားအဘိုးအိုဖြစ်ကြောင်း မှတ်မိသိရှိကြလေ၏။

ယိုအခါမှ ဆရာကြီးအောင်မင်းမောင်က ပြုံးလိုက်ပြီး ဟိန္ဒူစတန်ဘာသာဖြင့် . . .

"ဩော် . . . ကျုပ်တို့ ဒီမှာတည်းခိုနေထိုင်ဖို့ ခက်နေတယ်၊ ဘယ်မှာတည်းခိုလို့ ရနိုင်ပါမလဲ"

ဟုမေးလိုက်ရာ ကုလားအဘိုးအိုကြီးက . . .

"ကျုပ်နောက်လိုက်ခဲ့ပါ . . . "

ဟု ခပ်ပြုံးပြုံးပြောကာ လှည့်ထွက်သွားလေ၏။

ထိုအခါမှ ဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့မှာလည်း ကုလားအဘိုးအိုနောက်သို့ ဝမ်းသာအားရ လိုက်သွားရလေတော့၏။

သူတို့သည် အတန်ငယ်သွားပြီးနောက် ကွင်းပြင်တစ်ခုကို ဖြတ်အပြီးတွင် ဟိန္ဒူရပ်ကွက်တစ်ခုသို့ရောက်လေရာ တိုက်အိမ်ငယ်တစ်အိမ်ထဲသို့ အဘိုးကြီးဝင်သွားပြီးနောက် ဆရာကြီးအောင်မင်းမောင်တို့ကိုပါ လက်ယပ်ခေါ်သဖြင့် ဝင်လိုက်သွားရတော့၏။

အိမ်ထဲသို့ရောက်သည်တွင် သံမံတလင်းပေါ်ရှိ ဖျာတွင် ဝင်ထိုင်လိုက်ကြ၏။ သူတို့ကို ဦးဆောင်ခေါ်သွားသော ကုလားအဘိုးကြီးက အတန်ငယ်ကျယ်ဝန်းသော အိမ်ခန်းကြီးကို လက်ညှိုးရှမ်းပြလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လွတ်လွတ်လပ်လပ် တည်းခိုကြပါ၊ ဒါ . . . ကျုပ် ငှားထားတဲ့ အိမ် . . ." ဟု ပြောလိုက်၏။

ထိုအခါ ဆရာကြီးအောင်မင်းမောင်က အံ့အားသင့်သွားပြီး . . .

"ဩ . . . ဒါဆို ခင်ဗျားက ဒီအရပ်ဒေသခံ မဟုတ်ဘူးပေါ့ . . . ဟုတ်လား၊ ကျုပ်နာမည်က အောင်မင်းမောင်ပါ၊ သူက ရဲကျော်တဲ့၊ ကျုပ်တို့က မြန်မာပြည်က လာတာပါ"

ဟုပြောလိုက်ရာ ကုလားအဘိုးကြီးက ပြုံးလိုက်ပြီး . . .

"ကျုပ်ရဲ့နာမည်ကို ယူနွတ်လို့ပဲ မှတ်ထားပါ"

ဟု ခပ်ပြုံးပြုံးဖြင့် ပြောပြီး . . .

"ရွာထဲမှာ ထမင်းဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီထမင်းဆိုင်မှာ ထမင်းစားပေါ့၊ ပြီးရင် လျှောက်လည်ချင်လည်ပေါ့၊ ညအိပ်တော့ ဒီမှာပြန်အိပ်ပေါ့"

ဟု အေးဆေးစွာ ပြောပြီးနောက် အိမ်ထဲမှ ထွက်ခွာသွားတော့၏။

သို့ဖြင့် ဤညအဖို့ ဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့မှာ စားသောက်ရေးနှင့် အိပ်စက်ရန်နေရာမှာ အဆင်ပြေသွားလေတော့၏။

နောက်တစ်နေ့နံနက်ဝယ် သူတို့ဆရာတပည့်နှစ်ယောက် နေရဉ္စရာမြစ်သို့ သွားရောက်ပြီး ဒေသခံကလေးတစ်ဦးက လိုက်ပြ





သဖြင့် ဘုရားရှင်ရွှေခွက်မျှောချရာ သုဇာတာ၏အိမ်နေရာ . . . စသည်တို့ကို ကြည့်ရှုကြပြီးနောက် ဥရုဝေလတောထဲသို့ ဝင်ရောက်ခဲ့ကြရာ ထိုတောအတွင်းရှိ ကျောက်ဂူကျောက်တောင်များ၌ တိဗက်ဘုန်းတော်ကြီးများ ထုလုပ်ထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဆင်းတုတော်များကို ဖူးတွေ့ရလေ၏။

ထိုနေ့ညနေခင်း တည်းခိုရာအိမ်သို့ ပြန်ရောက်လာရာ ကုလားအဘိုးအိုလည်း ပြန်ရောက်နေတာကို တွေ့ရ၏။ ထိုကုလားအဘိုးအိုနှင့် သူတို့ စကားစမြည်ပြောနေကြရင်းမှ ယနေ့အဖို့ သူ့မှာ ကိစ္စတစ်ခုရှိသည်ကြောင့် မအားလပ်ခြင်းဖြစ်ကြောင်း၊ နောက်နေ့များဝယ် သူအားလပ်ပြီဖြစ်ရာ ဆရာကြီးအောင်မင်းမောင်တို့ကို ဗုဒ္ဓဂါယာအနှံ့ လိုက်ပို့ပါမည်ဖြစ်ကြောင်း ချိုသာစွာ ပြုံးပြီးပြောလေ၏။

ကုလားအဘိုးအိုက ရွာမှာ သူကတိပေးထားသည့်အတိုင်း နောက်ရက်များဝယ် ဗောဓိပလ္လင်နှင့် ရွှေပလ္လင်သို့လည်းကောင်း၊ အနိမ့်သံစေတီတော်သို့လည်းကောင်း၊ ရတနာစင်္ကြံတော်သို့လည်းကောင်း၊ ရတနာဃရသို့လည်းကောင်း၊ လင်းကွန်းပင်သို့လည်းကောင်း၊ မုစလိန္ဒာအိုင် . . . စသည့် မြတ်စွာဘုရားဖွားမြင်ရာနှင့် ဆက်စပ်သည့်နေရာများသို့ နေ့စဉ်ရက်ဆက်ဆိုသလို လိုက်ပို့ပေးလေ၏။

ဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့မှာ ဂိဇ္ဈကုဋ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရှိ ဒေဝဒတ်မှ ကျောက်မောင်းကြီးဆင်ပြီး ဘုရားရှင်အား လုပ်ကြံသည့်နေရာကိုပါ ရောက်ရှိကာ ရာဇဂြိုဟ်မြို့သို့ပါ ဝင်ရောက်လည်ပတ်ကာ ချစ်တီးထမင်းဆိုင်တွင် နေ့လယ်စာစားကြလေ၏။

နီပေါနိုင်ငံအတွင်းသို့ ရောက်သည်တွင် လုမ္ဗိနီဥယျာဉ်ဒေသသို့ ရောက်ရှိလေ၏။

"ဒီနေရာဟာ ဂေါတမမြတ်စွာဘုရားရှင် ဖွားမြင်တော်မူခဲ့တဲ့ နေရာပါပဲ"

ဟု ကုလားအဘိုးအိုက သူတို့အား ရှင်းပြပြီးနောက် . . .

"ဒါထက် . . . ခင်ဗျားတို့က ဗုဒ္ဓဂါယာကနေ ဘယ်တော့ပြန်မယ်စိတ်ကူးထားသလဲ"

ဟု ရုတ်တရက်ဆိုသလို မေးလိုက်ရာ ဆရာကြီးအောင်မင်းမောင်က ပြုံးပြီး . . .

"ကျုပ်တို့ရှိနေလို့ ခင်ဗျားမှာ အလုပ်တွေပိုပြီး အချိန်ကုန်လူပင်ပန်းဖြစ်နေလို့လားဗျ၊ ကျုပ်တို့အတွက် ခင်ဗျားမှာ တာဝန်ကြီးနေရတာကို အားနာပါတယ်ဗျာ၊ ကျုပ်တို့ ပြန်ကြတော့မှာပါ"

ဟုပြောလိုက်ရာ ကုလားအဘိုးအိုယူနွတ်က ခေါင်းကိုရမ်းလိုက်ပြီး . . .

"အဲဒီလိုမျိုးသဘောနဲ့ မဟုတ်ပါဘူးဗျာ၊ မြန်မာပြည်ကိုခင်ဗျားတို့ ပြန်တဲ့အခါ ကျုပ်က လက်ဆောင်တစ်ခုပေးလိုက်ချင်လို့ပါ"





ဟု အေးဆေးစွာ ပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်က သစ်ပင်ရိပ်တစ်ခုအောက်ဝယ် စိတ်ပျက်လက်ပျက်နှင့်ထိုင်ချလိုက်ပြီး နှုတ်မှလည်း . . .

"အင်း . . . ကျုပ်တို့ကလည်း ကျုပ်တို့နိုင်ငံကို ပြန်ချင်ပြီကောဗျာ၊ ဒါပေမယ့် လောလော,လောလောနဲ့ ပြန်လို့မဖြစ်သေးဘူးဗျ"

ဟု မတင်မကျပြောလိုက်ရာ ကုလားအဘိုးအိုယူနွတ်က ပြုံးလိုက်ပြီးနောက် ဆရာကြီးအောင်မင်းမောင်၏ရှေ့ဝယ် တင်ပလ္လင်ခွေထိုင်လိုက်ကာ . . .

"ကဲ . . ခင်ဗျားတို့နိုင်ငံကို ပြန်လို့ဖြစ်မဖြစ် ကျုပ်လက္ခဏာကြည့်ပေးမယ်၊ လက်ဝါးနှစ်ဖက်ဖြန့်စမ်းပါဗျာ"

ဟု ခပ်တည်တည်ပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့မှာ ပြုံးထွေထွေ ဖြစ်သွားရလေတော့၏။

စာရေးဆရာကြီးအောင်မင်းမောင်မှာ မြန်မာပြည်တွင် စာရေးဆရာကြီးတစ်ဦးဖြစ်သလို ထင်ရှားကျော်ကြားသော ဗေဒင်လက္ခဏာဆရာကြီးလည်း ဖြစ်လေရာ သူ့လိုပုဂ္ဂိုလ်ကြီးအား ခပ်တည်တည်ဖြင့် လက္ခဏာကြည့်ပေးမည်ဟု ပြောလာသူ အဘိုးအိုယူနွတ်၏အပြုအမူအတွက် ထိုသို့ပြုံးထွေထွေ ဖြစ်သွားရခြင်းပင်ဖြစ်လေ၏။

သို့သော် ဆရာကြီးအောင်မင်းမောင်က သူ၏လက်ဖဝါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှစ်ဖက်ကို ဖြန့်ပြလိုက်ပြီး . . .

"ကဲ . . . ကြည့်ပါဗျာ . . . ကြည့်ပါ . . ."

ဟု ခပ်ပြုံးပြုံးဖြင့် ပြောလိုက်လေ၏။

ကုလားအဘိုးအိုယူနွတ်က ဆရာကြီးအောင်မင်းမောင်၏လက္ခဏာအား အတန်ကြာမျှ ကြည့်ပြီးနောက် . . .

"ခင်ဗျားတို့ရဲ့နိုင်ငံဆီ ပြန်ချင်ရင် ပြန်လို့ရပါပြီ"

ဟု ပြောလိုက်လေ၏။

"ဟုတ်ရဲ့လားဗျာ . . ."

ဟု ဆရာကြီးအောင်မင်းမောင်က ထပ်ကွန့်လိုက်ရာ အဘိုးအိုယူနွတ်က သူ၏မျက်နှာအား တည်ကြည်လေးနက်စွာထားပြီးနောက် . . .

"ခင်ဗျားတို့ဟာ ရန်အတွက်ကြောင့် ရန်ရှောင်ဖို့ ခင်ဗျားတို့ရဲ့နိုင်ငံက ထွက်လာတာ မဟုတ်လား၊ အခုဆို အဲဒီရန်တွေ သူ့အလိုလိုရှင်းသွားပြီမို့လို့ ခင်ဗျားတို့ပြန်လိုက ပြန်လို့ရပါပြီလို့ ပြောရတာပါ"

ဟုပြောလိုက်ရာ ဆရာကြီးအောင်မင်းမောင်က သွေးတိုးစမ်းသည့်အနေဖြင့် . . .

"ကျုပ်တို့ရဲ့အန္တရာယ်က ဘယ်လောက်ကြီးလဲဆိုတာ ပြောနိုင်မလား"

ဟုမေးလိုက်ရာ ကုလားအဘိုးအိုက ပြုံးလိုက်ပြီး . . .





"ပြောနိုင်တာပေါ့၊ ခင်ဗျားတို့ကို လူဆိုးလူမိုက်တွေက အုပ်စုလိုက်လာပြီး ရန်ပြုဖို့ရှိတယ်၊ ဒါပေမယ့် အဲဒီရန်တွေဟာ အခုမရှိနိုင်တော့ပါဘူး"

ဟုပြောလိုက်ရာ စာရေးဆရာကြီးအောင်မင်းမောင်က ယင်းကုလားအဘိုးကြီးမှာ မြန်မာစကားကို နားလည်ပါလျက် နားမလည်ချင်ယောင်ဆောင်ပြီး ညက သူတို့နှစ်ဦးပြောသမျှကို နားထောင်ကာ လာပြောနေခြင်းဟု ယူဆလိုက်၏။

သို့ကြောင့် ဆရာကြီးအောင်မင်းမောင်က . . .

"ဒီမှာဗျ . . . ကျုပ်တို့ရဲ့ရန်တွေ မရှိတော့ဘူးဆိုတာ သေချာရဲ့လား၊ ဘယ်လိုမရှိတော့တာလဲ ပြောပြပါလား"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားတို့ကို ရန်ပြုဖို့ ကြိုးစားနေတဲ့သူတွေဟာ နောက်ဆုံးမှာ သူတို့အချင်းချင်း မသင့်မြတ်ဖြစ်ရာက ပေါက်ကွဲပြီး ပစ်ခတ်သတ်ဖြတ်ကြလို့ သေသူကသေ၊ သေဒဏ်ကျသူကကျနဲ့ အားလုံး မရှုမလှ ဇာတ်သိမ်းကုန်ကြပြီဗျ"

ဟု ပါးစပ်ထဲရှိရာ ပြောချလိုက်ရာ ဆရာကြီးအောင်မင်းမောင်မှာ အံ့အားသင့်သွားပြီး ကုလားအဘိုးကြီးအား . . .

"ဟုတ်ရဲ့လားဗျာ . . ."

ဟု လွှတ်ခနဲ မေးလိုက်လေ၏။

"ဟုတ်ပါသော်ကောဗျာ၊ ဒီမှာ ဘုရားဖူးလှည့်လည်ခြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးလက်အေးသာ ပြန်ပါ"

ဟု ပြုံးရွှင်သော မျက်နှာဖြင့် ပြောလိုက်သည်တွင် ဆရာကြီးအောင်မင်းမောင်မှာ ယုံရခက်၊ မယုံရခက် ဖြစ်သွားလေတော့၏။

ရဲကျော်ကလည်း စိုးရိမ်စွာဖြင့် . . .

"ဆရာကြီး . . . ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ၊ အဘိုးကြီးယူနွတ်ပြောသလိုဆို ကြောင်နက်ရှင်ဂိုဏ်း၊ တြိဂွေဂိုဏ်းနဲ့ ကျောက်နဂါးဂိုဏ်းတွေ ပြိုကွဲကုန်ပြီထင်တယ်၊ ဒါထက် အဘိုးကြီးယူနွတ်ဟာ တကယ်ပဲ ပေဒင်လက္ခဏာတတ်လို့လား ဆရာကြီး"

ဟုမေးလိုက်ရာ ဆရာကြီးအောင်မင်းမောင်မှာ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေရာမှ . . .

"အေး . . . ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ သူပြောပုံက အပိုင်ကြီး ပြောနေတာကွ၊ ဖြီးနေတဲ့ပုံတော့ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့ထွက်လာတာလည်း ကြာပြီ၊ မနက်ဖြန်ပဲ ပြန်တော့မယ်ကွာ"

ဟုပြောလိုက်ရာ ရဲကျော်မှာလည်း ရန်ကုန်မြို့၌ ကျန်ရစ်ခဲ့သော သူ၏ချစ်သူအား လွမ်းနေသဖြင့် အလွန်ပင် ဝမ်းသာသွားလေ၏။

* * * *



# အခန်း (၁၅)

## အတ္တဝကံ္ထု

စာရေးဆရာကြီးအောင်မင်းမောင်နှင့် ရဲကျော်တို့ ဂါယာဘူတာအတွင်း ရပ်ထားသော ရထားပေါ်သို့ တက်ထိုင်လိုက်ပြီးသည်တွင် ရထားအနီးသို့ ကုလားအဘိုးအိုယူနွတ် ရောက်ရှိလာပြီးနောက် သူ၏လက်ထဲမှ စက္ကူသေတ္တာကြီးတစ်ခုကို ကမ်းပေးရင်း . . .

"အဲဒီလက်ဆောင်ကို ယူသွားပါဗျာ၊ ခင်ဗျားတို့ရဲ့ ကိုယ်ကျိုးရှိစေမယ့် လက်ဆောင်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ယူသွားပါဗျာ၊ ရထားထွက်မှ ဖွင့်ကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ဘူတာထဲမှ ထွက်ခွာသွားတော့၏။

ဆရာကြီးအောင်မင်းမောင်တို့ ဆရာတပည့်နှစ်ဦး စီးနင်းလိုက်ပါလာသည့် ရထားကြီးသည်ကား လွင်ပြင်ဒေသများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းကာ ခုတ်မောင်းလျက်ရှိလေပြီ ဖြစ်၏။ ရဲကျော်က . . .

"ကဲ . . ဆရာကြီးရေ ဟိုကုလားအဘိုးကြီးရဲ့လက်ဆောင်ကို ဖွင့်ကြည့်ရအောင်၊ ဘာများဖြစ်မလဲလို့ ကျွန်တော်စိတ်ဝင်စားလို့ပါ"

ဟု မရိုးမရွဖြစ်လျက် ပြောလိုက်ရာ စာရေးဆရာကြီးအောင်မင်းမောင်မှာ သူကိုယ်တိုင်ကလည်း လွန်စွာမှ စိတ်ဝင်စားနေသည်ကြောင့် စက္ကူသေတ္တာအား ထုပ်ပိုးထားသည်တို့ကို ဖောက်ဖြည်ကာ ဖွင့်လိုက်လေ၏။

စက္ကူသေတ္တာကြီးအတွင်းဝယ် ဖော့သေတ္တာငယ်တစ်လုံးရှိနေပြီး ထိုဖော့သေတ္တာငယ်အား ဖွင့်လိုက်ပြန်ရာ အတွင်းဝယ်ကတ္တီပါစအနီဖြင့် ရစ်ပတ်ထုပ်ပိုးထားသည့် သေတ္တာငယ်တစ်လုံးကို တွေ့ရပြန်၏။ ထိုကတ္တီပါစအနီကို ဖြည်လိုက်သည်နှင့် ရွှေရောင်သေတ္တာငယ်ကို တွေ့လိုက်ရတော့၏။

ယင်းရွှေရောင်သေတ္တာငယ်လေးပေါ်တွင် စာရွက်အဖြူရောင် စာရွက်ခေါက်ကလေးတစ်ခုကို တွေ့လိုက်ရရာ ဆရာကြီး





က ထိုစာရွက်ခေါက်ကလေးအား ဖွင့်ဖတ်ကြည့်လိုက်ပြီးသည်တွင် ရုတ်တရက် အလန့်တကြားဖြင့် . . .

"အလိုလေး . . . မယုံနိုင်စရာပါပဲလား၊ ငါတော့ မြွေပါးပုလင်းထိတာပဲ"

ဟု အော်လိုက်ရာ အသံက အတော်အတန် ကျယ်သွားသဖြင့် သူတို့၏နံဘေးရှိ မြန်မာစကားနားမလည်သော အိန္ဒိယလူမျိုးခရီးသည်များကပင် လှည့်ကြည့်လိုက်ကြလေ၏။

ထိုအခါ ရဲကျော်က . . .

"ဆရာကြီး . . . ဘာ . . . ဘာဖြစ်လို့လဲ"

ဟုမေးလိုက်ရာ ဆရာကြီးအောင်မင်းမောင်မှာ လက်ထဲမှစာရွက်ကို ရဲကျော်ထံ ထိုးပေးလိုက်တော့၏။

ဆရာကြီးအောင်မင်းမောင်ကမူ ရွှေသေတ္တာလေးကို စိုက်ကြည့်နေရာမှ ခဏအကြာဝယ် သတိဝင်လာပြီး ယင်းရွှေသေတ္တာလေးအား ကတ္တီပါစအနီလေးဖြင့် ပြန်လည်ရစ်ပတ်လိုက်လေတော့၏။

စာရွက်ဖြူလေးတွင် . . .

*ကျေးဇူးရှင်ဆရာကြီးခင်ဗျား . . .*

*နဘားမှာ လုံခြုံရေးအခြေအနေအရ ဆရာကြီးကို နှုတ်မဆက်ဘဲ ထွက်သွားရတာကို ခွင့်လွှတ်ပါ။ ကျွန်တော်ဟာ ကြောင်နက်ရှင်၊ ကြီးငွေ၊ ကျောက်နဂါးတို့ကို အဖမ်းခံ*



www.burmeseclassic.com

www.burmeseclassic.com



အောင် မွေပြီးတော့ မြန်မာပြည်မှာဆက်နေရင် သူတို့ရဲ့ လက်က လွတ်ဖို့မလွယ်လို့ တစ်ဖက်ကူးလာပြီး ဇာတ်မြှုပ် နေရာက ဆရာကြီးတို့ ဗုဒ္ဓဂါယာကို ဘုရားဖူးလာရာမှာ မမျှော်လင့်ဘဲ ပြန်ဆုံရတာပါ။ ဆရာကြီးကို "ပေါင်ရာ" ဘူတာမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရာက ကျွန်တော့်ကို မှတ်မိသွားမှာစိုးပြီး မတတ်သာလို့ ကျွန်တော်ဟာ ကုလား အဘိုးအိုအသွင် ရုပ်ပြောင်းရုပ်လွှဲ လုပ်ခဲ့ရပါတယ်။

ရုပ်ပြောင်းရုပ်လွှဲ လုပ်နိုင်တာတွေ၊ ဟိန္ဒူစတန်ဘာ သာစကား ပြောနိုင်တာတွေကတော့ ကျွန်တော်ဒုစရိုက် ဂိုဏ်းမှာ ကျင်လည်ခဲ့စဉ်က အပတ်တကုပ် လေ့လာဆည်း ပူးခဲ့တဲ့ အကျိုးကျေးဇူးကြောင့်ပါ။

လက္ခဏာပညာ တတ်ဟန်ဆောင်ခဲ့တာကိုတော့ နား လည်ခွင့်လွှတ်ပေးပါ ခင်ဗျာ။ မကြာခင်သော တစ်နေ့က မြန်မာပြည်မှာရှိတဲ့ ကျွန်တော့်ရဲ့စိတ်ချယုံကြည်ရတဲ့ မိတ် ဆွေတစ်ဦးဆီ ကြေးနန်းရိုက်ပြီး ဆက်သွယ်စုံစမ်းကြည့် တော့ ကြောင်နက်ရှင်၊ ကြီးဝွေ၊ ကျောက်နဂါးလူဆိုးဂိုဏ်း တွေဟာ ရတနာကျောက်စီဓါးအတွက်နဲ့ သူ့အပြစ်ဖို့ ကိုယ့် အပြစ်တင်ဖြစ်ပြီး လူဆိုးဂိုဏ်းတွေ အမုန်းပွားရာက နောက် ဆုံးမှာ ရန်ကုန်ရော၊ မန္တလေးမှာပါ ပစ်ခတ်သတ်ဖြတ်နေ ကြတယ်။





အဲဒီမှာ ကြောင်နက်ရှင်ဂိုဏ်းခေါင်းဆောင်ဦးမိုးမှောင် နဲ့ ကြီးဝွေဂိုဏ်းခေါင်းဆောင်အဂ္ဂရာဇာတို့ သေဆုံးသွားရ ပြီး ကျောက်နဂါးဂိုဏ်းခေါင်းဆောင် ဗိုလ်မိုးကြိုးကတော့ လူသတ်မှုနဲ့ အဖမ်းခံရပြီး ကြိုးမိန့်အပေးခံရတယ်လို့ သိရ ပါတယ် ခင်ဗျာ . . .။

ကျန်တဲ့ လူဆိုးဂိုဏ်းသားတွေဟာလည်း သေသူသေ၊ အဖမ်းခံရသူခံရနဲ့ ဂိုဏ်းတွေလည်း ပြိုကွဲကုန်ကြပြီ။

ကုန်သည်ဦးငွေတိုးနဲ့ အလီဘိုင်တို့ကတော့ သူတို့ရဲ့ ငွေတွေကို ပြန်ရပြီး အာရိယန်ကုန်သည်ကြီးဟန်ဆောင် ထားတဲ့ ချန်ခိုးပေါင်ကတော့ ချီဝွေက အိမ်ကြီးကို ကျွန် တော်မီးရှို့ခဲ့တုန်းက မီးလောင်ခံရပြီး သေဆုံးသွားတယ်လို့ သိရပါတယ်။

အဲဒီချန်ခိုးပေါင်ဟာ တကယ်တော့ ကျောက်ကုန်သည် မဟုတ်ဘဲ သူခိုးကြီးတစ်ယောက်သာဖြစ်ပြီး ဂန္ဓာလရာဇ် တိုင်းအတွင်းက တိဗက်ဘုန်းတော်ကြီးကျောင်းကနေ အဲဒီ ရတနာပစ္စည်းတွေကို ခိုးယူခဲ့ပြီး မြန်မာနိုင်ငံမှာ ထုခွဲရောင်း ချဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။ တိဗက်ဘုန်းတော် ကြီးတွေဟာ အဲဒီရတနာကျောက်စီဓါးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပြီး နောင်ပွင့်တော်မူမယ့် "အရိမေတ္တေယျ" မြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကပ်လှူဒါန်းပူဇော်ဖို့ ရည်သန်ပြီး ကျိန်စာတိုက်ထိန်းသိမ်းစောင့်ရှောက်ထားတာကို သူခိုးကြီးချန်ခိုးပေါင်က ခိုးယူခဲ့တာပါ။ ဒါကြောင့် ချန်ခိုးပေါင် ကျိန်စာသင့်ပြီး မီးလောင်သေဆုံးခဲ့ရတယ်လို့ ဆိုတယ်။

ကျွန်တော်ကတော့ ဖခင်အရင်းအပါအဝင် အခြားလူတွေကို ပြုခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် စိတ်ပျက်နောင်တရပြီး လူဝတ်ကြောင်ကို စွန့်လွှတ်ကာ တောထွက်ရသေ့ရဟန်းပြုဖို့ ဟိမဝန္တာတောကြီးဆီ ဦးတည်သွားပါပြီ ဆရာကြီးခင်ဗျား။

ဒီတော့ ကျွန်တော့်ရဲ့လက်ဆောင် ရတနာကျောက်စိမ်းကို ယူဆောင်သွားပြီး မြန်မာပြည်က စေတီတစ်ဆူဆူမှာ နောင်ပွင့်တော်မူမယ့် ဘုရားရှင်ကို ဆက်ကပ်ဖို့ ရည်သန်လို့ ဌာပနာပြုလိုက်ပါ ခင်ဗျာ . . .။

ဒါမှ ပြီးပြည့်စုံတဲ့ အောင်မြင်ခြင်းဖြစ်ပြီး ရှုတ်ထွေးပွေလီလှတဲ့ အတ္တဝက်နွံဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မှာဖြစ်လို့ ကျွန်တော်ယုံကြည်လှူဒါန်းလိုက်ပါတယ် ဆရာကြီးခင်ဗျား . . .။

လေးစားယုံကြည်လျက်

တစ်ကောင်ကျားလှိုင်ဘွား





ရဲကျော်သည် စာကိုဆုံးအောင် ဖတ်ပြီးသည်နှင့် မျက်နှာတစ်ခုလုံး ကြည်လင်လန်းဆန်းသွားပြီး ဆရာကြီးအောင်မင်းမောင်အား ဝမ်းပန်းတသာ မော့ကြည့်လိုက်ရာ ဆရာကြီးက မျက်ခုံးထူထူကြီး နှစ်ဖက်ကိုပင့်ပြီး မျက်နှာကြီးပြုံးလျက် ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်လေရာ ကျွန်ုပ်ရေးသားသော ဤတစ်ကောင်ကျားလှိုင်ဘွားနှင့် အတ္တဝက်နွံဟူသော ဖြစ်ရပ်မှန်ဇာတ်လမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရပေတော့သတည်း။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .


ကိုတ္တိမ

(တိက္ကမဏိကလောင်ခွဲ)



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ကိုကိုမြ
# တ

တစ်ကောင်ကျားလှိုင်ဘွား
နှင့်
အတ္တဝက်န္တ

www.burmeseclassic.com